www.burmeseclassic.com

# ဘုန်းပြည့်စေဇာ




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၁၈၇၀၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၆၂၀၀၉၀၇

ထုတ်ဝေသူ — ဦးခင်မောင်ကြွယ် (မြ-၀၃၇၅၀)
အမှတ် - ၅၉ (မြေညီထပ်)
မြို့အမှတ် (၂၇)
ယောမင်းကြီးလမ်းသွယ်
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဒေါ်ဝင်းဝင်းအေး (မြ-၀၆၇၄၉)
ကောင်းသန့်ပုံနှိပ်တိုက်
၁၁-ထ-က (၆)၊
ဗိုလ်တထောင်ကျောင်းဝင်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဆန်းတီးသူ — ဝန်းချိုမောင်မောင်ကြည်
အတွင်းအထင် — ပေါ်ဗီဒီယာ
ပုံနှိပ်ခြင်း — ပထမအကြိမ်
ပြီးစီးသည့်ကာလ — ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
ဖြန့်ချိရေး — ကောင်းသန့် စာပေ
အမှတ် ၂၀၉၊ ပ-ထပ်(ယာ)
၃၈ လမ်း(ထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၄၂၃

အုပ်ရေ — ၅၀၀
တန်ဖိုး — ၁၅၀၀ ကျပ်

၉၂၃.၀
ဘုန်းပြည့်တေဇာ
မဟာသခင်ကြီး၏လျှို့ဝှက်မှတ်တမ်း/ဘုန်းပြည့်တေဇာ။ - ရန်ကုန်၊ ကောင်းသန့်စာပေ၊ ၂၀၀၉ ။
- စာ ၊ ၁၂.၅ စင်တီ x ၁၈.၂၅ စင်တီ။
(၁) မဟာသခင်ကြီး၏ လျှို့ဝှက်မှတ်တမ်း


### နိုင်ငံတော် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

ဤဝတ္ထုဖြစ်မြောက်ရေးအတွက် ရေးသားရန်တိုက်တွန်းပြီး မနုဟာဘုရားတွင် အဓိဋ္ဌာန်ဝင်နိုင်ရန် စရိတ်နှင့်စီစဉ်ပေးသော ဆရာကောင်းသန့်နှင့်မိသားစု၊ မနုဟာဘုရား၌ အဓိဋ္ဌာန်ဝင်နေစဉ် တည်းခိုခွင့်ပေးပြီး အစစအရာရာ ကူညီသော မြင်းကပါရွာ မင်းကျောင်းဆရာတော် ဦးသုန္ဒရနှင့် ဦးတင်လှ၊ သထုံမြို့ (မွန်ပြည်နယ်) သုဝဏ္ဏဘူမိမြို့ဟောင်း၊ နေမိန္ဒရတောင်၌ အဓိဋ္ဌာန်ဝင်စဉ် အစစအရာရာကူညီစောင့်ရှောက်ပေးသော အမေထွေး၊ စာအုပ်စာတမ်း ငှားရမ်းဖတ်ရှုခွင့်ပေးသော ပေါင်မြို့ မင်းလမ်းနေ ဦးသိန်းထိုက်၊ သိလိုသမျှမေးမြန်းမြေကြားပေးသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မွန်အမျိုးသားပြတိုက်မှူးနိုင်ခင်မောင်လေးနှင့်တကွ ဤစာအုပ်ဖြစ်ပေါ်ရန်ဆက်နွှယ်ကုန်သော မြင်အပ်၊ မမြင်အပ်သည့် လူ၊ ရဟန်း၊ ပုဂ္ဂိုလ်အပေါင်းတို့အား ကျေးဇူးတင်ရှိပါသည်။

ဘုန်းပြည့်စေဇာ

## ဘုန်းပြည့်စေဇာ၏ မနုဟာသခင်ကြီး

BURMESE CLASSIC .com

ကျွန်တော် အထက၊ ပေါင် သို့ ဟောပြောပွဲသွားခဲ့သည်။

အကြည်တော်၊ ကျွန်တော်နှင့် ဒေါက်တာ ခင်မောင်ညို သုံးဦး၊ အထက၊ ပေါင် မှာ ညအိပ်တည်းခိုရသည်။

ညဘက်တွင် ပေါင်၊ အထက မှ အလယ်တန်းပြ ဆရာဦးအောင်မြင့်နှင့် တွေ့ဆုံစကားပြောရသည်။ သူက ဂမ္ဘီရလိုင်းတွင် စာရေးခြင်းနှင့် နေသားတကျရှိနေပြီးဖြစ်သည်။

သူ့ဂမ္ဘီရဝတ္ထုတိုရှည်များကို ဂမ္ဘီရမဂ္ဂဇင်းများက ထည့်သွင်းဖော်ပြကြသည်။

ကျောင်းဆရာတစ်ယောက်အနေဖြင့် ကိုယ်ရေးသားသည့် စာမူကို စာတစ်အုပ်ဖြစ်အောင် အားထုတ်ကြိုးပမ်းရသည်မှာ မလွယ်ကူပါ။

စာသင်ရင်း စာရေး၊ စာရေးရင်း စာရေးဆရာဖြစ်လာကြသည့် အရေအတွက်မှာ အလွန်နည်းပါး ရှားပါးလှပါ၏။

ဆရာ့ကို ရှားပါးစာရင်းဝင် စာရေးဆရာတစ်ယောက် ကျွန်တော်ဖြစ်စေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သူ့ကို ကျွန်တော် စာအုပ်တစ်အုပ် ထုတ်ပေးချင်သည်။

သူ့နယ်က ထင်ရှားသော အကြောင်းအရာတစ်ခုကို ဖော်ထုတ်ရေးသားစေချင်၏။

ထို့ကြောင့် ပုဂံပြည်ရောက် သထုံဘုရင် မနုဟာအကြောင်းကို ရေးသားရန် ကျွန်တော် တိုက်တွန်းအားပေးခဲ့ပါသည်။

သူကလည်း မဆိုင်းမတွ ရေးမည်ဟု ဝန်ခံပြောဆိုပြီး ရေးပါသည်။

သို့သော် စာအုပ်တစ်အုပ်ဖြစ်လာစေရန် အချိန်ယူရသည်။

တစ်ခါတစ်ရံ နှစ်နှင့်ချီပြီး ကြာတတ်၏။ သို့သော် ကောင်းမွန်သောစာတစ်အုပ်အဖြစ် ထွက်ပေါ်လျှင် ကြာရကျိုးနပ်မည်ထင်ပါသည်။

ဤစာအုပ်သည် သထုံဘုရင် မနုဟာ၏ ဘဝမှတ်တမ်းကို ဇာတ်လမ်းဆင်ထားသည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

မနုဟာမင်းမြတ်နှင့် ဆက်စပ်ပတ်သက်နေကြသူများ၊ ဘဝပေါင်းများစွာ တော်စပ်ခဲ့ကြသော ဆွေတော်မျိုးတော်များနှင့် စိတ်ဝင်စားကြသူများအားလုံးအတွက် ထုတ်ဝေပေးခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ဖတ်ပြီး သထုံမနုဟာမင်းမြတ်ကို သိရှိ နားလည်တန်ဖိုးထား လေးစားကြပါစေ။ အကောင်းမြင်ပြီး အမြင်ကောင်းကြပါစေ။

ချစ်ခင်လေးစားလျက်

**ကောင်းသန့်**

၂၃.၁.၀၉

## ပြောခွင့်ပြုပါခင်ဗျား

ဆရာကောင်းသန့်က ကျွန်တော့်အား မနုဟာကို အဓိကဇာတ်ကောင်ထား၍ ဝတ္ထုတစ်ပုဒ်ရေးရန် တိုက်တွန်းခဲ့သည်။ ဆရာကောင်းသန့်နှင့် ကျွန်တော်မှာ ရင်းနှီးကြသူများမဟုတ်ပါ။ ဆရာကျွန်တော်တို့ပေါင်မြို့မှာ ယခုနှစ်ကျင်းပတဲ့ စာဆိုတော်နေ့ အထိမ်းအမှတ်မှာ စာပေလာဟောပြောခဲ့သည်။ ဆရာနှင့် သိပ်စကားမပြောဖြစ်ခဲ့ပါ။ အလုပ်ရှုပ်နေသောကြောင့် ဖြစ်ပါသည်။ ဆရာက ဟောပြောပွဲပြီး၍ ပြန်ခါနီးလေးမှာ ကျွန်တော့်ကိုခေါ်၍ စကားအနည်းငယ်ပြောခဲ့သည်။ ကျွန်တော့်ကို မနုဟာသခင်ကြီး ဝတ္ထုရေးရန်နှင့် ထုတ်ဝေပေးမည်ဟုပြောရာ ကျွန်တော်အံ့အားသင့်ခဲ့ရပါသည်။

ဤသည်မှာ တိုက်ဆိုင်မှုထက် မမြင်ရသော လိုင်းကြိုးတစ်ခုက ဤဝတ္ထု စာရှုသူတို့ လက်ထဲရောက်ရှိအောင် ကျွန်တော်နှင့် ဆရာကောင်းသန့်တို့ကို ရစ်ပတ်နှောင်ဖွဲ့ပေးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

မနုဟာနှင့်ပတ်သက်၍ ကျွန်တော် မည်သို့စရေးရမည်မသိပေ။ ထိုတာဝန်က ကျွန်တော့်ကိုပိပြီး စိတ်ကို ဖိစီးနှိပ်စက်နေသည်။ မှန်နန်းရာဇဝင်မှာက ရှင်အရဟံ၊ အနော်ရထာနှင့် မနုဟာတို့၏ သုံးပွင့်ဆိုင်ပိဋကတ်တော်ကိစ္စကို အကျဉ်းမျှသာ။

ဆရာကောင်းသန့်၏ လမ်းစရိတ်ထောက်ပံ့ကူညီမှုဖြင့် (၄. ၅. ၀၇) မှာပုဂံမြို့ မြင်းကပါရွာရှိ မနုဟာဘုရားမှာ အဓိဋ္ဌာန်ဝင်ရန် သွားရောက်ခဲ့သည်။ မနုဟာဘုရားနှင့်ကပ်လျက် မင်းကျောင်းမှာ တည်းခိုသည်။ အဓိဋ္ဌာန်ဝင်နေစဉ်ကာလအတွင်း ဆရာတော် အရှင်သုန္ဒရမှာ ဒူးနာနေသည်။ ဆေးလူးခြင်း၊ နှိပ်ခြင်းဖြင့် မပျောက်ဘဲရှိ၍ အကြောင်းနိမိတ်ကို ရှာသည်။

ထိုအချိန်၌ ဆရာတော်သည် ကျောင်းဝင်းထဲမှ ထိန်းပင်များကို လူငှားဖြင့် လှဲချနိုင်းနေသည်။ ကျောင်းဝင်းထဲမှာ ဆရာကောင်းသန့် တည်ထားသော ကုဋ္ဌာသဃလိုတရ နဂါးရုံဘုရားရှိနေသည်။ ဒူးနာ

www.burmeseclassic.com

www.burmeseclassic.com

ထန်းပင်၊ နဂါးရုံဘုရားစသော စနေနံမိတ်ရည်သော တွေ့ရှိရ၍ ဓာတ်နန်းနတ်နန်းတည်းဟူသော စနေရုပ်ဝတ္ထုတစ်ခု ဖော်ဆောင်ရမည်ဟု ထင်မြင်မှုရသည်။

ထိုဓာတ်နန်းမှာ မနုဟာဓာတ်နန်းဖြစ်ရမည်ဟု ဆင်ခြင်မိသည်။ တည်ဆောက်ရမည့်ဓာတ်နန်းနေရာမှာလည်း မင်းကျောင်း၏ အရှေ့တောင်ထောင့်အရပ်တွင်ဖြစ်ကြောင်း စိတ်မှာဖြစ်မိသည်။

ဆရာတော်နှင့် ဖွင့်ဟတိုင်ပင်သောအခါ ဆရာတော်ကလည်း လက်ခံ၍ မနုဟာဓာတ်နန်းကြီးတစ်ခု တည်ဆောက်လိုသောဆန္ဒဖြစ်ပေါ်သည်။ ယင်းမှာ အဆောက်အအုံအတွင်း၌ ရုပေဖလက်မခန့် အမြင့်ရှိမည့် မနုဟာမင်းမိဖုရားနှစ်ပါး၊ မနုဟာ၏စီးတော်မြင်း ပါဝင်ရလိမ့်မည်။ လှူဒါန်းလိုသူများရှိလျှင် ဆရာတော်က ရုပ်တုတော်ကို ကျောက်ဖြင့်ထုဆစ်လိုသည်။

မနုဟာ၏ ယခုဘဝတွင် ရောက်ရှိနေကြသောအဆက်အနွယ်တော်များထဲမှ တတ်နိုင်သော အဆက်အနွယ်တော်က ပုဂံမြင်းကပါရှိ မင်းကျောင်းတွင်း၌ မနုဟာဓာတ်နန်းကို တည်ဆောက်လှူဒါန်းရန် စိတ်ဆန္ဒရှိလျှင်ဖြစ်စေ၊ အခြားတတ်နိုင်သောသူမှ စိတ်ဝင်စားလျှင်ဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဆောက်လုပ်လှူဒါန်းလိုသည်ဆိုပါက ဦးသုန္ဒရ၊ ပုဂံမြို့၊ ညောင်ဦးခရိုင်၊ မြင်းကပါရွာ၊ မင်းကျောင်းနှင့် ဆက်သွယ်နိုင်ပါသည်။ မိမိတို့ အရပ်ဒေသမှ ထူးခြားဆန်းကြယ်ဖြစ်ရပ်များ၊ မိမိကိုယ်တွေ့ ထူးခြားဆန်းကြယ်ဖြစ်ရပ်များကို ရေးသားစေလို၍ ပြောပြလို လျှင်ဖြစ်စေ၊ စာဖြင့် ပေးပို့လိုလျှင်ဖြစ်စေ။

(ဘုန်းပြည့်တေဇာ)

ဦးအောင်မြင့်

အမှတ်(၈၂၉)၊ ထားဝယ်စုကွက်သစ်ပိုင်း၊ ပေါင်းရပ်ကွက်၊ ပေါင်မြို့၊ မွန်ပြည်နယ်။ လိပ်စာဖြင့် ဆက်သွယ်နိုင်ပါသည်။



# မနုဟာသခင်ကြီး၏ လျို့ဝှက်မှတ်တမ်း

## (၁)

ကောင်းကင်ထက်ဝယ် ကြည်လင်သန့်ရှင်းနေသည်။ ကြည်ပြာရောင် ပိုးသားစကို ဖြန့်ခင်းထားသကဲ့သို့ရှိ၏။ အရှေ့ဆီမှ ရောင်နီသည်စူးရဲ တောက်လက်နေသည်။ တိမ်တိုက်များမှာ ပါးပါးလျလျသာရှိသည်။ အချို့နေရာတို့၌ မိုးတိမ်တို့သည် ငါးကြင်းကွက်ထလျက်နေ၏။ ပိုးကြည်ပြာရောင်ကောင်းကင်မှာ ဖြူဖြူလွှင်လွှင်ငွမ်းစတို့ ကော်စေးဖြင့်ကပ်ထားသည့်နှယ်။

ကျွန်ုပ်သည် မိုးကောင်းကင်ကို တလွင့်တမျောကြည့်နေရာမှ ကျွန်ုပ်၏အကြည့်တို့သည် မိုးကောင်းကင်နှင့် ပင်လယ်ရေပြင်တို့ ထိစပ်နေဟန်ထင်ရသော ဟိုးအဝေးဆီသို့ ရောက်ရှိသွားပြန်၏။

ကျယ်ပြောသော ပင်လယ်ပြင်ကြီးမှာ တစ်မျှော်တစ်ခေါ်ရှုမဆုံးရှိချေ၏။

မိုးကောင်းကင်ကြီးမှာလည်း အဆုံးအစ မထင်နိုင်အောင်ပြန့်ကားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်နှင့် ပင်လယ်ပြင်ကိုကြည့်ရင်း ကျွန်ုပ်ကိုယ် ကျွန်ုပ် သိမ်ငယ်လာသလို ခံစားရသည်။ မိုးကောင်းကင်နှင့် ပင်လယ်ပြင်တို့မှာ ကျွန်ုပ်နှင့်နှိုင်းစာလျှင် ကျွန်ုပ်သည် အစက်အပြောက် အမှုန်အမွှားမျှသာ တကယ့်ကို ဘာမှမဟုတ်တဲ့ အရာလေးတစ်ခုမျှသာပင်

သို့သော်လည်း

မိုးကောင်းကင်မှာ ဝိညာဉ်မရှိ

ပင်လယ်ပြင်မှာ ခံစားမှုမရှိ

ကျွန်ုပ်ကား ဝိညာဉ်ရှိသည်၊ ခံစားတတ်သည်။

မိုးကောင်းကင်ကြီးကိုလည်း ခံစားနိုင်သည်။

ပင်လယ်ပြင်ကြီးကိုလည်း ခံစားနိုင်သည်။

တောတောင်စိမ့်စိမ့်တို့ကိုလည်း ခံစားနိုင်သည်။

ပင်လယ်ဘက်မှ တသုန်သုန်တိုက်ခတ်လာသော လေအေး များက ကျွန်ုပ်၏ ဝတ်ရုံစများကို တဖွဲဖွဲတိုးဝှေ့နေသည်။ ကုန်တင်လှေ များ၊ တုန်ကင်းများ၊ ရွက်ကြိုးဆင်လှေများက ဟတ္တိပါလဆိပ်ကမ်းမှာ ဝင်ချည်ထွက်ချည်။

လှိုင်းခေါင်းဖြူတို့ကလည်း ကမ်းစပ်ကို ဦးတိုက်လျက်။

ထိုအရာတို့ကို ကျွန်ုပ်သည် ကာလာသောကတောင်ထက်မှ ကြည့်ကောင်းကောင်းဖြင့် ကြည့်နေမိသည်မှာ အချိန်အတော်ကြာ သွားလေပြီ။

ဒီဆင်ဖြူတော်ကျွန်းရဲ့ ဟတ္တိပါလဆိပ်ကမ်းဆိုတာ သုဝဏ္ဏ ဘူမိရဲ့ စီးပွားရေးမဏ္ဍိုင် နေရာတစ်ခုဖြစ်ချေ၏။ အနယ်နယ်အရပ်ရပ်မှ ကုန်တင် လှေကြီးများ ဤဆိပ်ကမ်းမှာ လာဆိုက်ကပ်ကြသည်။ သုဝဏ္ဏဘူမိက ထွက်ကုန်များကို ပြန်လည်ဝယ်ယူ တင်ဆောင် သွားကြ၏။ သုဝဏ္ဏဘူမိ၏ စည်ကားသာယာမှုကို ဤဟတ္တိပါလ ဆိပ်ကမ်းက အထင်အရှား ပြသနေသည်။



ဤအတွက် သုဝဏ္ဏဘူမိသားတစ်ဦးဖြစ်သော ကျွန်ုပ်အနေဖြင့် ဂုဏ်ယူနေမိသည်မှာ အမှန်ပင်ဖြစ်၏။ ကျွန်ုပ်ကဲ့သို့ပင် ဟတ္တိပါလ ဆိပ်ကမ်းအတွက် အခြားသော သုဝဏ္ဏဘူမိသားအားလုံးကလည်း ဂုဏ်ယူနေကြမည်ဟု ကျွန်ုပ်ထင်သည်။

ဟတ္တိပါလကမ်းခြေမှာ နာမောင်းကို အပေါ်မြှောက်ချီ ဘားသော ဂဝံကျောက်ဆစ် ဆင်ရုပ်တုကို ကျွန်ုပ်တွေ့မြင်ရသည်။ ထိုကျောက် ဆစ်ဆင်ရုပ်တုမှာ အသက်ဝင်လှ၏။ ဟတ္တိပါလဆိပ်ကမ်းကို ဝင်ရောက် လာသော အနယ်နယ်အရပ်ရပ်မှ ကုန်စည်လှေများနှင့်အတူ ပါလာကြ သောသူများကို ထိုဂဝံကျောက်ဆစ် ဆင်ရုပ်တုက ကြိုဆိုနေဟန်တူ သည်။

ဟတ္တိပါလဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားကြသော လှေကြီးလှေငယ်များကို နှုတ်ဆက်ဟန်နှင့်လည်း တူနေပေလိမ့်မည်။

မည်သို့ဆိုစေ ဟတ္တိပါလဆိပ်ကမ်းကို ရောက်ရှိလာကြသူတိုင်း ကတော့ ထို ဂဝံကျောက်ဆစ်ဆင်ရုပ်ကြီးကို တအံ့တသြကြည့်မိဖြစ် အောင် ကြည့်ကြသည်။ လက်ရာအချိုးအစား ကောင်းမွန်ပုံကို ချီးကျူး သွားကြသည်ချည်းဖြစ်သည်။ ဤသတင်းကို သူတို့၏နယ်သို့ ပြန် ရောက်ကြသောအခါ ဖြန့်ဝေပြောကြားပေလိမ့်မည်။ ဟတ္တိပါလ ဆိပ်ကမ်း၏ ဂုဏ်သတင်းသည် အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိ နေပေလိမ့်မည်။

ဆင်ဖြူတော်ကျွန်းရဲ့ ဟတ္တိပါလဆိပ်ကမ်းမှာ ဒီလိုဂဝံ ကျောက်ဆစ် ဆင်ရုပ်မျိုးက အမှန်ပင်ရှိသင့်သည်။ ဟတ္တိပါလဆိပ်ကမ်း ကိုရော ဆင်ဖြူတော်ကျွန်းကိုပါ ဂဝံကျောက်ဆစ်ဆင်ရုပ်ကြီးက ကျက်သရေရှိစွာ တန်ဆာဆင်ထားသကဲ့သို့ ဖြစ်သည်။

ကျွန်ုပ်တို့ သုဝဏ္ဏဘူမိမှာ ထေရဝါဒဗုဒ္ဓသာသနာ၏ အရောင်က ထိန်လင်းတောက်ပနေသည်။ ထိုဂဝံကျောက်ဆစ် ဆင်ရုပ်တုမှာ

www.burmeseclassic.com



ဟတ္ထိပါလဆိပ်ကမ်းအတွက် အနုပညာအမြင်ဖြင့် တန်ဆာဆင် ထုလုပ်ထားခြင်းမျှသာ ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုးကွယ်ရာ ရုပ်တု မဟုတ်၊ အားထားရာ ရုပ်တုမဟုတ်။

ကျွန်ုပ်တို့ ကိုးကွယ်ရာသည် ဗုဒ္ဓ။

ကျွန်ုပ်တို့ အားထားရာသည် ဂေါတမ။

ကျွန်ုပ်တို့ ပူဇော်ရာသည် ဂေါတမဗုဒ္ဓ။

ဂေါတမဗုဒ္ဓ၏ ဓမ္မဒေသနာတို့မှာ ဆင်ကို အားကိုးရာအဖြစ် စံဦးငယ်မျှပင် လမ်းမညွှန်ခဲ့ပါချေ။

အခြားနယ်တို့မှ ဆင်ဖြူတော်ကျွန်းကို ရောက်လာကြသူအချို့မှာ ဟတ္ထိပါလဆိပ်ကမ်းသို့ လှေဆိပ်ကပ်သည်နှင့် ရှေးဦးစွာ ကမ်းပေါ် တက်ပြီး ဂဝံကျောက်ဆစ်ဆင်ရုပ်တုဆီသို့ သွားသည်။ ဆီမီး၊ ပန်း၊ နံ့သာတို့ကို ပူဇော်ကြသည်။ ဆွမ်း၊ ခဲဖွယ်တို့ကို ကပ်လှူကြသည်။ ကုန်စည် အရောင်းအဝယ်ကောင်းဖို့ ဆုတောင်းကြသည်။ ဂဝံကျောက် ဆစ်ဆင်ရုပ်ကတော့ တုတ်တုတ်မျှပင်မလှုပ်။

ဘယ်လှုပ်ရှားပါ့မလဲ၊ အသက်ရှိတဲ့ဆင်မှ မဟုတ်ပေဘဲ။

"ဟား … ဟား … ဟား …"

ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော ကျွန်ုပ်အဖို့ တစ်ခါတစ်ခါမှာ သူတို့က ဂဝံကျောက်ဆစ်ဆင်ရုပ်အား ပူဇော် သက္ကာပြုနေကြပုံကို ကြည့်ရင်း ရယ်လိုက်မိသည်။

ဒါဟာ ရယ်စရာတစ်ခုပဲလေ။

သူတို့ အဓိပ္ပာယ်မဲ့တဲ့အလုပ်ကို လုပ်မိနေတာ သူတို့မသိကြ ဘူးပေကိုး။ ကျွန်ုပ်က သိနေသည်။ သိနေတော့ ရယ်ချင်လာသည်။ ရယ်ချင်လာတော့ တစ်ခါတစ်ခါ ပြုံးမိရယ်မိသွားရသည်။

သူတို့တွေ ကျွန်ုပ်တို့ရဲ့ သုဝဏ္ဏဘူမိကို အခါခါရောက်ဖူးကြ သည်။ သုဝဏ္ဏဘူမိသားတွေ လက်ခံယုံကြည်တဲ့ အယူဝါဒကို မကြား



မသိကြလေရော့သလား။ ထေရဝါဒဗုဒ္ဓဘာသာရဲ့ ဓမ္မဒေသနာကို မနာကြားဘူးကြလေရော့သလား။ မိမိတို့ရဲ့ အယူဝါဒအစွဲကို မစွန့်လွှတ် နိုင်ကြလေ၍လား။

သူတို့ကို ဗုဒ္ဓရဲ့ အမြိုက်တရားများ နာကြားဖူးစေချင်လှသည်။ နာကြားဖူးသွားလျှင် ဂဝံကျောက်ဆစ်ဆင်ရုပ်ကို ဤသို့ ပူဇော်ကြတော့ မည် မဟုတ်ပါချေ။

ကျွန်ုပ်သည် ကာလာသောက တောင်ခါးပန်းတစ်နေရာမှ ဟတ္ထိပါလဆိပ်ကမ်းကို ရှုစားနေရာမှ ထိုဟတ္ထိပါလဆိပ်ကမ်းသည် ကျွန်ုပ်အဖို့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ မကောင်းဆိုးဝါးအဖြစ် ပြောင်း လဲသွားသည်။

ဟတ္ထိပါလဆိပ်ကမ်းမှ လှုသေကောင်များ ချေပြင်မှာ မျောချည် စုန်ချည်။

ဆိပ်ကမ်းရေပြင်မှာ သွေးရောင်လွှမ်းလျက်။

ကျွန်ုပ်၏ မျက်လုံးများကို လက်နှစ်ဖက်ဖြင့် ပိတ်ထားလိုက် မိသည်။ ကျွန်ုပ်၏ ဦးခေါင်းကို သွက်သွက်ခါအောင် ခါယမ်းပစ် လိုက်သည်။

"မဖြစ်ရဘူး"

"မဖြစ်စေရဘူး"

ကျွန်ုပ်အော်ဟစ်ပစ်လိုက်၏။ ကျွန်ုပ်၏ အော်ဟစ်လိုက်သော အသံသည် ကာလာသောကတောင်တန်းတစ်လျှောက် ပြေးလွှားပဲ့တင် မြည်ဟိန်းနေသည်။ ဟတ္ထိပါလဆိပ်ကမ်းကို ကျော်လွှားကာ ပင်လယ် ပြင်တစ်လျှောက် ဆက်လက်ပြီး ရှုပ်ပြေးနေပေဦးမည်။

"အရှင့်သား"

"အရှင့်သား၊ သတိထားပါ။"

တစ်စုံတစ်ယောက်က ကျွန်ုပ်၏ ခန္ဓာကိုယ်အား ကိုင်လှုပ်၍

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်လေ၏။ ကျွန်ုပ်မှာ အတွေးလွန်နေရာမှ ကျွန်ုပ်၏စိတ်များသည် ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။ ကျွန်ုပ်အားကိုင်လှုပ်၍ ခေါ်လိုက်သူကို ကြည့်လိုက်သောအခါ အဲခေါင်ဘုန်းကို တွေ့လိုက်ရလေ၏။

"ကျုပ် အတွေးလွန်သွားတယ် အဲခေါင်"

အဲခေါင်ဘုန်းက ကျွန်ုပ်၏မျက်နှာကို အသေအချာ စိုက်ကြည့်နေ၏။ အဲခေါင်ဘုန်းသည် ကျွန်ုပ်သွားလေရာသို့ ကျွန်ုပ်အမြဲတမ်း ခေါ်ဆောင်ခံရသော ဖျတ်လတ်သန်မာသည့် လူပျိုသားတစ်ဦး ဖြစ်သည်။ ယခုလည်း ဤဆင်ဖြူတော်ကျွန်းသို့ ကျွန်ုပ်ထွက်ခွာလာရာ၌ အဲခေါင်ဘုန်းကိုလည်း ခေါ်လာခဲ့လေ၏။ အဲခေါင်ဘုန်းနှင့် ကျွန်ုပ်တို့မှာ တစ်ယောက် မြင်းတစ်စီးစီဖြင့် ထွက်ခွာလာခဲ့ခြင်းဖြစ်၏။ အဲခေါင်ဘုန်းသည် ကျွန်ုပ်၏ နောက်လိုက် ကျွန်ယုံတစ်ဦးလိုဖြစ်ပြီး ကျွန်ုပ်၏အလိုကိုလည်း သိသူဖြစ်၏။ ကျွန်ုပ်၏ ဆန္ဒတို့ကို ဖြည့်စွမ်းပေးသူလည်း ဖြစ်၏။

"ကာလာသောကတောင်ခြေကို ကြည့်လိုက်စမ်း အဲခေါင်၊ ဟတ္ထိပါလဆိပ်ကမ်းကို မြင်တယ် မဟုတ်လား။ ပင်လယ်ရေပြင်ကို ဖြတ်သန်းဝင်ရောက်ဆိုက်ကပ်လာတဲ့ လှေကြီး လှေငယ်တွေကိုရော အဲခေါင်မြင်တယ် မဟုတ်လား။"

ကျွန်ုပ်က အဲခေါင်ဘုန်းကို မေးလိုက်လေ၏။

"အရှင်သားပြောတဲ့ အရာအားလုံးကို အကျွန်ုပ်မြင်ရပါတယ်။ ဟတ္ထိပါလဆိပ်ကမ်းမှာ နိစ္စဓူဝ လှေကြီး လှေငယ်တွေ ဝင်လာဆိုက်ကပ် ရပ်နားနေကျပဲ။ ပြန်လည်ထွက်ခွာသွားတဲ့ လှေကြီး လှေငယ်တွေကို မြင်တွေ့ရတာဟာလည်း အထူးအဆန်း မဟုတ်ပါဘူး အရှင်။ ဒီလိုပဲ လှေတွေကတော့ ဟတ္ထိပါလဆိပ်ကမ်းမှာ ဝင်လိုက်ထွက်လိုက်နဲ့ နေ့စဉ် အသက်ဝင်လှုပ်ရှားနေတာပါပဲ။ ဒီလိုစည်ကား သာယာနေ



တဲ့ ဟတ္ထိပါလဆိပ်ကမ်းရဲ့ မြင်ကွင်းဟာ စိတ်ချမ်းမြေ့စရာ မကောင်းဘူးလား အရှင်။"

အဲခေါင်ဘုန်းက သူ၏ထင်မြင်ချက်များကို ရိုးရှင်းစွာ ကျွန်ုပ်အားပြန်ပြောလေ၏။ ဤသို့ပင် အဲခေါင်ဘုန်းက ဟတ္ထိပါလဆိပ်ကမ်းကို မြင်သလိုမျိုး မြင်ကြမည်ကို ကျွန်ုပ်သိသည်။

ကျွန်ုပ်သည် သုဝဏ္ဏဘူမိ၏ ဥပရာဇာတစ်ဦး ဖြစ်၏။ သုဝဏ္ဏဘူမိ၏ ဥပရာဇာတစ်ဦးအနေဖြင့် အများမြင်တာထက်ပိုပြီး အမြင်ရှုရ ထက်သန်ရမည်သာ ဖြစ်၏။ တစ်ချိန်မှာ ကျွန်ုပ်သည် သုဝဏ္ဏဘူမိ၏ ဘုရင်တစ်ပါး ဖြစ်လာလိမ့်မည်။ သုဝဏ္ဏဘူမိ၏ ဘုရင်၊ သုဝဏ္ဏဘူမိ၏ ဦးသျှောင်တစ်ပါးမှာ စူးရှသော အမြင်ရှိနေရမည်။ ထက်မြက်သော အရည်အသွေး ရှိနေရမည်။

"အဲခေါင် ပြောတာမှန်ပါတယ်။ လူတိုင်းကတော့ ဟတ္ထိပါလဆိပ်ကမ်းကို အဲခေါင်မြင်သလိုပဲ မြင်ကြလိမ့်မယ်။ ကျုပ်လည်း အဲ့ဒီလို မြင်နေတာပါပဲ။ ဒါပေမဲ့ ဟတ္ထိပါလဆိပ်ကမ်းကို အသေအချာ စူးစူးစိုက်စိုက် ကြည့်မယ်ဆိုရင် ပင်လယ်ထဲကနေ ဟတ္ထိပါလကမ်းခြေ တစ်လျှောက် မိစ္ဆာတွေ တက်လာနေတာမြင်ရတယ် သိရဲ့လား အဲခေါင်။ အဲ့ဒီ မိစ္ဆာကောင်တွေဆိပ်ကမ်းတစ်လျှောက် တက်လာနိုင်ကြတယ်ဆိုတာ . . . ။"

ကျွန်ုပ်က ထိုသို့ ပြောလိုက်သောအခါ အဲခေါင်မှာ ကျွန်ုပ်၏ စကားကို နားမလည်နိုင်စွာဖြင့် ကျွန်ုပ်ကိုသာ ပြန်ကြည့်နေလေ၏။

"မိစ္ဆာ"

ဟုတ်လားအရှင်

"အဲ့ဒီ မိစ္ဆာကို အရှင်မြင်နေတယ်လား။ အကျွန်ုပ်ကတော့ သာယာစည်ကားနေတဲ့ ဆိပ်ကမ်းကိုပဲ မြင်တယ်။ စင်ရော်ဖြူတွေဝဲပျံနေတဲ့ ပင်လယ်ကမ်းစပ်ကိုပဲ မြင်တယ်။ အရှင်မြင်တဲ့ မိစ္ဆာတွေက ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးတွေလဲ၊ မျက်လုံးမျက်ဆံ ပြူးပြူးကျယ်ကျယ်နဲ့လား။ အစွယ်တွေ တငေါငေါနဲ့လား။ ချွန်ထက်တဲ့ လက်သည်းတွေနဲ့လား။ ပြီးတော့ သူတို့ရဲ့ ကိုယ်ခန္ဓာတွေက ဘယ်လောက်အထိ ကြီးမားနေကြသလဲ။ သူတို့လက်ထဲမှာ ဘာတွေကို ကိုင်စွဲထားကြသလဲ။''

အဲခေါင်ဘုန်း၏ အမေးစကားကြောင့် အဲခေါင်ဘုန်းကို ကျွန်ုပ် ကြည့်ပြီး ပြုံးလိုက်သည်။

"အဲဒါတွေ တစ်ခုမှမဟုတ်ဘူး အဲခေါင်

ကျုပ်တွေနေရတဲ့ မိစ္ဆာတွေဆိုတာ နဖူးမောက်မောက်၊ နှာရောင်ကောက်ကောက်၊ ဖနောင့်တိုတို၊ ကိုယ်ကအိုးစရည်းလောက် ရှိပြီး ကြမ်းတမ်းဆိုးဝါးတဲ့ ရုပ်သွင်သဏ္ဌာန်မျိုးနဲ့ မိစ္ဆာတွေ မဟုတ်ဘူး။ ဘီလူးတွေ မဟုတ်ဘူး။

မီးလျှံနဲ့ လေးမြားလက်နက်တွေ ကိုင်စွဲထားတဲ့ မိစ္ဆာတွေ၊ အရောင်တလက်လက်ထနေတဲ့ ဓားလှံတွေကိုင်စွဲထားတဲ့ မိစ္ဆာတွေ၊ အဲ့ဒီမိစ္ဆာတွေဟာ ဟောဒီ ဟတ္ထိပါလဆိပ်ကမ်းကနေတစ်ဆင့် ကျုပ်တို့ ရဲ့ သုဝဏ္ဏဘူမိကို ကျူးကျော်စော်ကားဖို့၊ ကျုပ်တို့ရဲ့ ထေရဝါဒ သာသနာတော်ကို ဖျက်ဆီးဖို့၊ ကျုပ်တို့ သုဝဏ္ဏဘူမိသားတွေကို ညှဉ်းဆဲသတ်ဖြတ်ဖို့ အချိန်မရွေး ရောက်လာနိုင်တယ်ဆိုတာကို ကျုပ်မြင် တွေ့နေရတယ်။''

ကျွန်ုပ်၏ စကားများကို ခေတ္တရပ်နားပြီး ဟတ္ထိပါလဆိပ်ကမ်း ဆီသို့ ကျွန်ုပ်ပြန်လည်၍ ကြည့်လိုက်သည်။ ဟတ္ထိပါလဆိပ်ကမ်းမှာ အပြောင်းအလဲမရှိ၊ ပကတိ ပုံမှန်အတိုင်းသာ တည်ရှိနေ၏။ အဲခေါင် ဘုန်းကတော့ ကျွန်ုပ် မည်သည့်အရာကိုဆိုလိုကြောင်း သဘောပေါက် ဦးမည် မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်ထံမှ ထပ်ဆက်လာမည့်စကား များကို စောင့်မျှော်နေလေ၏။

"အရှင်ပြောတာကို နားလည်သလိုတော့ ရှိတယ်။ ဒါပေမဲ့



ဝိုးတဝါးပါပဲ။ အရှင် ဘာကိုဆိုလိုတာလဲ၊ အဲ့ဒီ မိစ္ဆာတွေဆိုတာ က ......။''

အဲခေါင်ဘုန်း စကားအဆုံးမသတ်နိုင်လိုက်ပါချေ။ ကျွန်ုပ်က လက်ဝါးကာပြလိုက်သောကြောင့် အဲခေါင်ဘုန်း၏ စကားက တစ်ပိုင်း တစ်စနှင့် ရပ်သွားလေ၏။

"မိစ္ဆာတွေဆိုတာ ကျုပ်တို့နဲ့ အမျိုးအနွယ်မတူတဲ့သူတွေ၊ ယဉ်ကျေးမှုချင်း မတူတဲ့သူတွေ၊ အယူဝါဒချင်း ဆန့်ကျင်ဘက် ဖြစ် နေတဲ့သူတွေပေါ့ အဲခေါင်၊ သူတို့တွေဟာ တို့သုဝဏ္ဏဘူမိသားတွေ အတွက် မိစ္ဆာတွေပဲ။

ဟတ္ထိပါလဆိပ်ကမ်းကို ကြည့်လိုက်စမ်း အဲခေါင်၊ လှေကြီး လှေငယ်တွေ သွားလာဝင်ထွက်နေတာလောက်ပဲ မြင်လို့မရဘူး။ စည်ကားသာယာနေတယ်ဆိုတဲ့အမြင်ထက် ပိုပြီးမကြည့်မြင်တတ်ရင် သုဝဏ္ဏဘူမိဟာ မိစ္ဆာရန်သူတွေအောက်မှာ ဒူးထောက်အညံ့ခံကြရလိမ့် မယ်။

ဟတ္ထိပါလဆိပ်ကမ်းဟာ အကာအကွယ်မဲ့နေတယ်။ အဝင် အထွက် လွယ်ကူနေတယ်။ အစစ်အဆေး အကြပ်အမတ် နည်းနေ တယ်။ ဟတ္ထိပါလဆိပ်ကမ်းဟာ သုဝဏ္ဏဘူမိကို ကျူးကျော်ချင်သူတွေ အလွယ်တကူ လာရောက်နိုင်တဲ့ ဝင်ပေါက်ကြီးတစ်ခုလို ဖြစ်နေတယ် ဆိုတာ မြင်ရဲ့လား အဲခေါင်''

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ အဲခေါင်ဘုန်းက ခေါင်း တညိတ်ညိတ်နှင့် ဘဝင်ကျသွားသည်။

"အကျွန်ုပ်ကတော့ အဲ့ဒီလောက်အထိ မတွေးမိခဲ့ဘူး။ ဒါဟုတ် တယ်။ အရှင်ရဲ့စကားကို အကျွန်ုပ်လက်ခံပါတယ်။''

အဲခေါင်ဘုန်းက ကျွန်ုပ်၏ စကားကို ထောက်ခံလိုက်၏။

"ကျုပ်ပြောတာကို အဲခေါင်အနေနဲ့ လွယ်ကူပဲ လက်ခံသွား

www.burmeseclassic.com

www.burmeseclassic.com



တာလား။ ကျုပ်ဟာ အိမ်ရှေ့ဥပရာဇာတစ်ဦးမို့ ကျုပ်ရဲ့စကားကို မဆန့်ကျင်ဝံ့လို့ ထောက်ခံတာလား။ ဒီလိုခပ်ညံ့ညံ့သူမျိုး၊ ရေလိုက်ငါးလိုက်နေတတ်တဲ့သူမျိုးကို ကျုပ်အရွံမုန်းဆုံးပဲ။ ကိုယ့်ရဲ့အမြင်ကို မှန်တယ်လို့ ယူဆရင် ရဲရဲဝံ့ဝံ့ ပြောရဲရမယ်။ လုပ်ရဲရမယ်။ တွန့်ဆုတ်တွေဝေခြင်းကင်းရမယ်။"

"မဟုတ်ဘူး . . . မဟုတ်ရပါဘူးအရှင်၊ အဲခေါင်ရဲ့ရင်ထဲမှာ အရှင်ရဲ့ အတွေးအခေါ်အယူအဆ မြားချက် တကယ်ပဲ စိုက်ဝင်သွားတာပါ။ ဆွဲနှုတ်လွှင့်ပစ်လို့မရအောင် နိုင်မာသွားတာပါ။ ဒီဟတ္ထိပါလဆိပ်ကမ်းဟာ မိစ္ဆာတွေ သုဝဏ္ဏဘူမိကို အလွယ်တကူ ကျူးဝင်လာနိုင်တဲ့ဝင်ပေါက်ကြီးတစ်ခုအဖြစ် အကျွန်ုပ်ရဲ့ ဦးနှောက်က တကယ်ပဲ လင်းလက် သိမြင်သွားတာပါ။"

အဲခေါင်ဘုန်းက ကျွန်ုပ်၏ စကားကို ချက်ချင်းပင် ဖျာဖျာသလဲ ဖြေရှင်းချက်ပေးလိုက်လေ၏။ အဲခေါင်ဘုန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပုံကိုကြည့်ရင်း ကျွန်ုပ် ရယ်မောလိုက်မိသည်။ ကျွန်ုပ်က ရယ်မောလိုက်သောအခါ အဲခေါင်ဘုန်းသည် ကျွန်ုပ်က သူ့ကို သရော်လှောင်ပြောင်သည်ဟု အထင်ရောက်ကာ ရှက်ကိုးရှက်ကန်းနှင့် မလုံမလဲ ဖြစ်သွားလေ၏။

"သဟာဆိုရင်တော့ အဲခေါင်ဟာ ဒီသုဝဏ္ဏဘူမိမှာရှိနေတဲ့ သူတွေထက်သာသွားပြီ။ သူတို့အားလုံး သုဝဏ္ဏဘူမိနိုင်ငံတော်မှာ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပနေတဲ့အတွက် အားရဂုဏ်ယူကြဖို့လောက်ပဲသိကြတာ၊ မိစ္ဆာကောင်တွေ သုဝဏ္ဏဘူမိကို အချိန်မရွေးဝင်ရောက် ကျူးကျော်နိုင်ကြတယ်ဆိုတဲ့ အတွေးတွေ အဲခေါင်လို မရှိကြဘူး။ ဒါကြောင့် အဲခေါင်က သူတို့ထက်သာတယ်လို့ ကျုပ်ပြောတာဟာ အဲခေါင်ကို အသားလွတ် ပင့်မြှောက်ပြောနေတာ မဟုတ်ဘူး။



အခု သုဝဏ္ဏဘူမိရဲ့ အရှင်သခင်ဟာ ဘယ်သူလဲ အဲခေါင်။"

ကျွန်ုပ်က ထိုသို့မေးလိုက်သောအခါ အဲခေါင်ဘုန်းက ချက်ချင်း အဖြေမပေးသေးပဲ ငြိမ်နေ၏။ "အမှန်ကို ပြောရမလား အရှင်"

"ကျုပ်က အမှန်တရားကို လိုလားနှစ်သက်တယ်ဆိုတာ အဲခေါင်သိပါတယ်။ ကဲ . . . အဲခေါင် ထင်မိသလို ဖြေစမ်းပါ။"

"အရှင်ရဲ့ ခမည်းတော် ဥဒိန္နရာဇာ"

"အဲခေါင်ပြောတာမှန်ပေတယ်။ ဒီအချိန်မှာ သုဝဏ္ဏဘူမိရဲ့ အရှင်သခင်ဟာ ကျွန်ုပ်မဟုတ်ဘူး။ မနုဟာ မဟုတ်ဘူး။ ကျွန်ုပ် မနုဟာရဲ့ ခမည်းတော် ဥဒိန္နရာဇာ၊ ကျုပ်ရဲ့ ခမည်းတော်ဟာ ကျွန်ုပ်လိုပဲ ဟတ္ထိပါလဆိပ်ကမ်းကို သုံးသပ်ရှုမြင်မှုလေရဲ့လား။ တကယ်လို့များ ကျွန်ုပ်လို သုံးသပ်ရှုမြင်ခဲ့မယ်ဆိုရင် ခမည်းတော် ဘာတွေလုပ်မလဲ၊ ဥပုသ်တော်ဆောင်ကို မကြာခဏ ဝင်နိုင်ပါဦးမလား။

အခုလည်း ကျွန်ုပ်က ဆင်ဖြူတော်ကျွန်းရဲ့ ကာလာသောက တောင်ထက်ကို ရောက်ရှိပြီး ဟတ္ထိပါလဆိပ်ကမ်းနဲ့ သုဝဏ္ဏဘူမိရဲ့ အရေးကို တွေးတောနေစဉ်မှာ ခမည်းတော်ကတော့ ဥပုသ်ဆောင်ဝင်ပြီး အေးငြိမ်းမှုကို ရှာနေလေရဲ့ အဲခေါင်ရယ်"

ကျွန်ုပ်၏အသံက တိမ်ဝင်သွားသည်။ ကျွန်ုပ်၏ မျက်နှာကလည်း ညှိုးမှိုင်းသွားသည်။ ကျွန်ုပ်သည် သုဝဏ္ဏဘူမိ၏ အရေးအရာ ကိစ္စများကို ကျွန်ုပ်၏ စိတ်အလိုဆန္ဒ ရှိသည့်အတိုင်း စီရင်ဖန်တီးပိုင်ခွင့် ပြည့်ဝစွာရှိသည်မဟုတ်ပေ။ ခမည်းတော် ဥဒိန္နရာဇာသည်သာ သုဝဏ္ဏဘူမိကို အပြည့်အဝ စီရင်ဖန်တီးပိုင်ခွင့်ရှိသူ ဖြစ်သည်။

သို့ပေမဲ့ ဒီအရေးမှာတော့ ကျွန်ုပ်သည် သုဝဏ္ဏဘူမိအတွက် လုပ်ဆောင်ရပေတော့မည်။ ကျွန်ုပ်ကို တစ်ဖွတ်ထိုး၊ တစ်ယူသန်ဟု ယူဆကြပေမည်။ တကယ်တော့ ကျွန်ုပ်သည် သုဝဏ္ဏဘူမိအပေါ် စေတနာထားမိခြင်းအတွက် ဤသို့ ထင်မြင်ယူဆသွားစရာ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးလာခြင်းဖြစ်လေ၏။ ကျွန်ုပ်၏ စေတနာကို ကျွန်ုပ်မှတစ်ပါးသိမြင်နိုင်ကြမည် မဟုတ်ပေ။

ကျွန်ုပ်၏ ညိုမှိုင်းသွားသောမျက်နှာကို ပြန်ပြင်လိုက်၏။

"ဟတ္ထိပါလဆိပ်ကမ်းထိပ်က ဂဝံကျောက်ဆစ်ဆင်ရုပ်ကို တွေ့ရဲ့လား အဲခေါင် ဟောဟိုမှာ ကြည့်လိုက်စမ်း"

ကျွန်ုပ်က လက်ညှိုးတည့်တည့်ဖြင့် ပြောလိုက်၏။

"မြင်တော်မူပါတယ် အရှင့်သား"

"အဲ့ဒီဂဝံကျောက်ဆစ်ဆင်ရုပ်တော်ကြီးက အတော်လက်ရာကောင်းပေတာကိုး"

"မှန်ပါတယ် အရှင်"

"ဒီဂဝံကျောက်ဆစ်ဆင်ရုပ်ကို ဒီဆင်ဖြူတော်ကျွန်းသားကျောက်ဆစ်ဗိသုကာ ပညာရှင်တစ်ဦးဦးက ထုဆစ်ထားတာပဲဖြစ်ရမယ်။ အဲ့ဒီ ဂဝံကျောက်ဆစ်ဆင်ရုပ်ကို ထုဆစ်သွားတဲ့ ကျောက်ဆစ်ဗိသုကာပညာရှင်ကို တောင်ခြေဆင်း စုံစမ်းပြီး ကျွန်ုပ်ရဲ့ဆီကို ခေါ်ဆောင်လာခဲ့။ ဂဝံကျောက်ဆစ်ဆင်ရုပ်ကို ထုဆစ်ခဲ့တဲ့ ကျောက်ဆစ်ဗိသုကာပညာရှင် မရှိတော့ရင်။ ဆိုလိုတာက သေဆုံးသွားပြီဆိုရင် သူ့ရဲ့ အဆက်အနွယ်၊ သူ့ရဲ့ပညာကို လက်ဝေခံရရှိတဲ့ သားဖြစ်ဖြစ် တပည့်ဖြစ်ဖြစ် ကျွန်ုပ် သုဝဏ္ဏဘူမိရဲ့ ဉပရာဇာ မနုဟာက တွေ့ချင်လို့ဆိုပြီး ရှာဖွေစုံစမ်းပြီး ကျွန်ုပ်ရဲ့ဆီကို ခေါ်ဆောင်လာခဲ့ အဲခေါင်"

ကျွန်ုပ်သည် ထိုစကားကို စိတ်အားထက်သန်စွာဖြင့် ပြောလိုက်၏။ မျှော်လင့်ချက်များနှင့် နှိုင်းစေလိုက်၏။

"ကောင်းပါပြီ အရှင်"

အဲခေါင်ဘုန်းက ကျွန်ုပ်ကို ဦးညွှတ်အရိုအသေပေးကာ ကျောက်လှေကားထစ်များအတိုင်း ကာလာသောကတောင်ခြေသို့ ခပ်သွက်သွက်ကလေး ဆင်းသွားလေ၏။

← ← ←



(၂)

ဟတ္ထိပါလဆိပ်ကမ်းမှာ ပျားပန်းခတ်မျှ လူတွေ လှုပ်ရှားသွားလာနေကြ၏။

ထိုလူတွေမှာ ဆင်ဖြူတော်ကျွန်းသားချည်းဟူ၍ ပြော၍ မရပေ။ ဆိပ်ကမ်းမှာ လှေအမျိုးမျိုး အစားစားတို့ ဆိုက်ကပ်ထားသည်။ လှေတစ်စီးမှ စဉ့်အုတ်ထည်မျိုးဖြစ်သော အိုးများခွက်များ ထမ်းချနေသည်ကို တွေ့ရသည်။

ဆိပ်ကမ်းတစ်လျှောက်မှာ ဈေးတဲလေးများ တည်ရှိနေ၏။ ထိုဈေးတဲလေးမှာ စားသောက်ဖွယ်ရာများ ရောင်းချသည်။ ခရီးသွားဧည့်သည်များ ဝင်ရောက် စားသောက်ကြသည်။ဒေသထွက်ကုန် ဖရုံနှင့် ဖရဲများအား ရောင်းချနေသည်ကိုလည်း တွေ့ရသည်။

သရက်၊ ပိန္နဲ၊ နာနတ်အစရှိသော ချိုရွှမ်းသည့်ဒေသထွက်ကုန်သီးနှံများလည်း စုံလင်လှသည်။ ယင်း အသီးအနှံများကို ငါတို့ဒေသသို့ ပြန်သောအခါ အပြန်ကုန်အဖြစ် လှေပေါ်မှာ ပြန်လည်တင်ဆောင်သွားတတ်ကြသည်။

"သေရည် ဘယ်မှာ ဝယ်သောက်ရသလဲ အဆွေ"

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က အဲခေါင်ဘုန်းကို ဘိုးတိုးလေး ကပ်မေးလေ၏။ အဲခေါင်ဘုန်းက သူ့အားမေးလာသောသူကို ကြည့်လိုက်၏။ အသားညိုညိုနှင့် ခေါင်းမှာ တဘက်ပွကြီးကို ပေါင်းထားသည်။ လှေတစ်စီးစီးဖြင့် လိုက်ပါလာသော ပွဲနင်းတစ်ဦးဦး ဖြစ်ဟန်တူသည်။ ဒါမှမဟုတ် ကုန်သည်တစ်ယောက်ယောက်လည်း ဖြစ်နိုင်သည်။ သုဝဏ္ဏဘူမိသားတစ်ယောက် မဟုတ်သည်ကတော့ အလွန်သေချာသည်။ သုဝဏ္ဏဘူမိသားဆိုလျှင် သေရည်ဆိုင်ကို မေးမည်မဟုတ်ချေ။

"အဆွေက ဒီနယ်သားမဟုတ်ဘူးနဲ့ တူရဲ့"

အဲခေါင်ဘုန်းက ပြန်မေးလိုက်၏။

"ကျုပ်က ဧည့်သည်ပါ။ ဒီကိုလည်း အခုမှ ရောက်ဖူးတာပါ။ ဘာဖြစ်လို့ကျုပ်ကို ပြန်မေးရတာလဲ အဆွေ။ ဒီဆိပ်ကမ်းမှာက အစစ်အဆေး အမေးအမြန်း ဘယ်တုန်းကမှ ရှိခဲ့တာ မဟုတ်ဘဲ။ အနယ်နယ်အရပ်ရပ်က ကုန်သည်တွေ စိတ်ချမ်းမြေ့စွာနဲ့ လာရောက်ကြတာကိုက အဲ့ဒီလို အစစ်အဆေး အမေးအမြန်းတွေ မရှိလို့ဘဲ"

ထိုသူဟာ အဲခေါင်ဘုန်းကို ပြန်ပြောလိုက်လေ၏။ အစစ်အဆေး အမေးအမြန်း မရှိလို့ စိတ်ချမ်းသာကြရသည်တဲ့။

"ဒီဟတ္ထိပါလဆိပ်ကမ်းမှာ အစစ်အဆေး အမေးအမြန်း မရှိဘူးပဲ ထားပါတော့ အစစ်အဆေး အမေးအမြန်းတွေ ထူထပ်တဲ့ ဆိပ်ကမ်းတွေရော ရှိလို့လား။ ဘယ်မှာရှိတာလဲ။ ကျုပ်တို့ရဲ့ သုဝဏ္ဏဘူမိ ဆိပ်ကမ်းတွေမှာတော့ အစစ်အဆေး အမေးအမြန်း မရှိတာ အမှန်ပဲ"

အဲခေါင်ဘုန်းက တစ်နယ်သားကို ပြန်မေးလေ၏။

"ကျုပ်တို့နယ်ဘက်က ဆိပ်ကမ်းတွေမှာတော့ အစစ်အဆေး အမေးအမြန်း ထူထပ်တယ်။ အစောင့်အနေတွေလည်း များတယ်။ ဒီလိုပါပဲ ဧည့်ဝတီဘက်က ဆိပ်ကမ်းတွေမှာလည်း အစောင့်အနေနဲ့ အမေးအမြန်း ထူထပ်တာပါပဲ။ အဆွေတို့ရဲ့ သုဝဏ္ဏဘူမိရဲ့ ဆိပ်ကမ်းတွေမှာကျတော့ အစစ်အဆေး အမေးအမြန်း မရှိပေဘူး။ အစောင့်အနေဆိုလို့လည်း မတွေ့ရသလောက်ပါပဲ။"

"ဒါက ကျုပ်တို့သုဝဏ္ဏဘူမိရဲ့ အများနဲ့ မတူတဲ့ ထူးခြားမှုတစ်ခုပဲလေ။ ကျုပ်တို့ သုဝဏ္ဏဘူမိကို ရောက်လာကြတဲ့ ဧည့်သည်တော်တွေကို စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ ဒီကပြန်သွားတဲ့အခါ စိတ်ချမ်းမြေ့စွာနဲ့ ပြန်သွားစေချင်တယ်။"

အဲခေါင်ဘုန်း၏ စကားကိုကြားရသောအခါ တစ်နယ်သားက အဲခေါင်ဘုန်း၏ မျက်နှာကို အသေအချာကြည့်လိုက်လေ၏။

"အဆွေတို့ သုဝဏ္ဏဘူမိသားတွေဟာ စိတ်ရင်းစေတနာ ဖြူစင်ကြပါပေရဲ့။ စိတ်ထားတွေကလည်း ကောင်းမွန်ဖြောင့်မတ်ကြပါပေရဲ့။ ဒါပေမဲ့ ကျုပ်အနေနဲ့ အဆွေကိုခင်မိလို့ အကြံဉာဏ်လေး ပေးချင်တယ်။ အရာရာတိုင်းဟာ စိတ်ရင်းစေတနာဖြူစင်နေရုံနဲ့ မပြီးဘူး။ စိတ်ရင်းစေတနာဖြူစင်တာဟာ ဂုဏ်ယူစရာတစ်ခု ဖြစ်ပေမဲ့ ဒီစိတ်ရင်းစေတနာဖြူစင်မှုအပေါ် အခွင့်ကောင်းယူမယ့်သူတွေ ပေါ်လာရင် မခက်ပေဘူးလား အဆွေ။

သုဝဏ္ဏဘူမိရဲ့ ဆိပ်ကမ်းတွေမှာ အစောင့်အနေအားနည်းနေတာရယ်။ အစစ်အဆေး အမေးအမြန်း မရှိတာရယ်ကို သိရှိတဲ့အခြားတိုင်းတစ်ပါးသားတွေက သုဝဏ္ဏဘူမိ ဆိပ်ကမ်းတွေကတစ်ဆင့် သုဝဏ္ဏဘူမိကို အလွယ်တကူ လုပ်ကြံနိုင်လိမ့်မယ်။ ဒါကြောင့်မို့ အခြားတိုင်းနိုင်ငံတွေရဲ့ဆိပ်ကမ်းတွေဟာ အစောင့်အနေထူထပ်ရတာပဲ၊ မေးမြန်းစစ်ဆေးမှုတွေကို လုပ်နေရတာပဲ။ ဒါဟာ အဆွေနဲ့တကွ သုဝဏ္ဏဘူမိသားတွေရဲ့အပေါ် ကျုပ်ခင်မင်မိလို့၊ သုဝဏ္ဏဘူမိသားတွေရဲ့ ရိုးသားတဲ့စိတ်ဓာတ်ကို မြတ်နိုးမိလို့ အဆွေကို ပြောပြလိုက်တာပါ။

အဆွေ့အနေနဲ့ အဆွေတို့ရဲ့ သုဝဏ္ဏဘူမိအရေးကို ကျုပ်ပြောတဲ့စကားတွေ တင်လျှောက်လိုက်စမ်းပါ။"



www.burmeseclassic.com

www.burmeseclassic.com



တစ်နယ်သား၏ စကားကိုကြားရသောအခါ အဲခေါင်ဘုန်း၏ စိတ်က ကာလာသောကတောင်မှာ ရှိနေသော ဥပရာဇာကို မျက်စိထဲ ပြေး၍ မြင်ယောင်သည်။

စောစောလေးကတင် ဥပရာဇာ မနုဟာက တစ်နယ်သား ပြောလိုက်သောစကားမျိုး သူ့အားပြောကြားခဲ့သည်ကို နားနှင့် ဆတ်ဆတ်ကြားနေရ၏။ နားထဲမှပင် မထွက်သေးပေ။

"ဟတ္ထိပါလဆိပ်ကမ်းဟာ အကာအကွယ်မဲ့နေတယ်။ အဝင်အထွက် လွယ်ကူနေတယ်၊ အစစ်အဆေး အကြပ်အမတ် နည်းနေတယ်။ ဟတ္ထိပါလဆိပ်ကမ်းဟာ သုဝဏ္ဏဘူမိကို ကျူးကျော်ချင်သူတွေ အလွယ်အကူ လာရောက်နိုင်တဲ့ ဝင်ပေါက်ကြီးတစ်ခုလို ဖြစ်နေတယ် ဆိုတာမြင်ရဲ့လား အဲခေါင်"

"ဘယ်လိုဖြစ်သွားတာလဲ အဆွေ၊ ကျုပ်ပြောတဲ့ စကားတွေကို ကြားရဲ့လား။ ကျုပ်ပေးတဲ့ အကြံဉာဏ်ကို သဘောပေါက်ရဲ့လား"

အဲခေါင်ဘုန်းမှာ မနုဟာထံ အတွေးရောက်သွား၍ ခေတ္တငေးငိုင်သကဲ့သို့ ဖြစ်သွားသည်။ တစ်နယ်သားက ထပ်ပြောလာသော စကားကို ကြားရမှ အသိပြန်ဝင်လာခဲ့၏။

"ကြားရပါတယ် အဆွေ။ အဆွေက ကျုပ်တို့ သုဝဏ္ဏဘူမိသားတွေကို ဒီလိုစေတနာနဲ့ အကြံပေးပြောကြားလာတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဆွေ အစောပိုင်းက ကျုပ်ကို မေးထားတဲ့ စကား ရှိတယ်။ အဲ့ဒါကို ကျုပ်မဖြေရသေးဘူး။ သေရည်ရနိုင်တဲ့နေရာ ရှိသလားဆိုတာလေ။

အဲ့ဒါကိုဖြေရမယ်ဆိုရင်တော့ ဒီဆင်ဖြူတော်ကျွန်းမှာသာ မဟုတ်ဘူး။ သုဝဏ္ဏဘူမိနိုင်ငံတော်တစ်ဝန်းလုံးမှာ သေရည်ရနိုင်တဲ့နေရာ ဘယ်မှာမှ မရှိဘူး။ သေရည်ဟာ မူးယစ်စေတယ်။ ဦးနှောက်ကို ထုံထိုင်းစေတယ်။ စိတ်ကို ကြွစေတယ်။ အမှားပေါင်းများစွာ ကျူးလွန်



မိစေတတ်တယ်။ ဒါကြောင့်မို့ သုဝဏ္ဏဘူမိတစ်ဝန်းလုံးမှာ သေရည်ကို ရောင်းချခြင်း၊ သောက်ခြင်းမပြုဖို့ မင်းမိန့်နဲ့ တားဆီးပိတ်ပင်ထားတယ်"

အဲခေါင်ဘုန်းက ထိုသို့ပြောကြားလိုက်သောအခါ တစ်နယ်သားငြိုသည်မှာ တွေဝေသွားလေ၏။

"ဒါဟာ အထူးအခြားပဲ၊ သုဝဏ္ဏဘူမိရဲ့ ဝိသေသတစ်ခုပဲ။ သုဝဏ္ဏဘူမိရဲ့ ဂုဏ်ယူစရာ အလေ့အထကောင်းပဲ။ စောစောကလို သုဝဏ္ဏဘူမိဆိပ်ကမ်းတွေမှာ အစစ်အမေးမဲ့တာက သုဝဏ္ဏဘူမိသားတွေရဲ့ စိတ်စေတနာကောင်းတစ်ခုဖြစ်ပေမဲ့ အန္တရာယ်ကြီးတယ်အဆွေ၊ ကျုပ်လည်း သုဝဏ္ဏဘူမိနယ်မြေထဲကို ရောက်လာမှတော့ သုဝဏ္ဏဘူမိသားတွေလိုပဲ သေရည်ကို စွန့်ထားရတော့မှာပေါ့"

အဲခေါင်ဘုန်းသည် တစ်နယ်သားနှင့် ခွဲခွာကာ ဥပရာဇာ၏ စေခိုင်းထားချက်ကို ဆောင်ရွက်ရန် ထွက်ခွာခဲ့လေ၏။

ဆိုင်တန်းများကို လျှောက်ကြည့်ရင်း ဆိုင်ခန်းတစ်ခန်း၏ အရှေ့သို့ရောက်ရှိလာခဲ့၏။ ထိုဆိုင်ခန်း၌ ထူးထူးခြားခြား ပစ္စည်းများကို ရောင်းချနေ၏။ သုဝဏ္ဏဘူမိထွက် ကြိမ်များ ဝါးများဖြင့် ရက်လုပ်ထားသော လူ့အသုံးဆောင်ပစ္စည်းများမှာ တစ်နယ်သားများအတွက် မျက်စိကျစရာ ဖြစ်လေ၏။

ထို့ထက်ပို၍ တစ်နယ်သားတို့ မျက်စိကျနှစ်သက်စေသော ဂဝံကျောက်ဆစ်ရုပ်များကိုလည်း ထိုဆိုင်မှာ တွေ့ရှိရလေ၏။

ကျားရုပ်၊ ဆင်ရုပ်၊ ကျွဲရုပ်များ၊ အချိုးအစားပြေပြစ်ကျော့ ရှင်းသော ကညာရုပ်များ၊ ဘီလူးရုပ်များ၊ နတ်ရုပ်များ၊ ဟင်္သာရုပ်များ၊ မနုဿီဟရုပ်များ၊ မြင်းရုပ်များ စသည်ဖြင့် အရုပ်များ စုံလင်လှလေ၏။ ဤဆိပ်ကမ်းသို့ဝင်ရောက်လာသော လှေကြီးလှေငယ်မှာ ပါလာကြသည့်သူများမှာ ဤဆိုင်မှ ပစ္စည်းတစ်မျိုးမျိုးကို ဝယ်သွားကြသူချည်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဲခေါင်ဘုန်းသည် ဆိုင်ရှေ့မှာ အတန်ကြာ ရပ်ကြည့်နေ၏။ ဆိုင်အတွင်းမှ မိန်းမပျိုသည် ဆိုင်ရှေ့၌ အဲခေါင်ဘုန်းရပ်ကာ ဆိုင်အတွင်းသို့ ကြည့်နေသည်ကို သတိပြုမိသွား၏။ အခြားသော ပစ္စည်းဝယ်ယူသူများကို ပြောဆိုရောင်းချနေရသောကြောင့် အဲခေါင်ဘုန်းကို ဂရုမစိုက်အားသေးပေ။

ထိုမိန်းမပျိုအနေဖြင့် အဲခေါင်ဘုန်းအား သူမကိုနှစ်သက်၍ ဆိုင်ရှေ့မှာ အချိန်ကြာမြင့်စွာ ရပ်ကြည့်နေသည်ဟု ထင်ကောင်းထင်နိုင်၏။ အဲခေါင်ဘုန်းကတော့ ဈေးဝယ်သူ ဆိုင်မှာရှင်းမည့်အချိန်ကို စောင့်နေခြင်းသာဖြစ်လေ၏။

လူသူရှင်းသွားမှ အဲခေါင်ဘုန်းက ဆိုင်ထဲသို့ ဝင်လိုက်၏။

"ဘာအလိုရှိပါသလဲ၊ အမီးတို့ရဲ့ဆိုင်က ပစ္စည်းလည်းစုံတယ်၊ ဈေးလည်းမှန်တယ်။ လက်ရာလည်း ကောင်းမွန်စိတ်ချရတယ်။"

ဈေးရောင်းသော မိန်းမပျိုက အဲခေါင်ဘုန်းကို ပျူငှာချိုသာစွာဖြင့် ပြောလေ၏။ အဲခေါင်ဘုန်းက ဂဝံကျောက်ဆစ်ခြသေ့ရုပ်တစ်ခုကို ကောက်ကိုင်လိုက်၏။ ခြသေ့ရုပ်လေးမှာ မြေနီဂဝံရောင်တောက်နေ၏။ လည်ဆံများအလှိုင်းလှိုင်းထအောင်ထုဆစ်ထား၏။ ပါးစပ်ဟ ၍ မာန်ဖီနေဟန်မှာ အသက်ဝင်လှ၏။

"ကြည့်ပါရှင်၊ ကြိုက်မှလည်း ဝယ်ပါ။ ဗုဒ္ဓရုပ်ပွားတော်များလည်းရှိပါတယ်။ လိုချင်တဲ့ ပုံသဏ္ဌာန်နဲ့ အရုပ်ကိုသာ ပြောပါ။ အခုမရှိလည်း ညနေတော့ရအောင်လုပ်ပေးပါ့မယ်။"

အနားမှ သွက်သွက်လက်လက်ဖြင့် မိန်းမပျိုက ပြောနေ၏။

"အမီးဆိုတာက ဒီကနာမည်ပဲလား။"

ပစ္စည်းများအကြောင်းကို မမေးဘဲ သူမ၏ အမည်ကို မေးလိုက်သောကြောင့် ဆိုင်ရှင်မိန်းမပျိုက အဲခေါင်ဘုန်း မသိအောင် မျက်နှာတစ်ချက် မဲ့ရွဲ့လိုက်သည်ကို လှစ်ခနဲတွေ့လိုက်ရသော်လည်း



မမြင်ချင်ဟန်ဆောင်လိုက်လေ၏။

"ဘာဘာတို့က ဒီလိုပဲ ငယ်ငယ်ကတည်းက အမီးလို့ခေါ်တာပဲရှင့်၊ အားလုံးကလည်း အမီးလို့ခေါ်ကြတယ်လေ။ အမီးဆိုတာ အမိကိုဆိုလိုတာပါ။ အမိဆိုတာက အမေပဲပေါ့ရှင်၊ အစ်မလို့အဓိပ္ပာယ်ယူရင်လည်းရပါတယ်။ အစ်မလေး၊ အမိလေးလို့ အဓိပ္ပာယ်ရမယ်ထင်ပါတယ်။ အနောင် ဘာကို အလိုရှိသလဲ၊ အနောင်ကိုင်ထားတဲ့ ဂဝံကျောက်ဆစ်ခြသေ့ရုပ်ကို နှစ်သက်ရဲ့လား။ နှစ်သက်ရင်လည်း အရောင်းအဝယ်တည့်အောင် ဈေးလျှော့ပေးပါ့မယ်"

အမီးဆိုသော မိန်းမပျိုလေးက ရွှန်းရွှန်းဝေဝေပြောကြားလိုက်သော်လည်း မျက်နှာမှာ အလိုမကျသောအသွင် အမူအရာများပေါ်လာနေသည်ကို တွေ့ရ၏။

"ဆင်ဖြူတော်ကျွန်းသူတွေက အချောအလှတွေ၊ စကားချိုသူတွေလို့ အဲခေါင်ကြားဖူးတယ်။ အခု အမီးကို တွေ့မှပဲ တကယ်မှန်တယ်ဆိုတာ လက်တွေ့သိရတော့တယ်။"

အဲခေါင်ဘုန်းက စကားကိုထပ်တွန့်၍ ဆိုလိုက်သောအခါ မိန်းမပျိုလေးမှာ ဒေါသထွက်လုလု ဖြစ်လာလေ၏။ သို့သော်လည်း မိမိက ဈေးသည်ဖြစ်နေသည်။ လူမျိုးပေါင်းစုံ စရိုက်ပေါင်းစုံနှင့် ဆုံတွေ့ဆက်ဆံနေရသူဖြစ်သည်။ ရိုင်းရိုင်းပျပျတော့ ပြန်ပြောလို့ မဖြစ်ကြောင်း နားလည်ထားလေ၏။

"အနောင်က ပစ္စည်းတစ်ခုခု တကယ်ဝယ်ဖို့လာတာလား။ အကြောင်းမရှိ အကြောင်းရှာပြီး လာတာလား။ စောစောက အမီးဆိုင်မှာ ဈေးဝယ်သူတွေကျနေကတည်းက အနောင်ဆိုင်ရှေ့မှာ အကြာကြီးရပ်နေတာကို အမီး သတိထားမိတယ်။ အနောင်ပစ္စည်းဝယ်မယ်ဆိုရင်လည်း ပစ္စည်းတွေကို ကြည့်နေရစ်ပါ။ အနောင်ကြိုက်တဲ့ပစ္စည်းတွေ့ရင် အမီးကို ခေါ်လိုက်ပါ။ အမောင်နဲ့ စကားအကြာကြီးပြောဖို့

www.burmeseclassic.com

www.burmeseclassic.com



မအားပါရှင့်။ အဲမီး ဟောဟိုက ပစ္စည်းတွေကို နေရာချရဦးမယ်''

အမီးက ဥပါယ်တံမျဉ်ဖြင့် အဲခေါင်ဘုန်းအနားမှ ခွာထွက်သွားလေ၏။

''နေ ... နေပါဦး အမီးငယ်၊ အမီးရဲ့ပစ္စည်းတွေကို ဝိုင်းကူပြီး နေရာချပေးရမယ်ဆိုရင်လည်း အဲခေါင် ဝိုင်းကူလုပ်ပေးပါ့မယ်။ အမီးဆီက အကူအညီတစ်ခုတောင်းချင်လို့ ဆိုင်ထဲလာခဲ့တာ''

အဲခေါင်ဘုန်းက ထိုသို့ပြောလိုက်သောအခါ၊ အမီးက အဲခေါင်ဘုန်းကို မျက်စောင်းတစ်ချက် ထိုးလိုက်လေ၏။

''ဆင်ဖြူတော်ကျွန်းသူတွေက မျက်စောင်းထိုးလည်း လှနေတာပါပဲလား။''

အဲခေါင်ဘုန်းက အမီးကြားသာရုံ ခပ်တိုးတိုးလေး ပြောလိုက်လေ၏။

''ဘာအကူအညီ လိုချင်လို့လဲ၊ စကားတွေဝေ့မနေနဲ့နော်၊ အမီးက အားတာ မဟုတ်ဘူးရှင့်။ ခဏနေ အဘတို့ လာကြတော့မှာ''

''ပြောပါ့မယ်ဗျာ၊ ဟောဟိုကမ်းစပ်က ဆင်ရုပ်တုကြီးကို ဘယ်သူထုဆစ်တာလဲ၊ လက်ရာကောင်းလွန်းလို့၊ အဲဒီဆင်ရုပ်တုကြီးကို ထုဆစ်ခဲ့တဲ့သူကို ကျုပ်တွေ့ချင်လွန်းလို့၊ တွေ့ရင် ကျုပ်က ဆုချမလို့၊ အမီးက ဂဝံကျောက်ဆစ်ရုပ်တုတွေရောင်းတဲ့သူဆိုတော့ သိများနေမလားဆိုတာ မေးမလို့ပါဗျာ။ အဲ့ဒါပါပဲ။ ကျုပ်ကလည်း မိန်းမချောချောလှလှမြင်ရင် စကားတွေလည်းပြောချင်၊ စချင်၊ နောက်ချင်တဲ့စိတ်ကလည်းရှိပြန်နဲ့ စောစောက အမီးကို ကျုပ်ပြောဆိုခဲ့တာတွေဟာ မဖွယ်မရာ စကားတွေဖြစ်နေရင် ကျုပ်တောင်းပန်ပါတယ်ဗျာ။''

အဲခေါင်ဘုန်းက ထိုသို့ ပြောလိုက်မှ သုန်သုန်မှုန်မှုန် ဖြစ်နေသော အမီး၏မျက်နှာမှာ ပြန်လည်ကြည်လင်ရွှင်ပျ သွားလေ၏။

''အနောင်က ဒီလိုအပြောအလည် ပြန်ပြောလာတော့လည်း



အမီးတို့က ခွင့်လွှတ်ပေးရဦးမှာပေါ့။ အဲ့ဒီဆင်ရုပ်ကြီးက အဘိုးထုဆစ်ခဲ့တာပေါ့။ အဘိုးရဲ့အမည်က အိန္ဒာလို့ခေါ်တယ်။ ဒီဆင်ရုပ်ကို အဘိုးက တစ်နှစ်ကျော်ကျော်ကြာ ထုဆစ်ခဲ့တယ်။ အရင်က အဲ့ဒီဆိပ်ကမ်းဝမှာ ဂဝံကျောက်တုံးကြီးတစ်တုံး မြေပေါ်ကနေ ထိုးထွက်နေခဲ့တယ်။ အဲ့ဒီထိုးထွက်နေတဲ့ ဂဝံကျောက်တုံးကြီးကို အဘိုးက ဆင်ရုပ်ကြီးဖြစ်အောင် ထုဆစ်ခဲ့တာ၊ ဒီဆင်ရုပ်ကို ဘယ်သူထုဆစ်ခဲ့သလဲဆိုတာ အမီးတို့ ဆင်ဖြူတော်ကျွန်းသားအတော်များများတောင် မသိတော့ပါဘူး။ အမီးလည်း ဘိုးအိန္ဒာကို မမီခဲ့ပါဘူး။ အနောင်ဟာ ဟိုက ကြိမ်ထိုင်ခုံမှာထိုင် မတ်တတ်ကြီးပြောနေရတာ အားနာစရာ''

အမီးက အဲခေါင်ဘုန်းကို ကြိမ်ဖြင့်ရက်လုပ်ထားသော ထိုင်ခုံတစ်ခုမှာ ထိုင်ခိုင်းလိုက်လေ၏။ ပြီးလျှင် ရေနွေးကြမ်းကရားအိုး ရေနွေးပန်းကန်လုံးနှင့် ထန်းလျက်ခဲ အချို့ကို တည့်ခင်းပေးလေ၏။

''ဆင်ဖြူတော်ကျွန်းသူတွေက ညှို့ဝင်အပြုအစုလည်း ကောင်းပြီး ယဉ်ကျေးလှပေတယ်။ ကျုပ်လည်း မပြန်ခင် ဆင်ဖြူတော်ကျွန်းသူတစ်ယောက်လောက် အစွဲထုတ်ဦးမှပဲ။''

အဲခေါင်ဘုန်းက မထိတထိ ပြောလိုက်ပြန်လေ၏။

''အနောင်နော် ပြောရင်းဆိုရင်း စကားတွေက ဖောက်လာပြန်ပြီ။ အမီး စကားဆက်မပြောဘဲ နေလိုက်မှာ။''

အမီးက စိတ်ဆိုးဟန်ဖြင့် ပြောလေ၏။

''စကားတော့ မပြောဘဲနဲ့ မနေပါနဲ့ဗျာ။ ကျုပ်သိချင်တာလေးကိုတော့ ပြောပါဦး။ ဆင်ရုပ်ကို ထုဆစ်ခဲ့တာ အမီးတို့ရဲ့ ဘိုးပေါ်နော်။ ဒါဆိုရင် အမီးတို့ မျိုးရိုးစဉ်ဆက်ဟာ ဗိသုကာပညာကို ကျွမ်းကြတာပေါ့။''

''ဟုတ်ပါတယ်။ အဘိုးအိန္ဒာရဲ့ ပညာအမွေကို အားလုံး အဆင့်ဆင့်ဆက်ခံ တတ်ကျွမ်းခဲ့ကြပါတယ်။ ဒီဆိုင်မှာရောင်းနေတဲ့ ဂဝံ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆစ်ရုပ်တွေဟာ အဘနဲ့ မောင်ငယ်တို့ ထုလုပ်တာတွေလေ။ ဂဝံကျောက်တွေက ဆင်ဖြူတော်ကျွန်းအနှံ့ ပေါများတာမို့ အလကားရပါတယ်။ ဒီအတိုင်းဆိုရင် ကျောက်ဟာ ကျောက်ပဲ၊ အသုံးမဝင်ဘူးပေါ့။ အတတ်ပညာနဲ့ ပေါင်းစပ်လိုက်တဲ့အခါ အနုပညာလက်ရာမြောက်တဲ့ ကျောက်ဆစ်ရုပ်လေးတွေ ဖြစ်လာတယ်။''

အမီး၏ ပြောစကားများမှာ အဲခေါင်ဘုန်း နှစ်မျောနေ၏။ အမီးနှင့် ဤသို့ပင် တစ်နေကုန်တစ်နေခန်း ထိုင်စကားပြောချင်စိတ်များ ပဲဖြစ်ပေါ်နေမိသည်။ အမီးနှင့် စကားပြောရသည်မှာ ပျင်းရိငြီးငွေ့ဖွယ် မရှိချေ။ အမီးက ချက်ကျလက်ကျနှင့် သွက်သွက်ရွှင်ရွှင် ပြောတတ်လေ၏။

''အမီးသာ ကျောက်ဆစ်ရုပ်ကလေးဆိုရင် ကျုပ် အဖိုးသားနားအများကြီးပေးပြီး ဝယ်လိုက်ချင်တယ်။ ကျုပ်ရဲ့ရင်ထဲရှိတဲ့အတိုင်း ပြောတာနော်။''

''အမီးက ဘယ်လိုလူကြီးလဲဟုဆိုကာ မျက်စောင်းလေးထိုးလိုက်ပြန်လေ၏။ အမီး၏ မျက်စောင်းထိုးပုံမှာ ပထမအကြိမ် မျက်စောင်းထိုးပုံနှင့်မတူ။ ပထမအကြိမ် မျက်စောင်းမှာက အဲခေါင်ဘုန်းကို ရန်လိုသော မကျေနပ်သော မျက်စောင်းဖြစ်လေ၏။ ယခုမျက်စောင်းမှာမူ ရင်းနှီးကျွမ်းဝင်မှုဖြင့် ဒေါသမပါသော မျက်စောင်းသာဖြစ်လေ၏။

အမီးမှာလည်း အဲခေါင်ဘုန်း စကားကြောင့် ရှက်သလိုလို၊ ကျေနပ်သလိုလိုနှင့် ရင်တဖိုဖိုဖြစ်သွားကာ အနေရအထိုင်ရ ခက်သွားလေ၏။

''ဟောဟိုမှာ အဘတို့လာကြပြီ။''

အမီးညွှန်ပြရာသို့ ကြည့်လိုက်သောအခါ အသက်လေးဆယ်ကျော်ဝန်းကျင် ခြေတံလက်တံကောင်းကောင်း လူတစ်ယောက်နှင့်



အသက်ဆယ့်သုံး၊ ဆယ့်လေးနှစ်ခန့်မျှရှိမည့် လူငယ်လေးတစ်ယောက်တို့ ဆိုင်ထဲဝင်လာကြသည်ကို တွေ့ရှိရ၏။ သူတို့မှာ ကျောပိုး နှုန်းကြီးသိုင်း ပလိုင်းကြီးကို ပိုးလာကြပြီးနောက် ဆိုင်ထဲတစ်နေရာမှာ ချလိုက်ကြပြီး အဲခေါင်ဘုန်းရှိရာဆီသို့သွားကာ လွတ်နေသောဝါးကြမ်းပေါ်မှာ ထိုင်ချလိုက်လေ၏။ ခေါင်းမှာပေါင်းထားသောအဝတ်စကို ဖြုတ်ကာ မျက်နှာမှ ချွေးများကို သုတ်လိုက်ပြီးနောက် မှုအိုက်ဟန်ဖြင့်ပင် ယပ်ခတ်လိုက်လေ၏။

ထို့နောက် ရေနွေးပူသောက်လိုဟန်ဖြင့် လက်လှမ်းလိုက်သောကြောင့် အဲခေါင်က အကြမ်းပန်းကန်ထဲသို့ ကရားမှ ရေပူကြမ်းကို ငှဲ့ ထည့်ပေးလိုက်သောအခါ ထိုသူက အဲခေါင်၏မျက်နှာကို တစ်ချက်ကြည့်ကာ ရေပူကြမ်းကို တဖူးဖူးမှုတ်၍ သောက်လိုက်လေ၏။

''အမီး . . .

ဒီသူငယ်က ဘယ်သူလဲ''

ထို အမီး၏အဘက အမီးကို ရေပူကြမ်းတစ်ခွက် သောက်ပြီးနောက် လှမ်းမေးလိုက်လေ၏။

''ကမ်းစပ်က ဆင်ရုပ်ကိုထုဆစ်တဲ့ ဘိုးရဲ့ အကြောင်း သိချင်လို့တဲ့။ အဘပဲ ဆက်ပြီးပြောပြလိုက်တော့၊ အမီးက ဘိုးကို မီခဲ့တာမဟုတ်တော့ စေ့စေ့စုံစုံ မပြောတတ်ဘူး။''

အမီးနှင့် အမီး၏မောင်က အမီး၏အဘ သယ်ယူလာခဲ့သော ကျောပိုးပလိုင်းမှ ပစ္စည်းများကို နေရာချရင်း လှမ်းပြောလိုက်လေ၏။

''အမောင်က ဂဝံကျောက်ဆစ်ဆင်ရုပ်ကိုထုတဲ့ ဘိုးအိန္ဒာ အကြောင်းသိချင်လို့ ဟုတ်လား။''

''ဟုတ်ပါတယ် ဦးရှီး''

''ဘိုးအိန္ဒာဆိုတာက ကျုပ်ရဲ့ အဘိုးပေါ့။ အမီးနဲ့ ဆိုရင်တော့ ဘိုး တော်လိမ့်မယ်၊ ကျုပ်က ဘိုးအိန္ဒာရဲ့မြေး အမီးတို့က မြစ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘိုးအိန္ဒာကို ဘယ်တွေ့ဖူးပါ့မလဲ။ ဘိုးအိန္ဒာ ဒီဆင်ရုပ်ကို ထုဆစ်ခဲ့တာဆိုရင် နှစ်ပေါင်းရာချီလောက်ပြီ။ သုဝဏ္ဏဘူမိအရှင် ဖေယျာသုမနရာဇာ လက်ထက်တော်ကတည်းက ထုဆစ်ခဲ့တာကလားကွဲ့။ အခု ဥဒိန္နရာဇာ အရှင်လက်ထက်ဆိုရင် ဖေယျာသုမနရာဇာ၊ မဒ္ဒကရာဇာ၊ အစိန္နရာဇာ၊ ဥဒိန္နရာဇာ စတဲ့ သုဝဏ္ဏဘူမိအရှင် လေးဆက်ပြောင်းခဲ့ပြီပဲ။ အခုထိ အရာမယွင်းသေးဘူး။

လက်ရာက အနုစိပ်ကျတယ်။ ဆင်သားရေ အတွန့်အရစ်လေးတွေကအစပေါ်အောင် ထုဆစ်ထားခဲ့တာ။ အဝေးကကြည့်ရင် တကယ့်ဆင်တစ်ကောင်လိုပါပဲ။ ဘိုးအိန္ဒာကစပြီး ကျုပ်တို့ မျိုးရိုးစဉ်ဆက် ဒီဗိသုကာပညာကို ဆက်လက်ထိန်းထားခဲ့တယ်။

အမီးလည်း အရုပ်ပန်းတွေ ထုဆစ်လို့ တတ်တာပဲ။ အမီးရဲ့မောင်ငယ် ဇညားလေးတောင်မှ ကျွမ်းကျွမ်းကျင်ကျင်တတ်နေပြီ။

အမီးက ဒီကမ်းစပ်မှာ ဆိုင်ရောင်းနေတော့ သိပ်မထုဆစ်ရဘူး။ အခုသယ်လာတဲ့ ဂဝံကျောက်ဆစ်ရုပ်တွေဟာ အမီးရဲ့မောင် ဇညားထုဆစ်ထားတာတွေပဲ။ ကျုပ်ရဲ့ နာမည်က သက္ကလို့ ခေါ်တယ်။''

အမီး၏ အဘက စိတ်လိုလက်ရဖြင့် ရှင်းပြလေ၏။ သူ၏ အဘိုးဖြစ်သူ ဘိုးအိန္ဒာအကြောင်းပြန်ပြောနေရ၍ ဂုဏ်ယူဝင့်ကြွားဟန်လည်း တူလေ၏။

''အကြမ်းပူလေး သောက်လိုက်ဦးသူငယ်။ အမီးရေ ဒီကညော့်သည် သူငယ်လေးကို အခြားအကြမ်းလေးနဲ့ မြည်းစရာ ဘာရှိသေးသလဲ။ တစ်ခုခုလုပ်ပေးလိုက်ပါဦး''

အမီးသည် ဒီမှာ အလုပ်ရှုပ်နေရတဲ့အထဲဟု ခပ်တိုးတိုးလေး ရေရွတ်ကာပွစိပွစိလုပ်ရင်း အဲခေါင်ဘုန်းကိုလည်း စွေကြည့်ကာ ဆိုင်ခန်းအနောက်သို့ ဝင်သွားလေ၏။ အဲခေါင်ဘုန်းနှင့် ဦးသက္ကတို့မှာလည်း တွေ့တွေ့ချင်းပင် လေကြောင်းတည့်လေတော့၏။



''သူငယ်ရဲ့ အမည်က ဘယ်လိုခေါ်သလဲ။''

''အကျွန်ုပ်ရဲ့ နာမည်က အဲခေါင်ဘုန်း''

''အဲခေါင်ဘုန်း ဟုတ်လား။ နာမည်က အဆန်းပဲ။ ဒီနာမည်မျိုးကြားဖူးတယ်။ နေပါဦး။ ကျုပ်စဉ်းစားလိုက်ဦးမယ်။ မှတ်မိပြီ။ ဟော ဒီ ဆင်ဖြူတော်ကျွန်းမှာပဲ အဲခေါင်ဘုန်းဆိုတဲ့ သူရဲကောင်းတစ်ဦး ပေါ်ထွက်ခဲ့ဖူးတယ်။ ဒါက ကျုပ်ရဲ့ အဘွားပြောပြခဲ့တာ''

အဲခေါင်ဘုန်းမှာ ဦးသက္က၏ စကားကို ကြားရသောအခါ စိတ်ဝင်စားသွားသည်။ သူနဲ့ အမည်နာမချင်းတူတဲ့ အဲခေါင်ဘုန်းဆိုသော သူရဲကောင်းတစ်ဦးရှိခဲ့ဖူးတယ်တဲ့။ ဤစကားကို သူ စိတ်ဝင်စားသွားရခြင်း ဖြစ်၏။

ထိုစဉ် ဆိုင်နောက်ခန်းမှ အမီးသည် အကြမ်းပူနှင့် သောက်စရာ အမြည်းကို ပန်းကန်တစ်ခုဖြင့် ယူလာကာ အဲခေါင်တို့ အကြမ်းပူဝိုင်းမှာ ချပေးလေ၏။ အဲခေါင်ဘုန်းကြည့်လိုက်သောအခါ ငါးရံ့ခြောက်ကို မီးဖုတ်ထု၍ အမျှင်အမျှင်ဖွဲ့ခြွေပြီး ဆီဆမ်းထားသည်ကို တွေ့ရလေ၏။ ယခုပင် မီးဖုတ်ဆီဆမ်းလာဟန်တူ၏။ ငါးရံ့ခြောက်နံ့ တသင်းသင်းလေး မွှေးနေလေရာ အဲခေါင်ဘုန်းမှာ စားချင်စိတ်များ ပေါ်နေလေ၏။

''ငါးရံ့ခြောက်က ရှူရှူလေးနဲ့ စားလေကွယ်။ ဦးတို့မှာရှိတာလေး ညှော်ဝတ်ပြုတာပါ။''

အဲခေါင်ဘုန်းသည် ငါးရံ့ခြောက်တစ်ဖတ်ကို ကောက်ယူ၍ တမြုံ့မြုံ့ဝါးကာ အရသာခံလိုက်၏။

''အဘကြားဖူးတဲ့သူရဲကောင်း အဲခေါင်ဘုန်းဆိုတာ ဘယ်လို အစွမ်းသတ္တိတွေ ရှိသလဲ''

အဲခေါင်ဘုန်းသည် ဦးသက္ကအား ဦးရိုးဟုခေါ်နေရာမှ အမီး ကြားအောင် အဘဟု ပြောင်းခေါ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမိးက အဲခေါင်ဘုန်း၏ စကားအသွားအလာကို နိပ်မိသိရှိကာ ပါးစပ်ကို လက်ဝါးနှင့်ကာ၍ပြုံးလိုက်၏။ အဘမသိအောင်လည်း အဲခေါင်ဘုန်းကို လက်သီးဆုပ်ပြလိုက်လေ၏။

အတော်တတ်နိုင်တဲ့လူ၊ အမိးရဲ့အဘကို သူကလည်းအဘတဲ့။ လူလည်ကြီး။ သူ့ကျောပြင်ကို ပြန်းခနဲကွဲသွားအောင် ထုပစ်လိုက်ချင်တယ်။ အူယားအောင်တော်တော်လုပ်တတ်တဲ့သူ။ အဘကတော့ စကားပြောနေရရင် ပြီးနေတာပဲ။ တစ်လောကလုံးကို ဘာမှ မသိတော့ဘူး။ ကိုယ့်သမီးကို ချိတ်တိတ်တိတ်လုပ်နေတာလည်း မသိဘူး''

အမိးက စိတ်ထဲမှနေ၍ ပြောလိုက်ခြင်းဖြစ်လေ၏။

''အင်း . . . အဘသိသလောက်ပြောပြမယ် အဲခေါင်''

အဘကလည်း လုပ်ပြန်ပြီ။ အဲခေါင်ရဲ့စကားကို လိုက်ပြီး အဲခေါင်ခေါ်သလို အဘတဲ့။ ဘုန်းကြီးရှုနဲ့ လေ့လူးကလည်း တွေ့တတ်ပလေတယ်ဟု အဲခေါင်ကို မကျေနပ်ရာမှ အဘသက္ကကိုပါ အပြစ်မြင်ကာ စိတ်ထဲမှ ပြောနေမိပြန်၏။ အဲခေါင်ဘုန်းက လက်မတစ်ချောင်း မသိမသာဖြင့် အမိးကို ထောင်ပြလိုက်ရာ အမိးမျက်နှာရှု၍ ထွက်သွားလေ၏။

''သူရဲကောင်း အဲခေါင်ဘုန်းဟာ ဟောဒီဆင်ဖြူတော်ကျွန်းကနေ ဟိုအဝေးမှာ မြင်နေရတဲ့ ကော့သန်ကျွန်းဆီကို မနားတမ်း ရောက်အောင် ရေကူးသွားနိုင်သတဲ့''

''ဟုတ်ရဲ့လား အဘရာ ဆင်ဖြူတော်ကျွန်းနဲ့ ကော့သန်ကျွန်းက အဝေးကြီးရယ်။''

''အဘကြားဖူးတာကို ပြောတာပဲလူလေးရဲ့။''

''ဆက်ပြောအဘ''

''ဒီဟတ္ထိပါလကမ်းစပ်မှာ အရင်က မိကျောင်းတွေ အတော်သောင်းကျန်းတယ်ဆိုပဲ။ အဲဒီမိကျောင်းတွေကို အဲခေါင်ဘုန်းက နှိမ်နင်းခဲ့တာတဲ့။''



''ဒီလောက်ပဲလားအဘ''

''ဒါတင်ဘယ်ကဦးမလဲ လူလေးရဲ့ ဂန္ဓာလရာဇ်တိုင်းက နန်းစောတွေ သုဝဏ္ဏဘူမိကိုတိုက်ဖို့ ရေကြောင်းကနေ ဒီဆိပ်ကမ်းကို လှေတပ်တွေနဲ့ ချီလာကြတယ်။ အဲခေါင်ဘုန်းက ညဘက် သူတို့တိုက်လှေတွေဆီ ရေငုတ်သွားပြီး ကျောက်ဆူးကြိုးတွေဖြတ်၊ လှေဝမ်းတွေဖောက်နဲ့ မိုးလင်းလာရင် သူတို့တိုက်လှေတွေ ဗင်လယ်ဘက်မျောတဲ့လှေကမျော၊ မြုပ်တဲ့လှေက မြုပ်နဲ့ပေါ့။ နန်းစောတပ်တွေဟာ အထိတ်ထိတ်အလန့်လန့်ဖြစ်ပြီး ပြန်ဆုတ်ခွာသွားကြရတယ် လူလေး''

ဒါဆိုရင်တော့ အဲ့ဒီအဲခေါင်ဘုန်းဟာ တကယ့်သူရဲကောင်းတစ်ယောက်လို့ အဲခေါင်လက်ခံလိုက်ပြီ။ အဘပြောတာ ယုတ္တိရှိတာ၊ မရှိတာထား။ သုဝဏ္ဏဘူမိရဲ့ ရန်သူတော်တွေဖြစ်တဲ့ နန်းစောတွေကို တွန်းလှန်လိုက်တာ တစ်ချက်တည်းနဲ့ အဲခေါင် လေးစားသွားပါပြီ အဘ။''

အဲခေါင်ဘုန်းက ဦးသက္ကကို ပြောလိုက်လေ၏။

''လူလေးကရော၊ ဟောဒီဆိပ်ကမ်းကို သုဝဏ္ဏဘူမိကို နှောင့်ယှက်မယ့် ရန်သူတွေရောက်လာရင် သူရဲကောင်းလိုပဲ နှိမ်နင်းတိုက်ခိုက်မှာလား။''

ဦးသက္ကက အဲခေါင်ဘုန်းကို မေးလိုက်လေ၏။

''အဲခေါင်လား၊ တိုက်ခိုက်မှာပေါ့။ အရင်ကပေါ်ခဲ့ဖူးတဲ့ သူရဲကောင်း အဲခေါင်ဘုန်းလို ဟောဒီ ဆင်ဖြူကျွန်းကနေ ကော့သန်ကျွန်းကို လက်ပစ်မကူးနိုင်ပေမဲ့ သုဝဏ္ဏဘူမိရဲ့ ရန်သူတော်ဆိုရင် အရှင်မထားဘူး။ ဟောသလို ရှင်းပစ်လိုက်မယ်။''

အဲခေါင်ဘုန်းက လက်ဟန်ခြေဟန်ဖြင့်လုပ်ပြပြီး ပြောလိုက်ရာ ဦးသက္ကသဘောကျသွားလေ၏။

''အဘက ရော''

www.burmeseclassic.com

www.burmeseclassic.com



"အဘလည်း ပေါ့သလိုမျိုး တိုက်ခိုက်မှာပေါ့"

ဦးသက္ကကလည်း အဲခေါင်ဘုန်းလုပ်သလို လက်ဟန်ခြေဟန်ဖြင့် လုပ်ပြလိုက်ပြီးနောက် အဲခေါင်ဘုန်းရော ဦးသက္ကပါ သဘောကျစွာ တဟားဟားနှင့် ရယ်မောလိုက်ကြသံက အတော်လေး ကျယ်လောင်သွားရကား၊ အမီးမှာ မြင်ပြင်းကတ်လာလေ၏။

"အဘကလည်း မကြီးမငယ်နဲ့ ဒီလောက်အကျယ်ကြီး ရယ်ရသလား။ လမ်းသွားလမ်းလာတွေကြားရင် ရက်စရာကောင်းလိုက်တာ၊ အဘတို့စကားတွေက ပြောလို့မဆုံးကြတော့ဘူးလား။ ထမင်းစားချိန်တောင်တန်ပြီ"

အမီးက ပြောလိုက်လေ၏။

"အေးဟုတ်တယ်၊ လူလေးနဲ့ အဘတို့လည်း စကားကောင်းနေကြတာ၊ စကားတွေက ဟိုရောက် ဒီရောက်နဲ့ လူလေးသိချင်တာရှိသေးသလား။"

ဦးသက္ကက အဲခေါင်ဘုန်းကို မေးလိုက်လေ၏။

"အဲခေါင်ကတော့ မေးစရာ မရှိတော့ပါဘူး။ ဂဝံကျောက်ဆစ်ဆင်ရုပ်ကြီးကို အဲခေါင်လိုပဲ စိတ်ဝင်စားနေတဲ့သူတစ်ယောက် ရှိသေးတယ်။ သူဟာ ဒီဆင်ရုပ်ကို ထုဆစ်တဲ့သူကို သိချင်တယ်။ ဒီဆင်ရုပ်ကို ထုဆစ်သွားတဲ့ အဆက်အနွယ်၊ အမျိုးအရည်တွေကိုလည်း သိချင်တယ်။ ဒီအတွက် အဲခေါင်ကို စုံစမ်းခိုင်းလိုက်တာပါ။ စုံစမ်းလို့ရရင် သူ့ဆီ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ဖို့ မှာကြားလိုက်ပါတယ်။ အဘက ဆင်ရုပ်ထုဆစ်တဲ့ ဗိသုကာပညာရှင်ရဲ့ အဆက်အနွယ်ဖြစ်ပြီး ဒီဗိသုကာပညာကို ဆက်လက်ထိန်းသိမ်း အမွေခံခဲ့တဲ့သူဆိုတော့ အဘက အဲခေါင်နဲ့အတူ သူ့ဆီသွားဖို့ ခဏလောက်လိုက်ခဲ့ပါ။"

စောစောက နောက်တီးနောက်တောက် ပြောဆိုခဲ့သလောက် ဤစကားကိုတော့ အဲခေါင်ဘုန်း တည်ငြိမ်လေးနက်စွာပြောလိုက်လေ၏။



"အဘနဲ့ တွေ့ချင်တယ်ဆိုတော့ အဘက တော်ရုံတန်ရုံ လူပြောတာကို လက်ခံတာ မဟုတ်ဘူး။ လိုက်နာချင်မှလည်း လိုက်နာတယ်။ တွေ့သင့်မှလည်း တွေ့တယ်။ ကိုယ့်ရဲ့ ဗိသုကာအလုပ်ကိုပဲ စိတ်ဝင်စားတာ၊ ဘယ်လိုကောင်းအောင်တီထွင်ရမလဲလို့ပဲ စဉ်းစားနေတာ၊ အဘက အားတာလည်းမဟုတ်တော့၊ လူလေးကို အားနာနာနဲ့ ပြောရတော့မှာပဲ အဘသွားမတွေ့နိုင်ဘူးလို့။ အဘကို သိပ်တွေ့ချင်ရင်လာခဲ့ပါလို့ အဲ့ဒီလူကို ပြောလိုက်။ ဒါဟာ အဘရဲ့ရပ်တည်ချက်ပဲ"

ဦးသက္ကက အဲခေါင်ဘုန်းကို ပြောလိုက်၏။ အမီးက အဘ၏ စကားကို သဘောကျသွားသည်။ ကဲ ဘယ့်နှယ်ရှိစ ကိုလေထွားရေ ဟုပြောသယောင် အကြည့်ဖြင့် အဲခေါင်ဘုန်းကို ကြည့်လိုက်လေ၏။

"အဘရဲ့ စိတ်ဓာတ်ကိုတော့ သဘောကျသွားရပါပြီ။ အဘလို စိတ်ဓာတ်မျိုးကို သူကလည်း သဘောကျမှာပါ။ သူကလည်း အဘလိုမျိုး စိတ်ဓာတ်ပဲ၊ သူကတော့ အဘဆီကို လာမှာမဟုတ်ဘူး။ အဘကပဲ သူ့ဆီသွားရမှာ။"

အဲခေါင်ဘုန်းက ထိုသို့ပြောလိုက်သောအခါ ဦးသက္က၏ နားရွက်များနီမြန်းလာကာ မျက်နှာကြောလည်း တင်းသွားလေ၏။ အမီးကလည်း အဲခေါင်ဘုန်း၏ တင်တင်စီးစီးပြောလာသော စကားကို မကျေမနပ်ဖြစ်သွားရလေ၏။

"သူက ဘယ်သူမို့လို့လဲ"

ဦးသက္ကက ခပ်တင်းတင်း မေးလိုက်လေ၏။

"မနုဟာ"

အဲခေါင်ဘုန်းကလည်း ခပ်တိုတိုနှင့် ခပ်တင်းတင်း ပြန်ဖြေလိုက်လေ၏။

မနုဟာဟူသော အမည်ကိုကြားလိုက်သည်နှင့် ဦးသက္က၏ ရင်ထဲသို့ လှေကြီးတစ်စင်းကျောက်ဆောင်နှင့် ဝင်ဆောင့်လိုက်သကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ဒိတ်ခနဲ ဖြစ်သွားရလေ၏။ စောစောက တင်းမာနေသော မျက်နှာမှာ ရုတ်ချည်းပျော့ပျောင်းသွားလေ၏။ အမီး၏ ရင်ထဲမှာလည်း တုန်လှုပ်သွားရ၏။ အမီး၏ စိတ်တို့သည်ပင် မနုဟာအမည်ကို ကြားလိုက်ရသည်နှင့် ကတုန်ကယင် ဖြစ်သွားရလေ၏။

အဲခေါင်ဘုန်းကို ကြည့်လိုက်ပြန်သောအခါ စောစောကလို ပြုံးချော်ချော် အမူအရာမျိုး မရှိပေ။ အမှန်ပင် အလေးအနက် ပြောနေပုံရလေ၏။

"မနုဟာ"

ဦးသက္ကက နှုတ်မှ မနုဟာဟူသော အမည်နာမကို တိုးတိုးဖွဖွလေး ရေရွတ်လိုက်လေ၏။

"မနုဟာဆိုတာ သုဝဏ္ဏဘူမိအရှင်ရဲ့ ရင်သွေးတော်နှစ်ပါးထဲက အကြီး ဥပရာဇာပေါ့။ သုဝဏ္ဏဘူမိရဲ့ ထီးမွေနန်းမွေကို ဆက်ခံမယ့်မင်းသားပေါ့။ လူလေးက ဘယ်သူလဲ။ ဥပရာဇာနဲ့ ဘယ်လို ပတ်သက်နေသလဲ။"

ဦးသက္ကက အဲခေါင်ဘုန်းကို စူးစမ်းမေးမြန်းလိုက်၏။

"ဥပရာဇာသွားလေရာကို အမြဲတမ်းလိုက်ပါရတဲ့ အပါးတော်မြဲပါ။ ဥပရာဇာရဲ့ လိုလားချက်ကို ဖြည့်စွမ်းရသူပါ။"

"ဪ . . .

လူလေးက အရှင့်သားတော် ဥပရာဇာရဲ့ အပါးတော်မြဲကိုး"

အမီးမှာ ယခုမှ အဲခေါင်ဘုန်း၏ ဇာတိသရုပ်မှန်ကို သိသွားလေ၏။ စောစောကတော့ သူ့ကို ပိုးချည်ပန်းချည်ဖြင့် စကားလာပြောသူဟု ထင်ခဲ့၏။ ဤလိုပင် ဆင်ဖြူတော်ကျွန်းသို့ အဝေးမှရောက်လာကြသူများက ဈေးသည်ဖြစ်သော အမီးကို မထိတထိ ပြောသည်ကို အကြိမ်ကြိမ် ကြုံခဲ့ဖူး၏။ အတိအလင်း ချစ်ခွင့်ပန်ကာ သူတို့၏ အရပ်ဒေသသို့ ခေါ်ဆောင်သွားလိုသူတို့လည်း ရှိလေ၏။



အမီးကတော့ အဝေးတစ်နယ်သားဆိုလျှင် ခေါင်းထဲပင် မထည့်။ အမီးက သုဝဏ္ဏဘူမိသူ ဖြစ်သည်။ သုဝဏ္ဏဘူမိသွေး ရှိသည်။ အခြားနယ်မှသူများနှင့် သွေးချင်းမစပ်လိုသူ ဖြစ်၏။ သုဝဏ္ဏဘူမိ၏ သွေးသည် သန့်သည်။ သုဝဏ္ဏဘူမိသူသည် သုဝဏ္ဏဘူမိသားနှင့်သာ အကြောင်းပါရမည်။

အဲခေါင်ဘုန်းကို တစ်နယ်သားထင်၍ မထိတရိစကားနှင့် အမူအရာများ ပြမိခဲ့လေ၏။ အခုတော့ သူက နေပြည်တော်က လာသူ၊ မြို့ကြီးသားတစ်ယောက် ဖြစ်နေသည်။ အိမ်ရှေ့ဥပရာဇာ၏ အပါးတော်မြဲတဲ့။ ဒါဆိုရင် အိမ်ရှေ့ဥပရာဇာ ထီးမွေနန်းမွေခံလျှင် အမတ်၊ ဝန်တစ်ပါးပါး ဖြစ်နိုင်သော အလားအလာရှိသူ ဖြစ်သည်။

ဤသူမျိုးကို သူမက မလေးမစား ကစားဖော် ကစားဖက်တစ်ဦးလို၊ ရန်ဖြစ်ဖက်တစ်ဦးလို သူမပြောဆိုမိခဲ့လေ၏။ ဤအတွက် သူမဝန်ချစကား ပြောရမည်။ သို့မဟုတ်ပါက ဆင်ဖြူတော်ကျွန်းသူများ မျက်နှာကြောတင်းသည်ဟု သုဝဏ္ဏဘူမိနေပြည်တော်မှာ အဖျင်းစကား ဖြစ်ချေတော့မည်။

"အနောင်ကို အမီး စောစောက ပြောမှားတာ၊ မဖွယ်မရာ ဟန်အမူအရာ ပြုလုပ်မိတာတွေရှိရင် အနောင်ကို ဝန်ချပါတယ်။"

အမီးက အဲခေါင်ဘုန်းကို လက်အုပ်လေး ရင်မှာချီပြီး လေးလေးစားစား ပြောလိုက်လေ၏။

အမီး ဘာမှမမှားပါဘူး။ အဲခေါင်ကလည်း မထိတထိ စကားဆိုခဲ့ပေတာကိုး။ ဒါကလည်း အဲခေါင်ရဲ့ ဝါသနာလို ဖြစ်နေတယ်။ အဲခေါင်က ဒီလိုခပ်ပျော်ပျော်နေတတ်တဲ့ အကျင့်ရှိတယ်လေ။"

အဲခေါင်ဘုန်းနှင့် အမီးတို့ ပြောဆိုနေကြသည်ကို ဦးသက္ကကြည့်နေ၏။

"ဥပရာဇာက အခု ဘယ်မှာလဲ။"

ဦးသက္ကက မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ကာလာသောကတောင်ပေါ်မှာ ရှိနေပါတယ်"

"ကြည့်စမ်း၊ တို့ရဲ့ ဆင်ဖြူတော်ကျွန်းကို ကျုပ်တစ်သက် သုဝဏ္ဏဘူမိအရှင်နဲ့ မင်းသားတွေ မလာခဲ့ဖူးဘူး။ အခုတော့ မနုဟာဆိုတဲ့ အရှင့်သားတော်က ရောက်လာတယ်။ ကျုပ်တို့ ဆင်ဖြူတော်ကျွန်းသားတွေ ဂုဏ်ယူစရာပဲ။ အရှင့်သားတော်က ရောက်နေတာကို ဆင်ဖြူတော်ကျွန်းသားတွေ မသိကြလေရော့သလား။ အရှင့်သားကို သွားဖူးမြင်ဦးခိုက်ကြဖို့ သင့်လေရဲ့။ အမီးရေ ဆိုင်ပိတ်လိုက်တော့။ အရှင့်သား မနုဟာကို တွေ့ဖူးအောင် သွားဖူးကြရအောင်။ အရှင့်သား အတွက် စားဖွယ်တွေကို ပြင်ပြီးယူခဲ့ကွဲ့"

ဦးသက္ကမှ လောဆော်လိုက်လေ၏။

"အမီးတို့ မောင်နှမ နောက်မှ လိုက်လာခဲ့ အဘတို့သွားနှင့်မယ်"

"ဟုတ်ပြီ အဘ"

အဲခေါင်ဘုန်းနှင့် ဦးသက္ကတို့သည် ကာလာသောကတောင် ပေါ်သို့ လွှားကနဲ လွှားကနဲ တက်လာကြလေတော့၏။

← ← ←



(၃)

ကျွန်ုပ်သည် ကျောက်စီအားကို ဆွဲထုတ်လိုက်၏။ ကျွန်ုပ်၏ ဓားနှင့် နေရောင်ခြည်တို့ထိတွေ့သွားရာ ဝင်းကနဲ လက်သွားလေ၏။ ကျွန်ုပ်၏ ကျောက်စီဓားကမြည့်နေအောင် ထက်မြနေသည်။

ကျွန်ုပ်သည် ဒူးထောက်ထိုင်ချလိုက်၏။ ကျွန်ုပ်၏ ဓားဦးချွန်က ပြင်ညီမြေကွက်လပ်ပေါ် ထောက်လိုက်သည်နှင့် မြေပြင်ကို ဟိုခြစ်ဒီခြစ်ဖြင့် ရေးခြစ်နေမိတော့သည်။ မြေကွက်လပ်မှာ ဓား၏ ခြစ်ကြောင်းရာများ တစ်ခုပြီးတစ်ခု ထင်လာခဲ့သည်။

ကျွန်ုပ် သဘောမတွေ့သော ခြစ်ကြောင်းရာများကို ခြေဖြင့် နင်းဖိ၍ဖျက်၏။ နောက်ထပ်ခြစ်ကြောင်းရာ အသစ်ကို ပြန်လည်ရေးဆွဲ၏။ ထိုခြစ်ကြောင်းရာများကို ကျွန်ုပ် အပျင်းပြေရေးခြစ်နေခြင်း မဟုတ်ပါချေ။ အနာဂတ် သုဝဏ္ဏဘူမိအတွက် ရေးခြစ်နေခြင်းသာ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဓားဦးချွန်ဖြင့် မြေပြင်ပေါ် ရေးခြစ်နေခြင်းကို ကျွန်ုပ် စိတ်ဝင်စားနေ၏။ ကျွန်ုပ်၏ ကိုယ်ရော စိတ်ပါ စူးနစ်ဝင်ရောက်နေလေ၏။ ကျေးငှက်အော်မြည်သံများကိုလည်း မသိ။ ဟတ္ထိပါလ ကမ်းစပ်ကို ရေလှိုင်းများ တဝုန်းဝုန်းပုတ်ခတ်နေသံကိုလည်း သတိမထားမိတော့ပေ။ အရာအားလုံးကို ကျွန်ုပ်မေ့လျော့သွားလေပြီ။

ကျွန်ုပ်၏ ဓားဦးဖြင့် ရေးခြစ်နေသောခြစ်ကြောင်းလေးများကား မွစာကြဲနေသည်။ ခြစ်ကြောင်းတစ်ကြောင်းသည် သုဝဏ္ဏဘူမိ၏ တံတိုင်းတစ်ခုဖြစ်သည်။ ခြစ်ရာတစ်ခုသည် သုဝဏ္ဏဘူမိ၏ ခံတပ်တစ်ခုဖြစ်လေ၏။ အမှတ်တစ်ခုသည် သုဝဏ္ဏဘူမိ၏ အောင်လံတော်တစ်ခုဖြစ်သည်။

ထိုခြစ်ကြောင်းများထဲတွင် အရေးကြီးသောနေရာများ၌ ကျွန်ုပ်သည် ခဲလုံးလေးများကို ထားကြည့်နေ၏။ ခဲလုံးလေးများကို ဟိုရွှေ့ ဒီရွှေ့ပြောင်းကာ ပြောင်းကာ ထားကြည့်လေ၏။

ကျွန်ုပ်သည် ခြစ်ကြောင်းများ၏ ဗဟိုချက်မ၌ ကျွန်ုပ်၏ ကျောက်စီဓားကို စိုက်ကာ ညောင်းညာ၍ မတ်တတ်ရပ်ပြီး ခြေညောင်း လက်ဆန့် ပြုလိုက်လေ၏။

"အဲခေါင်တို့ ရောက်လာကြပါပြီ အရှင်၊"

ကျွန်ုပ်အဖို့ မြေပြင်မှာ မည်မျှကြာအောင် စိတ်ဝင်စား ရေးခြစ်နေမိသည်ကို မသိပါချေ။ အဲခေါင်ဘုန်းတို့ ရောက်လာသည်ကိုပင် သတိမထားမိပေ။ အသံကြား၍ ကြည့်လိုက်မှ အဲခေါင်ဘုန်းဖြစ်နေသည်ကို တွေ့ရှိရသည်။ အဲခေါင်ဘုန်းနှင့်အတူ လူတစ်ယောက်သည်လည်း ကျွန်ုပ်ကို ပြားပြားဝပ်ဦးခိုက်ခစားနေသည်ကို တွေ့ရှိရလေ၏။ ကျွန်ုပ်အားမော်၍မျှ မကြည့်ဝံ့ချေ။

ကျွန်ုပ်က ထိုသူ၏ပခုံးနှင့်ဦးခေါင်းအား အသာအယာ ဆွဲယူမတင်ပြီး မျက်နှာကို ကြည့်လိုက်ရာ ထိုသူက မျက်လွှာကို ချထားလေ၏။



ဒီလောက်တောင်ပဲ ကျွန်ုပ်ကို ခန့်ညားလေရသလားဟု ကျွန်ုပ်တွေးဖြစ်သွားသည်။ တကယ်ဆိုတော့ မနုဟာဆိုတာ ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့သူမို့သာ၊ အခြားသောသူတွေနဲ့ ဘာမှ ထူးခြားလှတာ မဟုတ်ပါဘူး။ သူလို ကိုယ်လိုပါပဲ။ လူ့လောကထဲကို မွေးဖွားရောက်ရှိလာပြီးရင် ဘာမှမပါဘဲ လောကထဲက သေဆုံးပျောက်ကွယ်သွားရမယ့် လူသားတစ်ယောက်ပါပဲ။ ဒါပေမဲ့ မနုဟာဆိုတာ အခြားသူတွေလိုပဲ အိပ်လိုက်စားလိုက်လုပ်ပြီး လောကကြီးက ထွက်ခွာသွားမယ့် လူစားမျိုးမဟုတ်ဘူး။

လုပ်စရာရှိတာတွေ လုပ်သွားမယ့်သူ။ မနုဟာဆိုတဲ့ အမည်ကို စကြဝဠာတံတိုင်းမှာ ကမ္ပည်းခတ်နှိပ်ခဲ့မယ့်သူ။ မနုဟာရဲ့အမည်နာမတော်ဟာ ဟောဒီကောင်းကင်တစ်ဝန်း၊ ဟောဟိုပင်လယ်ပြင် အနှံ့နှံ့ ကမ္ဘာမြေပြင်တစ်လွှားမှာ မြည်ဟိန်းကျန်ရစ်စေရမယ်ဟု ကျွန်ုပ် တွေးနေမိလေ၏။

"ဒီက ဦးရိုးတော်ရဲ့ ခေါင်းကိုမော့ ရင်ကိုကော့ပြီး မျက်လုံးတွေဖွင့် နားကိုစွင့်လို့ သက်သာသလိုနေပါ။ ဦးရိုးတော်နေပုံမျိုးက ပင်ပန်းကျုံးကျုပ်လွန်းလှပါတယ်။ မနုဟာက ပင်ပန်းကျုံးကျုပ်မှုကို မလိုလားဘူး။ မနုဟာကြောင့် အခြားသူတွေကိုလည်း ပင်ပန်းကျုံးကျုပ်မှု မရှိစေချင်ဘူး။ လွတ်လွတ်လပ်လပ်နေပါ ဦးရိုးတော်။ ကျုပ်ဟာ ဒီလောက်အထိ ရိုသေခန့်ညားလောက်စရာကောင်းတဲ့သူ မဟုတ်သေးပါဘူး"

ကျွန်ုပ်က အားပေးပြောဆိုလိုက်မှ မြေပြင်မှာ ပြားပြားဝပ်နေသောသူမှာ ကျွန်ုပ်၏မျက်နှာကို ကြည့်ရဲလေတော့သည်။ အလှုပ်လှုပ်ရှားရှားဖြစ်လာပြီး အနေအထိုင်ရ စောစောကထက် သက်သာရာရသွားလေ၏။

"ဒါက ဗိသုကာကြီး သက္ကလို့ အမည်ရှိပါတယ်။ ဂဝံကျောက်

www.burmeseclassic.com

www.burmeseclassic.com



ဆစ်ဆင်ရုပ်ကြီးကို ထုဆစ်ခဲ့တဲ့ ဗိသုကာကြီး ဘိုးအိန္ဒာရဲ့ အဆက်အနွယ်ပါ။ မြေးတော်စပ်ပါတယ်။ ဘိုးအိန္ဒာရဲ့ ပညာအမွေကို ဆက်ခံထားတဲ့သူလည်း ဖြစ်ပါတယ် အရှင်။''

အဲခေါင်ဘုန်းက ကျွန်ုပ်အား ထိုသူ၏အကြောင်း အကျဉ်းအမြွက်ပြောဆို မိတ်ဆက်ပေးလေ၏။

''နေရာကျလိုက်လေ။ ဦးရိုးတော်သက္ကရယ်။

ဟောဒီမှာ ကြည့်စမ်းဦးရိုးတော်သက္က၊ မြေပြင်မှာ ကျွန်ုပ်စိတ်ကူးနဲ့ ရေးခြစ်ထားတဲ့ ခြစ်ကြောင်းတွေကို မြင်ရဲ့လား။ ဦးရိုးတော်သက္ကနဲ့ ကျွန်ုပ်တို့ သုဝဏ္ဏဘူမိအတွက် လုပ်စရာတွေ အများကြီးရှိနေတယ်။ ဒီခြစ်ကြောင်းတွေဟာ ဦးရိုးတော်နဲ့ ကျွန်ုပ်တို့ဘာတွေလုပ်ရမလဲဆိုတာတွေကိုပြတဲ့ ခြစ်ကြောင်းတွေပဲ။''

ကျွန်ုပ်က ဗိသုကာကြီး ဦးသက္ကကို မိန့်ကြားလိုက်လေ၏။

''အဲခေါင်ရော ဒီက ဗိသုကာကြီးရော ကျွန်ုပ်ပြောတာကို အလေးအနက် နားစိုက်ထောင်လိုက်စမ်းပါ။ ကျုပ်တို့ရဲ့ သုဝဏ္ဏဘူမိ ရွှေပြည်တော်ကြီးဟာ စေတီပုထိုးကျောင်းကန်တွေနဲ့ သာသနာတော်ထိန်းလင်းတောက်ပနေပါရဲ့။ စစ်မှန်တဲ့ အယူဝါဒနဲ့ ကိုးကွယ်ရာကိုလည်းရနေပါရဲ့။ စည်ကားသာယာဝပြောနေတယ်ဆိုတာလည်း မှန်ပါပေရဲ့၊ ဒါလောက်နဲ့ပဲ ကျေနပ်နေလို့ မရဘူး။ ဂုဏ်ယူနေလို့ မရဘူး။ ဒီလို စည်ကားသာယာနေတဲ့ မြို့ပြနိုင်ငံတော်တစ်ခုဟာ ရန်သူတွေကို ဖိတ်ခေါ်နေတာနဲ့ အတူတူပဲ။

သုဝဏ္ဏနဒီလို့ခေါ်တဲ့ ရွှေချောင်းကလည်း ရွှေစတွေ အလိုလိုထွက်နေတာမို့ အခြားတိုင်းပြည်မင်းတွေက မက်လောက်စရာ ဖြစ်နေပေလိမ့်မယ်။ ရှေးအခါကာလတုန်းကတော့ မင်းတွေဆိုတာ ကိုယ့်နိုင်ငံ အဝန်းအဝိုင်းလောက်ကိုပဲ စိတ်ဝင်စားကြတာ။ အခြားတိုင်းပြည်ကို ကျူးကျော်ဖို့ မပြောနဲ့၊ နှောင့်ယှက်ဖို့တောင် စိတ်ကူးထဲထည့်



ကြတာ မဟုတ်ပေဘူး။ ကိုယ့်နယ်မြေအဝန်းအဝိုင်းလောက်နဲ့ ကျေနပ်နေကြတာ။ ကိုယ့်နယ်သူနယ်သားတွေရဲ့ အရေးအရာကိုသာ စီမံခန့်ခွဲပြီး နေကြတာ။

''ကျုပ်တို့သုဝဏ္ဏဘူမိဆိုတာလည်း အဲ့လိုနည်းမျိုးနဲ့ ရပ်တည်ခဲ့ကြတာ အတော်ကြာခဲ့ပြီ ဦးရိုးတော်သက္က''

ကျွန်ုပ်၏စကားကို ဗိသုကာကြီး သက္ကရော အဲခေါင်ဘုန်းပါ တစ်ခွန်းတစ်ပါဒမှ ဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေခဲ့၏။

''ကျုပ်တို့ရဲ့ခေတ်မှာတော့ ကိုယ့်နယ်လောက်နဲ့ကိုယ် ကျေနပ်သာယာနေတဲ့ မင်းတွေရှိနေကြသေးပေမဲ့ လူသူလက်နက် စစ်အင်အားကို တောင့်တင်းခိုင်မာအောင်လုပ်ပြီး၊ အင်အား တောင့်တင်းခိုင်မာလာတဲ့ စစ်ဘုရင်တွေဟာ သူတို့ရဲ့ ပိုင်နက်နယ်မြေတွေကို ကြီးမားကျယ်ပြန့်အောင် ချဲ့ထွင်လာနေကြပြီဆိုတာကို သိထားရမယ်။

သုဝဏ္ဏဘူမိရဲ့ရာဇဝင်ကို ပြန်လှန်ရင် ဂန္ဓာလရာဇ်တိုင်းက နန်းစောတွေ လာရောက်ထိပါးဖူးခဲ့တယ် မဟုတ်လား။

ဟောဒီကျုပ်တို့ရဲ့ သုဝဏ္ဏဘူမိနေပြည်တော်ကနေ ကြည့်ရင် အရှေ့တောင်ယွန်းယွန်းလေးမှာ ရှိနေတဲ့ ကျွမ်းတွေဟာ ကျုပ်တို့အတွက် အန္တရာယ်ကောင်တွေပဲ။ အရှေ့ဘက်တစ်လွှားက ယွန်းတွေကိုလည်း စိတ်ချလို့ မရဘူး။ ဂန္ဓာလရာဇ်တိုင်းက နန်းစောတွေရော ကျုပ်တို့ သုဝဏ္ဏဘူမိကို တစ်ချိတစ်မောင်း ထပ်မလာဘူးလို့ ဘယ်သူမှ အာမ မခံနိုင်ဘူး။

ဘယ်သူမှ မမြင်သေးတဲ့ အန္တရာယ်က ရှိသေးတယ်။ မြောက်ဘက်က တမ္ဗဝတီဟာ အတော်လေး အင်အားတောင့်တင်းနေတယ်လို့ ကြားတယ်။ ဆင်မြင်း အလုံးအရင်းလည်း ကြီးတယ်။ စစ်သူရဲကောင်းတွေလည်း ရှိတယ်။ အဲ့ဒီလိုအင်အားတောင့်တင်းလာတဲ့ တမ္ဗဝတီဘုရင်ဟာ ဘာဆက်လုပ်လိမ့်မယ် ထင်သလဲ။''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဗိသုကာကြီးသက္ကနှင့် အဲခေါင်ဘုန်းတို့၏ မျက်နှာကို တစ်ခုချင်းကြည့်ရင်း မေးလိုက်လေ၏။

"အခြားနယ်ပယ်တွေကို ချဲ့ထွင် စည်းရုံးလိမ့်မယ်လို့ ထင်ပါတယ်အရှင်။"

အဲခေါင်ဘုန်းက ကျွန်ုပ်ကို ပြန်လှောက်ကြားလိုက်၏။

"ချဲ့ထွင်စည်းရုံးမယ်ဟုတ်လား။ အဲခေါင်ရဲ့စကားလုံးတွေက လှလိုက်တာ၊ သုဝဏ္ဏဘူမိသား ပီသပါပေရဲ့။ စကားကို လျှော့လျှော့ ပေါ့ပေါ့လေး ပြောတတ်ပလေတယ်။

ချဲ့ထွင်စည်းရုံးတယ်ဆိုတဲ့ စကားလုံးတွေထဲမှာ စည်းရုံးတယ်ဆိုတဲ့စကားဟာ ပျော့ဖတ်ဖတ်နဲ့။ အဲ့ဒီစကားလုံးကို ကျွန်ုပ် မကြိုက်ဘူး။ စစ်တိုက်ပြီး အနိုင်ယူတာကို စည်းရုံးတယ်လို့ ပြောလို့မရနိုင်ဘူး။

ကျူးကျော်စော်ကားတာ၊ ကျူးကျော်သိမ်းပိုက်တာ၊ ဟုတ်တယ်မဟုတ်လား ဗိသုကာကြီးရဲ့"

ကျွန်ုပ်က ဗိသုကာဆရာကြီးကို မေးလိုက်လေ၏။

"အရှင့်သားပြောတာတွေက အားလုံး အမှန်အကန်စကားတွေပါပဲ။ ဒါဟာ ကျွန်တော်မျိုးက အရှင့်သားရဲ့ အကြိုက်တော်ကို ဆောင်ပြီးပြောတာ မဟုတ်ပါဘူး။ အရှင့်သားရဲ့ စကားတွေက ကျွန်တော်မျိုးရဲ့ အသိဉာဏ်ကို ပွင့်ထွက်လာစေပြီးတော့ နှလုံးသဝင်ကျစွာနဲ့ ပြောလိုက်တဲ့ စကားပါ။"

ဗိသုကာကြီး၏ စကားကြောင့် ကျွန်ုပ် ရွှင်လန်းအားရသွားသည်။

"ကျွန်ုပ်အနေနဲ့ သုဝဏ္ဏဘူမိရဲ့ အနာဂတ်အတွက် အတော်ရင်လေးနေတယ်။ သုဝဏ္ဏဘူမိဟာ အကာအကွယ်မဲ့နေတယ်။ အရံအတားတွေ ကင်းနေတယ်။ မြို့ရိုး ကျုံးမြောင်းဆိုတာတွေကလည်း ကောင်းကောင်း ရှိတာမဟုတ်ဘူး။ ခံတပ်ဆိုတာတွေလည်း တစ်ခုမှ တည်ဆောက်မထားဘူး။



ပေါ်ဒီဆိပ်ကမ်းဝတွေဟာလည်း ရန်သူတွေ အလွယ်တကူ ဝင်ရောက်နိုင်လောက်အောင် ဟာလာဟင်းလင်းကြီး ဖြစ်နေတယ်။ စစ်ရည်စစ်သွေးပြည့်ဝအောင် အမြဲတမ်း လေ့ကျင့်နေတဲ့ တပ်တော်ဆိုတာကလည်း ဘယ်မှာလဲ။"

ကျွန်ုပ်၏ အသံက ခက်ထန်နေလိမ့်မည်ကို ကျွန်ုပ်သိသည်။ ကျွန်ုပ်၏ မျက်နှာတင်းမာနေမည်ကိုလည်း ကျွန်ုပ်သိသည်။ ဤသို့ ကျွန်ုပ်၏ အသံတို့ ခက်ထန်နေရခြင်း၊ ကျွန်ုပ်၏ မျက်နှာတို့ တင်းမာနေရခြင်းမှာ သုဝဏ္ဏဘူမိအတွက် ခက်ထန်တင်းမာနေရခြင်းသာဖြစ်သည်။

သုဝဏ္ဏဘူမိအတွက် ကျွန်ုပ်တို့ အသက်ရှင်နေသရွေ့ အလုပ်တွေ အများကြီး လုပ်ကြရမယ် အဲခေါင်၊ အဲ့ဒီအလုပ်တွေ လုပ်ဖို့ ဗိသုကာကြီးကို ကျွန်ုပ် လိုအပ်တယ်။ ဒါကြောင့်မို့ အဲခေါင်ကို လွှတ်ပြီး ဗိသုကာကြီးကို အခေါ်ခိုင်းလိုက်ရတာပဲ။ မြို့ပြ ကျုံးမြောင်းတွေ ခံတပ်တွေ၊တည်ဆောက်တဲ့နေရာမှာ ဗိသုကာကြီးတို့လို အတတ်ပညာရှင်တွေ လိုအပ်တယ်။ မြို့ပြကျုံးမြောင်းနဲ့ ခံတပ်တွေကို ကျွန်ုပ်တို့ရဲ့ ချွေးတွေနဲ့ နေ့မအားညမနား တည်ဆောက်ကြရလိမ့်မယ်။ ဒါတင်မကသေးဘူး။ ကျွန်ုပ်တို့ရဲ့သွေးတွေနဲ့ သုဝဏ္ဏဘူမိရဲ့ အလှမပျက်ယွင်းရအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရလိမ့်မယ်။ ဒါဟာကျွန်ုပ်ရဲ့ဆန္ဒတော်ပဲ။ ဘယ့်နှယ်လဲ ဗိသုကာကြီးရဲ့။ ကျွန်ုပ်ပြောသလို လုပ်နိုင်ပါ့မလား။"

ထိုအချိန်မှာ အမိးနှင့် ဗညားတို့သည် အဲခေါင်ဘုန်းနှင့် အဲခေါင်ဘုန်း၏ အရှင်မနုဟာသုံးဆောင်ဖို့ စားတော်ပွဲများကို ရွက်ပြီး ကာလာသောကတောင်ပေါ်သို့ တက်လာနေသည်ကို တွေ့ရလေ၏။

"အရှင် ... ခေတ္တခွင့်ပြုတော်မူပါ။ ပေါ်ဒီမှာ အရှင်နဲ့ အကျွန်ုပ်တို့အတွက် နံနက်စာကို အမိးတို့ ရွက်သယ်ပြီး တောင်ထိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



တက်လာနေကြပါပြီ။ တောင်ကလည်းမတ်၊ ဝန်အလေးကလည်းပါလေတော့ အတော်ပင်ပန်းရှာလိမ့်မယ်။ အကျွန် သွားကူခွင့်ပြုပါ။ အရှင်လည်း ဆာလောင်နေရောပေါ့။ နေတောင်ခေါင်းတည့်နေပြီကော''

အဲခေါင်ဘုန်းက မနုဟာကို တင်လျှောက်လိုက်သောကြောင့် မနုဟာ၏ စကားများပြတ်တောက်သွားသည်။ မနုဟာက အမီးတို့ထံသို့ လှမ်းကြည့်လိုက်၏။

''အမီးဆိုတာ ကျွန်တော်မျိုးရဲ့ အရွယ်ရောက်နေပြီဖြစ်တဲ့ သမီးဖြစ်ပါတယ်။ အမီးနဲ့အတူ လိုက်ပါလာတဲ့ လူငယ်လေးကတော့ ကျွန်တော်မျိုးရဲ့သားအငယ် ဖြစ်ပါတယ်။ နာမည်က ဗညားလို့ ခေါ်ပါတယ်။ သူတို့အားလုံး ကျွန်တော်မျိုးလိုပဲ ဗိသုကာအတတ်မှာ ကျွမ်းကျင်ကြပါတယ်။ ဗညားလေးဟာ ငယ်ပေမဲ့ ကျွန်တော်မျိုးမျက်နှာလွှဲလို့ရလောက်တဲ့အထိ ဗိသုကာအတတ်မှာ ကျွမ်းကျင်နိုင်နင်းပါတယ်။

ကျွန်တော်မျိုးနဲ့တကွ သားသမီးအားလုံး သုဝဏ္ဏဘူမိသားတွေပါ။ သုဝဏ္ဏဘူမိအတွက် အလုပ်လုပ်ကြဖို့ အရှင့်သား ဥပရာဇာထံမှာ ကျွန်တော်မျိုးနဲ့တကွ သားသမီးအားလုံး အပ်နှံပါတယ်။ ကျွန်တော်မျိုး၏ တပည့်တွေအားလုံးလည်း အရှင့်သားရဲ့ လက်ထဲမှာ အရှင့်ရဲ့ ဆန္ဒတော်တွေ ဖော်ဆောင်ဖို့အတွက် ပေးအပ်ပါတယ်။''

ကျွန်ုပ်သည် ဗိသုကာကြီး၏ စကားကိုကြားရသောအခါ လွန်စွာ အားရသွားလေ၏။ ဆင်ဖြူတော်ကျွန်းကို အပင်ပန်းခံ၍ လာရကျိုးနပ်သည်ဟု ကျွန်ုပ်ထင်၏။ ကျွန်ုပ်၏ ဆန္ဒဇောများ ထက်သန်နေမှုကြောင့် ထမင်းစားတော်ခေါ်ရန်ကိုပင် မေ့လျော့နေမိသည်။ သုဝဏ္ဏဘူမိရွှေနန်းတော်မှာဆိုပါက ဤအချိန် စားတော်ခေါ်၍ ပြီးနေပြီ။ တရေးတမှေးပင် စက်တော်ခေါ်နေလောက်ပြီ။

မင်းညီမင်းသား၏ စည်းစိမ်ကို ရွှေနန်းတော်မှာ ဖိမ်ဖြင့်ခံစားနိုင်၏။ အဝတ်အစား တောက်တောက်လက်လက်ကို ဝတ်၊



ဖဲမွေ့ရာပေါ်မှာ အိပ်စက်၊ အရသာရှိတဲ့ အစာကိုစား။ ကချေသည်တွေရဲ့ သဘင်ပွဲကို ရှုစားလိုက်၊ စိတ်လိုလက်ရရှိတဲ့အခါ ဘုရားကျောင်းကန်တွေသွားပြီး ကုသိုလ်ယူ၊ ဥပုသ်ဝင်ဖြင့် ကျွန်ုပ်အေးချမ်းစွာ နေနိုင်၏။

ကျွန်ုပ်၏ ညီတော်အနိမိတ္တတောင် စားတော်ခေါ်ပြီး၍ အနားယူနေလောက်ပြီ။

''ဗိသုကာကြီးရဲ့စကားကို ကြားရတာကိုယ်တော်ဝမ်းမြောက်လှပေတယ်။ အဲခေါင် အမီးတို့ကို သွားကူပါချေ။ နောက်မှ ဆက်ဆွေးနွေးကြသေးတာပေါ့''

ကျွန်ုပ်က ခွင့်ပြုလိုက်သောအခါ အဲခေါင်ဘုန်းသည် ရှင်လန်းသွက်လက်စွာ ကျောက်တုံးများကို ခုန်ကျော်ဖြတ်နင်းကာ ဆင်းသွားလေ၏။

မကြာမီမှာပင် အဲခေါင်ဘုန်းသည် အမီးတို့ထံသို့ ရောက်ရှိလာခဲ့သည်။ အချို့ကို ရွက်ထားပြီး အချို့ကို ဆွဲတောင်းဖြင့် ဆွဲလာခဲ့သည်။ ဗညားကလည်း အထမ်းနှင့် ဖြစ်သည်။

''အမီးလည်း ပင်ပန်းလှရောမယ်။ လက်ထဲကဆွဲတောင်းကိုပေး''

''ရပါတယ်အနောင်။ အမီးမပင်ပန်းပါဘူး။ သုဝဏ္ဏဘူမိအရှင်ရဲ့ ဥပရာဇာကို ဖူးမြင်ခွင့်ရ စားတော်တည်ခွင့်ရတာကိုပဲ ဝမ်းမြောက်လှပါပြီ။ အမီးတို့က သုဝဏ္ဏဘူမိ အစွန်ဖနပုဒ်က တောသူတွေဆိုတော့ ရွှေနန်းတော်ထဲဝင်ဝံ့ကြတာ မဟုတ်ဘူး။ မင်းရေးမင်းရာကိုလည်း မကျွမ်းပွန်ဘူး။ စကားအရာ မကြွယ်သလို အနေလည်းမတတ်ဘူး အနောင်ရဲ့''

အမီး၏ စကားက အဲခေါင်၏ နားမှာချိုရှင်နေ၏။ အဲခေါင် က ဆွဲတောင်းကိုယူကာ ပခုံးထက်တင်လိုက်သည်။ ပြီးနောက် ကာလာသောကတောင်တော်သို့ တက်လာကြလေ၏။

''ဘာတွေများ ဒီလောက်တောင် သယ်လာရတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



အဲခေါင်ဘုန်းက မေးလိုက်လေ၏။

"အရှင့်သားကို ဒီလိုလက်လွှတ်စပယ် ကျွေးလို့ရအုံ့လော အနောင်၊ ပန်းကန်ခွက်ကအစ၊ အခင်းအသန့်တွေပါ သယ်ဆောင်လာရ သပ"

အမီးက ပြန်ပြောလိုက်လေ၏။

"အဲခေါင်တို့အတွက်နဲ့ အမီးတို့ မိသားတစ်စုလည်း များများ အလုပ်ရှုပ်ရပေတယ်"

"ဒါက အစဉ်အလုပ်ရှုပ်ရတာ မဟုတ်ပါဘူး။"

စကားတပြောပြောဖြင့် တက်လာကြရာ ဥပရာဇာတို့၏ထံသို့ ရောက်ရှိလာကြလေ၏။ ပစ္စည်းများကို ချပြီးနောက် အမီးနှင့်ဗညားက ဥပရာဇာကို ဦးခိုက်ခစားလိုက်ကြလေ၏။

"ဗိသုကာတော်ရဲ့ သမီးက အပြင်အလျာအဆင်း ရှိပေသားပဲ။ မယ်မင်းရဲ့အလုပ်ကို မယ်မင်းလုပ်၊ စားဖွယ်တွေပြင်ချေ။ ကျုပ်တို့ရဲ့ စကားဝိုင်းကို ပြန်ဆက်ကြမယ်။ အဲခေါင်နဲ့ ဗိသုကာကြီးတို့ ဟောဒီမှာ ရေးခြစ်ထားတဲ့ ခြစ်ကြောင်းတွေကို အသေအချာကြည့်ကြ။ ဗညားငယ် လည်း တစ်ချိန်မှာ သုဝဏ္ဏဘူမိရဲ့ အရေးပါတဲ့နေရာမှာ ဆောင်ရွက် ရမယ့်သူဆိုတော့ ဗညားငယ်လည်း အသေအချာ နားစိုက်ထောင်ပါ။ ကျုပ်ကို ဒီအချိန်မှာ ဥပရာဇာတစ်ဦးလို့မြင်ပြီး ရိုသေခန့်ညား မနေကြနဲ့။ သုဝဏ္ဏဘူမိရဲ့ ရဲဘက်သွေးသောက်တွေလို သဘောထားတိုင်ပင် အကြံ ပြုရအောင်၊ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်ကြပေတယ်။"

ကျုပ်သည် သူတို့က ကျုပ်ကို မပြောရဲ မဆိုရဲ အနေကျဉ်း မြောင်းမည်စိုး၍ စကားဦးချီလိုက်သေ၏။ အနီးမှ သစ်ကိုင်းကျိုးတစ်ခု ကို ကောက်ယူလိုက်သည်။

"ဟောဒီ ကျုပ်ရဲ့ ကျောက်စီအားစိုက်ထောင်ထားတဲ့နေရာဟာ သုဝဏ္ဏဘူမိရဲ့ ဗဟိုချက်မ ရွှေနန်းတော်တည်ရှိနေတဲ့ နေရာပဲ။



အဲဒီရွှေနန်းတော်ကိုဗဟိုချက်ပြုပြီး သုဝဏ္ဏဘူမိရဲ့ အရံအတား အတွက် မြို့ရိုး ကျုံးမြောင်းတွေကို တည်ရမယ်။ အပြင်မြို့ရိုးနှစ်ထပ် နဲ့ နန်းမြို့ရိုးတစ်ထပ်ကို ပြုလုပ်ကြရလိမ့်မယ်။ ဟောဒီခြစ်ကြောင်း ရာကတော့ သုဝဏ္ဏဘူမိရဲ့ အရှေ့ဘက်မှာရှိနေတဲ့ နေမိန္ဒရနဲ့ သိဂ်နီက တောင်တို့ရဲ့ ခြေရင်းမှာတည်မယ့် မြို့ရိုးကို ပြထားတာပဲ။

အနောက်ဘက်နဲ့ တောင်ဘက်မှာတော့ တောင်တန်းတွေ မရှိဘူး။ လယ်ကွင်းပြင်နဲ့ စားကျက်မြေတွေ ရှိကြတယ်။ အဲ့ဒီ ဒိစပ် လောက်က ဟောဒီခြစ်ကြောင်းအတိုင်း မြို့ရိုးတံတိုင်းကြီးကို မြင့်မြင့် မားမား တည်ဆောက်ထားကြရမယ်။ ဒါကို အချိန်အတော်ယူပြီး တည်ဆောက်ကြရမယ်။ လူအင်အားတွေ အများကြီးလိုတယ်။ ဒါက သုဝဏ္ဏဘူမိ နေပြည်တော်ကို ပတ်ပြီးတည်တဲ့ မြို့ရိုးပဲ ရှိသေးတယ်။

အဲ့ဒီနောက် ဟောဒီလေးထောင့်ကွက် ခြစ်ကြောင်းတွေကို ကြည့်လိုက်ပါဦး။ ဒီခြစ်ကြောင်းတွေက အတွင်းနန်းမြို့ရိုးတည်ဆောက် ရမယ့်နေရာ အမှတ်အသားတွေပဲ။

အခု ကျုပ်တို့ရောက်ရှိနေတဲ့ ဆင်ဖြူတော်ကျွန်းဆိုတာ သုဝဏ္ဏ ဘူမိနေပြည်တော်ရဲ့ အနောက်မြောက်ဘက်ကျနေတယ်။ ဒီမှာ ခံတပ် တစ်ခုကိုလည်း တည်ဆောက်ရမယ်။ ကော့သန်ကျွန်းကတော့ နေပြည် တော်ရဲ့ အနောက်တောင်ဘက်မှာ ရှိတယ်။ ဒီမှာလည်း ခံတပ်ကြီး ကောင်းကောင်းတစ်ခုကို တည်ဆောက်ရဦးမယ်။

ဒါက ရေလမ်းက ချီလာမယ့် ရန်သူတွေကို ရင်ဆိုင်နိုင်ဖို့ အတွက်ပဲ။"

ကျုပ်က သစ်ကိုင်းခြောက်ဖြင့် ထောက်ပြကာ အဲခေါင်နှင့် ဗိသုကာကြီးတို့ကို စိတ်လိုလက်ရ ရှင်းပြနေလေ၏။

"ဒီလောက်နဲ့ သုဝဏ္ဏဘူမိဟာ လုံခြုံစိတ်ချရသေး မရှိသေးဘူး။ ဟောဒီ ကျုပ်ခြစ်ပြထားတဲ့နေရာကို ကြည့်၊ ဒီနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်တပ်၊ မြင်းတပ်၊ ခံတပ်မြို့ကို တည်ဆောက်ရဦးမယ်။ သုဝဏ္ဏဘူမိကို ကျူးကျော်လာမယ့်ရန်သူတွေဟာ ရေလမ်းက ချီတက်လာမယ်ဆိုရင် သုဝဏ္ဏဘူမိနေပြည်တော်ကိုမရောက်ခင် ပောဒီ ဆင်ဖြူတော်ကျွန်းနဲ့ ကောသန်ကျွန်းရဲ့ခံတပ်ကို အရင်ဆုံး ရင်ဆိုင်ကြရမယ်။

ကုန်းကြည်းဘက်က ချီတက်လာမယ်ဆိုရင်လည်း ဒီဆင်တပ်၊ မြင်းတပ်၊ ခံတပ်မြို့ကို ဦးစွာရင်ဆိုင်ရလိမ့်မယ်။

ဒါတွေကို ရင်ဆိုင်ကျော်ဖြတ်လာနိုင်တာတောင် သုဝဏ္ဏဘူမိနေပြည်တော်ကို အလွယ်တကူ ကျူးကျော်နိုင်ဦးမှာ မဟုတ်ဘူး။ ပောဒီမြို့ရိုးတံတိုင်းတွေကနေ သူတို့ကို တွန်းလှန်နိုင်လိမ့်မယ်။

ကျွန်ုပ်တို့ ဒီလိုအစီအစဉ်တွေကို စိတ်ကူးထားတယ်။ ကျွန်ုပ်ရဲ့ စိတ်ကူးအတိုင်း သုဝဏ္ဏဘူမိသားတွေ အလုပ်လုပ်ကြရလိမ့်မယ်။ ဒါဟာ နှစ်နဲ့ချီပြီး ကြာမယ့်အလုပ်။ ကြီးမားကျယ်ပြောတဲ့ တာဝန်တစ်ရပ်။ အဲ့ဒါ ကျွန်ုပ်ရဲ့ ခေါင်းထဲမှာ ကိန်းအောင်းနေတယ်။ အဲခေါင်ရော၊ ဗိသုကာကြီးရော ကျွန်ုပ်ပြောတာ ရှင်းရဲ့လား။''

ကျွန်ုပ်က စကားကို အဆုံးသတ်လိုက်လေ၏။

အဲခေါင်ဘုန်းသည် ဟတ္ထိပါလဆိပ်ကမ်းမှာ သေရည်ဆိုင်မေးသောသူတစ်ယောက်နှင့် ဆုံတွေ့ခဲ့သည်။ ထိုသူ၏အသားက ခပ်ညိုညို၊ ခန္ဓာကိုယ်က တုတ်ခိုင်သည်။ မျက်နှာက လေးထောင့်စပ်စပ် ရှိသည်။ ထိုသူ၏ ပြောစကားများကို အဲခေါင်ဘုန်း၏ နားထဲမှာ ပြန်လည် ကြားယောင်လာသည်။

''အဆွေတို့သုဝဏ္ဏဘူမိသားတွေဟာ စိတ်ရင်းစေတနာ ဖြူစင်ကြပါပေရဲ့။ စိတ်ထားတွေကလည်း ကောင်းမွန်ဖြောင့်မတ်ကြပါပေရဲ့။ ဒါပေမဲ့ ကျုပ်အနေနဲ့ အဆွေကို ခင်မင်မိလို့ အကြံဉာဏ်လေး ပေးချင်တယ်။ အရာရာတိုင်းဟာ စိတ်ရင်းစေတနာဖြူစင်နေရုံနဲ့ မပြီးဘူး။ စိတ်ရင်းစေတနာဖြူစင်တာဟာ ဂုဏ်ယူစရာတစ်ခုဖြစ်ပေမယ့် ဒီစိတ်ရင်း



စေတနာဖြူစင်မှုအပေါ် အခွင့်ကောင်းယူမယ့်သူတွေ ပေါ်လာရင် မခက်ပေဘူးလား အဆွေ။

သုဝဏ္ဏဘူမိရဲ့ဆိပ်ကမ်းတွေမှာ အစောင့်အနေ အားနည်းနေတာရယ်။ အစစ်အဆေး အမေးအမြန်း မရှိတာရယ်ကို သိရှိတဲ့ အခြားတိုင်းတစ်ပါးသားတွေက သုဝဏ္ဏဘူမိဆိပ်ကမ်းတွေက တစ်ဆင့် သုဝဏ္ဏဘူမိကို အလွယ်တကူ လုပ်ကြံနိုင်လိမ့်မယ်။''

''အဲခေါင်ဘာတွေ စဉ်းစားနေတာလဲ''

ကျွန်ုပ်က ငြိမ်သက်နေသော အဲခေါင်ဘုန်းကို မေးလိုက်၏။

''စောစောက ဟတ္ထိပါလဆိပ်ကမ်းမှာတွေ့တဲ့ လူတစ်ယောက်က ပြောသွားတဲ့ စကားတွေကို ပြန်စဉ်းစားနေတာပါ။''

''ဘာတွေပြောသွားလို့လဲ အဲခေါင်''

''သုဝဏ္ဏဘူမိသားတွေဟာ စိတ်ရင်းဖြူစင်ကြတယ်။ စိတ်ရင်းဖြူရုံနဲ့ မပြီးဘူး။ စိတ်ရင်းဖြူတဲ့အပေါ် အခွင့်ကောင်းယူတတ်တဲ့သူတွေ ရှိတယ်။ ပောဒီဆိပ်ကမ်းကလည်း အစစ်အဆေး မရှိဘူး။ အစောင့်အနေနည်းတယ်။ အခြားတိုင်းတစ်ပါးတွေက ဒီဆိပ်ကမ်းကနေ အလွယ်တကူ သုဝဏ္ဏဘူမိကို လုပ်ကြံနိုင်လိမ့်မယ်တဲ့''

''အဲ့ဒီလူပြောတဲ့စကားတွေဟာ မှန်လိုက်လေ အဲခေါင်ရယ်။ ဒီလောက် အနယ်နယ်အရပ်ရပ်က ဝင်ထွက်သွားလာနေတဲ့ ဆိပ်ကမ်းမှာ စစ်ဆေးမှုတွေ လုပ်ရမှာပေါ့။ ရန်သူဆိုတာချိုပါမလာဘူး အဲခေါင်ရဲ့။ လောလောဆယ်တော့ ဒီဆိပ်ကမ်းမှာ တစ်နေ့တစ်ကြိမ်လာပြီး အဲခေါင်ပဲ လာပြီးစီစစ်ပါ။ ကျွန်ုပ်က ခမည်းတော်ကို လျှောက်ထားပြီး ဒီကိစ္စရေဝန်ကို စီစဉ်ခိုင်းလိုက်မယ်။ ရေဝန်ကို ဆင်ဖြူတော်ကျွန်းနဲ့ ကောသန်ကျွန်းမှာ အစီအစဉ်လုပ်ဖို့ စီစဉ်ခိုင်းလိုက်မယ်။

ကျွန်ုပ်က သုဝဏ္ဏဘူမိရဲ့ အရှင်မဟုတ်ဘူး။ ခမည်းတော်ကသာ သုဝဏ္ဏဘူမိရဲ့အရှင်၊ ကျွန်ုပ်ဖြစ်ချင်လုပ်ချင်တာတွေကို ကျွန်ုပ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒအတိုင်း လုပ်လို့မရသေးဘူး။ ခမည်းတော်ရဲ့ အမိန့်ကိုလည်း ယူရပေဦးမယ်။''

ကျွန်ုပ်မှာ စိတ်လိုလက်ရ လုပ်ဆောင်နိုင်ခြင်း မရှိသေးပေ။ ခမည်းတော်က ကျွန်ုပ်၏အပေါ် အမြင်စောင်းမှာကို စိုးရိမ်ရလေ၏။

အဲခေါင်ဘုန်းသည် ဥပရာဇာ မနုဟာကို အထင်ကြီး၏။ ကိုးစားယုံကြည်၏။ ရွှေနန်းရှင်ကို ဥပရာဇာကဲ့သို့ပင် အမြော်အမြင် လုံ့လနှင့် ပြည့်ဝစေချင်၏။

"စားတော်ပွဲ အဆင်သင့် ဖြစ်နေပါပြီ။"

အမီးက လာရောက်လျှောက်ထားလေ၏။

"ကဲ ... စားတော်မခေါ်ခင် ဟောဒီကာလာသောကတောင်မှာ မလွှဲပိုင်စိုက်လိုက်ကြရအောင်၊ ကျွန်ုပ်ဆိုသလို ဗိသုကာကြီးနဲ့ အဲခေါင်တို့ လိုက်ဆိုကြ။''

ကျွန်ုပ်တို့သည်၊ သုဝဏ္ဏဘူမိမြေမှာ မွေး၍ သုဝဏ္ဏဘူမိ၏ ရေကို သောက်ခဲ့ကြသူများ ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် သုဝဏ္ဏဘူမိ၏ ကျေးဇူးသစ္စာကို စောင့်သိကြ၍ သုဝဏ္ဏဘူမိအတွက် သွေးချွေး အသက်ကို ပေးစွန့်ပါမည်။''

မနုဟာ၏အသံက အောင်မြင်ခန့်ညား၏။ မနုဟာ၏ မျက်နှာမှာ တည်ကြည်လှသည်။ သစ္စာစကားကို အနောက်က လိုက်ရွတ်ရင်း ကြက်သီးမွေးညင်းများပင် ရှိန်းကနဲ ထလေ၏။

အဲခေါင်နှင့်အတူ ဗိသုကာကြီးလည်း လိုက်ရွတ်နေသည်။ အမီးနှင့် ဗညားလေးတို့လည်း လိုက်ရွတ်နေကြ၏။

မနုဟာနှင့် အဲခေါင်တို့ ရွတ်ဆိုလိုက်သော သစ္စာစကားသည် ကာလာသောကတောင်တစ်ခွင် ပဲ့တင်ထပ်လေပြီတည်း။

✦ ✦ ✦



(၄)

အချိန်က နေဝင်ဖျိုးဖျ ဆည်းဆာရီချိန်သို့တိုင်နေပြီ။

သုဝဏ္ဏဘူမိ မိုးကောင်းကင်၏ တိမ်တောက်ချိန်။ ရွှေစာရံက ရွှေရောင်တောက်ပနေသည်။ သိင်္ဂနိက်တောင်ထိပ်မှ မြသပိတ်စေတီ၏ အရောင်အရှိန်နှင့် ကောင်းကင်မှ အရောင်တို့ ဟပ်နေ၏။

ပုစွန်ဆီရောင်လိုလို၊ လိမ္မော်သွေးလိုလို မိုးကောင်းကင်မှာ အရောင်တွေက ဆန်းကျယ်လွန်းလှသည်။ ခိုပြာရောင်၊ မရမ်းရောင်၊ ရွှေရောင်ငွေရောင်၊ အရောင်တွေက စုံလင်လှသည်။

ကျွန်ုပ်နှင့် အဲခေါင်တို့ ဆင်ဖြူတော်ကျွန်းမှနေ၍ မြင်းကို စိုင်းနှင်လာကြရာ ယခုမှပင် နေပြည်တော်သို့ ပြန်ရောက်သည်။ တစ်လမ်းလုံး ကျွန်ုပ်နှင့် အဲခေါင်ဘုန်းတို့ စကားမဆိုမိကြ၊ တိတ်ဆိတ်စွာ လာခဲ့ကြ၏။ နေပြည်တော်အဝင်မှာမှ ကျွန်ုပ်က အဲခေါင်ဘုန်းကို စကား စလေ၏။

"အဲခေါင် ... ကြည့်စမ်း။ ကောင်းကင်ကြီးက ဘယ်လောက် လှသလဲလို့၊ သဘာဝကြီးဟာ အနုပညာတွေနဲ့ ထုဆစ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပောဟို ရောင်စဉ်ခုနစ်သွယ်ယှက်နေတဲ့ တိမ်တွေက မဆန်းပေဘူးလား။ ကျွန်ုပ်တစ်ခါတစ်ခါတော့ တွေးမိနေတယ်။

ဒီလိုနေရီဆည်းဆာရဲ့ သဘာဝအလှကို ပန်းချီကျော်တစ်ဦးကို ရေးဆွဲခိုင်းထားမလားလို့။ နောက်ခံအနေနဲ့ သိဂ်ံနိက်တောင်ရယ်၊ မြူသပိတ်စေတီရယ်။ သစ်ပင်တောအုပ်တွေလည်း ပါရမယ်။ ကျေးငှက်တွေ အိပ်တန်းပျံနေတဲ့ ပုံလည်းပါရမယ်။ ပြီးတော့ သုဝဏ္ဏဘူမိရဲ့ မိန်းမသူတစ်ဦး၊ ရှားရောင်တဘက်နဲ့၊ ကြူနွှေတည်ကြည်တဲ့ အလှ၊ အဲ့ဒါပါ ထည့်သွင်းရေးဆွဲလိုက်မယ်ဆိုရင်တော့၊ သုဝဏ္ဏဘူမိရဲ့ ဝိညာဉ်တွေ အဲ့ဒီပန်းချီကားထဲမှာ ရှင်သန်နေမှာပဲ။''

အဲခေါင်ဘုန်းက မနုဟာ၏ စကားကို ကြားရသောအခါ ဝိရော မိဖြစ်သွားသည်။ နံနက်ခင်းကတည်းက၊ ကာလာသောကတောင်မှာ သုဝဏ္ဏဘူမိ လုံခြုံရေးအတွက် စစ်ရေးအစီအမံတွေကို မာန်နှင့် ဒွာန်နှင့် ပြောကြားခဲ့သော မနုဟာမှာ ကြမ်းတမ်းသောစိတ်များဖြင့် ပြည့်လျှံနေလိမ့်မည်ဟု အဲခေါင် ထင်မိသည်။

ပြီးတော့သုဝဏ္ဏဘူမိအတွက် အစစသတိရှိပြီး အတွေးအခေါ် အမြော်အမြင်ကြီးမားသူအဖြစ် လေးစားခဲ့သည်။

အခုလည်း ကြည့်စမ်းပါဦး။ မနုဟာရဲ့ စကားတွေက နုရွပြီး ကဗျာဆန်နေလိုက်တာ ဆည်းဆာရီရဲ့ အလှကိုများ ဖွဲ့နွဲ့ပြောဆိုနေလိုက်တာ၊ အဲခေါင်ပင် လိုက်မမီ။

"ဟုတ်ပါပေရဲ့အရှင်

အရှင်ပြောမှပဲ ဆည်းဆာရီကို အဲခေါင်လည်းသတိပြုမိပေတယ်။ အရှင်ရဲ့ အရှုအြကို အဖမ်းရခက်လှတယ်။ အရှင်က အနုပညာနဲ့ အလှအပသဘောတွေကိုလည်း ခံစားတတ်ပေရဲ့။''

အဲခေါင်ဘုန်းက ကျွန်ုပ်ကို ထိုသို့ ပြောကြားလိုက်သောအခါ ကျွန်ုပ်ခပ်လွှင်လွှင်ရယ်မောလိုက်သည်။ ကျွန်ုပ်၏ စိတ်တို့သည်လည်း



တေစောကလောက် တင်းကျပ်မနေတော့။ ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင် ပြန်ဖြစ်သွားလေ၏။

"ဘာတဲ့၊ ခုနက အရှင်ပြောလိုက်တာ၊ သုဝဏ္ဏဘူမိရဲ့ မိန်းမသူတစ်ဦး၊ ကြူနွှေတည်ကြည်တဲ့အလှ။ ဒီစကားလုံးတွေက အလက်ာမြောက်လှပေတယ်အရှင်။ အရှင်က မိန်းမသူတစ်ယောက်ရဲ့ အလှကို ဘယ်လောက်အထိ ထွင်းဖောက်ကြည့်ဖူးလို့လဲ။''

အဲခေါင်က ကျွန်ုပ်ကို ပြန်လည်မေးလာလေ၏။

"ထွင်းဖောက်ပြီးကြည့်တဲ့အထိတော့ ကျွန်ုပ်မကြည့်မိသေးဘူး။ မိန်းမသူတစ်ယောက်ရဲ့ အလှကို အပေါ်ယံရှုပ်ပြီးတော့ ကြည့်မိသွားတာက ပထမအကြိမ်ပဲ ရှိသေးတယ်။ အဲ့ဒါက ကာလာသောကတောင်မှာ မြင်တွေ့ခဲ့ရတဲ့ ဗိသုကာကြီးသဏ္ဍာရဲ့ သမီးပဲ။ အဲ့ဒီမိန်းမသူရဲ့ အလှက တည်ငြိမ်ပြီး ကျက်သရေမရှိပေဘူးလား အဲခေါင်။''

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ အဲခေါင်ဘုန်းထံမှ နှုတ်တုံ့ပြန်စကားကို မကြားရဘဲ နှုတ်ဆိတ်နေ၏။

အဲခေါင်ဘုန်းမှာလည်း မနုဟာ၏ စကားကြောင့် ရင်ထဲထိတ်ပြီး လှိုက်ခုန်သွားရသည်။ မနုဟာကို တစ်ချက်တော့ လှမ်းကြည့်ပြီး မနုဟာ၏ မျက်နှာမှာ တစ်စုံတစ်ခုကို တွေ့ရလိုတွေ့ငြား ရှာဖွေ စူးစမ်းမိသည်။

မနုဟာသည် အမီးအပေါ် စိတ်ညွတ်သွားမိခဲ့လေသလား။ အမီး၏အလှကို ဖွင့်ဆိုပြနေသည်။ တကယ်တော့ အဲခေါင်ဘုန်းသည်လည်း အမီး၏အလှကို သတိပြုမိခဲ့သည်သာ။

"ဘယ်လိုလဲ အဲခေါင်၊ ကျုပ်ပြောတာ ဟုတ်ရဲ့လား။''

"ဟုတ် ဟုတ်ပါတယ်အရှင်၊ အရှင်ပြောသလိုပဲ အမီးဟာ ကြူနွှေရတဲ့ အလှရှင်ပါ။''

အဲခေါင်ဘုန်းနှုတ်မှ စကားလုံးများကို အလေးအနက်အားယူ၍ ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ မနုဟာက သူ့ရဲ့ အရှင်ပဲလေ။ သူက မနုဟာရဲ့ အစေအပါးသာပဲ။ အမီးအပေါ် မနုဟာက မျက်စိကျသွားရိုးမှန်လျှင် သူ အမီးကို လက်လွှတ်ဆုံးရှုံးခံရပေတော့မည်။ ကျွန်ုပ်မျက်နှာပျက်ယွင်းနေသည်ကို မနုဟာက သတိထားမိသွားဟန် တူသည်။

"အဲခေါင်ရဲ့ မျက်နှာတွေ ပျက်နေပါလား။"

အမီးရဲ့အလှကို ကျုပ်သတိထားမိတယ်လို့ဆိုတာနဲ့။ ကျုပ်ရဲ့ စိတ်ကူးယဉ် သုဝဏ္ဏဘူမိ ပန်းချီကားထဲမှာ အမီးလို မိန်းမသူမျိုးရဲ့ အလှ ထည့်သွင်းရေးဆွဲသင့်တယ်ဆိုတာက ဥပမာတင်ပြီး ပြောတာ။ သုဝဏ္ဏဘူမိသူအားလုံးရဲ့ကိုယ်စား အမီးကို ပမာထားလိုက်တာ၊ ကျုပ်က သုဝဏ္ဏဘူမိရဲ့ မိန်းမသူတွေဆိုလို့ အခုမှ အမီးတစ်ယောက်ကိုပဲ အနီးကပ် မြင်ဖူး။ ကျွမ်းဝင်ဖူး၊ ပြောဆိုဆက်ဆံဖူးလေတော့ အခြား ပမာထားစရာ သုဝဏ္ဏမိန်းမသူကို ကျုပ်က မသိသေးဘူး။ အနီးကပ် မမြင်တွေ့ဖူးသေးတာနဲ့ အမီးကိုပဲ ပမာတင်ပြီး ပြောလိုက်တာပါ။

ဘာလဲ ... အဲခေါင်က အမီးကို ရင်ခုန်ခဲ့ပြီနဲ့ တူတယ်။"

ကျွန်ုပ်က ထိုသို့ပြောလိုက်မှပင် အဲခေါင်ဘုန်း၏ မျက်နှာ ပြန်လည်လန်းရွှင်သွားလေ၏။

"ဟုတ်တယ်အရှင်၊ အဲခေါင်ကို အမီးက ဖမ်းစားထားပြီ။"

အဲခေါင်ဘုန်းက တိုးတိုးညင်ညင် ဝန်ခံစကားကို ပြောကြားလိုက်လေ၏။

"ဒါပေါ့လေ။ အရွယ်ရောက်ပြီဖြစ်တဲ့ ယောက်ျားသူဆိုတာ မိန်းမသူ အချောအလှကိုတွေ့ရင် စိတ်ဝင်စားမိမှာပဲလေ။ ကိုယ်တော် ချင့်တွက် စာနာပါတယ်။ နက်ဖြန်ခါတော့ အဲခေါင်က ဆင်ဖြူတော်ကျွန်းကို ပြန်သွားရလိမ့်မယ်။ အမီးနားမှာချည်း စကားတွေ ဖောင်ဖွဲ့မနေနဲ့ဦး။ ဗိသုကာကြီးကို နေပြည်တော်ခေါ်ဆောင်လာခဲ့။ ပညာကိုတော့ ခံတပ်လုပ်ဖို့ စီစဉ်၊ ဆိပ်ကမ်းလှေအဝင်အထွက်ကို စောင့်ကြည့်။ လိုအပ်



လို့ မသက်သာရင် အစစ်အမေးလုပ်။ မသွားခင်ကျုပ်ဆီဝင်လာခဲ့ပေဦး။ ခံတပ်ဆောက်ဖို့ ကုန်ကျမယ့်ဒင်္ဂါးတွေပေးလိုက်မယ်။

ကျုပ်ကတော့ နက်ဖြန်ညီလာခံဝင်ရဦးမှာမို့ မသွားလို့ မဖြစ်ဘူး။ ဒီနေ့က လပြည့်၊ ခမည်းတော်တို့ ဥပုသ်ပြုလို့ ညီလာခံမရှိဘူး။ နက်ဖြန်ညီလာခံကိုတော့ မပျက်မကွက် ဝင်ရလိမ့်မယ်။

နန်းစမုန်ရှေ့ကို ရောက်ပြီမို့ လမ်းခွဲရအောင်၊ အဲခေါင်လည်း သွားတော့၊ ကျုပ်လည်း ကျုပ်ရဲ့ အဆောင်တော်မှာ အနားယူမယ်။"

ကျွန်ုပ်နှင့် အဲခေါင်ဘုန်းတို့ လမ်းခွဲလိုက်ကြ၏။ အဲခေါင်ဘုန်းကတော့ မနက်ဖြန် အမီးနှင့်တွေ့ရမည့်အရေးကိုတွေးကာ ရင်ထဲ လှုပ်ရှားနေလေတော့၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



(၇)

အဲခေါင်ဘုန်းမှာ ဝိရိယကောင်းစွာ အိပ်ရာမှ စောစီးစွာနိုးထသည်။ ညကလည်း အမိုးစိတ်ဖြင့် ကောင်းစွာအိပ်မပျော်ခဲ့ချေ။ ဥပရာဇာထံသွားကာ ဒဂါးများကို ယူသည်။ ဆင်ဖြူတော်ကျွန်းသို့ မြင်းကို အသော့နှင်ခဲ့သည်။

ဆင်ဖြူတော်ကျွန်း ဟဏ္ဍိပါလဆိပ်ကမ်းသို့ ရောက်ရှိသောအခါ အလင်းရောင်ကောင်းစွာရနေလေပြီ။ အမိုးတို့ဆိုင်က ပိတ်ထားဆဲရှိသေးသည်။ ထို့ကြောင့် ကမ်းနဖူးမှ ရပ်၍ ပင်လယ်ပြင်ဘက်ငေးကြည့်နေသည်။ ပင်လယ်ပြင်ဘက်မှာ လှိုင်းလုံးများထကြွနေသည်ကို မြင်တွေ့နေရသည်။ ပင်လယ်ပြင်ဘက်မှ လှိုင်းသံလေသံ တဝုန်းဝုန်းကို ကြားနေရ၏။

ကုန်စည်လှေများ အဝင်အထွက် မရှိသည်ကို တွေ့ရသည်။

ဥပရာဇာအကြောင်းကို တွေးနေမိသည်။ ဥပရာဇာက စိတ်ဓာတ်ကြီးသည်။ အမြော်အမြင် ရှိသည်။ လုံ့လ ရှိသည်။ ယမန်နေ့က ဥပရာဇာပြောခဲ့သော စကားများကို တွေးကြည့်လျှင် အမှန်များချည်းဖြစ်သည်။



ဆိပ်ကမ်းထက်သို့ ရန်သူများ ဖွေးဖွေးလှုပ် တက်လာနေသယောင်မျိုး မြင်နေသည်။ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားသော လှေများအားလုံး ကုန်သည်လှေများမဟုတ်ဘဲ ရန်သူလှေများ ဖြစ်နေခဲ့ရင်။ အဘသဏ္ဍာ ပြောသလိုမျိုး အရင်က ပေါ်ပေါက်ခဲ့ဖူးတဲ့ သူရဲကောင်း အဲခေါင်ဘုန်းလို လှေဝမ်းတွေကို ဆင်းဖောက်ရမလားဟု တွေးနေသည်။

ပြီးတော့ ဆိပ်ကမ်းပေါ်တက်လာသော ရန်သူများကို တစ်ယောက်ပြီးတစ်ယောက် ပင်လယ်ပြင်ထဲသို့ ခုတ်ပိုင်းချနေမိသည်။ သူ၏ဓားမှာ သွေးများချင်းချင်းနီနေ၏။

သူ၏ပခုံးကို တစ်စုံတစ်ယောက်က လာပုတ်လိုက်သောကြောင့် သူ၏အတွေးစီးကြောများ ရပ်တန့်သွားရ၏။ သို့မဟုတ်ပါက သူ၏အတွေးထဲမှာ ရန်သူတွေကို ဆက်ပြီး ခုတ်ပိုင်းနေဦးမည်။ သူ၏ပခုံးကို ပုတ်လာသူအား ကြည့်လိုက်သောအခါ ယမန်နေ့က သေရည်ရှုန်သော နေရာကို မေးသူအား တွေ့လိုက်ရလေ၏။

"ဘာယ်နှယ်လဲ အဆွေ၊ စောစောစီးစီး ငေးလှချည်လား။"

ထိုလူက အဲခေါင်ကို မေးလိုက်လေ၏။

"အင်း ... အတွေးလွန်သွားလို့ပါ အဆွေ၊ အဆွေက ဘယ်တော့ပြန်မှာလဲ" အဲခေါင်ဘုန်းက မေးလိုက်လေ၏။

"ဟိုမှာလေ တွေ့တယ်မဟုတ်လား။ ပင်လယ်ပြင်မှာ လှိုင်းလေထန်နေတာ။ လှေတွေတောင် မငြိမ်မသက်နဲ့ လှုပ်ခုန်နေကြတယ်။ ဒီနေ့ ပြန်မလို့ပါပဲ။ လှိုင်းလေထန်နေလို့ မပြန်ဖြစ်သေးတာ၊ ရောင်းကုန်တွေကတော့ မကျန်တော့ပါဘူး။ ပြန်ဖို့ပဲ ရှိပါတော့တယ်။ အတယ်လိုများ ဒီမနက် ရေတက်နဲ့ ပြန်သွားရင် အဆွေနဲ့ တွေ့ရတော့မှာမဟုတ်ဘူး။ အခုတော့အဆွေနဲ့ ပြန်ဆုံတွေ့ရလို့ ဝမ်းသာတယ်။ ကျုပ်ရဲ့ လှေဆီလိုက်ခဲ့စမ်းပါ။ အဆွေကို တစ်ခုခုနဲ့ ဧည့်ခံပြီး စကားပြောကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက အဲခေါင်ဘုန်းကို တရင်းတနှီး ဖိတ်ခေါ်သောကြောင့် ငြင်းပယ်၍ မကောင်းသည်နှင့် ထိုသူနှင့်အတူ လိုက်ခဲ့လေ၏။

ကမ်းစပ်မှာ ရပ်ဆိုက်ထားသော လှေတစ်စီးပေါ်သို့ သူတို့ တက်လိုက်ကြသည်။ လှေကုန်းပတ်ပေါ်မှာ ထိုင်လိုက်ကြ၏။

"မေနီးရေ ပဲခြမ်းကြော်သုပ်လေး လုပ်ပြီး ယူခဲ့စမ်းပါ။ ဒီမှာ ဧည့်သည် ပါလာတယ်။"

ထိုသူက လှေပဲ့ပိုင်းသို့ လှမ်းအော်လိုက်သည်။ မကြာခင် မေနီးဆိုသူသည် ပဲခြမ်းသုပ်ကို အဲခေါင်ဘုန်းတို့ရှေ့ လာချပေးလေ၏။

"စားပါ အဆွေ၊ ဒါက ကျုပ်တို့ရဲ့ ဒေသထွက်ပဲလွှန်းကို ရှုရှုကြော်ထားတာ။"

အဲခေါင်ဘုန်းက ပဲကြွပ်ရှုကို ကောက်ဝါးလိုက်လေ၏။ မေနီးဆိုသူက အကြမ်းပူကရားနှင့် ခွက်ပါလာချပေးရာ ပဲကြွပ်ရှုသုပ်ဝါးလိုက်၊ အကြမ်းပူသောက်လိုက်ဖြင့် ခံတွင်းတွေ့နေလေ၏။

"ပဲကြွပ်ရှုလေးက ဆိမ့်လိုက်တာဗျာ။ ဒါနဲ့ အဆွေရဲ့ အမည် တောင်မသိရသေးဘူး"

အဲခေါင်ဘုန်းက မေးလိုက်လေ၏။

"ကျုပ်နာမည်က သိပ်ပြီးမလှပဘူး အဆွေ၊ ထီးလှိုင်ရှင်တဲ့။ အောက်ပြည်မရောက်ဘူးလို့ အညာကုန်တွေနဲ့ လာစမ်းရောင်းကြည့်တာ။ အရောင်းအဝယ် ကိုက်သားပဲ။"

"ထီးလှိုင်ရှင် တဲ့လား။ နာမည်က တစ်မျိုးပဲနော်၊ ဘယ်လို အဓိပ္ပာယ်များ ရှိသလဲ။"

"ဘာအဓိပ္ပာယ်ရှိမှန်းတော့ မသိဘူး။ အဓိပ္ပာယ်လည်း ရှိမှာ လည်း မဟုတ်ပါဘူး။ ကျုပ်လူမှန်းသိတတ်စကတည်းက ကျုပ်ကို အားလုံးက ထီးလှိုင်ရှင်လို့ခေါ်နေကြတာပဲ။ ဒါနဲ့ အဆွေရဲ့အမည် ကရော။"



"အင် ကျုပ်နာမည်ကလည်း ဘာကြီးမှန်းမသိပေါင်ဗျာ။ အဲခေါင်ဘုန်း တဲ့။"

"အဲခေါင်ဘုန်း ဟုတ်လား။ ဘယ်လိုအဓိပ္ပာယ်နဲ့ မှည့်ထား တာတဲ့လဲ"

"ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူး။ ခုနက အဆွေပြောခဲ့သလိုပေါ့။ ကျုပ် လူမှန်းသိတတ်စကတည်းက လူတွေအားလုံး ကျုပ်ကို အဲခေါင်ဘုန်းလို့ ခေါ်ကြတာပါပဲ။"

အဲခေါင်ဘုန်းပြောသည်ကို ထီးလှိုင်ရှင်က သဘောကျသွား သည်။ အဲခေါင်ဘုန်းကပါ လိုက်ရယ်မောလေ၏။

"အဆွေက ကျုပ်စကားကို သံယောင်လိုက်ပြီး ပြောနေတာပဲ"

"မဟုတ်ရပါဘူး ထီးလှိုင်ရှင်ရယ်။ ကျုပ်နာမည်နဲ့ ပတ်သက် ပြီး ကျုပ်က ကောင်းကောင်းကန်းကန်း ဘာမှ မသိတော့ ထီးလှိုင်ရှင် ပြောသလိုပဲ ပြန်ပြောလိုက်ရတာပါ။"

ထီးလှိုင်ရှင်ဆိုသူမှာ စကားပြောကောင်းပြီး ခင်မင်နှစ်လိုဖွယ် ရှိသည်ဟု အဲခေါင်ဘုန်း မှတ်ချက်ပြုလိုက်လေ၏။

"ဒါနဲ့ ထီးလှိုင်က သေရည်ကို အတော်ကြိုက်နှစ်သက်သလား။ အဲခေါင်ကို မနေ့က သေရည် ဘယ်မှာရနိုင်မလဲလို့ မေးခဲ့တာ မှတ်မိ သေးလား။"

အဆွေက အမှတ်သညာကြီးသားပဲ။ ဒါက ဒီလိုပါ။ သုဝဏ္ဏ ဘုမ်မှာ ထေရဝါဒဗုဒ္ဓ သာသနာထွန်းကားနေတယ်လို့ ကျုပ်ကြားထား တယ် အဲခေါင်။ သုဝဏ္ဏဘုမ်သားတွေဟာ သေရည်ကို မသောက်ကြ ဘူးတဲ့။ ဟုတ် မဟုတ်သိချင်လို့ မေးတာပါ။ သေရည်ကိုကြိုက်လို့ ရယ်လို့လည်း မဟုတ်လှပါဘူး။

ဒါနဲ့ မနေ့က ကျုပ်ပြောခဲ့တာတွေ အဲခေါင်နဲ့ သုဝဏ္ဏဘုမ် အရှင်ကို တင်လျှောက်ပြီးပြီလား။"

www.burmeseclassic.com

www.burmeseclassic.com



ထီးလှိုင်ရှင်က ကောက်ကာငင်ကာ အဲခေါင်ကို မေးလိုက်လေ၏။

"ကျုပ်ရဲ့ အရှင်ကလည်း ထီးလှိုင်ရှင်မြင်သလို မြင်ခဲ့တာပါပဲ။ ဒီဆိပ်ကမ်းမှာ အစစ်အဆေး အမေးအမြန်းနဲ့ စိစစ်မှုမရှိတာဟာ သုဝဏ္ဏဘူမိရဲ့ ရန်သူတွေအတွက် အခွင့်ကောင်းတစ်ရပ်ပဲလို့။ အဲ့ဒီအကြောင်း မနေ့က ဟောဒီ ကာလာသောကတောင်မှာ ကျုပ်နဲ့ ကျုပ်ရဲ့ အရှင်တို့ ပြောဆိုနေခဲ့ကြတယ်။"

"ဒါဆိုရင် အဲခေါင်တို့ရဲ့ အရှင်ဟာ အမြော်အမြင်ရှိတဲ့ မင်းတစ်ပါးပဲ။"

"ကျုပ်ရဲ့ အရှင်က သုဝဏ္ဏဘူမိရဲ့ မင်းတစ်ပါး မဟုတ်သေးပါဘူး။ ဥပရာဇာပါ။ ဒီနေ့ ညီလာခံမှာ စစ်ရေးစီမံချက်တွေကို ပြည့်ပြည့်စုံစုံ တင်ပြပါလိမ့်မယ်။"

"စစ်ရေးစီမံချက် ဟုတ်လားအဆွေ"

"ဟုတ်တယ်။ ကျုပ်တော့ ဒါတွေ သိပ်ပြီးနားမလည်ပေဘူး ထီးလှိုင်ရှင်၊ ကျုပ်ရဲ့ အရှင်ပဲ အလုံးစုံနားလည်တယ်။ မြို့ရိုးတံတိုင်းတို့၊ ခံတပ်မြို့တို့ အဲဒါတွေတည်ဆောက်ဖို့ ညီလာခံမှာ မင်းတရားကို တင်ပြလိမ့်မယ်။ ဥပရာဇာရဲ့ တင်ပြချက်တွေ အောင်မြင်ပါစေ။ ဥပရာဇာက ညီလာခံမှာရှိတဲ့ အမတ်ဝန်အားလုံးကို စစ်ရေးအမြင်ရှိအောင် စည်းရုံးသိမ်းသွင်းနိုင်ပါစေလို့ပဲ ဒီကနေ ကျုပ် ဆုတောင်းနေတယ်။"

အဲခေါင်ဘုန်းက လေသံဖျော့သွားလေ၏။ လှေအနီးမှာ ပတ်ဝဲပျံသန်းနေသော စင်ရော်ဖြူများကို ငေးကြည့်လိုက်သည်။ ပဲကြွပ်ကြော်အချို့ကို ပစ်ပေးလိုက်၏။ စင်ရော်ဖြူတို့က ပျံသန်းရင်း ပဲကြွပ်ကြော်များကို ထိုးသုတ်ယူငင်စားသောက်သည်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်လေ၏။

"ဘာဖြစ်လို့လဲ အဲခေါင်။"



ထီးလှိုင်ရှင်က ပြန်မေးလေ၏။

"ကျုပ်တို့ နိုင်ငံက ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားတယ်။ မင်းတရားကိုယ်တော်တိုင်ကလည်း သက်ဝင်ယုံကြည်တယ်။ စစ်ရေးထက် ဘာသာရေးကို အလေးကဲနေတယ်။ သူ့အသက်သတ်တာတို့ကို အားမပေးဘူး။ မေတ္တာတရားကိုပဲ အခြေခံထားတယ်။ မေတ္တာတရားနဲ့ဆိုရင် အရာရာဟာငြိမ်းချမ်းမယ်လို့ ယုံကြည်တယ်။ ဒီတော့ဥပုသ်တော်ဆောင်ကို မကြာခဏ ဝင်နေတော့တာပဲ။ သက်တော်လည်းရင့်အိုနေပြီဆိုတော့ စစ်ရေးထက် ဘာသာရေးကို စိတ်ဝင်စားတာလည်း မဆန်းပါဘူးလေ။ တစ်ခါတစ်ခါ ကျန်းမာရေးကလည်း ယိုယွင်းနေတယ်ဆိုတော့ တိုင်းရေးပြည်ရာကို စီရင်ခန့်ခွဲမှု အားနည်းနေတယ်။

ဘဝကူးကောင်းအောင် ဘာဝနာမှတ်ဖို့၊ သီလဆောက်တည်ဖို့၊ ဒါနပြုဖို့လောက်တွေပဲ စိတ်ထက်သန်တော့တယ်။

မင်းတရားက အဲ့ဒီလိုဖြစ်နေတော့ အမတ်ဝန်တွေကလည်း နေသာသလိုနေ၊ သက်သာသလို နေနေကြတယ်။ ကျုပ်ရဲ့ အရှင်ဥပရာဇာကို အမတ်ဝန်တွေက ခန့်ညားနေလို့၊ ဥပရာဇာက ပြည်ရေးပြည့်မှုတွေကို ပြင်းပြင်းထန်ထန် ဆောင်ရွက်နေမှုတွေကြောင့်သာ သူတို့ ခပ်ပေါ့ပေါ့ မနေဝံ့တာ။ ဥပရာဇာဟာ တစ်ခါတစ်ခါ စိတ်လိုလက်ရဖြစ်ပြီး မာန်နဲ့ စကားပြောလာတဲ့အခါ၊ စိတ်ထဲက ဆန္ဒတွေပြင်းထန်လှုပ်ရှားလာတဲ့အခါ စကားပြောရင်း ခံတွင်းက စက်ပြောင်ပြောင်တွေ၊ အလင်းတွေ လက်ပနေတတ်တယ်။ ဒါကြောင့်မို့လို့လည်း အမတ်ဝန်နဲ့ သူကြီးမြို့စားတွေက ဥပရာဇာကို ခန့်ညားကြတာ။ ဒါပေမဲ့ ဥပရာဇာဟာ သတိသိပ်ကောင်းတယ်။ မာန်တွေကြွလာပြီဆိုရင် အဲ့ဒီမာန်ကို ချိုးနှိမ်ပစ်တယ်။ မာန်ကို ပြန်လျှော့ချတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ရဲ့ခံတွင်းက ဝင်းဝင်းလက်လက်၊ ပြိုးပြိုးပြက်ပြက် ဖြစ်မှာကို မလိုလားဘူး။ အခြားသူတွေကိုလည်း အမြင်မခံဘူး။ အဲခေါင်

www.burmeseclassic.com

www.burmeseclassic.com



တောင်ဥပရာဇာနဲ့ အမြဲသွားလာနေတဲ့ အပါးတော်မြဲဖြစ်လို့သာ ဥပရာဇာ မာန်ထတဲ့အချိန်မှာ ခံတွင်းက စက်ပြောင်ပြောင် ထွက်တာကိုမြင်ဖူးတာ''

အဲခေါင်ဘုန်းမှာ စကားပြောပါများ၍ ဇာတိပြဆိုသကဲ့သို့ သူ၏ အရှင်အကြောင်း ထီးလှိုင်ရှင်ကို ပြောနေမိသလို၊ သူ၏ အပါးတော်မြဲ အဖြစ်ကိုလည်း ပြောပြလိုက်မိလေ၏။ ထီးလှိုင်ရှင်၏ ခံတွင်းမှလည်း စကားပြောလျှင် စက်ပြောင်ပြောင်ထွက်တတ်၏။ ယခု သူ့လိုပင် စက်ပြောင်ပြောင် ခံတွင်းမှထွက်တတ်သူတစ်ဦး သုဝဏ္ဏဘူမိမှာ ရှိနေကြောင်း သိရ၍ စိတ်ဝင်စားသွားလေ၏။

''အဆွေတို့ ဥပရာဇာရဲ့ အမည်က''

''မနုဟာ''

မနုဟာ ဟူသောအမည်ကို ကြားလိုက်ရသည်နှင့် ထီးလှိုင်ရှင်၏ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထသွားလေ၏။ ရင်ထဲမှာ တုန်ယင် လှုပ်ရှားသွားလေ၏။ မနုဟာဟူသောအမည်ကို မကြားဘူး၍ ရုတ်တရက်ကြားလိုက်ရသူတိုင်း ထိုသို့ပင်ဖြစ်သွားတတ်လေ၏။

''မနုဟာဆိုတော့ မနုဆိုတာ လူပဲ။ လူမင်းပေါ့''

''မင်းတရားက တစ်ခါတစ်ခါ မကုဋ္ဌလို့ခေါ်သေးတယ်။ အပြည့် အစုံက မကုဋ္ဌရာဇာတဲ့။''

''မကုဋ္ဌဆိုတာက မကိုဋ်ပဲ။ သရဖူပဲ။ မကိုဋ်သရဖူဆိုတာ မြင့်မြတ်တဲ့ အရှင်တွေရဲ့ ဦးခေါင်းတော်မှာဆောင်းရတဲ့ တန်ဆာတစ်မျိုး ပဲ အဲခေါင်။ ရာဇာဆိုတာက မင်း။ ဒီတော့ အထွဋ်အမြတ်မင်းလို့ အဓိပ္ပာယ်ရလိမ့်မယ်။''

ထီးလှိုင်ရှင်က ဥပရာဇာ၏ အမည်နာမကို ဖျူပွတ်ဖွင့်ဆိုပြနေ၏။

''အဆွေက ကုန်သည်သာ ပြောတယ်။ စာပေကျမ်းဂန်လည်း ကျွမ်းဝင်လှပေသကိုး''

အဲခေါင်ဘုန်းက ထိုသို့မေးလိုက်သောအခါ ထီးလှိုင်ရှင်မှာ သူ၏



ဇာတိသရုပ်ကို အဲခေါင်က ရိပ်ဖမ်းသိရှိသွားပြီးလားဟု စိုးရိမ်သွားသည်။ အဲခေါင်ဘုန်းမှာ အကြမ်းပူတစ်ခွက်သောက်ပြီး ပဲကြွပ်ကြော်ကို တဖြုန်းဖြုန်းကိုက်ဝါးနေပေရာ သဘောရိုးနှင့်မေးကြောင်း ခန့်မှန်းမိ သည်နှင့် ရင်ထဲမှာ စိုးရိမ်မှုတို့ လျော့ကျသွားသည်။

''ဒီလောက်လည်း မဟုတ်ပါဘူး။ ဝါသနာပါလို့ နည်းနည်း ပါးပါးလေ့လာထားတာ တီးမိခေါက်မိလောက်ရုံပါပဲ။''

ထီးလှိုင်ရှင်က စကားကို လျှောချလေသည်။

''ဒါဆိုရင် ကျုပ်တို့ဥပရာဇာရဲ့ ငယ်နာမည်တစ်လုံး ရှိသေး တယ်။ သူရိယကုမ္မာတဲ့။ သူရိယကုမ္မာ ဆိုတာကရော ဘယ်လို အဓိပ္ပာယ်ရှိသလဲ။''

''သူရိယ ဆိုတာကတော့ နေမင်းပဲ။ ကုမ္မာ ဆိုတာက မင်းသား။ ဘက်သစ်စ ထွန်းလင်းတောက်ပနေတဲ့ မင်းသားလို့ဆိုရမှာပဲ။''

''အင်း။ အခုမှပဲ ကျုပ်အရှင်ရဲ့နာမည်တွေဟာ ကျုပ်တို့ နာမည် တွေလို ပလီစီချောက်ချက်နာမည်တွေ မဟုတ်ဘဲ၊ တကယ်ကို ထူးခြားတဲ့ အမည်ပဲ။''

နှစ်ဦးသား မိုးစလင်းကတည်းက စကားကောင်းနေကြလေ၏။ အချိန်ကုန်မှန်းမသိကုန်လာသည်ကိုပင် မေ့လျော့နေကြသည်။ ပင်လယ် လေညင်းက သူတို့ကို တသုန်သုန်တိုက်ခတ်ပေးလျက်ရှိ၏။ ဒိုက်သရော များ၊ သစ်တုံးစများက ရေပြင်မှာ စီးမျောနေသည်။ အချို့က ကမ်းစပ်မှာ လာတင်လေ၏။

''အဆွေ မနေ့က ပြောခဲ့သလိုပါပဲ၊ ဒီဆိပ်ကမ်းမှာ အမေးအမြန်း အစစ်အဆေး မရှိဘူးဆိုတာလေ။ အဲ့ဒါ ဒီနေ့တော့ အမေးအမြန်း အစစ်အဆေးလေး လုပ်မလို့။''

''ဘယ်လိုစစ်ဆေးမလို့တုံး။''

''လှေတစ်စီးစီသွားပြီး စစ်ရမှာပဲ။ ဘယ်ကလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူဘယ်နှစ်ယောက်ပါသလဲ။ ဘာကုန်တွေပါသလဲ ဆိုတာကိုပေါ့။''

''အဆွေကိုတော့ ကျုပ်က အလွန်ခင်မင်ရင်းနှီးလို့ ဆရာလုပ်တာတော့ မဟုတ်ဘူး။ လှေတွေက ဝင်လိုက် ထွက်လိုက်နဲ့ အတော်များတာ၊ အမြဲတမ်း တည်ငြိမ်နေတာမဟုတ်တော့ ဒီလိုလှေ တစ်စင်းစီ လိုက်စစ်နေလို့ကတော့ တစ်နေ့လုံး စစ်လို့ပြီးမှာမဟုတ်ဘူး။

ဟောဒီဆိပ်ကမ်းမှာ ဒီနေ့ကစပြီး သုံးရက်လောက်ကြိုကြေညာထား။ ဒီဆိပ်ကမ်းကိုဝင်လာတဲ့ လှေတွေအားလုံးဟာ ဆိပ်ကမ်းကို ရောက်တာနဲ့ လှေအမျိုးအစား၊ လိုက်ပါလာတဲ့လူသူအမည်၊ တင်လာတဲ့ ကုန်အမျိုးအစား။ နေထိုင်မယ့်ရက်အပိုင်းအခြား၊ လာရောက်ခဲ့ကြတဲ့ အရပ်ဒေသတွေ သတင်းပို့ရမယ်။ သတင်းလာမပို့ရင် ရာဇဝတ်ထားမယ်။ အဲ့ဒီလို ကြေညာထားခဲ့ရင် ဝင်လာသမျှ လှေတွေဟာ မနေရဲဘူး သတင်းလာပို့ကြမယ်။ ကိုယ်တိုင် စာရင်းသွားကောက်ရတယ်ဆိုတာ သိက္ခာမရှိဘူး။ သူတို့က သတင်းလာပို့တာ ကိုယ့်အတွက် ဝင့်ထည်စေတယ်။ ဒါဆိုရင် ပင်ပန်းမှုလည်း မရှိတော့ဘူးပေါ့''

''အဆွေက ရှစ်စပ်က ဂျင်လည်ဆိုတာလို အကုန်လုံးသိနေတဲ့သူပဲ''

''သိပ်လည်း မမြှောက်ပါနဲ့အဆွေ။ အဲ့ဒီလို အပြင်၊ ကိုယ့်ကို သတင်းလာပို့တဲ့သူကို လူရိပ်လူကဲလည်း ခန့်မှန်းတတ်ရသေးတယ်။ ဒီလူဟာ ကုန်သည်ရုပ်ပေါက်ရဲ့လား။ လှေသမားရုပ်ပေါက်ရဲ့လား။ ကုန်သည်ရုပ်၊ လှေသမားရုပ်မပေါက်ရင်တော့ အကြံတစ်ခုခုနဲ့ လာတဲ့သူဖြစ်လို့ အသေအချာစစ် မေးမြန်းရမယ်။ အဲ့ဒီလိုလူမျိုးရဲ့ အဝတ်အစား အသုံးအဆောင်၊ ပြောဆိုတဲ့စကားကို လေ့လာရမယ်။ အဲ့ဒီလို လူရဲ့ လှေကိုမှ ကိုယ်တိုင်သွားစစ်ဆေးသင့်ရင် သွားစစ်ဆေးရမယ်။ အခြားနိုင်ငံက သူလျှို၊ ဒလန်တွေဖြစ်ရင်ဖြစ်နေနိုင်တယ်။''

''အင်း . . ဒါဆိုရင်တော့ အဆွေထီးလှိုင်ရှင်ဟာ သူလျှိုတစ်ဦးပဲ''



ထီးလှိုင်ရှင်က ပြုံးလိုက်သည်။ အဲခေါင်ဘုန်းဆိုသော သုဝဏ္ဏဘူမိသားမှာ တစ်ထွာပြရုံနှင့် တစ်လံမြင်အောင် ဉာဏ်ပါးသူ ဖြစ်ကြောင်း သိသွားသည်။

''ကျုပ်က သူလျှိုတစ်ဦးပဲထားပါတော့ အဆွေ၊ အဲ့ဒါကိုထား၊ ကျုပ်စကားဆက်ပြောဦးမယ်။ ဒီလို သူလျှို၊ ဒလန်အဖြစ်နဲ့သိရင် ဖမ်းချုပ်ရမယ်။ လျှို့ဝှက်ချက်တွေပေါ်အောင်စစ်မေးရမယ်။''

''ဒါဆိုရင် လျှို့ဝှက်ချက်ပေါ်ရအောင်စစ်ဖို့ ထီးလှိုင်ကို ကျုပ်ဖမ်းမယ်ဗျာ။''

အဲခေါင်ဘုန်းက ပြောလိုက်ပြန်လေ၏။

''ဖမ်းမယ်ဆိုရင်လည်း ဖမ်းပေါ့ဗျာ၊ ဟောဟိုပင်လယ်ဘက် မှာ မိုးလေတွေ ငြိမ်သက်နေပြီ။ လှေတချို့ဝင်လာနေတာကို တွေ့လား။ လှေတချို့က ဆိပ်ကမ်းက ထွက်နေကြပြီ။

ဆိပ်ကမ်းကို ဝင်လာတဲ့လှေဟာ ဘယ်ကလာတဲ့လှေလည်း ဆိုတာကိုလည်း ခန့်မှန်းတတ်ရသေးတယ်။ ဟောဟိုက ဦးထောင်နေတဲ့ ပိန်းကောလှေအမျိုးအစားက အညာလှေအမျိုးအစား။ ထုကောင်းတဲ့တန်ကေးလှေ အမျိုးအစားက အောက်ဘက်ကမ်းရိုးတန်းက လာတဲ့ လှေအမျိုးအစား။ ပိန်းကောလှေတွေမှာဆိုရင် ရေဝတ်သီး၊ ကြက်သွန်၊ ပဲ နဲ့ ဝါဂွမ်းထည် ကုန်ပစ္စည်းတွေပါလိမ့်မည်၊ တန်ကေးလှေတွေမှာတော့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ကွမ်းသီးနဲ့ ကြိမ်တို့ ပါလာလိမ့်မယ်။ တစ်ဒေသနဲ့ တစ်ဒေသထွက်ကုန်တွေ မတူကြဘူး။''

ထီးလှိုင်ရှင်ရဲ့စကားတွေက အဆင့်မြင့်တယ်။ ကုန်သည်ဝဲ့စ် ယောက်နဲ့ မတူဘူး။ စကားပြောလည်း အတော်ကောင်းပေသာပဲ။ ဒါကြောင့်မို့ ထီးလှိုင်ရှင်ကို ကျုပ်မသက်ာဘူး။ ထီးလှိုင်ရှင်ကို ကျုပ်က တကယ်ဖမ်းမှာဗျ''

ထီးလှိုင်ရှင်စကား ခေတ္တရပ်တိုင်း၊ ထီးလှိုင်ရှင်စကားတစ်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတိုင်း အဲခေါင်ဘုန်းက ထီးလှိုင်ရှင်ကို ဖမ်းဖို့သာပြောနေတော့၏။ ထီးလှိုင်ရှင်၏ စကားအရ ထောက်ချင့်ကြည့်လျှင် ထီးလှိုင်ရှင်သည် မသကာစရာ အကောင်းဆုံး လူတစ်ယောက်ဖြစ်နေလေ၏။ စစ်ဆေး၍ သူလျှိုဟုပေါ်လာလျှင်လည်း အရှင်ဥပရာဇာထံမှာ သစ္စာခံ အမှုထမ်းနိုင်းက ကောင်းလေမည်လားဟု စဉ်းစားသေ၏။

"တကယ်ဖမ်းမယ်ဆိုရင်လည်း ဖမ်းပါဗျာ။ ကျုပ်ရဲ့စကားမဆုံးသေးလို့ ဆက်နားထောင်ပါဦး။ အဲ့ဒီလိုမသကာတဲ့လှေကို သွားစစ်ဆေးတော့မယ်ဆိုရင် တစ်ယောက်တည်း သွားစစ်ဆေးလို့မရဘူး။ လက်နက်တော်ကိုင် အမှုထမ်းလေးငါးဦးပါခေါ်သွားပြီး စစ်ဆေးရတယ်။ စစ်ဆေးတဲ့နေရာမှာလည်း သတိထားရတယ်။ သူလျှိုဖြစ်နေရင် ရုတ်တရက် ဝှက်လာတဲ့လက်နက်တွေနဲ့ လုပ်ကြံကောင်းလုပ်ကြံနိုင်တယ်။"

ထိုအခါမှ ကုန်းပတ်ပေါင်းမိုးထဲမှနေ၍ လှေအတွင်းလှမ်းကြည့်လိုက်၏။ ဗလတောင့်တင်းခိုင်မာလှသောသူများကို တွေ့ရှိရ၏။ မသိမသာစိတ်တွင်းမှ ရေတွက်ကြည့်လိုက်၏။ စုစုပေါင်း ကိုးယောက်တွေ့ရှိရလေ၏။ ထီးလှိုင်ရှင်ပါဆိုလျှင် ဆယ်ယောက်ရှိသည်။ တပ်စိတ်တစ်စိတ်စာ လှေထဲရှိနေသည်ကို သူနိုင်အောင်အတော်တိုက်ယူရမည်။ မည်သို့ဖြစ်စေ သူတိုက်ခိုက်နေပြီဆိုရင်တော့ ဆင်ဖြူတော်ကျွန်းကမ်းစောင့် တပ်သားနှင့်သူကြီးတို့ ရောက်လာနိုင်လေ၏။ ကိုယ့်ပိုင်နက်နယ်မြေမှာဖြစ်သောကြောင့် ဤသို့အသာတကြည်အဖမ်းမခံဘဲ ခုခံလျှင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်ကြပေမည်။

"ဘာပဲဖြစ်ဖြစ် ထီးလှိုင်ရှင်ကိုတော့ အလွှတ်မပေးဘဲ ဖမ်းမယ်ဗျာ"

အဲခေါင်ဘုန်းက ပြောလိုက်ပြန်လေ၏။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကို အလွှတ်မပေးဘဲ ဖမ်းမယ်ဆိုရင်လည်း ဖမ်းပေါ့ဗျာ။ ကျုပ်ရဲ့စကားက မကုန်သေးဘူး။ ဘယ်လှေကပဲ ဖြစ်ဖြစ်



လှေထဲကို ကျွေးမွေးပြုစုဖို့ ဖိတ်ခေါ်ရင် မလိုက်ရဘူး။ အကောက်ကြံတဲ့သူက သူ့လှေကို ဖိတ်ခေါ်ပြီး အကောက်ကြံတာတို့ လုပ်ကြံတာတို့ လုပ်တတ်တယ်။ ကျုပ်ရဲ့စကားတွေက ကုန်ပါပြီ။ အခုကျုပ်ပြောပြတဲ့ စကားတွေဟာ အဆွေကို မြင်မြင်ချင်း မေတ္တာဓာတ်ဝင်လို့ ပြောပြခဲ့တာပါ။ အဆွေက ကျုပ်ကို ဖမ်းမယ်ဆိုရင် ဖမ်းနိုင်ပါပြီ။ ကျုပ်ကို မဖမ်းခင် ပေါင်းမိုးကထွက်ပြီး အပြင်ကို ကြည့်လိုက်ပါဦး။"

အဲခေါင်ဘုန်းက ထီးလှိုင်စကားကြောင့် ပေါင်းမိုးထဲမှ အပြင်သို့ ထွက်ကြည့်ရာ အံ့ဩထိတ်လန့်သွားလေ၏။ သူတို့၏ လှေမှာ ဟတ္ထိပါလဆိပ်ကမ်းနှင့် အတော်ဝေးဝေး ပင်လယ်ပြင်သို့ ရောက်ရှိနေပြီဖြစ်၏။ ဆင်ဖြူတော်ကျွန်းနှင့် ဟတ္ထိပါလဆိပ်ကမ်းသည်လည်းကောင်း၊ သုဝဏ္ဏဘူမိသည်လည်းကောင်း၊ ခပ်မှုန်မှုန်သာ မြင်ရလေတော့၏။ သူနှင့် ထီးလှိုင်ရှင်တို့ စကားကောင်းနေစဉ်မှာ ထီးလှိုင်ရှင်၏လူများက မည်သည့်အချိန်မှာ ကျောက်ဆူးနုတ်ပြီး ထွက်ခွာလာသည်ကို မသိပေ။

သူ၏ပခုံးကို လာပုတ်၍ ကြည့်လိုက်ရာ ထီးလှိုင်ရှင်ဖြစ်နေ၏။

"သိပ်လည်း စိုးရိမ်မနေပါနဲ့ အဲခေါင်ရယ်။ ဟောဟိုမှာ ရွက်လှေတစ်စီး တွေ့လား။ အဲ့ဒါအဆွေတို့ သုဝဏ္ဏဘူမိရဲ့ ဟတ္ထိပါလ ဆိပ်ကမ်းကို ဦးတည်သွားနေတယ်။ အဲ့ဒီရွက်လှေနဲ့ အဆွေကို ပြန်ပြီး သုဝဏ္ဏဘူမိ ဟတ္ထိပါလဆိပ်ကမ်းကိုရောက်အောင် တင်ပေးလိုက်ပါ့မယ်။"

ထီးလှိုင်ရှင်က ထိုသို့ပြောပြီးနောက် သူ၏လူများကိုလက်ရိပ်ပြလိုက်လေ၏။ လှေဦးတိုင်ထိပ်သို့ အလံဖြူတစ်ခုကို လွှင့်တင်လိုက်၏။ သူတို့၏ လှေက ဟတ္ထိပါလဆိပ်ကမ်းကိုဦးတည်နေသော လှေဆီသို့ ဦးလှည့်သွား၏။ ဟတ္ထိပါလသို့ ဦးတည်နေသော လှေကလည်း သူတို့လှေဆီသို့ ဦးတည် ရွက်လွှင့်လာလေ၏။

"လှေနှစ်စင်းမဆုံခင်၊ ကျုပ်တို့နှစ်ယောက် ရှေ့ခြာခင် စကားတွေပြောလို့ရပါသေးတယ်အဆွေ၊ နောက်ထပ်တစ်မောင်းကျော်ကျော်

www.burmeseclassic.com

www.burmeseclassic.com



လောကမှ လေ့နှစ်စင်းဆုံကြမှာမို့ အေးအေးဆေးဆေး စကားထိုင်ပြောရအောင်။''

ထီးလှိုင်ရှင်က ပြောလိုက်ရာ အဲခေါင်ဘုန်းလည်း ထိုင်ချလိုက်လေ၏။

''ကျုပ်က အဆွေရဲ့ အဖမ်းကိုခံချင်ပါတယ်။ ဒါပေမဲ့ မဖြစ်သေးဘူး။ ကျုပ်ရဲ့အကြောင်း အဆွေကို ပြောရဦးမယ်။ ကျုပ်ကို မွေးကတည်းက အမေနဲ့ပဲနေရတာ၊ အဘနဲ့ နေခဲ့ရတာမဟုတ်ဘူး။ ပြီးတော့ ကျုပ်ကို လိုက်လံသတ်ဖြတ်လို့ မထင်မရှား ပုန်းလျှိုးနေရင်း ကြီးပြင်းခဲ့ရတာ။ ကျုပ်က ပေါက္ကံရာမသားဆိုတော့ ပေါက္ကံရာမ သူရဲကောင်းတစ်ယောက်ဖြစ်ချင်လို့ ဗဟုသုတတွေလေ့လာ၊ အတိုက်အခိုက် အတတ်တွေ သင်ခဲ့တယ်။ အခုထက်ထိတော့ ရွှေနန်းတော်ကို ကျုပ်မရောက်ဖူးသေးဘူး။ ဒီကပြန်ရင် အမိကသက်နှံးစည်းပေးလိမ့်မယ်။

သုဝဏ္ဏဘူမိက ဈတ္တဆိုတဲ့ သူရဲကောင်းတစ်ဦး ကျုပ်တို့ ပေါက္ကံရာမကို ရောက်လာတာကစပြီး သုဝဏ္ဏဘူမိကို ရောက်ဖူးချင်လို့ လာခဲ့တာပါ။ သုဝဏ္ဏဘူမိက တကယ့်ကို ကြီးကျယ်ခမ်းနားပေတာပဲ။ အားလုံးက မွန်မြတ်ယဉ်ကျေးပြီး၊ ချမ်းသာကြွယ်ဝတဲ့ လူတွေလည်း ပေါများတယ်။

ကျုပ်က သူရဲကောင်းတစ်ယောက် ဖြစ်ချင်တဲ့သူဆိုတော့ သူရဲကောင်းတွေကို လေးစားတယ်။ သုဝဏ္ဏဘူမိကိုလာတာ အထောက်အလှမ်းလာတာ မဟုတ်ပါဘူး။ ကျုပ်ဆန္ဒနဲ့ကျုပ် ရောက်ဖူးချင်လို့လာခဲ့တာပဲ။ ဝေလီဝေလင်းကတည်းကပြန်တော့မလို့၊ ပင်လယ်ပြင်မှာ လေနည်းနည်းကြမ်းနေတာနဲ့ လှေမထွက်ဖြစ်တာ၊ အခု လေငြိမ်မှပဲ ထွက်တာ အဆွေကို ခင်မင်မိပေမဲ့ ပေါက္ကံရာမကို ဆောင်ယူမသွားပါဘူး။ ဥပရာဇာရဲ့ အပါးတော်မြဲဆိုတော့ တာဝန်က မသေးပေဘူး။



ကိုယ့်အရှင်ရဲ့ အသက်ကို ကိုယ့်အသက်ထက် မြတ်နိုးရမယ်။ ကိုယ့်အသက်စွန့်ပြီး ကာကွယ်ရမယ်။ အဆွေလည်း သုဝဏ္ဏဘူမိရဲ့ သူရဲကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစား၊ ကျုပ်လည်း တစ်နေ့ ပေါက္ကံရာမရဲ့ သူရဲကောင်းဖြစ်ရမယ်။ ကဲ လှေချင်းကပ်မိပြီ။

ကျုပ်က အဆွေနဲ့ အရှင်ဥပရာဇာမနုဟာလို အမြော်အမြင်ကြီးမားပြီး သုဝဏ္ဏဘူမိအတွက် မနေမနားကြိုးစားနေတဲ့သူကို ဖူးတွေ့ချင်ပါသေးတယ်။ ကိုယ်တိုင်မဖူးတွေ့ခဲ့ပေမဲ့ ကျုပ်ဒီကနေ မနုဟာအရှင်ကို ဦးခိုက်လိုက်ပါတယ်။ တကယ့်ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဦးခိုက်ပါတယ်။

တစ်ဆက်တည်းမှာပဲ အဆွေကို သတင်းတစ်ခုပေးလိုက်ရဦးမယ်။ ဟတ္ထိပါလဆိပ်ကမ်းရောက်တော့ ကျုပ်ရဲ့ လေ့လာစူးစမ်းတတ်တဲ့စိတ်ကြောင့် သိလာရတာက မကြာခင်ကာလမှာ ကျွမ်းစစ်သည်တွေ သုဝဏ္ဏဘူမိကိုလာပြီး ကျူးကျော်ကြတော့မယ်။ နယ်မြေကို လာပြီး လုယက်တိုက်ခိုက် သိမ်းပိုက်ကြတော့မယ်လို့ ကြားသိရတယ်။ အဆွေရဲ့အရှင်ကို သတိပေးပြီး ပြင်ဆင်စရာရှိတာ ပြင်ဆင်တော့။ ကျုပ်ကတော့ တိုက်ပွဲတစ်ပွဲမှ မဝင်ဖူးသေးဘူး။ ဝင်ခွင့်မရသေးဘူး။ အဆွေကတော့ ကံကောင်းရင်တိုက်ပွဲနဲ့တွေ့ရတော့မယ်။ သုဝဏ္ဏဘူမိရဲ့ သတ္တိသွေးကို ပြခွင့်ရတော့မယ်။

အဆွေလည်း ဟိုဘက်လှေကို ကူးပေတော့။

ထီးလှိုင်ရှင်က ပြောလိုက်၏။

''အဆွေပြောသလို ကျုပ်ဟာ ထက်မြက်တဲ့ သုဝဏ္ဏဘူမိ သူရဲကောင်းတစ်ဦး ဖြစ်ရပါစေမယ်။''

အဲခေါင်ဘုန်းက ထိုသို့ပြောဆိုပြီး တစ်ဖက်လှေသို့ ခုန်ကူးသွား၏။ ထိုသို့ အဲခေါင်ဘုန်း တစ်ဖက်လှေသို့ရောက်သောအခါ၊ ပူးကပ်နေသောလှေနှစ်စီးပြန်ခွာထွက်လေ၏။ ကိုယ်စွမ်းမည့်လမ်းကြောင်းအား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြန်ဦးတည်ကာ ထွက်ခွာလေ၏။ ထီးလှိုင်ရှင်နှင့် အဲခေါင်ဘုန်းတို့သည် တစ်ယောက်ကို တစ်ယောက်မမြင်ရသည်အထိ လက်ပြနှုတ်ဆက်မိကြလေ၏။

"ထီးလှိုင်ရှင်

သင့်ဆီက ကျုပ် အသိပညာတွေ အများကြီးရလိုက်ပါပေရဲ့။ ကျုပ်တို့သုဝဏ္ဏဘူမိမြေကို ကျွမ်းတွေပဲဖြစ်ဖြစ်၊ ယွန်းတွေပဲဖြစ်ဖြစ် လာစမ်းပလေ့စေ၊ ကျုပ်သုဝဏ္ဏဘူမိရဲ့ ရဲသွေးကိုပြပြီး အနိုင်တိုက်ထုတ်ပါ့မယ် ထီးလှိုင်ရှင်ရယ်"

အဲခေါင်ဘုန်းက စိတ်ထဲမှ ရေရွတ်ပြောဆိုနေမိလေတော့၏။

[ဗျတ်ဝိနှင့် ဗျတ္တသည် မနုဟာမင်းလက်ထက်၌ ပေါ်ပေါက်ကြသူများမဟုတ်ပါ။ မနုဟာမင်းမတိုင်မီ ဥဒိန္နရာဇာမင်းဖြစ်ပြီး ထို ဥဒိန္နရာဇာမင်းမတိုင်မီ အစိန္နရာဇာမင်းလက်ထက်တွင် စတင်ပေါ်ပေါက်ခဲ့သူများဖြစ်သည်။ ဇော်ဂျီဖိုဝင်သားစားပြီး သိဒ္ဓိအစွမ်းရှိလာသူများဖြစ်သည်။ ဗျတ်ဝိအသတ်ခံရပြီး ဗျတ္တမှာ ပေါက္ကံရာမ ပုဂံပြည်သို့ရောက်ကာ မနုဟာနှင့် အနော်ရထာတို့ လက်ထက်ထိ အသက်ရှင်နေသေးသည်။ ကျွမ်းညွှန်း၊ ။ မောင်ကြည်ပန်း (မြင်းကပါ)၏ မွန်ဗမာတို့၏ မနုဟာစာအုပ်စာမျက်နှာ (၇၀)]

← ← ←



(၆)

ညီလာခံသို့ရောက်ရမည်ဖြစ်သောကြောင့် မနုဟာသည် အိမ်တော်မှ စထွက်လာကတည်းကပင် ဗုဒ္ဓါနုဿတိဂုဏ်တော်ကို ရွတ်ဖွားလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ညီလာခံမှာ ခမည်းတော်ကို ဦးခိုက်ရမည်။ ခမည်းတော်က အသက်တော်ကြီး၍ ကျန်းမာရေးအတော်ယိုယွင်းနေလေပြီ။ တိုင်းရေးပြည်ရာများကို ကောင်းကောင်းစိတ်မဝင်စားတော့ပဲ ဓမ္မသံဝေလမ်းကို လျှောက်နေပေပြီ။ ခမည်းတော်ကို စိတ်အနှောင့်အယှက် မဖြစ်စေလိုတော့ပေ။ ခမည်းတော်၏ သဏ္ဌာန်မှာ မာန်မာနများကင်းစင်နေပြီး မေတ္တာဓာတ်များဖြင့် ပြည့်ဝနေပေပြီ။

ခွင့်လွှတ်သည်းခံခြင်းတရားများက ခမည်းတော်မှာ ကိန်းဝပ်နေလေပြီ။ မနေ့က လပြည့်နေ့ ဖြစ်သည်။ လပြည့်နေ့ဆိုလျှင် သုဝဏ္ဏဘူမိပြည်သူများ ဘုရားသွား ကျောင်းတက်ကြသောနေ့ ဖြစ်သည်။ ဆရာတော်များ၏ ဩဝါဒဓမ္မဒေသနာကို နာကြားသောနေ့ဖြစ်သည်။

ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်အားလုံးလည်းဥပုသ်ဆောင်ဝင်ကြရသည်။ အရှင်ဓမ္မဒဿီက နန်းဆောင်သို့ ကြွတော်မူပြီး ဓမ္မအမြိုက်တိုက်ကျွေးလေ့ရှိသည်။ ခန္ဓာအာယတနတရားကို ခွဲခြမ်းစိတ်ဖြာ ရှင်းပြတော်မူသည်။ ရုပ်နာမ် ဓမ္မသင်္ခါရတို့၏ သဘောကို ဟောကြားပေးတော်မူသည်။ တစ်ခါတစ်ရံမှာလည်း ပါနှင့်သီလကထာတို့ကို မိန့်ကြားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က သူသည် ခမည်းတော်တို့နှင့်အတူ ဥပုသ်ဆောင်မဝင်ခဲ့ရသကဲ့သို့ ဒီလပြည့်မှာ အရှင်ဓမ္မဒဿီက မည်သည့်တရားတော်ဟောကြားသွားသည်ကို မသိရှိရပေ။ ဖခမည်းတော်ကျန်းမာရေးယိုယွင်းလာနေ၍ တိုင်းရေးပြည်ရာအဝဝက သူ၏ခေါင်းပေါ်မှာ ပုံကျနေခဲ့သည့်မို့ တစ်ခါတစ်ရံ ဤသို့ ဥပုသ်ပြုရန် သူပျက်ကွက်တတ်သည်။ ညီတော် အနိမိတ္တကတော့ ဥပုသ်ဝတ် မပျက်ချေ။ ဥပုသ်ဝတ်ပျက်ကွက်ခြင်းအတွက် ခမည်းတော်က သူ့ကို ဆူပူလိမ့်ဦးမည်ကို သိသည်။

ခမည်းတော် ကျန်းမာရေးကောင်းစဉ်ကဆိုလျှင် သူအခုလို ဥပုသ်ဝတ်ပျက်ကွက်ခဲ့သဖြင့် သူ့ကို အကျဉ်းတိုက်ထဲပင် ချထားဖူးသည်။ ခမည်းတော်က ဘာသာရေးကို လွန်စွာကိုင်းရှိုင်းသည်။ လပြည့် လကွယ် ဥပုသ်ကို မည်သူ့အားမျှ အပျက်မခံတတ်ပေ။ လပြည့် လကွယ် ဥပုသ်မှာ ဆရာတော်များဟောကြားတော်မူသော တရားများကို နောက်နေ့မှာ ပြန်မေးလေ့ ရှိသည်။

ထို့ကြောင့် ဆရာတော်များတရားဟောတော်မူလျှင် အမတ်ဝန်တွေကအစ တစ်လုံးမကျန် ရှိသေလေးစားစွာ နာကြားမှတ်သားရသည်။ မနေ့က အရှင်ဓမ္မဒဿီဟောကြားခဲ့သောတရားများကို သီရိမာထံမှ ပြန်လည်မေးမြန်းနာကြားရပေဦးမည်။ မနေ့တုန်းကတော့ ဆင်ဖြူတော်ကျွန်းကအပြန် မိုးချုပ်သွားသည်ကတစ်ကြောင်း၊ ခရီးပင်ပန်းလာသည်က တစ်ကြောင်းကြောင့် စောစော စက်ရာဝင်ခဲ့၍ သီရိမာထံမှ ပြန်လည်တရားမနာရသေးပေ။ ဥပုသ်ဝတ်ပျက်သော်လည်း ထိုသို့ တရားနာကြားခဲ့ရသူတစ်စုံတစ်ယောက်ကို ဟောကြားခဲ့သောတရားများ ပြန်လည်မေးမြန်းပြီး ညီလာခံဝင်သောအခါ ခမည်းတော်က မေးမြန်း၍ ပြန်လည်ဖြေကြား လျှောက်တင်နိုင်လျှင် ခမည်းတော်၏ စိတ်တော်များ ပြေသွားတတ်စမြဲဖြစ်သည်။

ယခုတော့ သားတော်များ သူတို့၏ ကြင်ယာသီရိတို့နှင့်အတူ



ရွှေနန်းတော်သို့ အခစားသာထွက်လာခဲ့သည် မနေ့ကတရားတော်များကို တစ်လုံးမျှမသိပေ။

ရွှေနန်းတော်၏ နဝရတ်ဆောင်ညီလာခံရာ မဟောသဓ ရင်ပြင်သို့ရောက်ပြီး သင့်ရာနေရာ၌ ဝင်ရောက်နေရာယူလိုက်သည်။ ညီတော် အနိမိတ္တနှင့်တကွ အမတ်ဝန်တို့လည်း စုံညီနေပြီ။

ခမည်းတော်ကို အတွင်းတော်သားနှစ်ပါးက တွဲဆောင်လာပြီး သီဟာသနပလ္လင်ထက်မှာ ထိုင်စေတော်မူသည်။ မယ်တော်ကတော့ နတ်ရွာစံ ကံကုန်ခဲ့လေပြီ။ ခမည်းတော်ကို ကြည့်လိုက်သောအခါ အသားအရည်များ ပိန်ချုံးတွန့်ရှုံ့၍ အကြောများယှက်ဖြာနေကာ ဇရာ၏ ဖိစီးမှုဒဏ် ခံစားနေရသည်ကို သံဝေဂရဖွယ်ရာ ဖူးမြင်ရသည်။

မဟောသဓ ရင်ပြင်မှာ အသံများတိတ်ဆိတ်လျက် အားလုံးငြိမ်သက်နေကြသည်။

ဥဒိန္နရာဇာ၏ အကြည့်က မနုဟာထံသို့ ဦးစွာရောက်ရှိလာသည်။

“သားတော်ကြီး မကုဋ”

“ခစားလျက်ပါ ခမည်းတော်ဘုရား”

“မနေ့က ဥပုသ်ပြုရာ ပေါ်မလာခဲ့ဘူး။ အားလုံးစုံစုံညီညီ ဥပုသ်တော်ပြု ကောင်းမှုယူကြတဲ့အချိန်မှာ မကုဋက ဘယ်ကိုရောက်နေတာလဲ။

ဥဒိန္နရာဇာက မနုဟာထင်ထားသည့်အတိုင်း အမေးပြုလာလေပြီ။

“မနေ့က ဆင်ဖြူတော်ကျွန်းကို အလောတကြီးထွက်သွားပြီး အရေးအရာတွေ စီမံလို့ ဥပုသ်ဝတ်ကို မပြုခဲ့နိုင်တာပါ ခမည်းတော်ဘုရား။”

“ဆင်ဖြူတော်ကျွန်းက အတော်ဝေးလံတာ။ ဘာပဲဖြစ်ဖြစ်ပေါ့ မကုဋရယ်။ လပြည့်ဥပုသ်ပြုတဲ့ရက်ကိုတော့ မပျက်စေချင်ဘူး။ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏဘူမိရဲ့ အစဉ်အလာ။ ဒီအစဉ်အလာကို ဆက်လက်ထိန်းစောင့်သွားရပေမယ်။

ဒီလိုရက်မှာ သားကြီးငါးကြီးသတ်ဖြတ်တာလည်းမရှိစေရဘူး။ သုဝဏ္ဏဘူမိတစ်ဝန်းလုံး ဒီနေ့မှာ သူ့အသက် မသတ်ဖို့ အမိန့်အာဏာနဲ့ တားမြစ်ထားတယ် မဟုတ်လား။"

ခမည်းတော်၏ လက်ထက်မှာ သုဝဏ္ဏဘူမိက အေးချမ်းသာယာနေသည်။ အဖျက်ရန်သူကာ မရှိ။

ခမည်းတော်၏စကားကြောင့် အားလုံး၏အကြည့်က မနုဟာထံသို့ ရောက်ရှိသွားကြသည်။ မနုဟာကတော့ ခမည်းတော်၏ နှုတ်ထွက်စကားများကိုသာ စောင့်မျှော်နားထောင်နေ၏။ လျှောက်ထားစရာစကားများရှိသည်ကိုပင် မလျှောက်ထားတော့ပဲ မျိုသိပ်ထားလိုက်ရသည်။ ခမည်းတော်အား ပြည်သူ့ရေးရာတို့နှင့် စိတ်မရှုပ်ထွေးစေချင်ပေ။ ညီလာခံကိုပင် သီဟာသနပလ္လင်မှာ ကြာကြာထိုင်၍ ပြုလုပ်နိုင်ခြင်း မရှိတော့ပေ။

"အမှုးအမတ်များက တိုင်းပြည်ရဲ့ အခြေအနေ အရပ်ရပ်ကို တင်လျှောက်စေ။"

ကျွန်ုပ်ကို အပြစ်တင်နေရာမှ ခမည်းတော်၏စကားက မှူးမတ်များဘက်လှည့်သွားလေသည်။

"အထွေအထူး လျှောက်တင်စရာ မရှိပါ။ အရှင်ရဲ့ဘုန်းတော်ကြောင့် သုဝဏ္ဏဘူမိမှာ ရန်သူအနှောင့်အယှက် မရှိ။ နိုးသားစားပြုလည်းကင်းပြီး မနေ့ကဆိုရင် ဘုရားကျောင်းကန်တွေမှာ တရားသံတွေနဲ့ သာယာစည်ပင်လျက် ရှိကြောင်းပါဘုရား"

လွှတ်တော်ဝန်ချုပ်က ခမည်းတော်နားဆံစိတ်ချမ်းမြေ့စရာအကြောင်းကို ရွေးချယ်ကာ လျှောက်တင်လိုက်၏။ ခမည်းတော်၏ မျက်နှာပြုံးရွှင်သွားသည်။



"မကာ့ရှုက တယ်လည်းမာနကြီးတယ်။ မာန်လေးတွေကိုချိုးပြီး မွေရဲ့ ချမ်းသာကို သိဖို့ ဥပုသ်ရက်ရှည်လေးယူသင့်တယ်။ သာသနာတော်စည်ပင်ထွန်းလင်းနေတဲ့ သုဝဏ္ဏဘူမိမှာ ဘယ်လိုအနှောင့်အယှက်မျိုးမှ မပေါ်ပေါက်လာနိုင်ပါဘူး။ မေတ္တာတရားရဲ့အောက်မှာ ရန်သူဆိုတာ ပြားပြားမှောက်ရတာပါပဲ။ အပူနဲ့အအေးမှာ အပူကိုချည်း ရှာမနေနဲ့ မကာ့ရှု၊ အအေးကိုလည်း ရှာဦးတော့။ မနေ့က အရှင်မြတ်ဟောကြားသွားတဲ့တရားတော်က ကောင်းမြတ်လိုက်လေ။ သီရိမှာ ပြန်ပြီးမေးမြန်းပြီး သိအောင်လုပ်ထား မကာ့ရှု၊ မကာ့ရှု ရင်ထဲက မီးတွေ ဒီတော့မှ ငြိမ်းအေးမှာ။ အထွေအထူးလျှောက်တင်စရာမရှိရင် ညီလာခံ စဲမယ်။"

"မှန်လှပါဘုရား။" ညီလာခံက ဘယ်လောက်မှလည်း မကြာ။ ခမည်းတော်က ညီလာခံမှာကြာရှည်မထိုင်နိုင်တော့ပေ။

"မကာ့ရှုက ညီလာခံကိုဆက်ပြုစေ။ ကိုယ်တော်က အတွင်းဆောင်ပြန်လည် ကြွမြန်းပြီး အနားယူရပေမယ်။ အခုတစ်လော ကျန်းမာရေးက သိသိသာသာကို ကျဆင်းလာတယ်။ သားတော် သမီးတော်နဲ့ ကျုပ်ရဲ့ မှူးမတ်ဝန်တွေကို အစုံအညီတွေ့ချင်လို့သာ ညီလာခံကို ခေတ္တကြွရောက်လာတာ၊ ကိုယ်လက်တွေ ညောင်းညာလှတယ်။ ဗုဒ္ဓအာရုံနဲ့ပဲ နေချင်တော့တယ်။ ဩော် ... ဇရာဆိုတဲ့ဒုက္ခဟာ တယ်လည်း ကြီးမားပါလားနော်။"

ခမည်းတော်အဆောင်တွင်း ဝင်တော့မည်ဆိုသောအခါ မနုဟာနှင့် ညီတော် အနိမိတ္တတို့က သွားရောက်၍ ဘေးမှတွဲကူလိုက်ကြသည်။ ခမည်းတော်ကို အဆောင်တော်တွင်း ပို့သည်။ သလွန်မှာ လဲလျောင်းစေသည်။ ခမည်းတော်မှာ သလွန်မှာ လဲလျောင်းမိသည်နှင့် မည်သည့်စကားမျှ မဆိုတော့ဘဲ မွေသညာကို အမှတ်သတိနှင့် ရှိနေတော့သည်။ မနုဟာက ခြုံလွှာတော်ကို ခမည်းတော်အား လွှမ်းခြုံပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကဆိုလျှင် ခမည်းတော်သည် ညီလာခံကို အချိန်အတော်ကြာစွာ ကျင်းပသည်။ ဘာသာရေး၊ သာသနာရေး၊ တိုင်းရေးပြည်ရာအဝဝတို့ကို စေ့စုံစွာ မေးမြန်းစီရင်သည်။ သူ့အား ညီလာခံကို တစ်ခါမျှ မလွှဲအပ်ဖူးပေ။ ယခုညီလာခံကို ဆက်လုပ်ရန် သူ့အား လွှဲအပ်သည် ဆိုကတည်းက ခမည်းတော်၏ အခြေအနေမှာ သိပ်မကောင်းတော့ကြောင်း မနုဟာ ရိပ်မိ သိရှိနေသည်။

အတွင်းမှာခံစားနေရသော ဝေဒနာကို မည်သူ့ကိုမျှ ထုတ်မပြောဘဲ ညီလာခံသို့ ရောက်ဖြစ်အောင် ခေတ္တလာလိုက်သေး၏။ ခမည်းတော် အေးအေးဆေးဆေး အနားယူနေသောကြောင့် အသံမပြုဘဲ အိပ်တော်ဆောင်မှ ညီနောင်နှစ်ပါး ထွက်ခဲ့လေ၏။

အိပ်ဆောင်အပြင်သို့ ရောက်သောအခါ ခမည်းတော်၏ အခြေအနေကို သမားတော်ကြီးအား တိုးတိုးမေးမိသည်။ သမားတော်ကြီးက သွေးအား အလွန်နည်းနေပြီဖြစ်ကြောင်း ပြောလေ၏။

မနုဟာသည် ညီလာခံတက်ရောက်ကြသူများ မဟောသဓရင်ပြင်မှာ ထားရှိခဲ့ရ၍ သူ့ကိုစောင့်မျှော်နေကြမည်ဖြစ်သောကြောင့် ညီတော်အနိမိတ္တနှင့်အတူ မဟောသဓရင်ပြင်သို့ လာခဲ့ကြလေ၏။

ဤနေ့ညီလာခံသည် ဖခမည်းတော်၏ကိုယ်စား ပထမဆုံး သူဦးဆောင်ကျင်းပရမည့် ညီလာခံဖြစ်လေ၏။ ပထမအကြိမ် ဖြစ်သောကြောင့် အမှုတော်ထမ်းများနှင့် အတွင်းသားများကို စိတ်ပင်ပန်းလွန်းသည်အထိ မေးမြန်းစစ်ကြောခြင်းကို မပြုရန် ဆုံးဖြတ်ထား၏။ နောက်ပိုင်းမှ သူပြုလုပ်ချင်သော သုဝဏ္ဏဘူမိ၊ သူဖန်တီးချင်သော သုဝဏ္ဏဘူမိ၏ ပုံသဏ္ဍာန်နှင့် ပုံစံထဲရောက်အောင်ဆွဲယူမည်ဟု တွေးလေ၏။ လောလောဆယ်တော့ မြို့ရိုး ကျုံးမြောင်းကိစ္စကို ပြောဆိုစီစဉ်တာဝန် ပေးရပေမည်။

ယခင်ရှိခဲ့သော မြို့ရိုး ကျုံးမြောင်းများမှာ ပြိုပျက်နေလေပြီ။



ပြင်ဆင်သင့်သောနေရာကို ပြင်ဆင်ကာ အသစ်ထပ်မံတည်လုပ်ရမည့်နေရာတို့ကို တည်လုပ်ရမည် ဖြစ်လေ၏။ အသေးစိတ်ကိုတော့ နောက်မှပင် ရှင်းလင်းမိန့်ကြားရပေမည်။

ညီလာခံရာ မဟောသဓရင်ပြင်သို့ရောက်သောအခါ အားလုံးက ကျွန်ုပ်ပြောဆိုမည့်စကားများကို ငံ့လင့်နေကြလေ၏။ ကျွန်ုပ်က ညီလာခံအတွင်းရှိ ပရိသတ်များကို ဝေ့ကြည့်လိုက်၏။

မင်းတိုင်ပင်အမတ်နဲ့ လွှတ်ရုံးအမတ်ကြီးတို့က သုဝဏ္ဏဘူမိရဲ့ အစဉ်အဆက် ကာလရှည်လျားစွာ ဖြစ်ပျက်ပြောင်းလဲမှုအစုစုကို စေ့ငြိုငုံမိအောင် အထောက်အထား အချက်အလက် အနိုင်အမာနဲ့ တင်ပြနိုင်အောင် စုဆောင်းပြုစုထားကြပါ။ သုဝဏ္ဏဘူမိရဲ့ အတိတ်ဟောင်း နိမိတ်ဟောင်းထုံးတွေကို ကျုပ်သိချင်တယ်။ သင့်ရာညီလာခံမှာဖြစ်ဖြစ်၊ ကြုံကြိုက်တဲ့ တစ်ချိန်ချိန်မှာ ကျွန်ုပ်က မေးမြန်းရင် ဖြေကြားနိုင်အောင် အဆင်သင့် ရှိစေရမယ်။''

ကျွန်ုပ်၏ မိန့်ကြားချက်ကြောင့်မင်းတိုင်ပင်အမတ်နှင့် လွှတ်ရုံးအမတ်ကြီးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

ပြည်ထဲရေးဝန်ကလည်း သုဝဏ္ဏဘူမိ အတွင်းနေပြည်သူတွေ၊ အိုးအိမ်တွေကို စနစ်တကျ စစ်တမ်းပြုထားပေ။ အသည်သား၊ ဝိသုကာ၊ ပန်းရံ၊ ပန်းချီ၊ ပန်းတော့၊ ပန်းတမော့ ပညာရှင်နဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေကို စာရင်းအင်းနှင့်ထား။ ကုန်သည်၊ လယ်လုပ်က အစ စာရင်းကောက်။ အမှုတော်ထမ်းတွေရဲ့ အရာအထူးနဲ့တကွ ပြည့်ပြည့်စုံစုံ စာရင်းပြုစုထားစေရမယ်။

ကျွန်ုပ်က ပြည်ထဲရေးဝန်ဘက်သို့ တစ်ဖန်လှည့်၍ ပြောဆိုလိုက်ပြန်လေ၏။ ပြည်ထဲရေးဝန်မှာလည်း အလုပ်ပိုရန်ကောဟူသော မျက်နှာအမူအရာ ဖြစ်ပေါ်သွားသည်ကို အကဲခတ်မိလေ၏။

ယခင်ကဆိုလျှင် ဤကိစ္စများသည် ကျွန်ုပ်နှင့် သက်ဆိုင်လှပေ။

www.burmeseclassic.com

www.burmeseclassic.com



ဥပရာဇာတစ်ပါးအဖို့ ခမည်းတော်စီမံခန့်ခွဲတာဝန်ပေးသမျှသာ စီရင်ဆောင်ရွက်ရလေ၏။ ယခုအခါ ခမည်းတော်အစား ကျွန်ုပ်က သုဝဏ္ဏဘူမိ၏ အခြေအနေမှန် အရပ်ရပ်ကို သိရှိထားဖို့လိုအပ်လေ၏။ ရှေးမင်းအဆက်ဆက်တို့၏ စီရင်ထုံးများကိုလည်း သိရှိထားဖို့လိုအပ်လေ၏။ ရှေးမင်းအဆက်ဆက်တို့၏ စီရင်ထုံးများကိုလည်း သိရှိရမည်ဖြစ်လေ၏။

ထို့ကြောင့် ဆိုင်ရာအမတ်ဝန်တို့ကို မိမိတို့နှင့်သက်ဆိုင်သော အကြောင်းအရာများကို ပြုစုခိုင်းရခြင်းဖြစ်လေ၏။ ထိုအပေါ်မှာ ကြည့်ပြီး ကျွန်ုပ်သည် သုဝဏ္ဏဘူမိအတွက် လိုအပ်သမျှကိုဖြည့်စွက်လုပ်ဆောင်ခြင်းနှင့် မလိုအပ်သည်တို့ကို နုတ်ပယ်ခြင်းပြုနိုင်လိမ့်မည်ဖြစ်လေ၏။ သို့မှလည်း သုဝဏ္ဏဘူမိကို ဘယ်လိုရှေ့ဆက်မလဲဆိုသည်ကို ကျွန်ုပ်သုံးသပ် ဆင်ခြင်နိုင်မည်ဖြစ်လေ၏။

“တပ်မှူးချုပ် သမိန်ထောရာမ ဗိုလ်အကြပ်တစ်သား ဆင်လုံးမြင်းရင်းတွေကို အသေအချာပြုစုပြီး အမြန်ဆုံး ကျွန်ုပ်ကို တင်ပြပေးပါ”

ကျွန်ုပ်သည် အသီးသီးတာဝန်ပေးပြီးနောက် ညီလာခံကို စဲလိုက်လေ၏။ ကျွန်ုပ်၏ စိတ်ထဲမှာ သုဝဏ္ဏဘူမိ၏ အနာဂတ်အရေးက အမြဲတမ်းကြီးစိုးနေကာ သုဝဏ္ဏဘူမိကို ဘယ်လိုရှေ့ဆက်မလဲဟူသာ ကြီးစိုးနေလေ၏။ ဤကြားထဲ ကျွန်ုပ်သည် ဆင်ဖြူတော်ကျွန်းသို့ လွှတ်ကာ ဗိသုကာကြီးသဏ္ဍအားခေါ်ဆောင်လာရန် စေခိုင်းလိုက်သော အဲခေါင်ဘုန်းကို မျှော်နေမိလေ၏။

ကျွန်ုပ်သည် ကျွမ်းများ သုဝဏ္ဏဘူမိသို့ အနေးအမြန် ရောက်ရှိလာနိုင်သည်ကို ကြိုတင်သိရှိနေခဲ့၏။ ခမည်းတော်မင်းတရားကမူ ဤအကြောင်းကို မသိရှိပေ။ ခမည်းတော်ကိုလည်း အသိမပေးသင့်တော့ပေ။ ကျွမ်းများကို ရင်ဆိုင်နိုင်ဖို့ ကျွန်ုပ်အမြန်ဆုံး လှုပ်ရှားပြင်ဆင်ရပေမည်။

ညီလာခံမှာ ကျွန်ုပ်မိန့်ကြားလိုက်သောစကားကြောင့် ညီလာခံ



အပြီးမှာ တစ်ယောက်တစ်ပေါက် ဆူညံပွက်လောရိုက်သွားလေ၏။ ကျွန်ုပ်က သူတို့အား အမှန်တကယ်လိုအပ်၍ စေခိုင်းသည်ကို အလုပ်ပိုသည်ဟုညည်းတွားသူတို့က ညည်းတွားကြသကဲ့သို့၊ ထက်မြက်၍ အရာရာစေ့စပ်သေချာသည်ဟုဆိုကာ ကျွန်ုပ်ကို ထောက်ခံပြောဆိုကြသူတို့ကလည်း ပြောဆိုကြလေ၏။

မည်သို့ဆိုစေ သုဝဏ္ဏဘူမိသည် ကျွန်ုပ်၏ လက်ထဲမှာရှိနေ၏။ သုဝဏ္ဏဘူမိ၏ ကံကြမ္မာသည် ကျွန်ုပ်၏ အရည်အသွေး အစွမ်းအစနှင့် ကျွန်ုပ်၏ ဦးဆောင်မှုအောက်မှာ တည်ရှိနေ၏။

သုဝဏ္ဏဘူမိသားတို့သည် စစ်ဟူသော အသံကို မကြားဘူးကြပေ။ စစ်၏အနိဋ္ဌာရုံကို မကြုံတွေ့ဘူးကြပေ။ အေးချမ်းသာယာစွာနေခဲ့ကြရလေ၏။ ဘုရားသွားကျောင်းတက်ဖြင့် စိတ်နှလုံးများ သိမ်မွေ့နူးညံ့နေကြလေ၏။ အဘိုးအဘွားများသည်ပင် စစ်ကို မကြုံတွေ့ဘူးကြ၍ သူတို့၏ သားသမီးမြေးမြစ်များကို စစ်နှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မပြောဆိုဘူးကြပေ။ သုဝဏ္ဏဘူမိမင်းအဆက်ဆက် အေးချမ်းသာယာပုံနှင့် ကြီးကျယ်ခမ်းနားပုံတို့ကိုသာ ပြောဆိုနေကြလေ၏။

+ + +

www.burmeseclassic.com

www.burmeseclassic.com



(၇)

ဗညားက ဆိုက်ကပ်ထားသောလှေတစ်စီးဆီသို့ သူတို့၏ ဆိုင်မှာဝယ်ယူထားသော အနုပညာပစ္စည်းများကို ထမ်းပို့လေ၏။ ထို စဉ် လှေတစ်စီးက ဆိုက်ကပ်လာလေ၏။ ထိုလှေမှ အဲခေါင်ဘုန်း ဆင်းလာ၏။ ဗညားက အဲခေါင်ဘုန်းကို ကောင်းစွာမှတ်မိ၏။ ပစ္စည်း အထုပ်အပိုးထမ်းလျက်ဖြင့် ဗညားက အဲခေါင်ဘုန်းဆီ ပြေးသွား၏။

"နောင်အဲခေါင်"

ဗညားက ခေါ်လိုက်သောကြောင့် အဲခေါင်ဘုန်းကြည့်လိုက်ရာ ဗညားကိုမြင်သွားလေ၏။ ထို့ကြောင့်ပြုံးပြကာ ဗညားဆီသို့ လျှောက် လာခဲ့လေ၏။

"ဗညားက အထုပ်အပိုးတွေနဲ့ပါလား။ ခရီးထွက်မလို့နဲ့ တူတယ်။"

အဲခေါင်ဘုန်းက မေးလိုက်လေ၏။

"ဟောဒီနားက လှေဆီကို မှာထားတဲ့ ပစ္စည်းလေးတွေ သွားပို့ မလို့ပါ။"

"ဒါဆိုရင် အစ်ကိုထမ်းသွားပြီးပို့မယ် လာ။"



ဗညားလက်ထဲမှ အထုပ်ကို အဲခေါင်ဘုန်းပြောင်းယူပြီး ပစ္စည်း မှာထားသော လှေဆီသို့ နှစ်ယောက်အတူ သွားကြသည်။ ပို့ရင်းနှင့် ထိုလှေကိုလည်း အကဲခတ်ကြည့်ခဲ့သည်။ လှေတွင်းသား မည်မျှရှိ သည်ကိုလည်း လေ့လာခဲ့သည်။ ထီးလှိုင်ရှင်လို ကုန်သည်စစ်စစ် ဟုတ် မဟုတ်၊ သိလို၍ ဖြစ်သည်။ ထီးလှိုင်ရှင်က သူ့ကို ပညာအများကြီးသင် ကြားပေးခဲ့သွားပြီးဖြစ်သည်။ သင်ခန်းစာ အတော်ရရှိခဲ့ပြီဖြစ်လေသည်။

ထိုလှေမှ ပြန်ထွက်လာကြသည်။

"ကိုအဲခေါင် မနေ့က နေပြည်တော်ကို ပြန်သွားတာ မဟုတ် လား။ အခုဘယ့်နှယ် ပင်လယ်ဘက်ကလာတဲ့ လှေတစ်စီးနဲ့ ပါလာ ရတာလဲ။ အဲ့ဒီလှေကလည်း သုဝဏ္ဏဘူမိကလှေလည်း မဟုတ်ဘူး။ အလွန်ဝေးလံတဲ့ အရပ်ကလှေ။ ဗညားတော့ မျက်စိလည်နေပြီ။"

အဲခေါင်ဘုန်းမှာ နံနက်အစောကတည်းက ဤဆင်ဖြူတော် ကျွန်းသို့ရောက်ရှိနေပြီး နောက်ထပ်ဖြစ်ပျက်သွားသော အဖြစ်အပျက် များအား ဗညားကိုပြောပြရန် ရက်နေသည်။

"ဒီလိုပါကွာ။ အစ်ကိုက ဗညားတို့ ဆိုင်မဖွင့်ခင်ကတည်းက ဒီကိုရောက်နေတယ်။ ပင်လယ်ထဲမရောက်ဘူးလို့ ဒီကထွက်တဲ့ လှေ တစ်စီးနဲ့ လိုက်သွားတယ်။ ပင်လယ်ထဲရောက်တော့ ဒီကိုပြန်လာတဲ့ လှေတစ်စီးနဲ့ ပြန်လိုက်လာခဲ့တယ်။ အဲ့ဒါပါပဲ။"

ဗညားက အဲခေါင်ဘုန်းပြောသော စကားကို ယုံကြည်သွား လေ၏။

"ပင်လယ်ထဲရောက်တော့ အစ်ကို ဘယ်လိုခံစားရသလဲ။"

"ပင်လယ်ထဲရောက်တော့ လှိုင်းတွေက လှုပ်နေတယ်ကွ။ လှိုင်းလှုပ်သလို လှေကလည်း လိုက်လှုပ်တယ်။ လှေကခြင်းလိုက်နိမ့် လိုက်၊ ငယ်ငယ်က ပုခက်စီးသလိုပါပဲ"

"အစ်ကိုပင်လယ်ထဲသွားတဲ့ အတွေ့အကြုံက ဒါပဲလား။"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါသေးတယ်ကွာ။ ဒါပေမဲ့ အစ်ကို တစ်ခုခုကို တွေးမိသွားတယ်။ အဲဒီလှိုင်းလုံးတွေ တစ်လုံးပြီးတစ်လုံး တက်လာတာကို ကြည့်ရင်း။" အဲခေါင်ဘုန်းက စကားကိုရပ်ပြီး ညာလက်ဖြင့် ဗညား၏ ပခုံးကိုဖက်လိုက်၏။

"ဆက်ပြောလေ အစ်ကို"

"လှိုင်းလုံးတွေ တစ်လုံးပြီးတစ်လုံး တက်လာတာကို ကြည့်ရင်း ပင်လယ်ရှိရင် လှိုင်းရှိမယ်လို့ တွေးမိသွားတယ်။"

"ဒါများ အစ်ကိုအဲခေါင်ရာ လူတိုင်းသိတဲ့ ဥစ္စာ။ ဘာတွေးနေစရာ လိုလို့လဲ။ အစ်ကို ပင်လယ်ထဲက ပြန်လာတော့ ပင်လယ်စုန်းတွေ အစ်ကို့ကို ဖမ်းစားလိုက်ပြီထင်တယ်။ ကုန်းမှာက ဘယ်လိုလှိုင်း ရှိမှာလဲ။ ပင်လယ်မှာမှ လှိုင်းရှိမှာပေါ့ကွာ။"

ဗညားက အားမလိုအားမရနှင့် ပြန်ပြောလိုက်လေ၏။

"ပြီးတော့လှိုင်းတွေက မြင့်လိုက် နိမ့်လိုက်နဲ့."

"အစ်ကိုရဲ့စိတ်တွေ ပုံမှန်မဟုတ်တော့ဘူးနော်။ ရေသူမဖမ်းစား လိုက်ပြီထင်တယ်။"

"ရေသူမ ဖမ်းစားလိုက်တယ်ဆိုတာကတော့ ဟုတ်ချင်ဟုတ် နိုင်တယ်။ အဲ့ဒါကို ထားလိုက်စမ်းပါကွာ။ ပင်လယ်ရှိရင် လှိုင်းရှိသလို လူရှိရင်လည်း ပြဿနာဆိုတာရှိတယ်လို့ အစ်ကိုတွေးမိလို့ပါ။ စားဝတ် နေရေး ပြဿနာ၊ လူမှုရေးပြဿနာ၊ အချစ်ရေးပြဿနာ။"

"ပြဿနာ မရှိအောင်နေပေါ့ အစ်ကိုရာ။"

"ပြဿနာ မရှိအောင်တော့ နေလို့မရဘူး ဗညားရ၊ ပင်လယ် နဲ့လှိုင်း မကင်းသလို လူနဲ့ ပြဿနာလည်း ဘယ်သောအခါမှ မကင်း ဘူး။ လူဖြစ်လာရင် ပြဿနာကို ရှောင်လို့မရဘူး။ ပြဿနာပြေလည် အောင် ဘယ်လိုဖြေရှင်းပစ်ရမယ်ဆိုတာကိုပဲ စဉ်းစားရမှာ။"

"အခုအစ်ကိုက ဘာတွေပြဿနာဖြစ်နေလို့လဲ။"



"အဲ့ဒါကိုလည်း ထားလိုက်ပါဦးကွာ၊ လှိုင်းတွေက နိမ့်လိုက် မြင့်လိုက်နဲ့."

"ဒါက သဘာဝတရားပဲလေ အစ်ကို။"

"လူ့ဘဝလည်း လှိုင်းတွေလိုပဲ နိမ့်လိုက် မြင့်လိုက်။"

"ဒါက လောကဓံပါ အစ်ကိုရာ။"

"အင်း ... လောကဓံ ဟုတ်တယ် ဗညားရ၊ ဘဝဟာ နိမ့်ချင် နိမ့်မယ်၊ မြင့်ချင် မြင့်မယ်။ ဒါဟာ မမြဲတဲ့တရားပဲ။ လှေက ဘဝလို့ ဆိုပါစို့ကွာ။ လှိုင်းတွေကို လောကဓံလို့ ယူဆရအောင်။ လောကဓံ လှိုင်းကတော့ ဘဝလှေကို အငြိမ်မထားဘူးကွ။ အမြဲတမ်း ပုခက်လွှဲ နေသလို လှုပ်ယမ်းနေမှာပဲ။ နိမ့်လိုက်မြင့်လိုက်နဲ့ အသည်းအေးစရာ ကောင်းအောင်လုပ်မှာပဲ။ အဲ့ဒါလည်း သိပ်အရေးမကြီးဘူးကွ။"

"ဘာက အရေးကြီးတာလဲ အစ်ကို။"

"အရေးကြီးတာက ဘဝဆိုတဲ့ လှေလေး ပင်လယ်ထဲမှောက် ပြီး နစ်မသွားဖို့ပဲ လိုတယ်။ အဲ့ဒီလို မှောက်မသွားဖို့က ဘဝလှေကို ပဲ့ကိုင် ထိန်းသိမ်းတတ်ဖို့ပဲ လိုတယ်။ ဘဝလှေကို ပဲ့ကိုင်ထိန်းသိမ်း နိုင်မယ်ဆိုရင် လောကဓံလှိုင်းတွေကို အာခံနိုင်မယ်။ နိမ့်မြင့် လှုပ်ရှားနေ တာကို ခံနိုင်ရည်ရှိမယ်။ ဘဝလှေ ပင်လယ်ထဲ နစ်မသွားဘူးဆိုရင် ကိုယ်သွားလိုတဲ့ဆီကို တစ်နေ့တော့ အသေအချာရောက်မှာပဲ ဗညား"

ဗညားက ခေါင်းကိုကုတ်လိုက်၏။

"အစ်ကို့စကားတွေကလည်း တက္ကသိုလ် ပါမောက္ခတစ်ဦးရဲ့ စကားလိုပဲ။ ဗညားရဲ့ ဘဝမှာတော့ နိမ့်တာ မြင့်တာလည်း မသိဘူး။ ဘာဖြစ်ချင်တယ်၊ ညာဖြစ်ချင်တယ်ဆိုတာလည်း မသိဘူး။ ဗညားက တော့ လောကကြီးမှာ ကြုံရင်ကြုံသလိုပဲ သွားလိုက်တာ ဘယ်ကို ရောက်ချင်တယ်။ မရောက်ချင်ဘူးဆိုတဲ့ ရည်မှန်းချက်လည်း မရှိဘူး"

ဗညား၏ စကားကို ကြားရသောအခါ အဲခေါင်ဘုန်းက ရယ်မောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာက မတူဘူးလေ။ ဗညားလိုလူမျိုးတွေလည်း ရှိမှာပဲ။ ဒါပေမဲ့ အရှင်မနုဟာကတော့ ဒီလိုလူစားထဲမှာ မပါဘူး။ မနေ့က အရှင်မနုဟာကို ကာလာသောကတောင်ပေါ်မှာ ဗညားဆုံတွေ့ခဲ့ရတယ် မဟုတ်လား။ မျက်နှာကိုလည်း ဖူးတွေ့ခဲ့ရတယ် မဟုတ်လား။"

အဲခေါင်ဘုန်းက မေးသည်ကို ဗညားက ခေါင်းညိတ်ပြလိုက်လေ၏။

"အရှင်မနုဟာက ကြမ်းတမ်းခက်ထန်မယ်လို့ ယူဆရပေမဲ့ တကယ်သိမ်မွေ့နူးညံ့တဲ့သူပါ ဗညား။ ဟောဒီ သုဝဏ္ဏဘူမိအတွက် အမြဲတမ်း စိတ်ကိုနှစ်မြှုပ်ထားတယ်။ လူမျိုးကို ချစ်တယ်။ တိုင်းပြည်ကို ချစ်တယ်။ ဘာသာကို ချစ်တယ်။ ယဉ်ကျေးမှုကို မြတ်နိုးတယ်။

ဒါတွေအားလုံးတိုးတက်ဖို့ မြင့်မားဖို့အတွက် ပြုပြင်ဖို့တည်ဆောက်ဖို့တွေကို စိုင်းပြင်းနေတယ်။ အရှင်မနုဟာရဲ့ လက်ထက်မှာ အရှင်မနုဟာ မျှော်မှန်းရည်ရွယ်တဲ့ သုဝဏ္ဏဘူမိဖြစ်ဖို့ အရှင်မနုဟာ အမြဲတမ်း ကြိုးစားနေလိမ့်မယ်။ အဲ့ဒီလို အရှင်မနုဟာက မြော်မြင်တွေးဆပြီး မနေမနား ဆောင်ရွက်တဲ့နေရာမှာ အခြားသူတွေကလည်း ဒီအတိုင်းနေလို့ မရဘူး။ အရှင်မနုဟာရဲ့ နောက်က တစ်စုတစ်စည်းတည်း လိုက်ပါကြိုးစားကြရမယ်။

အခုလောက်ဆိုရင် ညီလာခံမှာ အမတ်ဝန်တွေ အတွင်းတော်သားတွေကို သူသိလိုတာတွေ အကုန်လုံးသိရဖို့အတွက် ရှာဖွေနိုင်းနေလောက်ပြီ။ အားလုံး ပျာယာခတ်နေကြလောက်ပြီ။ အလုပ်တွေရှုပ်နေကြလောက်ပြီ။" အဲခေါင်ဘုန်းနှင့် ဗညားတို့ စကားတပြောပြောဖြင့် လျှောက်လာကြရာ သုဝဏ္ဏဘူမိ၏ အနုလက်ရာပစ္စည်းများ ရောင်းချသော ဗညားတို့ဆိုင်သို့ ရောက်ရှိလာခဲ့လေ၏။

"အနောင် ဘယ်တုန်းက ဆင်ဖြူတော်ကျွန်းကို ရောက်လာတာလဲ"



အမီးက ဆီးကြို စကားဆိုလေ၏။

"အင်း . . . ဆင်ဖြူတော်ကျွန်းက ရောက်သောက်ပြီးရင် မပြန်နိုင်ဘူးဆိုတဲ့ စကားက တယ်ပြီးမှန်တာပဲ။ မနေ့က အရှင်မနုဟာနဲ့ လိုက်ပါပြီး ပြန်သာပြန်သွားရတယ်။ ပြန်ချင်စိတ်ကို မရှိဘူး။ ဒါနဲ့ ဆင်ဖြူတော်ကျွန်းကို ထပ်လာခဲ့တာ"

အဲခေါင်ဘုန်းက ထိုသို့ ပြောလိုက်သောအခါ အမီးက စိတ်ဆိုးဟန်မပြပေ။

"အနောင် . . . စကားကို ဟိုဟိုဒီဒီ မပြောပါနဲ့။ အတည်အတံ့စကားကိုပဲ ဆိုပါ။ အခုဘာကိစ္စနဲ့ လာသလဲ။ အရှင်မနုဟာက စေပါးလိုက်လို့လာတယ်မဟုတ်လား။ အနောင်လိုယောက်ျားမျိုးဟာ တာဝန်ထက် ဘာကိုမှ အလေးမပေးတတ်ဘူးဆိုတာ အမီးသိပါတယ်။ အမီးတို့ကို သတိရလို့လာခဲ့တယ်ဆိုပြီးပြောရင် အမီးက ယုံမှာမဟုတ်ဘူး။ ယုံလွယ်တတ်တဲ့သူတွေကိုသာ ပြောလို့ရမယ်။ ကဲ . . . ဘာကိစ္စနဲ့ လာသလဲ၊ အမီးတို့က ဘာကူညီရမလဲ လိုရင်းကိုသာပြောပါ။"

အမီးက စကားကို ပါးနပ်လိမ္မာစွာပြောလိုက်လေ၏။ ထို့ကြောင့် အဲခေါင်ဘုန်းကလည်း စကားအရှိန်ကိုသတ်ကာ အရှင်မနုဟာ မှာခဲ့သောလုပ်ငန်းတာဝန်များကို ရှင်းပြရလေ၏။

"ကျုပ်က ဒီဆင်ဖြူတော်ကျွန်းခံတပ်ကို ဗညားနဲ့အတူ တည်ဆောက်ရမယ်။ သုံးလေးရက်လောက်ပေါ့။ အရှိန်ရလာပြီဆိုရင် ဗညားနဲ့ ဆင်ဖြူတော်ကျွန်းသားတွေ ဆက်ဆောက်ရမယ်။ ပြီးတော့ ဒီဆိပ်ကမ်းလှေအဝင်အထွက်နဲ့ လူအဝင်အထွက်ကို စောင့်ကြည့် ကြီးကြပ်ရမယ်။

ဘယ်လိုစောင့်ကြည့် ကြီးကြပ်ရမယ်ဆိုတာ ဗညားကို သင်ကြားပေးခဲ့ရမယ်။ လောလောဆယ် ဆင်ဖြူတော်ကျွန်းရဲ့ အစောင့်အကြပ်တွေ ထပ်မပို့လာခင် ဆင်ဖြူတော်ကျွန်းသားတွေထဲက ဗညားတို့လို လူရွယ်တွေကို ဓားခုတ် လှံထိုး စစ်ပညာတွေ သင်ကြားပေးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ရင် ဆင်ဖြူတော်ကျွန်းခံတစ်မှာ အမှုတော်ထမ်းကြရလိမ့်မယ်။ ဒါကို ရက်သတ္တပတ်အတွင်း ဆောင်ရွက်ပြီးရင် ဘသက္ကကိုခေါ်ပြီး နေပြည်တော်က မြို့ရိုး၊ ကျုံးမြောင်းတွေကို ပြင်ကြရဦးမယ်”

အဲခေါင်ဘုန်းက လိုအပ်သမျှကို အနည်းငယ် ရှင်းလင်းပြောပြလိုက်လေ၏။

“ဒီလိုသာဆိုရင် အမီးတို့တွေ အလုပ်ပျက် အကိုင်ပျက်နဲ့ ဟောဒီကမ်းစပ်က သဲတွေကိုပဲ ကျုံးပြီးစားရတော့မလား။ အဘကလည်း နေပြည်တော်လိုက်ရမတဲ့။ ဗညားကလည်း ခံတပ်ကိုဆောက်ရဦးမတဲ့”

အမီးက အငေါ်တူးတူးနှင့် အဲခေါင်ဘုန်းကို ပြောလိုက်လေ၏။

“မနုဟာအရှင်ဟာ ပြည်သူ့တွေကို ပင်ပန်းဆင်းရဲစေလိုတဲ့ဆန္ဒ၊ ဒုက္ခရောက်စေလိုတဲ့ဆန္ဒ ရှိတော်မူတာ မဟုတ်ပါဘူး။ ခံတပ်တို့၊ မြို့ရိုးတို့တည်ဆောက်တာဟာ သုဝဏ္ဏဘူမိပြည်သူတွေ လုံခြုံရေးအတွက်၊ အသက်အိုးအိမ်စည်းစိမ် စောင့်ရှောက်နိုင်ဖို့အတွက် စီမံတာပါ။

ဟောဒီမှာ အသပြာဒင်္ဂါးတွေတွေ့လား အမီး။

ခံတပ်ဆောက်တဲ့နေရာမှာ အသုံးပြုဖို့ အရှင်က အမြော်အမြင်နဲ့ ပေးလိုက်တာပါ။ ခံတပ်ဆောက်နေတဲ့သူတွေရဲ့ စားဝတ်နေရေးကို ဖြေရှင်းပေးဖို့ ဒင်္ဂါးတွေပါ။ အရှင်မနုဟာက အမြော်အမြင်ကြီးမားလှသလို ပြည်သူတွေကိုလည်း ငဲ့ညှာထောက်ထားတယ်။ ဒါပေမဲ့ အရှင်ဟာ လုံ့လဝီရိယ ကြီးမားတယ်။ ပြည်သူတွေကလည်း လုံ့လဝီရိယနဲ့ ထကြွနိုးကြားမှုရှိကြရလိမ့်မယ်။

အရှင်ကတော့ ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့စိတ်၊ အမျိုးဘာသာယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်တွေ ဝင်လာအောင် အိပ်ပျော်နေတဲ့ သုဝဏ္ဏဘူမိပြည်သူတွေကို နှိုးဆွလှုပ်ရှားလိမ့်မယ်။ ဇာတိသွေးဇာတိမာန်တွေတက်ကြွအောင် ဖန်တီးလိမ့်မယ်။

သုဝဏ္ဏဘူမိပြည်သူတွေဟာ ယဉ်ကျေးမှုရော၊ စာပေတွေပါ



မြင့်မားနိုင်မှာမှုရှိကြတယ်။ ဘာသာတရားရဲ့ အဆုံးအမအောက်မှာ စိတ်နှလုံး သိမ်မွေ့နူးညံ့ကြတယ်။ ဒါပေမဲ့ လိုအပ်လာရင်၊ သုဝဏ္ဏဘူမိကို ဖျက်ဆီးနှောင့်ယှက်မယ့်ရန်သူတွေ ပေါ်လာခဲ့ရင် စိတ်နှလုံးကြမ်းတမ်းကြရလိမ့်မယ်။

ကြမ်းတမ်းတယ်ဆိုတာ ရိုင်းစိုင်းတာနဲ့ မတူဘူး။ သူတစ်ပါးကိုထိပါးစော်ကားဖို့ ကြမ်းတမ်းတာ မဟုတ်ဘူး။ ကိုယ့်နိုင်ငံတော်ကိုကာကွယ်ဖို့ မျိုးချစ်စိတ်နဲ့ ကြမ်းတမ်းတာ။ ဒါဟာ မနုဟာအရှင်ရဲ့အမြော်အမြင်ကြီးမှုပဲ။”

အဲခေါင်ဘုန်းမှာ စကားပြောရင်း မာန်များ ပါလာလေ၏။ လေသံက မာလာ၏။ အဲခေါင်ဘုန်း၏ လေသံမာလာသောကြောင့် အမီးပင် အဲခေါင်ဘုန်းအား အနည်းငယ် ကြောက်ရွံ့ထိတ်လန့်သွားမိရလေ၏။

အဲခေါင်ဘုန်းသည် အရှင်မနုဟာ၏အပါးမှာ အမြဲလိုလိုနေခဲ့ရသူဖြစ်၏။ အရှင်မနုဟာသည် ဖွဲ့စိတ်၊ ဖွဲ့မာန်ကြီးမားသူဖြစ်လေ၏။ အဲခေါင်ဘုန်းမှာပင် အရှင်မနုဟာ၏ စိတ်ဓာတ်မျိုး ကူးစက်ကိန်းဝင်နေဟန်တူလေ၏။ ဘာပဲဖြစ်ဖြစ် အဲခေါင်ဘုန်းသည် သူ၏ အရှင်မနုဟာကို လေးစားသည်။ ကြည်ညိုသည်။ အရှင်မနုဟာအတွက် ဆိုပါက အသက်ဇီဝကိုပင် ဖက်တွယ်နေမည့်သူ မဟုတ်တော့ချေ။

“အမီးရဲ့ စကားတွေလွန်ခဲ့ရင် အမှားပန်ပါတယ်အနော်”

အမီးက အဲခေါင်ဘုန်းကို သူမ ပြောမိခဲ့သောစကားအတွက် လေသံပျော့နှင့် တောင်းပန်စကားပြောလာမှ အဲခေါင်ဘုန်းမှာ သူကိုယ်သူပြန်လည် သတိထားမိသွားလေ၏။ သူ၏ အရှင်မနုဟာနှင့်ပတ်သက်ပြီး စကားပြောဆိုသောအခါ၌ ဤသို့ပင်မာန်ပါသွားတတ်လေ၏။

“အမီးရဲ့စကားက မလွန်ပေဘူး။ ကျုပ်ကသာ စကားပြောရင်း လေသံမာသွားရတာပါ။ အမီးဘက်က တွေးရင် အမီးမှန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘကလည်း နေပြည်တော်လိုက်ပါရမယ်။ မောင်ကလည်း ခံတပ်တွေ ဆောက်ရမယ်ဆိုတော့ အမီးက မိန်းမတွေးနဲ့ တွေးပြောတာမှန်ပါတယ်။ အမီးရေ စိတ်ချ။ အရှင်မနုဟာ ဟာ သူ့ရဲ့ပြည်သူတွေကို ရင်ဝယ်သားလို ချစ်တာ။ သူ့ရဲ့ပြည်သူ နိုင်ငံတော်အတွက် လိုအပ်လို့ ဆောင်ရွက်နိုင်းရင် လိုအပ်တဲ့ပံ့ပိုးမှုတွေကိုပါ အနောက်က ဖြည့်ဆည်းပေးဖို့ ကြိုတင်စီမံထားပြီးသားပါ။

အိမ်ရှင်ကို ညည်းသည်မဇော်ကားရ စကားရှိတယ် မဟုတ်လား။ ကျုပ်စကားတွေက အမီးကို စော်ကားသလိုဖြစ်ခဲ့ရင် ကျုပ်ကပဲ တောင်းပန်ပါတယ်။ အမီးတို့ဆီမှာ သုံးလေးရက်လောက် နေရဦးမယ် ဆိုကော့ အမီးနဲ့ ရန်မဖြစ်ချင်ဘူး။''

အဲခေါင်ဘုန်းက ပြေရာပြေကြောင်း ပြန်ပြောလေ၏။

''အမီးကလည်း ရန်မဖြစ်ဝံ့ပါဘူး။ ဥပရာဇာရဲ့ အပါးတော်မြဲ ဆိုတာ နယ်နယ်ရရမှ မဟုတ်ဘဲ။ အမီးတို့လို ဖနပ်ဒ်ကျွန်းသူအနေနဲ့ က နန်းကိုလည်းမပေါက်မရောက်တော့ စကားအကျအကောက်မှားပြီး ရာဖဝတ်ထားမှာကိုပဲ စိုးပါတယ်။

အမီးမှာဈေးရောင်းသမားမို့ ကုန်သည် ဈေးဝယ်များနှင့် ဆက်ဆံနေရရာ စကားပြောအရာ၌ ကျွမ်းကျင်လေသည်။ ယခု အမီး ပြောလိုက်သောစကားများမှာ အဲခေါင်ဘုန်းအားရွဲ့၍ သူမကိုယ်သူမ နှိမ့်ချကာ အဲခေါင်ဘုန်းကဲ့သို့သော ဘုရင့်အပါးတော်မြဲအား မရိုမသေ မပြောဝံ့ ကြောင်း ပြောကြားလိုက်ခြင်းဖြစ်၏။

ဗညားသည် သူ၏အစ်မနှင့် အဲခေါင်ဘုန်းတို့ စကားအချေ အတင် ပြောနေကြသည်ကို နားထောင်နေရာမှ စကားကြောကို ဖြတ်ရန် စိတ်ကူးလိုက်လေ၏။

''အစ်မ . . .

အစ်ကိုအဲခေါင်က ပင်လယ်ထဲက လာခဲ့တာ၊ မနေ့က ဥပရာဇာ



အရှင်နဲ့ နေပြည်တော်ပြန်သွားပြီး၊ ဒီနေ့ ပင်လယ်ကလာခဲ့တော့ အံ့သြနေမိတယ်။ နံနက်စာစားရဦးမှာ မဟုတ်ဘူး။ နေလည်း အတော်မြင့်နေပြီ။ ဗညားတို့က စားပြီးကြပြီဆိုတော့ အစ်ကိုအဲခေါင်အတွက် ဘာရဦးမလဲ အစ်မ။''

ဗညားပြောမှပင် အမီးသည် အဲခေါင်ဘုန်းကို မည်သည့် ညည့်ဝတ်မှမပြုဘဲ စကားတင်းပြောနေမိသည်ကို သတိရသွားလေ၏။

''အို . . .

ဟုတ်သားပဲ

စကားကောင်းနေတာနဲ့ ညည်းသည်ကို ဘာမှတောင် ညည့်ဝတ်မပြုမိဘူး။ အနောင်ကို ရေနွေးကြမ်းနဲ့ ပဲယိုလေး ညည့်ခံထားပါ ဗညား။ အနောင်အတွက် စားစရာ တစ်မယ် နှစ်မယ်လောက်သွားဝယ်လိုက်ဦးမယ်။''

အမီးက ပြောပြောဆို ထွက်သွားလေ၏။

ယခုမှ အဲခေါင်ဘုန်းလည်း မတ်တတ်ရပ်နေရာမှ ထိုင်လိုက်လေ၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



(၈)

ခမည်းတော်၏ အန္တိမရှာပနကို ကောင်းစွာ ပူဇော်ပြီးခဲ့လေပြီ။

ကျွန်ုပ်သည် ယခုအခါ အိမ်ရှေ့ဥပရာဇာ မဟုတ်တော့ချေ။

သုဝဏ္ဏဘူမိ၏အခေါင်အထွဋ် ပြည့်ရှင်မင်းတရားဖြစ်ချေပြီ။ သုဝဏ္ဏဘူမိပြည်သူအားလုံး၏ သာယာချမ်းမြေ့မှုများသည် ကျွန်ုပ်၏ အပေါ် လုံးဝကျရောက်လာလေ၏။

သိရိတြိဘဝနာဒိတြပဝရသုဓမ္မရာဇာဘွဲ့ခံ ကျွန်ုပ်မနုဟာသည် လက်ယာလက်ဖြင့် ဓမ္မရတနာသည်းခြေကို မလွှတ်ိုင်ထားကာ သုဝဏ္ဏဘူမိပြည်သူတို့၏ နှလုံးကို နှစ်သိမ့်ဝမ်းမြောက် ရွှင်လန်းစေလျက် မှန်ကန်ဖြောင့်မတ်သော ထုံးတမ်းစဉ်လာတော်အရ အသက်အိုးအိမ်တို့ တည်မြဲစေရန် စွမ်းဆောင်ပါအံ့။

ကျွန်ုပ်၏ လက်ဝဲလက်တော်ဖြင့် သုဝဏ္ဏ ပြည်သူ၊ ရှင်လူ အပေါင်းတို့အား ကိုးကျွဘဏ္ဍာ၊ ရိက္ခာနှင့် အသပြာတို့ကို ပေးဝေဆောင်နှင်းပါအံ့။

ကျွန်ုပ်၏ ဦးခေါင်းတော်ဖြင့် ပိဋကတ်သုံးပုံနှင့် အမျိုးဘာသာ၊ သာသနာတော်အတွက် ဉာဏ်စွမ်းရည်ကို ထုတ်ဆောင်ကာရွက်ဆောင်ပါအံ့။



ဤသို့လျှင် ကျွန်ုပ်၏ စိတ်မှ ကျူးရင့်လိုက်လေ၏။

ဝန်မင်းတို့သည် ကျွန်ုပ်အား ခန့်ညားလေးစားကြလေ၏။ လောလောဆယ်တွင် ကျွန်ုပ်နှင့်အတူ ယှဉ်တွဲ ပါရမီဖြည့်မည့်သူမရှိသေးသောကြောင့် ဝန်မင်းများက ကျွန်ုပ်အတွက် ကြင်ရာတော်ကို ရှာဖွေဆောင်နှင်းလိုကြောင်း တင်လျှောက်လာကြလေ၏။

ကျွန်ုပ်၏ ကြင်ရာတော်ကိစ္စအား ဝန် မင်းတို့ကိုသာ ဆောင်ရွက်ရန် လွှဲအပ်လိုက်ရ၏။ ကျွန်ုပ်မှာမူ ဘာသာရေး၊ သုဝဏ္ဏဘူမိနိုင်ငံတော် ဖွံ့ဖြိုးစည်ပင်ရေးတို့ကိုသာ စိတ်ဝင်စားနေသောကြောင့် ဥပရာဇာဘဝတစ်လျှောက်လုံးမှာ ကြင်ရာတော်ကိစ္စကို စိတ်ကူးစဉ်းစားခြင်း မပြုဘဲ အမှုမဲ့အမှတ်မဲ့ပင် နေခဲ့လေ၏။

ကျွန်ုပ်နှင့်လျှောက်ပတ်သောကြင်ရာတော်မှာ သုဝဏ္ဏဘူမိနိုင်ငံတော်အတွင်းမှလော။ အခြားသော မြို့ပြနိုင်ငံတော်ဆီမှလော ဟူသည်ကို ကျွန်ုပ် ကြိုတင်တွက်ဆခြင်းမပြုနိုင်ပေ။

ကျွန်ုပ်၏ သဝဏ်လွှာနှင့် လက်ဆောင်ပဏ္ဏာများကို ယူဆောင်လျက် ဝန်မင်းများသည် ကျွန်ုပ်အတွက် ကြင်ရာတော်အား ရှာဖွေကြရာတွင် ကျွန်ုပ်နှင့် စုံဖက်သင့်သောကြင်ရာတော်ကို တွေ့ရှိကြပြီဖြစ်ကြောင်း သတင်းကြားသိရလေ၏။

များမကြာမီ ကြင်ရာတော်လောင်းလျာကို သုဝဏ္ဏဘူမိသို့ ခမ်းနားစွာဖြင့် ဆောင်ကြဉ်းလာကြပေတော့မည်။

ဝန်မင်းများ ဆောင်ကြဉ်းလာမည့် ကြင်ရာတော်လောင်းလျာသည် ကျွန်ုပ်အပေါ် စုံမက်မြတ်နိုးမှုရှိဖို့နှင့် ကျွန်ုပ်အပေါ် နားလည်သူ ဖြစ်စေရန် ကျွန်ုပ် အဓိဋ္ဌာန်ပြုလိုက်လေ၏။

ကျွန်ုပ်၏အဓိဋ္ဌာန် ပြည့်ဝသည်ဟုပင် ဆိုရပါချေမည်။

နောင်သောအခါ ဘာသာရေးကိစ္စအဝဝတို့၌ သဘောကြိုက်ညီစွာ အတူဆောင်ရွက်ခြင်း၊ တိုင်းရေးပြည်ရာကိစ္စတို့၌လည်း ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



ကျည်ီသောင်ရှက်ခြင်းနှင့် ကျွန်ုပ်စိတ်ပင်ပန်းညစ်ညူးသောအခါများတွင် ကျွန်ုပ်၏စိတ်ကိုရွှင်လန်းအောင် ပြောဆိုပြုမူတတ်ခြင်းနှင့် ရုပ်ရည်ရူပကာယချောမောလှပတင့်တယ်၍ ယေိရှယ်နုပျိုသော နဂ်လာဒေဝီအမည်ရှိ ကြင်ရာတော်မိဖုရားသည် ကျွန်ုပ်၏ ဘဝတစ်လျှောက်လုံးရွှင်ပြုံးစေခဲ့လေတော့၏။

✦ ✦ ✦



(၉)

ကျွန်တော်မျိုးမ၏ အမည်နာမမှာ နဂ်လာဒေဝီ ဖြစ်ပါလေ၏။

ကျွန်တော်မျိုးမ နဂ်လာဒေဝီအား ခမည်းတော်က လွန်စွာချစ်မြတ်နိုးတော်မူ၏။ ကျွန်တော်မျိုးမအတွက် အထိန်းတော်၊ အချီတော်များဖြင့်လည်းကောင်း၊ ကစားဖော် အခြွေအရံများဖြင့်လည်းကောင်း ထားရှိတော်မူ၏။

ထိုသို့ဖြင့် ကျွန်တော်မျိုးမမှာ အပျိုဖော်ဝင်၍ ရွှေရင်သိမ်းသစ် ဆယ့်ခြောက်နှစ်ဆိုသော အသက်အရွယ်သို့ ရောက်ရှိလာသည့်တိုင်အောင် ကလေးစိတ်ကုန်သေးခြင်းမရှိသောကြောင့် ပျင်းရိသောအခါ ရွှေအိုးကလေးများဖြင့် ကစားတတ်၏။

အရွယ်ရောက်လာသောကျွန်တော်မျိုးမအား တစ်ပင်တိုင်နန်း၌ စံစားစေ၏။ ကျွန်တော်မျိုးမအတွက် မင်္ဂလာဥယျာဉ်တော်တစ်ခုကို ခမည်းတော်က ဖန်တီးထားပေး၏။ တစ်ပင်တိုင်မြနန်း၌ ငြီးငွေ့လျှင် ဥယျာဉ်တော်သို့ အပျင်းပြေသွားကာ ပန်းများဆွတ်သီရလေ၏။

ထိုသို့ရှိစဉ် တစ်နေ့သ၌ ကျွန်တော်မျိုးမ၏ဘဝကို အပြောင်းအလဲဖြစ်ပေါ်လာစေမည့် အကြောင်းတရား ပေါ်ပေါက်လာခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏဘူမိမှ တမန်တော်များသည် ကျွန်တော်မျိုးမတို့၏ ပါလနိုင်ငံတော်သို့ လက်ဆောင်ပဏ္ဏာအမြောက်အမြားနှင့်တကွ စာချွန်လွှာတို့ကို သယ်ဆောင်လာခဲ့လေ၏။ အဘယ်အတွက်ကြောင့် လာရောက်ကြသည်ကို နဂ်လာဒေဝီ မသိပါချေ။ သိရှိဖို့လည်း စိတ်ဝင်စားမှု မရှိပေ။ ကျွန်တော်မျိုးမ နဂ်လာဒေဝီအဖို့ ရုံရွှေဖော်များနှင့် ပျော်ပါးဖို့သာ သိလေ၏။

သို့သော်လည်း ထိုသုဝဏ္ဏဘူမိမှ ရောက်လာကြသော ဧည့်သည်တော် တမန်များသည် ကျွန်ုပ်၏ လွတ်လပ်စွာ ပျော်ပါးနေထိုင်ခွင့်များကို အဆုံးသတ်စေခဲ့လေ၏။

သုဝဏ္ဏဘူမိမှ စေတမန်များရောက်ရှိပြီး များမကြာမီမှာပင် ကျွန်ုပ်နဂ်လာဒေဝီအား ခမည်းတော်နှင့် မယ်တော်တို့မှ အခေါ်တော်ရောက်၍ ခမည်းတော်နှင့် မယ်တော်တို့ထံပါးသို့ အခစားရောက်ရှိသောအခါ မထင်မှတ်ထားသောအရာကို ကြားသိလိုက်ရလေတော့၏။

"သမီးတော်ကို ခေါ်တွေ့ရတာကတော့ ပြောစရာစကားတွေ ရှိနေလို့ပဲ။"

ထိုစကားကို ပြောဆိုနေသော ခမည်းတော်၏ မျက်နှာမှာ ရွှင်လန်းမှု မရှိလှသည်ကို နဂ်လာဒေဝီ အကဲခတ်မိလေ၏။

"မိန့်ကြားစရာရှိတာကို မိန့်ကြားတော်မူပါ ခမည်းတော်ဘုရား"

နဂ်လာက လျှောက်ကြားလိုက်သောအခါ ခမည်းတော်မှာ ရုတ်တရက် ဘာမျှမပြောသေးဘဲ သက်ပြင်းသာချလျက် ရှိလေ၏။

"ခမည်းတော် အပြောရခက်လှတယ်။ ဟောဒီသဝဏ်လွှာကို သာဖတ်ကြည့်လေတော့"

ခမည်းတော်ထံက ရွှေပုရပိုက်ချပ်ဖြင့်ရေးထားသော သဝဏ်လွှာကို နဂ်လာကလည်း လှမ်းယူကာ ဖတ်ကြည့်လိုက်လေ၏။

ဦးရီးတော်ပါလ အရှင်မင်းတရား





ကျွန်ုပ်၏ ဤသဝဏ်လွှာသည် ဦးရီးတော်၏ ပါလနိုင်ငံနှင့် ကျွန်ုပ်၏ သုဝဏ္ဏဘူမိတို့ ရင်းနှီးချစ်ကြည်မှုတို့အစွန့်ရှည်တည်တံ့စေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်တော်မူသည်။ ကျွန်ုပ်သည် ခမည်းတော်နတ်ရွာစံ ကံကုန်ပြီး၍ သုဝဏ္ဏဘူမိ၏ ထီးနန်းအရိုက်အရာကို သီရိတြိဘဝနာဒိတြပဝရ သုဓမ္မရာဇာဘွဲ့ဖြင့် ဆက်ခံတော်မူသည်။

သို့ပင်ဖြစ်ငြားသော်လည်း ကျွန်ုပ်နှင့်အတူ သုဝဏ္ဏဘူမိ၏ ထီးနန်းစည်းစိမ်ကို ခံစားစံစားစေမည့် ကြင်ရာတော် မိဖုရား မရှိဖြစ်နေပေသည်။

သုဝဏ္ဏဘူမိ၏ အရှင်တစ်ပါးအနေဖြင့် ကြင်ရာတော်မိဖုရားရှိသင့်သည်ဟု ကျွန်ုပ်ယူဆသည်။ သို့ဖြစ်ခြင်းကြောင့် ကျွန်ုပ်နှင့် သင့်လျော်လိုက်ဖက်မည့် ကြင်ရာတော်မိဖုရားလောင်းအား ကျွန်ုပ်၏ မှူးမတ်ဝန်တို့ကို ရှာဖွေစုံစမ်းစေခဲ့ရာတွင် ဦးရီးတော်ပါလ အရှင်မင်းတရား၏ ရင်သွေးတော် နဂ်လာဒေဝီသည် အဆင်းပြင်လျှာ ရုပ်ကာယ တင့်တယ်တော်မူပြီး မိန်းမကောင်း မိန်းမမြတ် လက္ခဏာအင်္ဂါရပ်များနှင့် ပြည့်စုံသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ခြင်းကြောင့် ဦးရီးတော်ပါလ အရှင်မင်းတရား၏ သမီးတော်နဂ်လာဒေဝီအား ကျွန်ုပ်၏ကြင်ဖက်သက်လျှာ တောင်ညာစံမဟေသီအဖြစ် မြှောက်စားလိုကြောင်းလက်ဆောင်ပဏ္ဏာကောင်းများစွာဖြင့် စာသဝဏ် ပေးပါးတော်မူလိုက်သည်။

ဦးရီးတော်ပါဒ အရှင်မင်းတရား ရွှင်လန်းချမ်းမြေ့ပါစေ။

သုဝဏ္ဏဘူမိအရှင်
မနုဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုးမ နဂ်လာဒေဝီသည် ခမည်းတော်ပေးတော်မူသော သုဝဏ္ဏဘူမိ တမန်တော်များဆက်သသည့် သဝဏ်လွှာကို ဖတ်ရှုပြီးသွားသောအခါ ကြက်သီးမွေးညင်းများ ထသွားလေ၏။

သုဝဏ္ဏဘူမိအရှင်မနုဟာအမည်ကို ကြားသိလိုက်ရုံမျှဖြင့် ကျွန်ုပ် ရင်ခုန်လှုပ်ရှားသွားမိရလေ၏။

“မနုဟာ” ဟူသောအမည်ကိုပင် အသံထွက်အောင်ရွတ်လိုက်မိ၏။ မနုဟာသည် သုဝဏ္ဏဘူမိ၏ ဘုရင်ဖြစ်ပါသည်တဲ့။ မနုဟာက သူမကို တောင်ညာစံမဟေသီအဖြစ်နဲ့ မြှောက်စားမတဲ့။ မနုဟာက သူမနှင့် ရေစက်ပါခဲ့မိရေစက်ပါသော ဖူးစာရှင်ပေလား။ မနုဟာဟူ၏အမည်ကိုကြားလိုက်ရရုံဖြင့် သူမမှာ ပျော်သလိုလို၊ ကြည်နူးသလိုလို၊ ရင်ဖိုသလိုလို၊ ဘာလိုလို ညာလိုလိုဖြစ်သွားရသည်တော့ အမှန်ပင်ဖြစ်သည်။

“သမီးတော်က အခုမှ အရွယ်တော်ရောက်စ ကြည့်လို့မဝ ရှုလို့မဝသေးတဲ့အချိန်မှာ သမီးတော်ကို တောင်းတဲ့သူကပေါ်လာပြီ။ မနုဟာမင်းဟာ မာန်လည်းကြီးတယ်။ ဘုန်းတန်ခိုးလည်း ကြီးတယ်။ ထက်ထက်မြက်မြက်လည်းရှိတယ်။ အမြော်အမြင် လုံ့လနဲ့လည်း ပြည့်စုံတယ် သမီးတော်။

ခမည်းတော်တို့နိုင်ငံနဲ့ သုဝဏ္ဏဘူမိဆိုတာကလည်း မြစ်ကလေး တစ်ခုသာနယ်နိမိတ်ခြားပြီး ဆက်စပ်နေကြတယ်။ ဒီလို မင်းတစ်ပါးရဲ့ တောင်းဆိုချက်ကို ခမည်းတော် မငြင်းပယ်ဝံ့ဘူး။”

ပါလအရှင်သည် နဂ်လာဒေဝီ၏ မျက်နှာကိုကြည့်ကာ စကားကို ထပ်မဆက်သေးပေ။

“ခမည်းတော်ရဲ့ အမိန့်ကို ဦးထိပ်ပန်ဆင်ဖို့ အဆင့်သင့် ရှိနေပါတယ်။”

နဂ်လာဒေဝီက ထိုသို့ပြောကြားလိုက်မှ ခမည်းတော်က စကား ထပ်ဆက်လေ၏။



“သမီးကညာကြောင့် ငြိမ်းချမ်းချစ်ကြည်ရေးကို တည်ဆောက်နိုင်သလို၊ သမီးကညာကြောင့်ပဲ စစ်ပွဲတွေ ဖြစ်ပွားတတ်တယ်။ အဲ့ဒီတော့ သမီးတော်ဟာ သုဝဏ္ဏဘူမိကို လိုက်ပါရလိမ့်မယ်။ ဒါပေမဲ့ သမီးတော်ဟာ ငယ်ရွယ်လွန်းသေးတာမို့ သုဝဏ္ဏဘူမိရွှေနန်းတော်မှာ သွားနေရတဲ့အခါ မပျော်ပိုက်မှာကိုလည်း စိုးတယ်။

ခမည်းတော်ဆီမှာလို ကလေးစိတ်မပျောက်သေးလို့ အခြေအရံတွေနဲ့ ကစားတာမျိုးတို့ ကိုယ့်စိတ် အလိုတော်ကိုလိုက်ပြီး ပြုမူနေထိုင်တာမျိုးတို့ လုပ်လို့မရတော့ဘူး။ မင်းမိဖုရားရဲ့ အင်္ဂါရပ်နဲ့ အညီ ဣန္ဒြေရရ တင့်တင့်တယ်တယ်၊ စံအပယ်နေထိုင်တတ်ရမယ်။ မင်းတို့ရဲ့ အမျက်ဆိုတာကလည်း အကြောင်းရွေးတာ မဟုတ်လို့ မနုဟာရဲ့ အလိုကျနှစ်သက်ဖွယ်ဖြစ်အောင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်ရလိမ့်မယ်။”

ပါလအရှင်သည် နဂ်လာဒေဝီအတွက် ရတက်မအေးစွာ မိန့်မှာနေလေ၏။ နက်ဖြန်ခါ ညီလာခံမှာ သုဝဏ္ဏဘူမိရဲ့ သံတမန်တွေကို သမီးတော် အတွေ့ခံရလိမ့်မယ်။ စကားစမြည်ပြောကောင်းပြောရလိမ့်မယ်။ နေတတ်ပြောတတ်အောင် ပြင်ဆင်ထားပါ။ ခမည်းတော်အသိပေးမိန့်ကြားချင်တာက ဒီလောက်ပါပဲ။ သမီးတော် စိတ်ချမ်းသာသလို စံနေနိုင်ပါပြီ”

“ဒီအရေးကိစ္စအတွက် စိုးရိမ်သောက ရောက်မနေပါနဲ့ဘုရား။ ခမည်းတော်လည်း စိတ်တော်ချမ်းမြေ့ဖို့ ကြိုးစားတော်မူပါ။”

နဂ်လာဒေဝီက ခမည်းတော်အား ဦးတော်ပြန့်၍ အရိုအသေပေးကာ သူမ၏ အဆောင်တော်သို့ ပြန်လာခဲ့လေ၏။ သူမ၏ အဆောင်တော်အတွင်းသို့ရောက်သောအခါ သူမ၏ ပျော်တော်ဆက်ရွှေဖော်များက သူမကို ပြည်လိုပာန်နှင့် ကျီစယ်စကားဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးက သုဝဏ္ဏဘူမိကို လိုက်ပါရတော့မယ်ဆိုတော့ ပျော်နေမှာပေါ့။"

"ပျော်တယ်ရယ်လို့လည်း မဟုတ်ပေဘူးအေရယ်။ ဒါပေမဲ့ ရင်ခုန်နေတယ်ဟဲ့"

"သခင်မလေး၊ အဲ့ဒီလို ရင်ခုန်နေတာဟာ မနုဟာအရှင်ကို ကြောက်နေလို့ ဖြစ်ပါလိမ့်မယ်။"

"ဒီလိုလည်းဟုတ်မယ် မထင်ဘူး။ ငါ့ရင်မှာ တစ်မျိုးတော့ တစ်မျိုးဖြစ်နေတယ်။ အဲ့ဒါဘာလဲဆိုတာတော့ ငါမသိဘူး၊ ဟို မနုဟာဆိုတဲ့ အမည်ဟာ ငါ့အသည်းတွေကို ဆွဲပြီးလှုပ်နေသလိုပဲ။"

ထိုညမှာ နဂ်လာဒေဝီသည် မနုဟာဆိုသူသည် မည်သို့သော ပုံဟန်ရှိလိမ့်မည်လဲဟု မှန်းဆတွေးတောရင်း တော်ရုံနှင့် အိပ်စက်၍ မပျော်နိုင်ဘဲ ရှိလေ၏။

✦ ✦ ✦



(၁၀)

"သုဝဏ္ဏဘူမိက တမန်တော်များအနေနဲ့ သုဝဏ္ဏဘူမိ အရှင်က ဆက်သတော်မူလာတဲ့ လက်ဆောင်တော်များအတွက် ဦးရိုးတော် ပါလအရှင်က ဝမ်းမြောက်လှတဲ့အကြောင်း ပြန်လည် သံတော်ဦးတင်ပါ။

သမီးတော်နဂ်လာဒေဝီမှာ ငယ်ရွယ်လွန်းသောကြောင့် မလိမ်မိုး မလိမ္မာနဲ့ အမှားအယွင်းများပြုလုပ်ခဲ့မိရင် တူတော် မနုဟာမင်းမြတ်က ခွင့်လွှတ်သည်းခံနိုင်မှသာ သမီးတော်အတွက် ရင်အေးစရာဖြစ်ပေမယ်။

သမီးတော်ထံ ပါလနိုင်ငံတော်မှ အဆွေအမျိုးများသွားရောက်တွေ့ဆုံမယ်ဆိုရင် အစစ်အမေးအမြန်းမရှိ တွေ့ဆုံခွင့်ကိုလည်း ရလိုပေတယ်။ သုဝဏ္ဏဘူမိရဲ့ တမန်တော်များ။

ဤအချက်များကို တူတော်မနုဟာမင်းမြတ်က လိုက်လျော မှုပြုနိုင်မည်ဆိုပါက ကျွန်ုပ်အနေဖြင့် သမီးတော်နဂ်လာဒေဝီအား တူတော် မနုဟာမင်းမြတ်တောင်းဆိုချက်အတိုင်း ဆောင်နှင်းဖို့ ငြင်းပယ်စရာအကြောင်းမရှိ။ သမီးတော်မှာ အပြစ်တစ်ခုခုရှိလာပါက အပြစ်မယူဘဲ ပါလတိုင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးစေလိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တောင်းဆိုသောအချက်များကို လိုက်လျောနိုင်သည်ဆိုပါက သမီးတော်နဂ်လာဒေဝီကို ရွေးလာမယ့် ခုနစ်ရက်မြောက်မှာ အခင်းအကျင်း၊ အခမ်းအနားနဲ့ ဆောင်ယူကာ စုလျားရစ်ပတ်နိုင်ကြောင်း သင်တို့ရဲ့ အရှင်ကို ပြန်လည်လျှောက်ကြားကြပေတော့။''

ခမည်းတော်က သုဝဏ္ဏဘူမိမှ ရောက်ရှိလာသော သံတမန်များကို မိန့်ကြားလိုက်လေ၏။

''အရှင်မင်းမြတ်ရဲ့ မိန့်ကြားချက်အားလုံး မခြွင်းမချန် ပြန်လည်လျှောက်ထားပေးပါမည်ဘုရား''

တမန်တော်များထဲမှ အသက်အကြီးဆုံးသူက ပြန်လည်လျှောက်တင်လိုက်လေ၏။

''သမီးတော်အနေနဲ့ ဒီက သံတမန်တွေကို မှာကြားပြောဆိုစရာတွေများရှိရင် မှာကြားပြောဆိုပါ။ သံတမန်များကလည်း သမီးတော်ရဲ့ သဘောထားဆန္ဒတွေကို သိလိုရင် မေးမြန်းခွင့်ပြုပါတယ်။''

ခမည်းတော်က အခွင့်ပြုစကားပြောကြားလိုက်၏။

''ကျွန်တော်မျိုးက မင်းတိုင်ပင်အမတ်ပါပဲ။ အခု အရေးအရာကိစ္စမှာ သခင်မလေးရဲ့ သဘောထားဆန္ဒ ဘယ်လိုရှိတယ်ဆိုတာကို သိလိုပါတယ်။''

သုဝဏ္ဏဘူမိ၏ မင်းတိုင်ပင်အမတ်ဆိုသူက နဂ်လာဒေဝီကို မေးမြန်းလိုက်လေ၏။

''သခင်မလေးအနေနဲ့ကတော့ တွေတွေထူးထူးပြောစရာ စကားရယ်လို့ မရှိပါဘူး။ ခမည်းတော် မိန့်ကြားတော်မူတဲ့အတိုင်းပါပဲ။ သခင်မလေးရဲ့ဘက်က ချွတ်ယွင်းချက်တွေများရှိခဲ့ရင် မောင်တော်မနုဟာမင်းမြတ်က ခွင့်လွှတ်ပေးစေချင်ပါတယ်။ ဘိုးဘိုးတို့ကလည်း သုဝဏ္ဏဘူမိရဲ့ ဓလေ့ထုံးစံတွေကအစ သွန်သင်ပေးကြပါ။

မောင်တော် မနုဟာကလည်း သုဝဏ္ဏဘူမိနဲ့ အသားမကျသေးတဲ့



သခင်မလေးကို ပြောပြပြုပြင်ပေးစေချင်ပါတယ်။ သခင်မလေးကလည်း ကြိုးစားပြီး လိုက်နာကျင့်သုံးနေထိုင်သွားပါ့မယ်။''

နဂ်လာဒေဝီက လျောက်ပတ်သောစကားဖြင့် သာယာချေငံစွာ ပြောကြားလိုက်လေ၏။

''စိုးရိမ်တော် မမူပါနဲ့ ထိပ်ထားသခင်မလေး။

ဘိုးတို့က သခင်မလေးအတွက် အစစအံရာရာ တာဝန်ယူပါတယ်။ အရှင်မနုဟာမင်းဟာ ဖြောင့်မတ်တည်ကြည်ပြီး ဘာသာတရားကို ကိုင်းရှိုင်းကြည်ညိုတော်မူတဲ့အတွက် ဆင်ခြင်တုံတရားရှိတဲ့သူပါ။ သခင်မလေးကပါ အလိုတူမှုမှုဖြင့် ဘိုးတို့ကလည်း အကျိုးတော်ဆောင်ရတာ ကျေနပ်ဝမ်းမြောက်လှပေတယ်။ သုဝဏ္ဏဘူမိကို ပြန်ပြီး အရှင်မနုဟာကို အလုံးစုံလျှောက်ထားလို့ သခင်မလေးကို အမြန်ဆုံး လာရောက်ဆောင်ယူတော်မူပါ့မယ်။''

သုဝဏ္ဏဘူမိမှ ဝန်မင်း၏ မျက်နှာမှာ ကြည်သာလန်းရွှင်လျက်ရှိ၏။

ထို့နောက် ခမည်းတော်သည် ကျွန်တော်မျိုးမင်း၏ ကိုယ်စားရုပ်လွှာနှင့်အတူ လက်ဆောင်ပဏ္ဏာအများကို စီရင်လျက် သုဝဏ္ဏဘူမိစေတမန်များကို ပေးလိုက်လေ၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

နန်းတွင်း၌ သီးသန့် အဆောင်နှစ်ဆောင်ရှိလေ၏။ ထိုသီးသန့် အဆောင်နှစ်ဆောင်သို့ ကျွန်ုပ်က ခွင့်မပြုဘဲ မည်သူမျှ ဝင်ခွင့်မရကြပေ။ အများအားဖြင့် ထိုအဆောင်နှစ်ဆောင်၌ ကျွန်ုပ်တစ်ပါးတည်း နေသည်က များလေ၏။

ထိုအဆောင်နှစ်ဆောင်မှာ သူရိယဆောင်နှင့် စန္ဒရဆောင်တို့ ဖြစ်ကြလေ၏။ သူရိယအဆောင်ကို အပြည့်အစုံအားဖြင့် သူရိယ သုအဿနအဆောင်ဟု ခေါ်တွင်လေ၏။ ကျွန်ုပ်သည် တိုင်းရေးပြည်ရာ ကိစ္စများကို လိုအပ်လျှင် ထိုအဆောင်တော်၌ တစ်ဦးတည်းစံပယ်ကာ တွေးတောဝေဖန်တတ်လေ၏။ အမြဲတမ်းကား မဟုတ်ပေ။ တစ်ခါ တစ်ရံ ဆုံးဖြတ်ရခက်သောကိစ္စများကို ထိုအဆောင်တော်၌ သွားရောက် နားနေရင်း စဉ်းစားဝေဖန်ခြင်းဖြစ်လေ၏။

လိုအပ်လျှင် သက်ဆိုင်ရာအမတ်ဝန်တစ်ဦးဦးကို ထိုအဆောင် တော်၌ ခေါ်ယူတွေ့ဆုံ ဆွေးနွေးတတ်လေ၏။ အခြားမသက်ဆိုင်သူ များကို ထိုအဆောင်တော်အတွင်း လာရောက်ခွင့် မပြုပေ။ အများအား ဖြင့် ညီလာခံ၌ လူစုံတက်စုံ မသိစေလိုသော လျှို့ဝှက်ကိစ္စများကို ဤအဆောင်တော်မှာ ဆွေးနွေးတိုင်ပင်လေ့ရှိ၏။ သိသင့်သိထိုက်သူ လောက်ကိုသာ သိစေ၏။



အများနှင့်ဆိုင်သောကိစ္စကိုမူ ညီလာခံမှာပင် အားလုံးသိအောင် ကျွန်ုပ် မိန့်ကြားတတ်လေ၏။

စန္ဒရဆောင်၏ အမည်အပြည့်အစုံမှာ စန္ဒရသုခဆောင်ဟု ခေါ်လေ၏။ စန္ဒရသုခဆောင်သည် ကျွန်ုပ်ပင်ပန်းနွမ်းနယ်သောအခါ အနားယူသော အဆောင်ဖြစ်လေ၏။ ကျွန်ုပ်အနားယူသောအဆောင် တော်တွင်းသို့ ဝင်ရောက်ခွင့်ရှိသူမှာ နန်းမတော်သီရိကောင်းစောသာ လျှင်ဖြစ်၏။ အများအားဖြင့် ကျွန်ုပ်တစ်ဦးတည်း အနားယူတတ်၏။ သီရိကောင်းစောက ကျွန်ုပ်၏ အခြေအနေကို အကဲခတ်ကာ ကျွန်ုပ် အနားယူရာသို့ ဝင်ရောက်လာတတ်လေ၏။

သီရိကောင်းစောသည် ကျွန်ုပ်၏ အဇ္ဈာသယနှင့် စိတ်အလိုကို သိလေ၏။ ကျွန်ုပ်၏ နောက်ကျိနေသောစိတ်ကို ကြည်လင်အောင် စွမ်းဆောင်နိုင်၏။ ကျွန်ုပ်၏ တင်းကျပ်နေသောစိတ်ကို ပြေလျော့ အောင်ပြုလုပ်နိုင်၏။ ကျွန်ုပ်၏ ရှုပ်ထွေးနေသောစိတ်ကို ရှင်းသန့် ပေးနိုင်လေ၏။

သီရိကောင်းစောမှာ သာမန်မျိုးနွယ်ထဲက မဟုတ်ပါချေ။

မဟာသီမဟာသွေးနွယ်ဝင် ဖြစ်လေ၏။ အဆင်းပြင်လျာနှင့် လည်းပြည့်စုံလေ၏။ ကျွန်ုပ်သည် ခမည်းတော် နတ်ရွာစံတော်မူပြီး သည့်နောက်ပိုင်း ဘိသိက်ခံရန် အဆင်းပြင်လျာနှင့် ပြည့်စုံသော မင်းသွေး နွယ်ဝင် ကြင်ဖက်လျာကို အမှုးအမတ်များအား စုံစမ်းရှာဖွေစေခဲ့၏။

သီရိကောင်းစောမှာ ပါလနိုင်ငံတော်၏ မိဖုရားရတနာ တန်ဆောင်ဖြစ်လေ၏။ ပါလနိုင်ငံတော်သည် ကျွန်ုပ်၏ သုဝဏ္ဏဘူမိ နိုင်ငံတော်နှင့်ရေမြေချင်းဆက်နေသော ဒုံသမိမြစ်၏ ဟိမဝန္တာကမ်းရှိ တောင်တန်းညိုညိုရိပ်ဝန်းဝိုးသော နိုင်ငံတော်ဖြစ်လေ၏။ မှူးမတ်များက ထိုပါလနိုင်ငံတော်၏ သမီးပျိုရတနာတန်ဆောင်၏ သတင်းအားကျွန်ုပ် ထံသို့ ယူဆောင်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပါလရတနာ ယမင်းကညာ၏ ကောင်းခြင်းသတင်းကို ကြားရရုံမျှဖြင့် ကျွန်ုပ်၏ရင်တို့ လှုပ်ရှားသွားခဲ့ရလေ၏။

ကျွန်ုပ်သည် ထိုပါလနိုင်ငံ၏ မီးရှူးတန်ဆောင်လေးကို အမတ်ဝန်တို့အား အမိုးထိုက်သောပဏ္ဏာကာရများစွာဖြင့် ကျွန်ုပ်၏ ကြင်ဖက်သက်လျာအဖြစ် တောင်းခံစေခဲ့၏။

ပါလတန်ဆောင်ကား လွန်စွာနုပျိုလှလေ၏။ အသားအရည်ဝါဝင်း၍ နက်မှောင်ရှည်လျားသော ဆံကေသာတို့ဖြင့် တင့်ရည်ရှန်းလက်နေ၏။ မျက်ဝန်းညိုတို့သည် ရွှန်းလဲ့တောက်ပလျက် ရှိ၏။ ပိရိသေသပ်သော နှုတ်ခမ်းတို့မှာ အမြဲတမ်းနီထွေးဖူးစိုလျက် ရှိလေ၏။ ဖြူဖွေးသော ပါးပြင်နှစ်ဖက်မှာ ပါးအို့လေးများ ဖောင်းအိနေလျက် ပန်းရောင်ရဲရဲ ပြေးနေလေ၏။

ထိုပါလနိုင်ငံတော်၏ သောက်ရှူးကြယ်ပွင့်ကလေး၏အမည်မှာ နဂ်လာဒေဝီ ဖြစ်လေ၏။ ပါလနိုင်ငံတော်က နဂ်လာဒေဝီဟု မည့်ခေါ်သော်လည်း ကျွန်ုပ်၏ သုဝဏ္ဏဘူမိတွင် ကျွန်ုပ်က နဂ်လာဒေဝီကို သီရိကောင်းစောဟု ခေါ်တွင်စေခဲ့၏။

ကျွန်ုပ်၏ တစ်သက်တာ၌ နဂ်လာဒေဝီဟု မည်သည့်အခါမျှ ခေါ်တွင်လိမ့်မည် မဟုတ်ပါချေ။ နဂ်လာဒေဝီသည် ပါလနိုင်ငံတော်က ပေးသော အမည်ဖြစ်လေ၏။ ထိုအမည်ကို ကျွန်ုပ်က ခေါ်ခြင်းဖြင့် နဂ်လာဒေဝီသည် သူမ၏ ပါလနိုင်ငံတော်ကို သတိရတမ်းတစရာ တစ်ခုဖြစ်သွားမည်ကို ကျွန်ုပ်စိုးရိမ်၏။

ကျွန်ုပ် အတ္တလွန်ကဲခဲ့လေပြီလား။

ကျွန်ုပ် အတ္တလွန်ကဲသည်ဟုဆိုလျှင် ထိုအတ္တလွန်ကဲခြင်းသည် နဂ်လာဒေဝီကို မြတ်နိုးမှုမှ ဖြစ်ပေါ်လာသော အတ္တသာလျှင် ဖြစ်ပေလိမ့်မည်။ နဂ်လာဒေဝီကို သုဝဏ္ဏဘူမိသားတို့၏ မည့်ခေါ်လေ့ရှိသော အမည်နာမကို ကျွန်ုပ်ပေးခဲ့သည်။ နဂ်လာဒေဝီကို ပါလနိုင်ငံ၏



တန်ဆောင်ဆီမီးအဖြစ်မှ သုဝဏ္ဏဘူမိ၏ လမ်းပြကြယ်အဖြစ် ကျွန်ုပ်ခံယူသည်။

နဂ်လာဒေဝီသည် ကျွန်ုပ်၏ နှလုံးသည်းပွတ် ဖြစ်လေ၏။

သီရိကောင်းစောသည် ကျွန်ုပ်၏အသွေးအသား ဖြစ်လေ၏။

နဂ်လာဒေဝီ တစ်ဖြစ်လဲ သီရိကောင်းစောသည် ကျွန်ုပ်၏နိုင်ငံတော်တစ်ခုဖြစ်လေ၏။

သီရိကောင်းစောအား ကျွန်ုပ်၏ ထီးနန်းစည်းစိမ်တည်မြဲရေး ထက်ပင် ပို၍တန်ဖိုးထားလေ၏။ သီရိကောင်းစော ရောက်စက ကျွန်ုပ်ကိုဆက်ဆံသည်မှာ အေးစက်စက်နိုင်လှသည်။ ကျွန်ုပ်အနေဖြင့် အရုပ်လှလှတစ်ခုကို ရရှိထားသကဲ့သို့ ဖြစ်သည်။ ပါလနိုင်ငံ၏ စိတ်နှင့်သွေးများဖြင့် ဖွဲ့စည်းထားသော သီရိကောင်းစောအနေဖြင့် သုဝဏ္ဏဘူမိသည် သူမနှင့် အစိမ်းသက်သက် ဖြစ်နေသေးမည်ဖြစ်၏။

ပါလနှင့် ခွဲခွာခဲ့ရသောကြောင့်လည်းကောင်း၊ ခမည်းတော်၊ မယ်တော်တို့၏ ရင်ခွင်မှ စွန့်ခွာလာခဲ့ရ ဖြစ်သောကြောင့်လည်းကောင်း စိတ်ညှိုးနွမ်းအားငယ်နေလိမ့်ဦးမည်ထင်၏။

နောင်တွင် ကျွန်ုပ်နှင့် အပေးအယူမျှတသော ကြင်ဘက်တော်တစ်ပါးဖြစ်လာရလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်လေ၏။ ထို့ကြောင့်ပင် သီရိကောင်းစောထံ ပါလနိုင်ငံမှ လာကြသောမောင်နှမတော်များ၊ အထိန်းတော်များ၊ အမှူးအမတ်ဝန်များမှစ၍ အစေအပါးဝန်များကို ကျွန်ုပ်သည် အစစ်အဆေး အမေးအမြန်းမရှိ တွေ့ဆုံခွင့်ပြုခဲ့လေ၏။

သီရိကောင်းစောမှာ ကျွန်ုပ်နှင့် ဆက်ဆံရေး၌ အေးစက်နေခဲ့သော်လည်း သူမ၏ ပါလနိုင်ငံမှ အဆွေအမျိုးများရောက်လာခဲ့လျှင် ရွှင်ပျလန်းဆန်းနေတတ်သည်ကို တွေ့ရှိရလေသည်။

ပါလနိုင်ငံတော်သို့ သွားရောက်၍ လည်ပတ်လိုသော ဆန္ဒကိုမူ ကျွန်ုပ်မလိုက်လျောခဲ့ပေ။ ထိုသို့ မလိုက်လျောနိုင်ခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သီရိကောင်းစောက ပါလနိုင်ငံတော်မှ သူမ တွေ့ဆုံလိုသူရှိလျှင် ကျွန်ုပ်၏ အမှုတော်ထမ်းများအား စေလွှတ်ခေါ်ခိုင်းပေးခဲ့လေ၏။

ကျွန်ုပ်၏ အမတ်ဝန်ပညာရှိများက ကျွန်ုပ်ကို သတိပေး လျှောက်တင်ကြလေ၏။

သီရိကောင်းစောအား ထိုသို့ ပါလနိုင်ငံသားများ ဝင်ထွက်နေကြခြင်းကိုစွဲ၍ ကန့်ကွက်ရန်မရှိသော်လည်း စစ်ဆေးမေးမြန်းပြီးမှ ဝင်ခွင့်ပြုရန် တင်ပြလျှောက်ထားကြလေသည်။ ကျွန်ုပ်ကိုယ်တိုင် တွေးခေါ်မြော်မြင်တတ်ပေရာ အမတ်ငန်များလျှောက်တင်သော စကားသည် မှန်ကန်သင့်လျော်သောစကားဖြစ်ကြောင်း သိလေ၏။

သို့သော်လည်း သီရိကောင်းစောအပေါ် မြတ်နိုးသောစိတ်၊ တနာစိတ်၊ ကြင်နာသနားစိတ်တို့ဖြင့် အမတ်ဝန်တို့ လျှောက်သော စကားကို လျစ်လျူရှုခဲ့လေ၏။ သီရိကောင်းစောကလည်း သူမထံသို့ ရောက်လာသူများကို သုဝဏ္ဏဘူမိဓလေ့ထုံးစံနှင့်အညီ ဆင်ခြင်၍ နေထိုင်ခိုင်းသည်ကို ကျွန်ုပ်တွေ့ရှိရလေ၏။

ကျွန်ုပ်သည် သီရိကောင်းစောအား သုဝဏ္ဏဘူမိနန်းဓလေ့နှင့် ထုံးတမ်းများကိုလည်းကောင်း၊ တိုင်းရေးပြည်ရာများကိုလည်းကောင်း သွန်သင်ပြသပေးရာ သီရိကောင်းစောသည် ငယ်ရွယ်သူပင်ဖြစ်လင့်ကစား တတ်လွယ်ပြီး ဉာဏ်ပညာထက်မြက်လေ၏။

မိဖုရားတစ်ပါး၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ နေထိုင်တတ်လာပြီး ကျွန်ုပ်၏ အရိပ်အကဲကိုပါ ကြည့်တတ်လာခဲ့၏။ ကျွန်ုပ်၏စိတ်များ တင်းကျပ်နေလျှင် ဖြေလျှော့ပြောဆိုနိုင်စွမ်း ရှိလာလေ၏။

နောက်ပိုင်းတွင် သီရိကောင်းစောသည် သူမ၏ အလိုဆန္ဒကို ရှေ့တန်းမတင်ဘဲ ကျွန်ုပ်၏ စိတ်အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများကို မလုပ်သည့်အပြင် ကျွန်ုပ်၏ စိတ်အလိုဆန္ဒကိုပင် သိလျက် ပါရမီဖြည့်ဖက်ပီသစွာ ဆောင်ရွက်ပေးလေ၏။



နောင်တွင် ပါလနိုင်ငံမှ သူမထံ လာရောက်ကြသူများကိုပင် အကြောင်းမရှိဘဲ မကြာခဏ မလာရောက်ကြဖို့ သူမကိုယ်တိုင် တားမြစ်ပြောဆိုမှုပြုလာသောကြောင့် အလာကျဲသွားကြလေ၏။ လာရောက်ကြသူများကိုလည်း ကျွန်ုပ်၏ အမှုတော်ထမ်းများက အစဉ်အလာအတိုင်းစစ်ဆေးပြီးမှ ဝင်ခွင့်ပြုသည်ကိုလည်း ကန့်ကွက်မှု မရှိတော့ပေ။ ဤသို့ပြုလုပ်ခြင်းမှာ နန်းတွင်းလုံခြုံရေးအတွက် ပြုလုပ်ခြင်းသာ ဖြစ်ကြောင်း သဘောပေါက်နေပြီဖြစ်၏။

သီရိကောင်းစောသည် သုဝဏ္ဏဘူမိ မထေရ်မြတ်များ၏ ဓမ္မဒေသနာတော် အဆုံးအမများကို နာကြားရလျက် စိတ်ထားနူးညံ့ပျော့ပျောင်းပြုံးစင်ကာ သဘောထားကြီးသူဖြစ်နေပေပြီ။

ယခုဆိုလျှင် သီရိကောင်းစောသည် သုဝဏ္ဏဘူမိနှင့် အကျွမ်းတဝင်ဖြစ်လျက် သုဝဏ္ဏဘူမိ၏ ဘာသာယဉ်ကျေးမှုတို့ဖြင့် ထုံမွမ်းထားသော သုဝဏ္ဏဘူမိ၏ သမီးပျိုဖြစ်ရှာသာမက ဦးသျှောင်ခေဝီ ဖြစ်ခဲ့လေ၏။

ကျွန်ုပ်၏ တိုင်းရေးပြည်ရာအဝဝ ဆောင်ရွက်စီမံရာတွင်ပင် နောက်တော်ပါးမှ တစ်ဖဝါးမခွာ ပါဝင်ဆောင်ရွက် အကြံဉာဏ်ပေးနိုင်ခဲ့လေ၏။

ကျွန်ုပ်သည် သုဝဏ္ဏဘူမိကို ချစ်၏။

သုဝဏ္ဏဘူမိ၏ စည်ပင်တိုးတက်ရေးနှင့် သုဝဏ္ဏဘူမိပြည်သူတို့၏ အေးချမ်းသာယာမှုကို မှူးမတ်ဝန်တို့နှင့်တိုင်ပင်ကာ မနေမနား ဆောင်ရွက်လေ၏။

ကျွန်ုပ်သည် ကျယ်ပြန့်သောသုဝဏ္ဏဘူမိအတွက် အကာအကွယ် အရံအတားတို့ကို စီစဉ်ဆောင်ရွက်၏။ ပြည်သူများနှင့်အတူ မြို့ရိုးခံတပ်များကို တည်ဆောက်၏။ ကျုံးမြောင်းများကို တူးဖော်၏။

အချိန်မရွေးပင် ကျူးကျော်သူတို့သည် ကျွန်ုပ်တို့၏ သုဝဏ္ဏဘူမိနိုင်ငံအား

www.burmeseclassic.com

www.burmeseclassic.com



ထိပါးလာနိုင်သောကြောင့် ဆင်လုံးမြင်းရင်းတို့ကိုလည်း စုစည်းရလေ၏။ တိုက်ဆင်တော်တို့၏ စစ်ခွမ်းရည်မြင့်မားအောင်လည်း အမြဲမပြတ်လေ့ကျင့်ရလေ၏။

ကေလာသ၏ ဒီမှာဘက်တွင် ကျွန်ုပ်သည် ဆင်တပ်မြင်းတပ်ခံတပ်မြို့ကို စီမံတည်ဆောက်ရလေ၏။ ဤဖေယျာဘူမိခံတပ်မြို့သည် သုဝဏ္ဏဘူမိ၏ အပြင်စည်းရိုးခံတပ်ဖြစ်လေ၏။ ဂဝံကျောက်တို့ပေါ်များထုထပ်လှ၏။ ထိုဂဝံကျောက်တို့သည် အပြင်စည်းရိုးခံတပ်ဖြစ်သောဖေယျာဘူမိမြို့၏ ခံတပ်တံတိုင်းကြီးဖြစ်စေရမည်။

ကျွန်ုပ်သည် ကေလာသဆံတော်ရှင်ကိုလည်း ဖူးမြင်ရင်းဖေယျာဘူမိခံတပ်မြို့၏ အစီအမံများကို ရှုစားရန်ထွက်ခွာခဲ့လေ၏။ ကျွန်ုပ်နှင့်အတူ မှူးမတ်ဗိုလ်ပါများလည်း ဝန်းရံခစားလိုက်ပါလာကြလေ၏။

ဖေယျာဘူမိ၏ ခံတပ်တံတိုင်းကို အဝေးမှ လှမ်းမြင်ရကတည်းကပင် ကျွန်ုပ်၏ ရင်ထဲမှာ ကျေနပ်သွားရလေ၏။ ဖေယျာဘူမိခံတပ်ကို ဦးစီးရန်အတွက် သမိန်ထောရာမကို ကျွန်ုပ်တာဝန်ပေးအပ်ထား၏။

သမိန်ထောရာမက ကျွန်ုပ်တို့အား ယာယီစံနန်းသို့ ပို့ဆောင်လေ၏။ “ဗိသုကာတော်ကြီး သက္ကကို ခေါ်ချေ အဲခေါင်” ကျွန်ုပ်၏အပါးတော်မြဲဖြစ်သော အဲခေါင်ဘုန်းက ဗိသုကာတော်ကြီးသက္ကကို ကျွန်ုပ်ထံသို့ ခေါ်ဆောင်လာခဲ့လေ၏။

“ဗိသုကာတော်ကြီးလည်း မြို့ရိုးကျုံးမြောင်းတွေ တည်ဆောက်ရာမှာ ကြိုးကြပ်လုပ်ဆောင်နေရတာနဲ့ အတော်ကို ပင်ပန်းမှာပဲ။”

ကျွန်ုပ်က ဗိသုကာကြီးကို ပြောလိုက်သောအခါ ဗိသုကာကြီးကပြုံးတော်မူလေ၏။ ဗိသုကာကြီး၏ မျက်နှာမှာ ပင်ပန်းနွမ်းနယ်မှုတို့ကို မတွေ့ရှိရပေ။ ရွှင်လန်းတက်ကြွနေသည်ကိုသာ တွေ့ရှိနေရ၏။

“ဒါက အကျွန်ုပ်ရဲ့ အလုပ်ပဲလေ၊ အကျွန်ုပ်ရဲ့အနုပညာကို လုပ်နေ



ရသမျှတော့ မောပန်းတယ်ရယ်လို့ မရှိပါဘူး။ ဘယ်လိုမျိုးကောင်းအောင် ထုဆစ်ရမလဲ၊ တီထွင်ဆန်းသစ်ရမလဲဆိုတာကို စိတ်ကူးလိုက်ဆောက်ကလေးတွေနဲ့ ထွင်းလိုက်၊ ရွေလိုက်နဲ့ အချိန်ကုန်မှန်းတောင်မသိတော့ပါဘူး။ ထမင်းမေ့ဟင်းမေ့ပဲဆိုပါတော့ အရှင်။”

သက္ကက မနုဟာသခင်ကြီးကို ပြန်လည်လျှောက်ထားလိုက်လေ၏။

“အင်း ... အနုပညာရှင်တွေကတော့ သူတို့ရဲ့အနုပညာမှာအမြဲတမ်းဝင်စားနေကြတာပဲလေ။ သခင်ကြီးကရော၊ အနုပညာကိုစိတ်မဝင်စားဘူးလား”

သီရိကောင်းစောက မနုဟာကို မေးလိုက်လေ၏။

“သခင်ကြီးလည်းလူပါပဲ သီရိ၊ အနုပညာကို ခံစားနားလည်တတ်ပါတယ်။”

ကျွန်ုပ်က နန်းမတော်ကို ပြန်ပြောလိုက်လေ၏။

“သခင်ကြီးကသာ အနုပညာကို ခံစားတတ်ပါတယ်လို့ ပြောနေတယ်။ သခင်ကြီးရဲ့ မျက်နှာက အမြဲတမ်းတင်းနေသလိုပဲ။”

သီရိကောင်းစောက စောဒကစကား အတွန့်တက်လေ၏။ ထိုအခါမှ မနုဟာသည် သူ၏ မျက်နှာတင်းနေသည်ကို သတိပြုမိသွား၏။

“တိုင်းရေးပြည်ရာကိစ္စတွေမှာ စိတ်ဝင်စားလို့၊ အလိုဆန္ဒမပြည့်တာတွေကများနေတယ်။ အဲ့ဒါကြောင့် မျက်နှာတင်းနေသလိုဖြစ်သွားရတာပါ။ အနုပညာသမားဆိုတာက ခံစားထိခိုက်လွယ်တယ်။ အဲ့ဒါကို ဟန်ဆောင်ထားလို့ မရဘူး။ မျက်နှာပေါ်မှာ ပေါ်နေတတ်တယ်။”

ကျွန်ုပ်က မျက်နှာတင်းနေသည်ကို လျော့ချကာ ပြန်ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဗိသုကာကြီးသက္ကရဲ့ အနုလက်ရာတွေကို သွားကြည့်ရအောင်လား မောင်တော်သခင်ကြီး"

သီရိကောင်းစောက မနုဟာမင်း၏ စိတ်အာရုံပြောင်းလွဲမှုရှိသွားစေရန် ပြောကြားလျှောက်ထားလိုက်လေ၏။

ဗိသုကာကြီးက ရှေ့မှ ခေါ်ဆောင်သွားလေ၏။ မနုဟာနှင့် နန်းမတော်တို့က အနောက်မှ လိုက်သည်။

မြေပြင်ပေါ်မှာ ကြီးမားသောလိပ်တစ်ကောင်ကို တွေ့လိုက်ရလေ၏။ လူနှစ်ယောက်ဖက်မျှမက ကြီးမားလှလေ၏။ ဦးခေါင်းခြေလက်တို့က ကူးယက်နေသည့်အသွင်ရှိ၏။

"သခင်ကြီး ကြည့်တော်မူပါဦး လိပ်ကြီးတစ်ကောင်"

"အို ဟုတ်ပါရဲ့ ဒါဗိသုကာကြီးရဲ့ လက်ရာထင်တယ်"

"မှန်ပါတယ် အရှင်၊ ဒီနေရာဟာ အရင်က ပင်လယ်ကမ်းစပ်လေ။ မြေပေါ်က ကျောက်ဆောင်တွေထိုးထွက်နေတာ။ ကျောက်ဆောင်က ဒီအတိုင်းကြည့်ရင်မလှဘူး။ ကျောက်ဆောင်ကို အခုလိုလိပ်ရုပ်ကြီးဖြစ်အောင်ထုဆစ်လိုက်တော့ ဒီကမ်းခြေမြေပြင်ကလည်း လှပလာမယ်။ နောက်လူတို့ကလည်း ဒါဟာ ပင်လယ်ကမ်းခြေဒေသတစ်ခုလို့ သိကြမယ်။"

"ဟောဟိုမှာလည်း ကြီးမားတဲ့ ငါးရုပ်ကြီးတစ်ရုပ်ပါလား။ ပြီးတော့ မိကျောင်းတစ်ကောင်။"

သီရိကောင်းစောက လက်ညှိုးတထိုးထိုးနှင့် အားမေဒိတ်ပြုကာပြောလေ၏။

"သခင်မအနေနဲ့ ဒါလောက်ပဲမြင်တွေ့သေးတာကို။ အကျွန်တည်ဆောက်ထားတဲ့ ခံတပ်တံတိုင်းကိုသာ ရှုစားရမယ်ဆိုရင် သခင်မဒါထက် အံ့သြသွားစေရမယ်။"

ဗိသုကာကြီးသက္ကက ဂုဏ်ယူဝံ့ကြွားစွာ ပြောကြားလိုက်လေ၏။



"ဗိသုကာကြီး သက္ကကလည်း အကြွားပိုရန်ကော၊ အခုတွေ့ရှိနေရတဲ့ ရေသတ္တဝါ အရုပ်ကြီးတွေကို မြင်ရရုံနဲ့ ဗိသုကာကြီးကို လေးစားပါတယ်။ ဒါတွေကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ထုလုပ်ရတာလဲ ဗိသုကာကြီးရဲ့။"

သီရိကောင်းစောက မေးလိုက်ပြန်၏။ သီရိကောင်းစောနှင့် ဗိသုကာကြီးသက္ကတို့ ပြောဆိုနေကြသောစကားများကို မနုဟာက အသေအချာ နားစိုက်ထောင်နေ၏။ ဗိသုကာကြီးက မည်သို့ပြန်ပြောမလဲဆိုသည်ကို နားစွင့်ထားလေ၏။

"ရည်ရွယ်ချက်ဟုတ်လား သခင်မ"

"ဟုတ်တယ်လေ၊ ဒီ အရုပ်တွေထုလုပ်ဖို့ သခင်ကြီးက စေခိုင်းတော်မူမယ်လို့ မထင်ဘူး။"

"ဟုတ်ပါတယ်၊ ဒီအရုပ်တွေ ထုလုပ်ဖို့ သခင်ကြီးက စေခိုင်းမထားပါဘူး။ သခင်ကြီးစေခိုင်းတာက ခံတပ်မြို့ရိုးတည်ဆောက်ဖို့လောက်ပါပဲ။ ခံတပ်မြို့ရိုးကိုသာ အရင်ရှုစားတော်မူပါသခင်မ။ ပြီးရင် ဒီအရုပ်တွေကို ဘာရည်ရွယ်ချက်နဲ့ ထုလုပ်သလဲဆိုတာကို ရှင်းပြတော်မူပါ့မယ်။"

"ဗိသုကာကြီးက ဒီလောက်ပြောနေမှတော့ ခံတပ်တံတိုင်းကို ရှုစားရပေတာပေါ့"

ထိုသို့ ပြောဆိုကြကာ တည်ဆောက်လက်စ ခံတပ်တံတိုင်းကြီးဆီသို့ သွားရောက်ကြည့်ရှုကြလေ၏။

ခံတပ်တံတိုင်းကြီးမှာ မြင့်မားလှသည်။ ဤခံတပ်တံတိုင်းကို အတော်ခက်ခဲပင်ပန်းစွာ တည်ဆောက်ရလိမ့်မည်ဟု ခန့်မှန်းရသည်။

ကျွန်ုပ်အဖို့ ဤခံတပ်တံတိုင်းကြီး တည်ဆောက်ထားပုံကို အားရကျေနပ်လှသည်။ ဝဲကျောက်များကို နှစ်တောင်ခန့်ထုရှိသည့် ကုဗတုံးများဆစ်ယူကာ အဆင့်ဆင့် တည်ထားသော တံတိုင်းကြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဂဝံကုဗတုံးများကို ဆစ်ယူရာ၌ သေသပ်တိကျသည်။ လူ နှစ်ရပ်ကျော် သုံးရပ်မျှ မြင့်မားသော ဤဂဝံအုတ်တံတိုင်းကြီး၏ အတွင်း ဘက်သို့ မည်သူမျှ ထွင်းဖောက်မြင်တွေ့နိုင်မည် မဟုတ်ပေ။

ဤဂဝံအုတ်တံတိုင်းကြီးကို မည်သည့်လက်နက်မျှ ထွင်းဖောက် ဝင်ရောက်လာနိုင်ဖွယ်ရာလည်းမရှိပေ။

"မောင်တော်သခင်၊ ဂဝံအုတ်ကျောက်တိုင်းမှာ အနုလက်ရာ တွေ၊ အနုစိတ်ဖော်ထားပါလား။ ကြည့်စမ်းပါဦး မောင်တော်။"

သီရိကောင်းစောက တအံ့တဩ ပြောလေသည်မို့ ကျွန်ုပ်လည်း ခံတပ်တံတိုင်းကြီးကို အသေအချာကြည့်မိသွားရလေ၏။ ခံတပ်တံတိုင်း ၏ ဂဝံအုတ်တုံးတိုင်းမှာ အနုလက်ရာများကို တွေ့ရှိရလေသည်။ ထိုအနု လက်ရာများက သေသပ်သည်။ အဆန်းတကြယ် စိတ်ကူးများ ပါဝင် သည်။

ဒါကတော့ ပန်းပွင့်လေးတွေကို ပုံဖော်ထွင်းဆစ်ထားတာပဲ။ ပွင့်ဖတ်တွေက စွင့်စွင့်ကားကား။ ပန်းပွင့်၏ အလှသည် အနုပညာအလှ ပေလား။ သုဝဏ္ဏဘူမိ၏အလှကို တင်စားညွှန်းဆိုထားလေသလား။ ကိုယ်တိုင် ထုဆစ်ပုံဖော်ခဲ့သော ဗိသုကာကြီးကသာ သိပေလိမ့်မည်။ ကျွန်ုပ်ကမူ ဒါဟာ သုဝဏ္ဏဘူမိရဲ့ အလှကို ညွှန်းဖွဲ့သောပန်းအသွင်သာ မှတ်ယူချင်သည်။

"ဟောဒီက ဒေါင်းရုပ်ကလေးကို ကြည့်ပါဦး မောင်တော်သခင်၊ ဒေါင်းရုပ်ကလေးက ခြေတစ်ဖက်ကြွလို့ တွန့်ကျူးနေတဲ့ဟန်။"

သီရိကောင်းစောက ဒေါင်းရုပ်ကလေးကို ချီးမွမ်းပြောဆိုလိုက် လေ၏။ သီရိပြရာ ဒေါင်းရုပ်ကို ကျွန်ုပ်အသေအချာ ကြည့်လိုက်သည်။ ဒေါင်း၏ အမြီးဖျားက တွဲလျားကျမနေပေ။ ပြန့်ကား ဝိုင်းစက်စွာ ထောင်နေသည်။ အမြီးကွက်၊ အမွေးအတောင်များက သဘာဝကျလှ သည်။ ဒါဟာခွပ်ဒေါင်းမဟုတ်၊ ကဒေါင်း။ အနုလက်ရာ ကဒေါင်းအရုပ်။



ကျွန်ုပ်၏စိတ်မှာ ကြည်လင်လန်းဆန်းလာသည်။ ကျွန်ုပ်၏ ရင်မှာ ဗိသုကာကြီး၏အနုပညာများ ဝင်စားလာသည်။

"ဗိသုကာကြီး ဒီကျောက်ထွင်းရုပ်ကြွတွေကို ဗိသုကာကြီး အနေနဲ့ ဘယ်လိုကြောင့် ခံတပ်တံတိုင်းမှာ ထုလုပ်ထားရတာလဲ။"

ကျွန်ုပ်က ဗိသုကာကြီးကို စူးစမ်းကြည့်လေ၏။ ဤထွင်းဆစ် ထားသော ဂဝံရုပ်ကြွများနှင့်ပတ်သက်၍ ဗိသုကာကြီးမှာ ပြောချင် သောစကားများ ရှိပေလိမ့်မည်။ ထိုပြောချင်နေသောစကားများအား ပြောခွင့်ပြုလိုက်ခြင်းသည် ဗိသုကာကြီးအားချီးမြှောက်မှု တစ်မျိုးပင် ဖြစ်လေသည်။ လူတိုင်းမှာ မိမိတို့လုပ်ဆောင်မှုကို ဂုဏ်ယူပြောကြား လိုသောသဘာဝရှိတတ်ကြသည်။ ဗိသုကာကြီးက ဘာပြောလာမလဲ ဆိုသည်ကို နားစွင့်ထားလိုက်၏။

"သခင်ကြီးရဲ့ တာဝန်ပေးချက်အရ အစဦးစွာကတော့ တံတိုင်း ခံတပ်ကြီးကို တည်ဆောက်တာပါပဲ။ တံတိုင်းခံတပ်ကြီးကို ထုထည် အနိုင်အမာနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားတည်ဆောက်လိုက်မယ် ဆိုတဲ့စိတ်တွေက လွှမ်းမိုးလာခဲ့တယ်။ အဲဒီစိတ်တွေ တံခွန်လွှင့်လာ တော့ အနုသွေးတွေက ကြွလာခဲ့တယ်။

သုဝဏ္ဏဘူမိသားတွေ တည်ဆောက်ထားတဲ့ ဟောဒီခံတပ်ကို နောင်အစဉ်အဆက် ပြောစမှတ်တွင်ရစ်ရအောင် အနုလက်ရာတွေနဲ့ ခြယ်မှုန်းလိုစိတ်တွေ ရှန်းကြွလာတာမို့ ခံတပ်တံတိုင်းတစ်ခုလုံးကို စိတ်ကူးက စီးယိုလာတဲ့အတိုင်း ထုဆစ်ပုံဖော်တာပါပဲ။"

ဗိသုကာကြီးက ရှင်းပြလေ၏။ သူ၏ ရှင်းပြမှုမှာ ဂုဏ်ယူဝံ့ ကြွားနေဟန်များကို တွေ့ရှိရလေ၏။

ကျွန်ုပ်ဆက်လက်၍ ကြည့်ရှုသောအခါ ဆင်ရုပ် မြင်းရုပ် အတော်များများကို တွေ့ရှိရလေသည်။ ဆင်တပ်၊ မြင်းတပ်၊ ခံတပ်မြို့ အမည်နှင့် လိုက်ဖက်လှလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လှည်းဘီး၊ အပိုင်းပုံများ၊ ကျောက်ဆူးပုံများလည်း တွေ့ရှိရလေ၏။ တစ်နေရာအရောက်တွင် လူလိုလို၊ တစ္ဆေလိုလို၊ ဘီလူးလိုလို အရုပ်များကို တွေ့ရှိရသည်။ ကိုယ်လုံးဝဝဖိုင့်ဖိုင့်နှင့်။ တစ်မျိုး ထူးဆန်းနေသည်။ ဤအရုပ်များမှာ ထူးခြားမှုတွေ ရှိနေပေသည်။

အရုပ်တစ်ရုပ်က ဆောင့်ကြောင့်ထိုင်ပြီး မျက်စိကို လက်နှစ်ဖက်ဖြင့် ပိတ်ထားသည်။

နောက်တစ်ရုပ်က လက်နှစ်ဖက်ဖြင့် နားကိုပိတ်ထားသည်။

ဟော ... နောက်တစ်ရုပ်ကျပြန်တော့ ပါးစပ်ကို ပိတ်ထားပြန်သည်။ ဘာ သဘောပါလိမ့်။

"ဟောဒီ အရုပ်တွေက ဘာအရုပ်တွေလဲ ဗိသုကာကြီး"

ကျွန်ုပ်က မမေးခင် သီရိက မေးလိုက်လေ၏။

"စိတ်ကူးတည့်ရာ ထွင်းထုထားတာပါ သခင်မ"

ဗိသုကာကြီးက ပြီးစလွယ် အဖြေတစ်ခုကို ပေးလေ၏။ ဗိသုကာကြီး၏အဖြေကို ကျွန်ုပ်ဘဝင်ကျခြင်း မရှိပေ။ ဗိသုကာကြီးသည် ဤကျောက်ထွင်းရုပ်များကို ထွင်းထုရာမှာ တစ်စုံတစ်ခုသော စိတ်ခံစားမှုတော့ ရှိရပေမည်။ ထိုစိတ်ခံစားမှုသည် ဘာလဲ။ ကျွန်ုပ်သိချင်နေသည်။

"စိတ်ကူးတည့်ရာတော့ ဖြစ်နိုင်မယ်မထင်ဘူး။ ဗိသုကာကြီး ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။"

ကျွန်ုပ်က စကားဝင်ထောက်ပြောဆိုလိုက်လေ၏။

"လောကကြီးရဲ့ ဒဿနတစ်ခုကို ကျောက်ဆစ်အတတ်နဲ့ ထွင်းထုပုံဖော်လိုက်တာပါ အရှင်"

"ဘယ်လို ... လောကကြီးရဲ့ ဒဿနမျိုးလဲ"

"ဟုတ်ပါတယ် အရှင်"

"ပြောစမ်းပါဦး ဘယ်လို ဒဿနမျိုးလဲ"



"လူတွေပေါ့ အရှင်မင်းမြတ် ... လူတွေ ... ရှုပ်ထွေး လိမ်ပတ်နေကြတာ။ ဒေါသတွေ၊ လောဘတွေနဲ့ လောင်မြိုက်နေကြတာ၊ မောဟတွေ ဖုံးလွှမ်းနေကြတာ"

သက္ကက စတင်၍ စကားဆိုလေ၏။

"လူတွေ ရှုပ်ထွေးနေကြတယ်။ လောဘဒေါသတွေနဲ့။ အဲ့ဒီတော့ ဘာဖြစ်သလဲ ဦးရိုးသက္က။"

သီရိက ကြားမှ ဝင်မေးလိုက်သည်။

"လောဘနဲ့ဒေါသကြောင့် မနာလိုဝန်တိုမှုတွေ၊ ရယူပိုင်ဆိုင်လိုမှုတွေ၊ ရန်လိုမှုတွေ၊ စစ်ပွဲတွေဟာ ဖြစ်လာကြရတယ်မဟုတ်လား အရှင်"

"ဒါက ထေရဝါဒ သာသနာတော်ရဲ့ အဆုံးအမမှာ ပါတာပဲလေ။ သုဝဏ္ဏဘူမိသားတွေမှာ လောဘ ဒေါသတွေ လောင်မြိုက်နေကြတယ်လို့ ဆိုလိုသလား။"

"ဒီလိုတော့ အကျွန်ုပ်မဆိုလိုပါဘူး။ ဒါပေမဲ့ သုဝဏ္ဏဘူမိသားပဲဖြစ်ဖြစ်၊ တမ္ပဝတီသားပဲဖြစ်ဖြစ်၊ ကျွမ်းတွေပဲဖြစ်ဖြစ်၊ ယွန်းတွေပဲဖြစ်ဖြစ် လူသားတွေမို့ လောဘနဲ့ ဒေါသ မကင်းကြပေဘူး။ အခုဆိုရင် ကျွမ်းတွေရဲ့ စစ်ရိပ်စစ်ငွေ့တွေ သုဝဏ္ဏဘူမိကို ယှက်သန်းလာနေပြီ။ ဒါဟာလောဘပဲ။

လူဆိုတာ ကိုယ့်ကို ထိပါးလာရင် ဒေါသထွက်စမြဲပဲ။ အခုကတည်းက ခံတပ်တံတိုင်းတွေ၊ မြို့ရိုး၊ ကျုံးမြောင်းတွေ ပြင်ဆင်တည်ဆောက်ပြီး စစ်ရေးလေ့ကျင့်နေတယ်ဆိုတာ ထိပါးလာတဲ့ရန်သူကို လက်တုံ့ပြန်နိုင်ဖို့ပဲမဟုတ်လား အရှင်။ လောကအနေနဲ့တော့ ဒါဟာ အမှန်တရားလို့ မြင်ရမယ်။"

ဗိသုကာကြီးက မေးခွန်းပြန်ထုတ်သည်။ ထို့နောက် သူကပင် ဖြေရှင်းချက်ပြန်ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိအာရုံ၊ နားအာရုံတွေကနေလာတာ မဟုတ်လား။ မျက်စိနဲ့မြင်တဲ့အရာတွေမှာ နှစ်သက်ဖွယ်ရာကိုတွေ့တဲ့အခါ လိုချင်တယ်။ လိုချင်တော့ လောဘ၊ ပြီးရင် ရယူဖို့ကြိုးစားတယ်။ အဲ့ဒီမှာ ယူဖို့ကြိုးစားသူနဲ့ ရရှိထားတဲ့သူတို့ကြား ပိရောဓိတွေနဲ့ ရှုပ်ထွေးလာပါလေရော။

နားဆိုတာကလည်း ကြားရတဲ့စကားတွေက ကိုယ့်အတွက် မခံချင်စရာ၊ ကိုယ့်ကို ထိခိုက်ပုတ်ခတ်တာမျိုးဆိုရင် ဒေါသစိတ်က ဖြစ်ပေါ်လာတတ်ပြန်တယ်။

ပါးစပ်ဆိုတာက အဆိုးဆုံးပါပဲ သခင်၊ လျှာအရိုးမရှိတိုင်း ပြောတတ်ကြတာ။ အခုကာလ ဒီလိုလူမျိုးတွေက များနေတော့ နားတွေ၊ မျက်စိတွေ၊ ပါးစပ်တွေ ပိတ်ထားတာက ကောင်းမယ်လို့ ယူဆပါတယ်။"

"ဗိသုကာကြီးသင်္ကာ ပြောတာတော့မှန်ပါတယ်။ လူရယ်လို့ ဖြစ်လာရင် နား၊ မျက်စိ၊ ပါးစပ်တွေကို သဘာဝတရားက ဖန်တီးပေးလိုက်တာပဲ။ အဲ့ဒီနားတွေ မျက်စိတွေကို ပိတ်ထားဖို့ဆိုရင် သဘာဝကြီးက လူတွေကို နား၊ မျက်စိ ဘယ်ထည့်ပေးလိုက်ပါ့မလဲ။ ကြားနိုင်မြင်နိုင်အောင် နားထောင်ဖို့ ကြည့်ဖို့အတွက် ဖန်တီးပေးထားတယ်ဆိုမှ နား၊ မျက်စိ ပိတ်ထားရမယ်လို့ဆိုတာ သဘာဝမကျဘူး"

အဲခေါင်ဘုန်းမှာ တစ်ချိန်လုံးငြိမ်သက်နားထောင်နေရာမှ အချက်ကျကျ ဝင်ပြောလိုက်လေရာ ကျွန်ုပ်သည် ဗိသုကာကြီးက ဘာပြန်ပြောမလဲဆိုတာကို စောင့်၍ နားထောင်နေမိလေ၏။

"အဲခေါင်ငယ် ပြောတာလည်းမှန်ပါတယ်။ နား၊ မျက်စိနဲ့ ပါးစပ်ကို ပိတ်ထားလို့ မရပါဘူး။ မျက်စိရှိနေရက်နဲ့ မမြင်ချင်ယောင်ဆောင်သင့်တာကို ဆောင်ဖို့ပါ။ နား ရှိနေရက်နဲ့လည်း မကြားသင့်တာကို ရှောင်ဖို့ပါ။ ပါးစပ်ကလည်း မပြောသင့်တာ မပြောတဲ့ ပြောသင့်



တာလောက်ပဲပြောဖို့ပါ။ ချစ်စေတာကိုရော၊ မုန်းစေတာကိုပါ ပါးစပ်က လုပ်ဆောင်တတ်တယ်။ သူတစ်ပါး နာလိုခံခက် အမုန်းဖက်မယ့် စကားမျိုး မပြောရင် မုန်းဖို့မရှိဘူး။ ရန်လည်းငြိမ်းတယ်။"

ဗိသုကာကြီးက ဆက်လက် ရှင်းပြလိုက်ရာ အဲခေါင်ငယ် ဘဝင်ကျသွားဟန်တူ၏။ အတော်ကြာအောင် နှုတ်ဆိတ်၍ နေသည်။ ပြောစရာစကားလုံးများ ရှာကြံတွေးတောနေဟန်လည်း တူနေ၏။

"ဦးရီးတော်ရဲ့ အသာက်အရွယ်နဲ့ အတွေ့အကြုံအရ ပြောတဲ့ စကားမို့ လက်ခံရမှာပါပဲ။ ထေရဝါဒ သာသနာ တော်ရဲ့ မွေ့ရေးအမြင်နဲ့ ကြည့်မယ်ဆိုရင်လည်း မမှားပါဘူး။ ဆရာတော်တွေရဲ့ ဩဝါဒ တရားတော်၊ ထေရဝါဒသာသနာတော်ရဲ့ မွေ့ဒေသနာတွေမှာ လောဘနဲ့ ဒေါသကို သိမ်းဆည်းဖို့ ဟောတော်မူတာတွေလည်း ရှိပါတယ်။

ဒါပေမဲ့ အခုက ကိုယ့်နိုင်ငံတော်ကို ကာကွယ်ဖို့ စစ်ရေးကို စီစဉ်နေတာ နား၊ မျက်စိကို ပိတ်ထားလို့တော့ ရမယ်မထင်ဘူး။ သခင်ကြီးကရော ဘယ်လိုထင်မြင် ယူဆတော်မူပါသလဲ"

အဲခေါင်ဘုန်းက စဉ်းစားဝေဖန်၍ ပြောလိုက်သည်။ ပြီးတော့ ကျွန်ုပ်ကို ထင်မြင်ချက်တောင်းလေ၏။ အဲခေါင်ဘုန်းသည် ကျွန်ုပ်၏ နောက်တော်က အမြဲတမ်း ပါရသူ ဖြစ်လေ၏။ တစ်ခါတစ်ရံ ဝန်၊ မှူးမတ်၊ ဗိုလ်ပါများကို ရုံးစုခေါ်ငင်ရသည်မှာ ရှုပ်ထွေးလှသောကြောင့် အချို့ ခရီးတို့ကို ကျွန်ုပ်သည် အဲခေါင်ဘုန်းတစ်ဦးတည်းကို ခေါ်ဆောင် အဖော်ပြုသွားလာသည်မှာ ကျွန်ုပ် ဥပရာဇာဘဝကတည်းကပင် ဖြစ်လေ၏။

တိုင်းရေးပြည်ရာ စီရင်မှုကိစ္စတို့ကို အဲခေါင်ဘုန်းနှင့်ကျွန်ုပ် နှစ်ဦးတည်း ဆွေးနွေးတတ်လေ၏။

"သာသနာရဲ့အခုံအမတော်ဆိုတာ ကြည်ညိုကန်တော့ရမယ့်ပါပဲ။ အထူးသဖြင့် ဥပုသ်တော်ဆောင်ဝင်တဲ့အခါ ဗိသုကာကြီးပြောသလိုပါပဲ

www.burmeseclassic.com

www.burmeseclassic.com



မြင်ပေမယ့် အကန်းလို၊ ကြားပေမယ့် အပင်းလိုနေပြီး နှုတ်ဝစီ အပြော
မများဘဲ စောင့်စည်းမှု သံဝရနဲ့ သီလသိက္ခာတော်ကို မြဲစေသင့်ပေတယ်။
ကျွန်ုပ်ရဲ့ အနေအထားကတော့ တိုင်းရေးပြည်ရာကို စီမံခန့်ခွဲ
စီရင်ရမယ့်သူ။ ဒီလိုအနေအထားမှာ နား မျက်စိကို ပိတ်ထားလို့
မဖြစ်နိုင်ပေဘူး။ နားကြီးကြီး မျက်စိကြီးကြီးထားရပေမယ်။ ဒါမှလည်း
နှံ့စပ်သိမြင်ပြီး လိုအပ်ရာကို စီရင်ခန့်ခွဲနိုင်ပေလိမ့်မယ်။
ဒီနေရာမှာ နိုးသား။ ဓားပြတစ်ယောက်ကို သတ်မိန့်ထိ နှုတ်
ထွက်စကားပေးလိုက်တာဟာ ဒေါသကြောင့် မဟုတ်ပေဘူး။ အပြစ်ရှိ
သူကို အပြစ်အလျောက်စီစဉ်တာပဲ။ သုဝဏ္ဏဘူမိသားတွေရဲ့ အသက်
အိုးအိမ် စည်းစိမ်အတွက် ကျွန်ုပ်ရဲ့ မျက်စိတွေကို ဖွင့်ထားရလိမ့်မယ်။
နားတွေကို စွင့်ထားရလိမ့်မယ်။ ဆောင်ရွက်သင့်တာမှန်သမျှ ဆောင်
ရွက်ကြရပေလိမ့်မယ်။''

ကျွန်ုပ်က ကျွန်ုပ်၏ ခံယူချက်သဘောထားကို ပြောလိုက်လေ
၏။ ဗိသုကာကြီးကတော့ နောက်ထပ်စောဒကစကားများ ထပ်ဆက်
မလာတော့။

“အခုဗိသုကာကြီး ထွင်းဆစ်ထားတဲ့လက်ရာဟာ ဒီခံတပ်
တံတိုင်းကြီး မပျက်စီးသမျှ တည်မြဲနေပေလိမ့်မယ်။ ဗိသုကာကြီး
ကွယ်လွန်သွားပေမယ့် ဒီအနုလက်ရာတွေက နှစ်ပေါင်းရာနဲ့ချီပြီးတည်ရှိ
နေဦးမှာပဲ။ နောက်လူတွေ ဒီအနုလက်ရာကို မြင်တွေ့ရတဲ့အချိန်မှာ
ဗိသုကာကြီးကို ချီးကျူးဖွဲ့ဆိုကြလိမ့်မယ်။
ဒါကိုလိုလားတဲ့ဆန္ဒ တစ်နည်းအားဖြင့် အနုမာနတွေ ဗိသုကာကြီး
ရဲ့ ရင်ထဲမှာ ရှိနေတယ်ဆိုတာ ဗိသုကာကြီး မသိလိုက်ဘူး မဟုတ်လား”
ကျွန်ုပ်က ဗိသုကာကြီးကို မေးမြန်းလိုက်သောအခါ ဗိသုကာ
ကြီးမှာ ငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေ၏။
“အကျွန် ဒါကလေးကို မမြင်လိုက်ဘူး။ အမှန်ပါပဲ အရှင်



အကျွန်ုပ်ရဲ့ ရင်ထဲမှာ အလွန်ဖမ်းဆုပ်သိခက်တဲ့ အနုသသယမာန ရှိနေ
တာကို အကျွန်ုပ်မြင်ပါပြီ။ မာနနဲ့အတ္တ ဆိုတာ ကြမ်းကြမ်းတမ်းတမ်း
ပြုမူတတ်ပါတယ်။ ကိုယ့်ရဲ့ မာနနဲ့အတ္တကို ထိပါးတာနဲ့ မြွေတစ်ကောင်
လို ပါးပျဉ်းထောင်လာတတ်ပါတယ်။ မုန်တိုင်းတစ်ခု၊ မီးလောင်တိုက်
တစ်ခု ဖြစ်သွားစေတတ်ပါတယ်။

အနုမာနဆိုတာ ကိုယ့်ကို မထိနိုက်သေးသမျှ သိမ်မွေ့ငြိမ်ဝပ်
နေတတ်တာမျိုးလို့ အကျွန်ုပ်သဘောပေါက်ပြီ အရှင်၊ အထူးသဖြင့်
အကျွန်ုပ်တို့လို အနုပညာသမားတွေဟာ ပိုပြီးမာနကြီးတတ်၊ ပေါက်ကွဲ
တတ်လေ့ရှိပါတယ်။''

ဗိသုကာကြီး၏ ဝန်ခံစကားမှာ ဝန်ချမှုများ ပါရှိနေ၏။

“ဒါပေမဲ့ ကျုပ်ပြောဦးမယ်။ ဗိသုကာကြီး နားထောင်။

ဗိသုကာကြီးရဲ့ အနုမာနနဲ့ မွေးဖွားထုဆစ်လိုက်တဲ့ ဂဝံကျောက်
ထွင်းရုပ်ကြွတွေဟာ ကြည့်ရှုတဲ့ သူတွေရဲ့ စိတ်ကိုအမျိုးမျိုး နှိုးဆွ
စေလိမ့်မယ်လို့များ ဗိသုကာကြီးတွေးမိထားရဲ့လား။ ဗိသုကာကြီးရဲ့
အတွင်းအဖွဲ့စိတ်တွေဟာ အဲ့ဒီကျောက်ထွင်းရုပ်ကြွတွေမှာ စီးကူး
နေတယ်ဆိုတာကိုရော သိရဲ့လား။

အလုပ်တိုင်းမှာ စေတနာဆိုတာ ရှိတယ်။

အဲဒီစေတနာဆိုတဲ့စိတ်က လှုံ့ဆော်ဖြစ်ပေါ်လာတဲ့အရာတွေဟာ
အခြားသူတွေရဲ့ ဖျော်ဖြေရေးဖြစ်လာစေတယ်။

ဗိသုကာကြီး ပန်းပွင့်ကလေးတွေကို ထုဆစ်ခဲ့တဲ့ စေတနာဟာ
ဒီပန်းပွင့်ကိုကြည့်ပြီး သဘာဝအလှကို ခံစားနှစ်သက်စေချင်တဲ့စေတနာ
မဟုတ်လား။ ဗိသုကာကြီး ကိုယ်တိုင်လည်း အလှအပကို မြတ်နိုးပြီး
ခံစားထုဆစ်ခဲ့တာပဲ မဟုတ်လား။ ကိုယ်ခံစားတာကို သိမ်းပိုက်မထားဘဲ
အများခံစားနိုင်အောင် ထုဆစ်ခဲ့တာဟာ စေတနာအလုပ် မဟုတ်လို့
ကတော့ ဒီလောက်အထိ လက်ရာမမြောက်နိုင်ဘူး။ ပုံဟာ ကြွမနေ
တော့ဘူး''

www.burmeseclassic.com

www.burmeseclassic.com



ဗိသုကာကြီးမှာ မည်သို့မျှ စကားထပ်မဆက်ဖြစ်ဘဲ မနုဟာ၏ အတွေးအခေါ်များ၊ ခံစားမှုများအပေါ် တအံ့တဩ ဖြစ်နေလေ၏။ ကျွန်ုပ်တို့ အရှင်မနုဟာသည် အနုပညာသည်တို့၏ အတွင်းသဘောကို ဖောက်ထွင်း မြင်တတ်သူပါတကားဟု မှတ်ချက်ချမိရလေ၏။

အဲခေါင်ဘုန်းသည် မနုဟာသခင်၏ အတွေးများကို မီအောင် ကြိုးစားကြည့်လိုက်သည်။ သူ၏ အသိဉာဏ်ကို နှိုးဆွလိုက်သည်။ သူပါဝင် ဆွေးနွေးနိုင်အောင် စကားလုံးများရှာကြည့်သည်။ မနုဟာသခင်က တွေးခေါ်မြော်မြင်မှုကို အားပေးသည်။

"စေစေက အရှင်မိန့်ကြားခဲ့သလိုဆိုရင် ရုပ်ကြွပန်းပွင့်တွေကို မြင်တွေ့ရတဲ့သူတွေက သဘာဝအလှကို ခံစားမိလာစေသလို စစ်မြင်း၊ စစ်ဆင်၊ ဓားလှံ၊ စစ်ရထား အစရှိတဲ့ ဗိသုကာကြီးရဲ့ ရုပ်ကြွ တွေကို မြင်တွေ့ရတဲ့သူတွေရဲ့ စိတ်ကရော ဘယ်လို ဖြစ်ပေါ်လာမှာ လဲ။

ဆင်စီး၊ မြင်းစီး၊ ဓားလှံကိုင်ပြီး ကိုယ့်တိုင်းပြည်အတွက် ကာကွယ် တိုက်ခိုက်လိုတဲ့စိတ်၊ ရဲဝံ့ စွန့်စားလိုတဲ့စိတ်တွေ နိုးကြွ ရှင်သန်လာစေလိမ့်မယ်။ ဒီလိုမျိုး မဟုတ်လား။

မျက်စိပိတ်၊ နားပိတ်၊ ပါးစပ်ပိတ်ထားတဲ့ ရုပ်ကြွတွေကို မြင်တွေ့ရတဲ့သူကတော့ သန္တိရသတွေ ရောင့်ရဲမှု၊ သည်းခံမှုတွေ စိတ်ထဲ ဝင်ရောက်လာစေလိမ့်မယ်။

ဒါတွေဟာ အနုလက်ရာကနေတစ်ဆင့် ကြည့်ရှုသူတွေရဲ့ ရင်တွင်းကို ထိုးနှက်ချက်၊ စိတ်ကို စေစားချက်တွေ မဟုတ်လား။"

အဲခေါင်ဘုန်းက စဉ်းစားဝေဖန် သုံးသပ်ချက်စကားကို ထပ်ဆင့်ပြောကြားလိုက်လေ၏။ ကျွန်ုပ်သည် အဲခေါင်ဘုန်း၏ စကားကို သဘောကျသွားသောကြောင့် စိတ်လွတ်လက်လွတ် ရယ်မောလိုက်မိလေ၏။

ထိုသို့ စိတ်လွတ်လက်လွတ် ကျွန်ုပ်ရယ်မောသည်ကို သီရိ



ကောင်းစော မမြင်တွေ့ဖူးသောကြောင့် ကျွန်ုပ်၏ မျက်နှာကို ကြည့် နေလေ၏။

"မောင်တော် ရယ်မောလိုက်သလားလို့"

သီရိကောင်းစောက ကျွန်ုပ်ကို မယုံမရဲ မေးလိုက်လေသည်။

"ဘာဖြစ်လို့ မေးတာလဲ"

ကျွန်ုပ်က ပြန်မေးလိုက်သည်။

"မောင်တော်ရဲ့ မျက်နှာက အမြဲတမ်း တင်းမာခက်ထန်နေ လို့ပါ။ အခုတော့ မောင်တော် ရယ်မောတာကို သီရိမြင်တွေ့ဖူးသွားပါ ပြီ။"

"ဒါလား၊ မောင်တော်က သုဝဏ္ဏဘူမိကို စိတ်ဝင်စားတယ်။ သုဝဏ္ဏဘူမိရဲ့ အေးချမ်းသာယာတည်ငြိမ်မှုကို လိုလားတယ်။ ဒါတွေ ကို ဘယ်လိုလုပ်ဆောင်ရရင် ကောင်းမလဲဆိုတာ အမြဲတမ်း တွေးတော နေမိတာ၊ ပြီးတော့ ကိုယ်တိုင်ကိုယ်ကျလည်း စီစဉ်ဆောင်ရွက် လိုတာတွေကြောင့် မျက်နှာက တင်းမာနေသလိုဖြစ်နေတာပါ။ တစ်ခါတလေလည်း တိုင်းရေးပြည်ရာကိစ္စတွေကို ဘေးဖယ်ထားပြီး စိတ်လွတ်ကိုယ်လွတ် နေလိုက်ချင်တာပါပဲ။"

ကျွန်ုပ်က နန်းမတော်ကို ရှင်းပြလိုက်ရာ နန်းမတော်အနေနှင့် ပြုံးမိသွားလေ၏။

"အခုလည်း မောင်တော်ရဲ့ခေါင်းထဲမှာ လုပ်ဆောင်ရမယ့် ကိစ္စတွေ အစီအစဉ်တကျ ရှိနေတယ်။ အဲ့ဒါက စစ်ရေးလေ့ကျင့်မှုပဲ။ ဆင်သံ၊ မြင်းသံ၊ တံပိုးခရာသံတွေ၊ အော်ဟစ်သံတွေ မကြာခင် ကြား ရတော့မယ်။ ဒါက တကယ့်စစ်ပွဲ မဟုတ်ပေမဲ့ တကယ့်စစ်ပွဲလို လေ့ကျင့်မှာ။ နန်းမတော်အနေနဲ့ ထိတ်လန့်တတ်တယ်ဆိုရင် ဗိသုကာ ကြီး သက္ကရဲ့ ဂဝံကျောက်ဆစ်ရုပ်ကြွပုံလိုပဲ နားနဲ့မျက်စိကိုသာ ပိတ်ထားလိုက်ပေရော့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သီရိကောင်းစောအား ထိုသို့ မိန့်ကြားပြီး စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ရန်အတွက် အမိန့်ပေးလိုက်လေ၏။

(ဘီးလင်းမြို့၏ အနောက်ဘက် ၃ မိုင်ခန့်အကွာ ဖုတ်သုတ်ရွာအနီး၌ ဆင်တပ်မြင်းတပ် ခံတပ်မြို့ ရှိသည်။ အနုလက်ရာများထွင်းထားသော ခံတပ်တံတိုင်းကြီးလည်း ယခုတိုင် တည်ရှိသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တံတိုင်းအချို့ကို သံဆန်ခါဝင်းခြံခတ်၍ ထိန်းသိမ်းထားရှိသည်။)

✦ ✦ ✦



(၁၂)

တိုက်ပွဲတစ်ပွဲကို စတင်တော့မည်။

ဆင်သည် မြင်းသည်များ စနစ်တကျ နေရာယူထားကြ၏။ မိမိတို့၏ အောင်လံတော်များကို တလွင့်လွင့်နှင့် လွှင့်ထူထားကြသည်။

သမိန်ထောရာမကာ ခံတပ်စစ်ကြောင်းကို ဦးစီးသည်။

အဲခေါင်ဘုန်းက ခံတပ်စစ်ကြောင်းကို ထိုးဖောက်တိုက်ခိုက်ဖို့ ပြင်ဆင်ထားသည်။ အဲခေါင်ဘုန်းက သုဝဏ္ဏဘူမိမှ လိုက်ပါလာသော စစ်သည်ရဲမက်များနှင့် ထိုးဖောက်တိုက်ခိုက်လိမ့်မည်။

သမိန်ထောရာမကာ ဆင်တပ်၊ မြင်းတပ်၊ ခံတပ်မြို့မှာရှိထားသော ဆင်မြင်း အလုံးအရင်းဖြင့် ခုခံရမည်။

ဤစစ်မြေပြင်မြင်ကွင်းကို ညီတော်အနိမ်မိတ္တအား မြင်စေချင်သည်။ ညီတော်အနိမ်မိတ္တကတော့ တိုက်ခိုက်မှုမှာ အာရုံဝင်စားမှု မရှိချေ။ ဘုရားတည် ကျောင်းဆောက်၊ ဥပုသ်တော်ဆောက်ဝင်ရန်သာ စိတ်ဝင်စားသည်။ သာသနာရေးနှင့် ဘာသာရေးအားမှာ ပို၍ စိတ်အားထက်သန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာလည်း သင့်လျော်လျောက်ပတ်သည်ဟု ကောင်းသော နှလုံးသွင်းယူမှုဖြင့် ဆင်ခြင်လိုက်သည်။ ညီတော်က ပရိယတ်၊ ပဋိပတ် ဝန်ဆောင်သံဃာများကို ချီးမြှင့်သည်။ ပိဋကတ်တော် အာဂုံဆောင်သံဃာများကို ရွေးချယ်သည်။ ညီတော်၏ စိတ်ဝင်စားဆောင်ရွက်မှုကြောင့် သုဝဏ္ဏဘူမိ၏ ဗုဒ္ဓသာသနာသည် အလျှံတညီးညီးနှင့် ထွန်းလင်းတောက်ပလာနေသည်။

ရဟန်းသံဃာများမှာ ဝိနည်းသိက္ခာပုဒ်နှင့်အညီ ကျင့်သုံးနေထိုင်ကြသောကြောင့် ကြည်ညိုဖွယ် အထူးဂုဏ်ကို ဆောင်နေကြသည်။ သာသနာရေးဘက်မှာ ညီတော် အနိမိတ္တ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကျွန်ုပ် အသိအမှတ်ပြုရပေမည်။ ညီတော်အနိမိတ္တကြောင့်သာလျှင် သာသနာရေးဘက်မှာ ကျွန်ုပ် လွန်စွာ ကြောင့်ကြစိုက်စရာ မလိုပေ။

အခါအားလျော်စွာတော့ သာသနာရေးလုပ်ငန်းများကို ကျွန်ုပ် ပါဝင် ဆောင်ရွက်ရလေသည်။

ကျွန်ုပ်သည် သုဝဏ္ဏဘူမိကို အဘက်ဘက်က စံမီပြည့်ဝသော နိုင်ငံတော်ဖြစ်လာစေရန် ဘက်ပေါင်းစုံမှ လေ့လာစေ့င ဆောင်ရွက်ရရာ ကျွန်ုပ်အဖို့ အားလပ်အပန်းဖြေချိန်ပင် နည်းပါးနေပေသည်။

တစ်ဖက်နှင့်တစ်ဖက် တံပိုးခရာကိုမှုတ်၍ စစ်သံပေးကြလေပြီ။ တိုက်မောင်း တိုက်စည်တီးလျက် စစ်ရေးကိုင်ကြလေပြီ။ စစ်သည်ရဲမက်များ၏ အားမာန်ကြွဖွယ် ညာသံပေး အော်ဟစ်သံက လွင့်ပြေးလာ၏။

သီရိကောင်းစောသည် မောင်တော် မနုဟာပြောခဲ့သည့်အတိုင်း စစ်သံများ မကြားရလေအောင် နားကို ပိတ်ထားလိုက်ရမည်လား။

အော်ဟစ်သံများက သူမ၏ရင်ကို တဒိတ်ဒိတ်နှင့် ခုန်နေစေ၏။ ယောင်ယမ်းပြီး နားကို ပိတ်လိုက်မိသေးသည်။ နောက်တော့ စိတ်ကို



ပြန်တင်းသည်။ သူမနှင့် မောင်တော် မနုဟာတို့သည် တစ်ယောက်၏ စိတ်သဘောကို တစ်ယောက် သိရှိကြလေသည်။ သိရှိသည်သာမက တစ်ယောက်၏ အပူသောကကို တစ်ယောက်က မျှယူရပေမည်။ မောင်တော်သခင်၏ ပါရမီဖြည့်ဖက် ဖြစ်နိုင်အောင် ကြိုးစားအားထုတ်ရပေမည်။

သူမသည်လည်း မောင်တော်လို ရဲရင့်နိုင်မတ်သောစိတ်များ မွေးမြူထားရမည်ဟု နှလုံးပိုက်လျက် ရင်ခုန်နေမှုများငြိမ်သက်သွားအောင် စိတ်ကို သတိနှင့် ချုပ်ထိန်းလိုက်ရလေ၏။

တိုက်ဆင်တော်များ၏ ကျိုကနဲ မာန်သွင်းသံများက အသည်းယားဖွယ်ဖြစ်၏။ စစ်မြင်းများ၏ ဟီသံများကလည်း သွေးပျက်ဖွယ်ရာဖြစ်လေ၏။ ခဏအကြာမှာ ယင်းအသံများသည် သီရိကောင်းစော အတွက် နားယဉ်လာသည်။ မောင်တော်ကမူ စစ်ရေးလေ့ကျင့်မှုကို သွားရောက်စီစဉ် မိန့်ကြားနေသောကြောင့် အနားမှာ မရှိချေ။

ဖုန်လုံးများထောင်းထောင်းထနေသည်။ မြင်းများနှင့် လူများ ရောထွေးယှက်တင် လှုပ်ရှားနေကြ၏။ တိုက်ဆင်များ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့တွန်းတိုက်နေကြသည်။

စစ်ရေးလေ့ကျင့်နေကြသည်ဆိုသော်လည်း သီရိကောင်းစောအဖို့တော့ တကယ့်စစ်ပွဲကြီးတစ်ခု မြင်တွေ့နေရသကဲ့သို့ ရှိလေ၏။ စစ်ပွဲဆိုတာ တကယ့်ကို ကြောက်စရာကောင်းပါလားဟု သီရိတွေးနေမိသည်။ စစ်ပွဲကို သီရိ သွေးရဲစွာကြည့်ဝံ့သွားပြီ။

စောစောကတော့ ဓားခုတ်နေကြတဲ့ မြင်းကွင်းက မူးမိုက်ချင်သလိုဖြစ်သွားရလေ၏။ အချိန်တစ်မောင်းကြာကြာမျှ စစ်ရေးတိုက်ခိုက်လေ့ကျင့်ကြပြီးနောက် ရပ်နားသွားကြသည်။ စစ်သည်ရဲမက်များ ကိုယ့်အစုနှင့်ကိုယ် အနားယူနေကြသည်။ ဆင်မြင်းတို့ကို အစာရေစာ ကျွေးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်တော်မနုဟာ၊ အဲခေါင်ဘုန်း၊ သမိန်ထောရာမ၊ နန်းရင်းဝန် အတိုင်ပင်ခံအမတ်တို့က စစ်ရေးလေ့ကျင့်ပြီးနောက် လွှတ်ကွက်ဟာကွက်များကို ပြန်လည်သုံးသပ်ဆွေးနွေးနေကြလေ၏။ သီရိကောင်းစောကတော့ ဘုရားမုကွပ်ပါဠိတော်တစ်ခုကို ရွတ်ပွားနေမိလေ၏။

← ← ←



(၁၃)

အချိန်က နေညိုစောင်းစပြုလာပြီ။

ကျွန်ုပ်သည် စစ်ရေးစစ်ရာမှာ စိတ်ဝင်စားနေမိသောကြောင့် သီရိကိုပင် မေ့လျော့ထားမိသလို ဖြစ်နေသည်။ စစ်ရေးလေ့ကျင့်မှု တိုက်ကွင်းဆီသို့ သီရိအားခေါ်ဆောင်လာခဲ့သည်မှာ မှားလေပြီလား။ သီရိ၏ နှလုံးသားတို့က လွန်စွာနူးညံ့သိမ်မွေ့လှသည်ကို ကျွန်ုပ်သိသည်။ သီရိသည် ဓမ္မကိုလိုက်စားပြီး ဘာသာတရားကို ကိုင်းရှိုင်းရိုညွတ်သူဖြစ်သည်။

ဤလိုတိုက်ခိုက်နေကြသော အသံနှင့် မြင်ကွင်းကိုသာ သီရိမြင်တွေ့ရလျှင် သီရိထိတ်လန့်တုန်လှုပ်နေလေမလား။ ကျွန်ုပ်သည် လေ့ကျင့်မှုပြီးသည်နှင့် သီရိ၏အပါးသို့ ပြန်လာခဲ့သည်။ ကျွန်ုပ် သီရိ၏ အပါးကို ရောက်လာသည်ကိုပင် သီရိသိဟန်မတူ။

သီရိ၏ လက်ထဲမှာက ပုတီးတစ်ကုံး။

ပြီးတော့ သီရိ၏ နှုတ်ခမ်းများမှာ တစ်စုံတစ်ရာကို ရွတ်ဆိုနေဟန် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နမတော် သီရိ"

ကျွန်ုပ်က သီရိကောင်းစောကို တိုးတိုးဖွဖွ ခေါ်လိုက်သည်။ သီရိက ကျွန်ုပ်ကို လှည့်ကြည့်သည်။

"သီရိ သိပ်ပြီး ထိတ်လန့်နေသလားဟင်။"

ကျွန်ုပ်က မေးလိုက်ရာ သီရိ ခေါင်းကို အသာလေးယမ်းခါလိုက်၏။

"တိုက်ပွဲအစမှာတော့ သီရိအနေနဲ့ မျက်စိရော၊ နားရော မယဉ်သေးတာမို့ နှလုံးတော့တုန်မိပါရဲ့။ ဒါပေမဲ့ သီရိဟာ မောင်တော်ရဲ့ ကိုယ်ပွားလေ။ မောင်တော်ရဲ့ စိတ် အလိုဆန္ဒကို နှစ်လိုဖွယ်ရှိအောင် သီရိ ကြိုးစားရမှာပေါ့။

မောင်တော်ဆောင်ရွက်နေတာတွေဟာ သုဝဏ္ဏဘူမိသားတွေအတွက်ပေမို့လား။ နမတော်ရဲ့စိတ်တွေကို ထိန်းနိုင်လိုက်ပါတယ်။ နမတော်အတွက် ပူပန်တော်မမူပါနဲ့ မောင်တော် ဆောင်ရွက်ဖွယ်ရာမှန်သမျှကို နောက်ဆံမတင်းဘဲ ဆောင်ရွက်တော်မူပါ။"

ကျွန်ုပ်သည် နန်းမတော်သီရိ၏ စကားကို ကြားရသောအခါ ကရုဏာသက်သွားရလေ၏။ ဘယ်သောအခါမှ သီရိသည် သူမ၏ ဆန္ဒကို ရှေ့တန်းမတင်ဘဲ ကျွန်ုပ်၏ဆန္ဒကိုသာ လိုက်လျောတတ်သူ ဖြစ်လေ၏။ နန်းမတော်သီရိသည် အဆောင်တော်ရှိ နန်းစဉ် ရုပ်ပွားတော်မှာ ဆွမ်း၊ ရေချမ်း၊ ပန်းများ ကပ်လှူပူဇော်နေကျဖြစ်သည်။ ဘုရားဝတ်တက် အာရုံပြုစမြဲ ဖြစ်သည်။

ဤယနေ့တွင်တော့ ကျွန်ုပ်နှင့်အတူ ခံတပ်မြို့သို့ လိုက်ပါလာခဲ့ရသည့်အတွက် ထိုနေ့စဉ်ပြုမြဲဝတ်တို့ ချွတ်ယွင်းခဲ့ရလေပြီ။ ဤပြုမြဲဝတ် ချွတ်ယွင်းရသည့်အတွက် စိတ်မကောင်းဖြစ်ပေလိမ့်မယ်။ သို့သော်လည်း ကျွန်ုပ်ကို သူမ စိတ်မကောင်းဖြစ်ရသည့်အကြောင်း တစ်ခွန်းတစ်ပါဒမှ ထုတ်ဖော်ပြောကြားခြင်း မရှိသောကြောင့် ကျွန်ုပ်၏



စိတ်ထဲ၊ ရင်ထဲမှ နန်းမတော်သီရိအပေါ် တိုး၍ကြင်နာမိရလေ၏။ နန်းမတော်က ကျွန်ုပ်၏အလိုကို အစဉ်ဖြည့်စွမ်းသကဲ့သို့ ကျွန်ုပ်ကလည်း နန်းမတော်၏ အလိုကို ပြန်ဖြည့်ပေးဖို့ စိတ်ကူးလိုက်လေ၏။

"နန်းမတော်လည်း ဒီနေ့အဖို့တော့ ပြုမြဲ ကုသိုလ်ဝတ်တွေ ပျက်ယွင်းရပြီကော။"

ကျွန်ုပ်က ပြောလိုက်လေ၏။

"ရပါတယ် မောင်တော်သခင်၊ ဒီနေ့မပြုလုပ်နိုင်ပေမဲ့ နောက်နေ့တွေပြုလုပ်လို့ရပါသေးတယ်။ နမတော်ဘက်ကို ဘာမှ ထောက်ထားပြီး တွေးတော်မမူပါနဲ့။ မောင်တော်ရဲ့လုပ်ငန်းမှာ လိုက်ပါ အားပေးခွင့်ရတာကိုကပဲ နမတော်အတွက် မဟာအခွင့်အရေးတစ်ခုလို့ ယူဆတော်မူပါတယ်။ သီရိကတော့ မောင်တော်ရဲ့ စိတ်တော်ချမ်းမြေ့စေချင်တာပါပဲ။"

သီရိ၏ စကားသံက နူးညံ့လှသည်။ ကျွန်ုပ်ကို လျှောက်တင်သောစကားများကလည်း လိမ္မာပါးနပ်လှ၏။ ကျွန်ုပ်ကို အပြစ်တင်သော လေသံတစ်ခွန်းတစ်စမျှ မပါဝင်ပေ။ သို့သော်လည်း သီရိ၏ ရင်ထဲမှာ ဘာဖြစ်နေသည်ကို ကျွန်ုပ်သိနေသည်။

လူတစ်ယောက်အဖို့ နေ့စဉ်ပြုလုပ်နေသော အလုပ်တစ်ခုကို မပြုလုပ်ရသည့်အခါ ရင်ထဲမှာ လွတ်ဟာမှတ်သိပ်မှု၊ အလိုဆန္ဒမပြည့်မှုတို့ ဖြစ်တတ်သည်။ ယခုလည်း သီရိအနေဖြင့် နန်းစဉ်ရုပ်ပွားကို နေ့စဉ်ပြုမြဲဝတ်အား မပြုရသည့်အတွက် ရင်ထဲမှာ လွတ်ဟာမှတ်သိပ်နေပေလိမ့်မည်။ ဤလွတ်ဟာမှတ်သိပ်နေမှုကို ကျွန်ုပ်ဖြေသိမ့်ပေးရပေမည်။

"နမတော်၊ ကေလာသကို ခရီးဆက်ကြဦးစို့ရဲ့၊ ဒီနေ့တော့ နေပြည်တော်ကို ပြန်ဖြစ်တော့မှာ မဟုတ်ဘူး။ နမတော်လည်း ကေလာသ ဆံတော်ရှင်ကို ရောက်ဖူးသွားတာပေါ့။ ကေလာသ

www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ရှင်ကိုရောက်တဲ့အခါ နမတော်ရဲ့ ဒီနေ့ ယွင်းချုတ်ခဲ့ရတဲ့ ဖွဲ့ဝတ်၊ မွေ့ဝတ်တွေကို ဆောင်ရွက်နိုင်ပေလိမ့်မယ်။ ကေလာသဆံတော်ရှင်ရဲ့ ရင်ငွေ့ကိုလှုံပြီး ဒီတစ်ညတော့ စခန်းချတည်းခိုရမှာပဲ။"

ကျွန်ုပ်၏ စကားကြောင့် သီရိ၏ ညှိုးနွမ်းနေသော မျက်နှာမှာ တစ်မုဟုတ်ချင်း ပြန်လည် လန်းဆန်းသွားလေ၏။

"နမတော်လည်း ကေလာသဆံတော်ရှင်ကို ဖူးမြင်လိုတဲ့ အာသီသရှိပါတယ်။ အခုတော့ မောင်တော်သခင်ရဲ့ နောက်တော်ပါး သီရိ လိုက်လာခဲ့တာ မမှားဘူးပေါ့။ မောင်တော်က သီရိရဲ့အလိုကို ဖြည့်စွမ်းပေးတော်မူတဲ့အတွက် ကျေးဇူးတင်လှပါတယ် အရှင်"

သီရိက ကျေးဇူးတင်ကြောင်း ကျွန်ုပ်ကို ပြောကြားလေ၏။ အမှန်မှာ ကျွန်ုပ်က သီရိအား ကျေးဇူးတင်ထိုက်စရာ အကြောင်းများစွာ ရှိလေ၏။ သီရိသည် ကျွန်ုပ် စိတ်ပင်ပန်းနွမ်းနယ်မှုများကို အမြဲတမ်း ဖြေသိမ့်ပေးလေ့ရှိသူဖြစ်ပြီး တစ်ခါတစ်ရံ ကောင်းမွန်သော အကြံဉာဏ်အား အကျိုးသင့် အကြောင်းသင့် ရှင်းပြကာ ပေးတတ်ပြန်သေး၏။

"ဖနဝင်မိုးမချုပ်မီ ကေလာသဆံတော်ရှင်ဆီ သွားဖို့အတွက် နမတော် မဂ်လာဆင်တော်ထက်ကိုတက်ပါ။"

ကျွန်ုပ်က ထိုသို့ ပြောကြားလိုက်သောအခါ သီရိကောင်းစောသည် ကုန္တြေရစွာဖြင့် မဂ်လာ ဆင်တော်ဆီသို့ လျှောက်လှမ်းသွားလေ၏။ ကျွန်ုပ်နှင့် သီရိတို့ မဂ်လာဆင်တော်ထက်သို့ရောက်ရှိသောအခါ မဂ်လာဆင်တော်သည် ဆင်မယဉ်သာဟန်ဖြင့် ကျွန်ုပ်တို့ မင်းမိဖုရား နှစ်ပါးအား သယ်ဆောင်သွားလေတော့၏။

* * *



(၁၄)

ကေလာသတောင်သည် အုံ့ဆိုင်း ညိုမှိုင်းလျက်ရှိလေ၏။

ကေလာသတောင်ခြေသို့ ရောက်ရှိသောအခါ မဂ်လာ ဆင်တော်ထက်မှ ဆင်းလိုက်ကြသည်။ ဝေါယာဉ်က အဆင်သင့်ရောက်ရှိလာခဲ့လေ၏။

"သခင်မ ဝေါယာဉ်ပေါ်ကြွတော်မူပါ။"

အဲခေါင်ဘုန်းက သီရိကို လျှောက်တင်လိုက်လေ၏။

"လူတွေထမ်းတဲ့ ဝေါယာဉ်ကို နန်းမတော်မစီးချင်ဘူး အဲခေါင်။ နန်းမတော်အတွက် လူလေးယောက်လောက် အနည်းဆုံး ပင်ပန်းနေပါ့မယ်။ ဆံတော်ရှင်ဆီရောက်အောင် နန်းမတော် ကြိုးစားပြီးတက်ပါ့မယ်။ အဲခေါင်တို့လည်း စစ်ရေးလေ့ကျင့်ရတာ ပင်ပန်းလှရော့မယ်။ လွတ်လွတ်လပ်လပ်သာနေပါ။ ဒီနေရာက ငြိမ်းချမ်းပါတယ်။ သခင်မတို့အတွက် အန္တရာယ်မရှိနိုင်ပေဘူး"

သီရိကောင်းစောက အဲခေါင်ဘုန်းကို မိန့်ကြားလိုက်၏။ သီရိကောင်းစော၏ မိန့်ကြားချက်ကို ကျွန်ုပ်စွက်ဖက်ပြောဆိုခြင်းမပြုဘဲ ဆိတ်ဆိတ်နေလိုက်လေ၏။ ဝေါယာဉ်တော်ထမ်းများသည် ကျွန်ုပ်နှင့် သီရိတို့အား အရိုအသေပေးကာ ထွက်ခွာသွားကြလေ၏။ သူတို့၏ မျက်နှာများမှာ ကျေးဇူးတင်ဟန်များပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်သို့ အေးချမ်းစွာတက်လှမ်းလာကြသည်။

ကျောက်ခင်းလှေကားထစ်များဖြစ်သော်လည်း လမ်းက အချို့နေရာမှာ ကျဉ်းမြောင်းသည်။ အချို့နေရာက ပြေသော်လည်း အချို့နေရာကမတ်သည်။ တချို့နေရာက ဘေးမှာ ချောက်ကမ်းပါး ရှိနေသောကြောင့် ဘေးအကာများ ကာရံထားရှိလေ၏။

ကျေးငှက်များ တွန်ကျူးသံက သာယာလှသည်။

ပင်လယ်တက်မှ ပင့်တက်တိုက်ခတ်လာသော လေညင်းသုန်သုန်တို့က သီရိ၏ ဆံနွယ်စများကို လှုပ်ရှားစေ၏။ ခုတ်လှဲခြင်းမပြုဘဲထားရှိ၍ သက်တမ်းကြီးရင့်သော သစ်ပင်ကြီးများလည်း ရှိလေ၏။

မျောက်ကလေးများ တစ်ပင်နှင့်တစ်ပင် ခုန်ကူးနေကြသည်ကိုလည်း မြင်တွေ့ရသည်။

"အရှင် ... ကြည့်စမ်းပါဦး မျောက်ကလေးတွေက ချစ်စရာကောင်းလိုက်တာ၊ ရွှေနန်းတော်မှာ မမြင်တွေ့ခဲ့ဖူးဘူး။ ကျေးငှက်တွေကလည်း မြူးပျံ့ကြလို့၊ တိရစ္ဆာန်ကလေးတွေတောင် ဘာသာဘာဝ လွတ်လွတ်လပ်လပ် နေခွင့်ရကြတယ်နော်။ နှမတော်တို့မှာတော့ မင်းတဲ့၊ မိဖုရားတဲ့။ အဲဒီအဆောင်အယောင်တွေကြားမှာ လွတ်လပ်ပျော်ရွှင်မှုတွေဆိတ်သုဉ်းနေရတယ်။ အရာရာကို သတိနဲ့ ကျွန်တွေနဲ့၊ စောင့်စည်းမှုတွေနဲ့ နေထိုင်ကြရတယ်။ ကေလာသတောင်ကို ရောက်လာမှပဲ ယခင်က ရွှေနန်းတော်မှာ မွန်းကျပ်မှုတွေ ခေတ္တငြိမ်းအေးရပေတယ်။"

သီရိက သူမ၏ စိတ်ထဲမှာ ခံစားရမှုတို့ ပွင့်ထွက်လာခဲ့၏။ ကျွန်ုပ်က သီရိ၏ မျက်နှာကို ကြည့်လိုက်သည်။ တောင်ပေါ်တက်လာ၍ မောပန်းနေသော်လည်း စိတ်ရွှင်လန်းနေသည်ကို တွေ့ရှိရ၏။

သီရိ၏ စကားကို ပြန်လည်တွေးကြည့်သောအခါ မှန်ကန်နေသည်ကို တွေ့ရှိရသည်။ ကျွန်ုပ်သည် သုဝဏ္ဏဘူမိ၏အရှင် ဖြစ်သည်။



သုဝဏ္ဏဘူမိအရှင်သခင်ဟူသော ဂုဏ်ပြုဒ်သည် ကြီးမြတ်သောအနေအထားမှာရှိသည်။ ကျွန်ုပ်၏ နှုတ်ထွက်စကားကို လွန်ဆန်ဝံ့သူမရှိပေ။

သို့သော်လည်းကျွန်ုပ်သည် သုဝဏ္ဏဘူမိအရှင်ဖြစ်သည်နှင့်အညီ လယ်လုပ်တောတက်နေသူများကဲ့သို့ ဖြစ်သလို နေ၍မရ၊ ကြုံသလို ဝတ်စား၍မရ ဂုဏ်ပြုဒ်နှင့်အညီ နေထိုင်ရသည်။ ဂုဏ်ပြုဒ်နှင့်အညီ ဝတ်စားရသည်။ ဂုဏ်ပြုဒ်နှင့်အညီ ပြဲဖာသံပါသောစကားကို ပြောရသည်။

သုဝဏ္ဏဘူမိ၏ အခြေအနေအရပ်ရပ်ကို အမြဲတမ်းလေ့လာသုံးသပ်ဆင်ခြင်နေရသည်။ လိုအပ်သည်တို့ကို တိုင်ပင်ဆွေးနွေးရသည်။ စီစဉ်ဆောင်ရွက်စရာရှိသည်တို့ကို စီစဉ်ဆောင်ရွက်ရသည်။

ကျွန်ုပ်တို့သည် တဖြည်းဖြည်းဖြင့် စေတီတော်တည်ရှိရာ ကေလာသတောင်ထက်သို့ ရောက်ရှိသွားလေ၏။

"ကေလာသဆံတော်ရှင်ကို မြင်တွေ့လိုက်ရတယ်ဆိုရင်ပဲ သီရိ မောပန်းသမျှတွေ အကုန်လုံးပြေသွားတာပါပဲ မောင်တော်သခင်ရယ်"

စေတီရင်ပြင်ကို ရောက်သောအခါ အပန်းဖြေကြသည်။

ကေလာသတောင်သည် ကျောက်တောင်တစ်ခုလို ဖြစ်နေ၏။ သဘာဝကျောက်ခဲကြီးများ ပေါ်များလေ၏။ တရားဘာဝနာ အားထုတ်ရန် ကျောက်ဂူများလည်း သဘာဝအလျောက် ရှိနေ၏။

စေတီရင်ပြင်မှ တောင်အောက်အဝေးအနီး ရှုခင်းများကို ရှုမြင်တွေ့ရှိရ၏။ သီရိက ထိုရှုခင်းများကို ငေးမောကြည့်ရှုနေ၏။ တောင်ခြေမှ အိမ်စဉ်တန်းများ၊ အချို့ကို ခေါင်မိုးများသာ မြင်ရသည်။ အချို့မှာ အုန်းပင် သရက်ပင်များကြားမှာ မြုပ်နေသည်။ ရွာလမ်းမြေနီစီတနေရီရီမှာ ရွှေရည်ဆမ်းထားသကဲ့သို့ ရှိသည်။

"တောင်ခြေရှုခင်းကလေးက သာယာလိုက်တာ"

သီရိ၏နှုတ်မှ ထွက်သွားလေ၏။ သီရိ၏စိတ်နှလုံး ချမ်းမြေ့နေသည်ကိုကြည့်ရင်း ကျွန်ုပ်ပါ စိတ်နှလုံးချမ်းမြေ့နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တော် ဟောဟိုက လယ်ကွင်းပြင်ကနေ ဖျိုးတစ်အုပ် တောင်ပံဖြန့်ကားပြီး ပျံသန်းနေကြတယ်။

မိုးကောင်းကင်ကိုလည်း ကြည့်စမ်းပါဦး မောင်တော်သခင်"

သီရိက ပြော၍ ကျွန်ုပ် မိုးကောင်းကင်ကို ကြည့်လိုက်မိ၏။

"ကောင်းကင်ပြာမှာ အခြားသော အရောင်တွေနဲ့ လွင်ပြီး တောက်ပနေကြတယ်။ ဟိုနားမှာ ကြက်ဥနှစ်ရောင်ကလေး။ ပြီးတော့ ပုစွန်ဆီရောင်ကလေးလည်းလွှမ်းလို့။ ကြက်ဥနှစ်ရောင်နဲ့ ပုစွန်ဆီရောင်က အရောင်တူမလိုလိုနဲ့ ကွဲတယ်နော် မောင်တော်။

ကြက်ဥနှစ်ရောင်က အဝါရောင်ကဲတယ်။ လိမ္မော်ရောင် စပ်စပ် ကလေးဖြစ်လိမ့်မယ်။ ပုစွန်ဆီရောင်က အဝါရောင်ကို အနီရောင်ကဲ ဖောက်ထားတဲ့အရောင်၊ ပန်းဆီရောင်လို့ ဆိုရလိမ့်မယ်။ အဝါရောင် သန့်သန့်ကလေးတွေကိုလည်း တွေ့နေရတယ်။"

သီရိက နန်းတော်တွင်းမှာ မှူးမတ်၊ အရာထမ်းများကြား၌ ဣန္ဒြေသိက္ခာနှင့် ဆိတ်ငြိမ်စွာ ကျွန်ုပ်၏အပါးတော်၌ ခစားနေခဲ့ရ သလောက်၊ ယခုမှ လွတ်လပ်စွာ စကားများ တတွတ်တွတ် ပြောဆို လျက်ရှိလေ၏။ သီရိ၏ ရင်ထဲမှာ တင်းကျပ်အိုက်လှောင်နေသော စိတ်များ ကင်းစင်နေသည်ကို တွေ့ရ၏။ ယခင်အချိန်များကဆိုလျှင် သီရိသည် ကျွန်ုပ်ကို ဤသို့စကားများများ ပြောချိန်မရတတ်ပေ။ စကား တစ်ခွန်းပြောဆိုဖို့အရေး ကျွန်ုပ်၏ မျက်နှာ အရိပ်အကဲကိုသာ ကြည့်နေရ၏။

ကျွန်ုပ်က တိုင်းပြည်ရေးရာကိစ္စများဖြင့် အလုပ်များနေသောအခါ သီရိတစ်ယောက်တည်း အဖော်မဲ့နေတတ်၏။ တိုင်းရေးပြည်ရာကိစ္စ ကြောင့် စိတ်ရှုပ်လန်းမှုမရှိပြန်သောအခါတွင်လည်း သူမ၏ ရင်ထဲမှ ခံစားချက်များ၊ သူမပြောကြားလိုသောစကားကို မျိုသိပ်သိမ်းဆည်းကာ ကျွန်ုပ်၏ မျက်နှာအမူအရာကိုသာ အကဲခတ်နေတတ်၏။ ပြီးလျှင်



ကျွန်ုပ်၏ စိတ်ဖြေသိမ့်နိုင်စရာ စကားများကိုသာ ပြောတတ်လေ၏။

ဤအချိန်တွင်မူ ခံတပ်မြို့၏ အနေအထားကိုလည်း ကျွန်ုပ် လေ့လာပြီးခဲ့သလို စစ်ရေးလေ့ကျင့်မှု၊ တာကယ့်တိုက်ပွဲအသွင် ဖန်တီး ကြည့်ရှုမှုများ ပြီးဆုံးခဲ့လေပြီမို့ ကျွန်ုပ်၏ စိတ်ကို လျှော့ချကာ နန်းမတော် သီရိ၏ လွတ်လပ်ပျော်ရွှင်မှုကို အပြည့်ပေးရန်ဆုံးဖြတ်ထားပြီးဖြစ်လေ ၏။

"ဟုတ်တယ်နမတော်၊ ဆည်းဆာတိမ်တောက်ချိန်နဲ့ မိုး ကောင်းကင်အလှကို မောင်တော်လည်း အခုမှပဲ ခံစားကြည့်ရှုမိရ ပေတယ်။ မရမ်းရောင်လိုလို နီသွေးရောင်လိုလို အရောင်ကိုလည်း ဟောဟိုမှာ မြင်နေရလေရဲ့။"

ကျွန်ုပ်ကပါ နန်းမတော်၏ စကားနောက်မှ လိုက်လျောပြော ဆိုနေမိ၏။ ကျွန်ုပ်လည်း ယခုမှပင် သဘာဝအလှတရားကို ခံစားကြည့် မိတော့သည်။

"ကောင်းကင်က အရောင်တွေဟာ ရေပြင်ကိုလည်း ဖိတ်စွန်း နေတယ်။ ပင်လယ်ပြင်ကိုကြည့်စမ်းပါမောင်တော်၊ ရောင်စဉ်အမျိုးမျိုး လွှပ်ခတ်နေကြတယ်။"

ကျွန်ုပ်တို့ စကားပြောသောနေရာသို့ ဗိသုကာကြီးသဂ္ဂ ရောက်ရှိလာခဲ့၏။

ဩော် ... ဗိသုကာကြီး။ ဗိသုကာကြီးတို့ ထုဆစ်ထားတဲ့ ရုပ်ကြွတွေကို ဆေးခြယ်တဲ့ ပန်းချီကျော်တွေ ဗိသုကာကြီးတို့အဖွဲ့မှာ ရှိမယ်ထင်တယ်။"

ကျွန်ုပ်က ဗိသုကာကြီးကို လှည့်မေးလိုက်၏။

"သုဝဏ္ဏဘူမိမှာ အလွန်တော်တဲ့ ပန်းချီကျော်တွေရှိပါတယ်။ ဒါပေမဲ့ ဒီလို သဘာဝအလှတွေကို မိအောင်တော့ ဘယ်သူမှ ဆေး ရေးခြယ်နိုင်မယ်မဟုတ်ပါဘူးအရှင်။"

www.burmeseclassic.com

www.burmeseclassic.com



ဗိသုကာကြီးက ပြန်လည်လျှောက်ထားး၏။

"နေလုံးကြီးက နီရဲနေတယ်။ ဒါပေမဲ့ အပူရှိန်တွေ လျော့နည်းပြီး အေးချမ်းလို့။ နေ့ခင်းကလို ပူပြင်းမနေတော့ဘူး။ တကယ်လို့များ ဒီလိုညနေဆည်းဆာချိန်မှာ နေအပူရှိန်ပြင်းနေဦးမယ်ဆိုရင် သဘာဝ လောကကြီးဟာ ဒီလောက်လှနေလိမ့်မယ်လို့ မထင်ဘူး မောင်တော်။ တစ်နေ့ခင်းလုံး လောကကြီးကို အလင်းတွေပေးဝေခဲ့တယ်။ ဟော နောက်ဆုံး ဝင်လုဆဲဆဲမှာလည်း ပူလောင်မှုကင်းတဲ့အလင်းတွေနဲ့ ကောင်းကင်ကို လှပအောင် အရောင်တွေခြယ်သပေးနေတာ၊ မြင်တယ် မဟုတ်လား ဗိသုကာကြီး။ မောင်တော်ရော ရှုစားရတယ် မဟုတ်လား"

နန်းမတော်က ဗိသုကာကြီးကို သက်သေထူသလိုလိုနှင့် ကျွန်ုပ်ကို ပြောကြားလိုက်လေ၏။

"နန်းမတော်က ဘာကိုဆိုလိုပြီး ပြောတာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ။ တစ်ခါတစ်ရံမှာ မိန်းမသားတွေရဲ့ အတွေးက မောင်တော်တို့ ယောကျ်ား သားအတွေးထက် ပိုပြီး စိတ်ကူးကောင်းတတ်ပေတယ်။"

ကျွန်ုပ်၏ စကားကြောင့် နန်းမတော်သီရိမှာ အနည်းငယ် အားတက်ပြီး ပြောရဲဆိုရဲ ရှိလာလေ၏။

"နေမင်းကြီးနဲ့ လူတွေကို နှိုင်းယှဉ်ကြည့်ရအောင် မောင်တော်။ သူရိန်နေမင်းဟာ ထွက်ပြူစမှာ လောကဓာတ်တစ်ဝန်းလုံးကို အေးမြ တဲ့ အလင်းရောင်တွေ ပေးဝေတော်မူခဲ့ပါတယ်။ ဆက်လက်ပြီး တစ်စတစ်စနဲ့ ပိုပြီးတောက်ပလာသလို အပူရှိန်တွေကလည်း ပြင်းလာ ခဲ့တယ်။ ဟုတ်ရဲ့လား မောင်တော်ဘုရား။"

ကျွန်ုပ်က ခေါင်းညိတ်လိုက်သောအခါ သီရိက စကားကို ထပ်ဆက်ပြန်လေ၏။

"အပူရှိန်တွေက လောကကြီးကို အလင်းတွေနဲ့အတူ ရိုက်ခတ် တယ်ဆိုပေမယ့် လောကကြီးက အပူဓာတ်ကို သိပ်မခံစားရပါဘူး။



သူရိန်နေမင်းကြီး ကိုယ်တိုင်ကတော့ မီးကျီးခဲတွေ လောင်မြိုက်ပူလောင် ခံရမှု ပိုပြင်းထန်တယ်။

မောင်တော်လည်း နေမင်းကြီးလိုပါပဲ။ သုဝဏ္ဏဘူမိသားတွေ အတွက် နေမင်းကြီးက လောကဓာတ်ကို အလင်းတွေဖြန့်ဝေနေသလို မျိုး၊ အမျိုးဘာသာ သာသနာ ယဉ်ကျေးမှုတွေ တိုးတက်ခိုင်မာဖို့၊ အသက်အိုးအိမ် စည်းစိမ်တွေ အနှောင့်အယှက်ကင်းဖို့ ဆောင်ရွက်နေရ တာပဲ မဟုတ်လား။

အဲ့ဒီလိုဆောင်ရွက်တဲ့နေရာမှာ နေမင်းကြီးဟာ အလင်းဖြန့်ဝေ နိုင်ဖို့အတွက် ကိုယ်တိုင် အပူလောင်မြိုက်ခံနေရရှာတယ်။ အလင်းနဲ့ အပူဆိုတာက ခွန်တွဲနေတာလေ။ လောကကြီးကို ပိုပြီး တောက်ပလင်း ထိန်စေချင်လေ ကိုယ်တိုင် အပူရှိန်ကျက်ခံရလေပဲ။

အခုလည်း နေမင်းသူရိန်လို ကိုယ့်ကိုကိုယ် ပူလောင်အောင် ရှို့မြိုက်နေတာပဲ မဟုတ်လား။ သုဝဏ္ဏဘူမိ အလင်းအတွက်လေ။ အရှင့်ရဲ့ ဆန္ဒက သုဝဏ္ဏဘူမိကို တောက်ပစေချင်လေလေ၊ အရှင့်မှာ ဒေါသတွေ သောကတွေနဲ့ ပူလောင်ရလေလေပေါ့၊ ဒါကို မောင်တော် သတိပြု မိရဲ့လား။ သီရိကတော့ ဘေးကနေကြည့်ပြီး မောင်တော်အတွက် ပင်ပန်းလိုက်တာ။ အခုလည်းပဲ မောင်တော် ခံတပ်မြို့မှာ စစ်ရေး လေ့ကျင့်ခဲ့ရသေးတယ်မဟုတ်လား။ တစ်ခါတလေလည်း နိုင်ငံတော်ရဲ့ အရေးအရာကိစ္စတွေကို ဝန်မင်းတွေနဲ့ပဲ လွှဲအပ်စီစဉ်ပြီး အေးအေး လူလူ အနားယူပါဦးလား။

သီရိကလည်း မောင်တော်ကို အားရပါးရ ပြုစုချင်ပါသေးတယ်။ အခုတော့ အရေးအရာကိစ္စတိုင်းမှာ မောင်တော်ကိုယ်တိုင် အားပါးတရ ပါဝင်နေတော့ မောင်တော်ရဲ့စိတ်တွေ အမြဲတမ်းပူလောင်နေတော့မှာ ပေါ့ဘုရား။"

သီရိက လောကနီယာမတရားတွေနဲ့ယှဉ်ပြီး ကျွန်ုပ်၏ ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်သုံးသပ်ပြလေ၏။ "တစ်ခုတော့ရှိပါတယ် အရှင်၊ နေမင်းသူရိန်ဟာလောကကို အတောက်ပဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့တဲ့နေရာမှာ ပူလောင်ရှို့ကျက်ခြင်းတွေနဲ့ ပြွမ်းသလို၊ ပူလောင်မှုတွေလျော့ချပြီး လောကကြီးကို အေးချမ်းတည်ငြိမ်ပြီး စွဲမက်တမ်းတစဖွယ်ဖြစ်အောင် တိမ်တွေကို ဆေးရောင်ခြယ်ပြခဲ့ပါတယ် အရှင်။

မောင်တော်ရဲ့ဘဝဟာလည်း နောက်ဆုံးမှာ ပူလောင်မှုကင်းမဲ့တဲ့ အလင်းနဲ့အလှတွေကို ခြယ်သခွင့်ရစေချင်ပါတယ်။ ငြိမ်းချမ်း အေးမြတဲ့ မှုတရားတွေနဲ့ လောကကို အလှဆင်ခွင့် မောင်တော် ရသွားစေချင်ပါတယ်။"

သီရိ၏ စကားက ဒဿနစကားလေလော။ မေ့စကားလေလော။

ကျွန်ုပ်လေးလေးနက်နက်တွေးကာ ဆင်ခြင်သုံးသပ်ကြည့်မိ၏။ ကျွန်ုပ်၏ နိုင်ငံသားများအတွက် ကျွန်ုပ် ဆောင်ရွက်စီမံစရာရှိသည်တို့ကို မနေမနား ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာ၌ စိတ်အလိုကျမှု ရှိသကဲ့သို့ စိတ်အလိုမကျမှုများလည်း ရှိခဲ့သည်။

ကျွန်ုပ်၏ ရင်ထဲမှာ ထိုကိစ္စအတွက် အမြဲတမ်း ပူလောင်နေခဲ့ရသည်ကား မှန်လေ၏။ သီရိပြောသလို ကျွန်ုပ်ဘဝ၏ ငြိမ်းချမ်းသောတိမ်တောက်ချိန်သည် ရောက်ရှိလာနိုင်ပါ့မလား။ ကျွမ်းတို့အန္တရာယ်က သုဝဏ္ဏဘူမိကို အချိန်မရွေးကျရောက်လာနိုင်သည်။ ထိုအရေးသည် ကျွန်ုပ်၏ ခေါင်းထဲမှာ သံမှိုစွဲသကဲ့သို့ စွဲမြဲနေ၏။

ကျွန်ုပ်သည်လည်း ဥပုသ်တော်ဆောင်ကို ရက်ရှည် ဝင်ရောက်ကာ စိတ်၏ငြိမ်းချမ်းမှုကို ရယူလိုသူဖြစ်လေ၏။ ကျွမ်းတို့၏ အရေးကို ခေါင်းထဲတည့်ထားသကဲ့သို့ မြောက်ဘက်မှ အင်အားကြီးထွားတောင့်တင်းလာနေသော တမ္ဗဒီပကိုလည်း မျက်ခြည်ပြတ်ခံ၍ မရပေ။

တမ္ဗဒီပသည် ယခင်ကကဲ့သို့ မဟုတ်ဘဲ စစ်ရေးအင်အားလွှန်စွာတောင့်တင်းလာသည်ဟု ကျွန်ုပ်ကြားသိနေရသည်။ သို့သော်လည်း



သူတို့မှာ မှန်ကန်သော အယူဝါဒ ကင်းမဲ့နေသည်။ တိုက်ရဲ ခိုက်ရဲသည်။ သတ်ရဲ သေရဲသည်။

အရည်းကြီးတို့၏ အယူဝါဒအောက်မှာ ယဇ်ပွဲအတွက် သတ္တဝါတို့၏ အသက်ပေါင်းများစွာကို သွေးရဲရဲ သံရဲရဲ သတ်ရဲနေကြသည်။

ကျွန်ုပ်တို့ သုဝဏ္ဏဘူမိသားများမှာ ထိုသို့ သတ်ရဲသူများမဟုတ်ကြ။ အခါကြီးရက်ကြီးများမှာ အသားငါးသတ်မှုကို ရှောင်ကြသည်။ သူ့အသက်သတ်ခြင်း၏အပြစ်ကို ကောင်းစွာ သိရှိထားကြသည်။ တမ္ဗဝတီသားတို့က သူ့အသက်သတ်ခြင်း၏အပြစ်ကို မသိကြ။ ဆုံးမဟောပြောမည့် သူတော်ကောင်းများလည်းမရှိ။ သူ့အသက်သတ်ခြင်းအလေ့၌ ထုံမွှေ့နေကြသည်။

သတ်ဖြတ်၍ ယဇ်ပွဲသဘင်လုပ်ခြင်းကိုပင် ကောင်းမှုမင်္ဂလာတစ်ပါးဟု ယူဆနေကြသည်။ ဘဝ၏ အမြိုက်နှင့်အထွတ်ကိုပင် ရရှိလိမ့်မည်ဟု ယုံစွဲအောင် အရည်းရဟန်းတို့က ပုံသွင်းထားကြလေ၏။

ကျွန်ုပ်၏ အတွေးစကို ခေတ္တဖြတ်တောက်လိုက်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကြည့်နေစဉ်မှာပင် နေမင်းသည် ပင်လယ်ရေပြင်ထဲ ငုပ်လျှိုးကွယ်ပျောက်ခဲ့ခြင်းနှင့်အတူ အလင်းရောင်များမှာ ပျောက်ကွယ်လျက် လှပသောတိမ်ရောင်စုံတို့၏ ဆန်းကြယ်သော အရောင်အသွေးပျက်သုဉ်းသွားပြီ ဖြစ်သောကြောင့်တည်း။

ကျွန်ုပ်တို့ မင်းမိဖုရားနှစ်ပါး၏အနီးမှာ ကညင်ဆီမီးတိုင်များ လာထွန်းညှိပေးထား၍ လင်းနေ၏။ "ဘယ်အရာမှ မတည်မြဲပါလား မောင်တော်၊ မျက်စိရှေ့မှာတင် စောစောက တွေ့မြင်နေရတဲ့ နေသူရိန်လည်း မရှိတော့ဘူးနော်၊ အရောင်အသွေးဆန်းကြယ်လှတဲ့ တိမ်ရောင်စုံတို့ရဲ့ အရောင်အသွေးတွေလည်း ပျောက်ကွယ်ခဲ့ပြီလေ။ ဒါပေမဲ့ ကောင်းကင်မှာ ကြယ်တွေ တလက်လက်တောက်ပလာတယ်။ လရဲ့ အလင်းရောင်က ဖြန့်ကျင်းလာတယ်။ ဒါတွေလည်း တည်မြဲမှု မရှိပါဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားလို့ မရပါလား။"

ဒီညမှာ သီရိသည် ကျွန်ုပ်ကို စကားအတော်များများ ပြောနိုင်ရသွားလေ၏။ ကျွန်ုပ်ကလည်း သီရိ စိတ်လိုလက်ရ ပြောဆိုနေသော စကားများကို စိတ်လိုလက်ရ နားထောင်ပေးနေမိလေ၏။

"အဲခေါင်ငယ်"

ကျွန်ုပ်တို့နှင့် မနီးမဝေးတွင် ကျွန်ုပ်တို့၏ အရေးအရာ ကိစ္စများကို လိုအပ်လျှင် ဆောင်ရွက်ပေးနေဖို့ ရှိနေသော ကျွန်ုပ်၏ အပါးတော်မြဲ အဲခေါင်ဘုန်းကို လှမ်းခေါ်လိုက်သည်နှင့် မဆိုင်းမတွပင် ကျွန်ုပ်၏ ရှေ့မှောက်သို့ ရောက်ရှိလာလေ၏။

"အလိုရှိရာကို အမိန့်ရှိတော်မူပါ အရှင်။"

"ကေလာသတောင်ခြေဝန်းကျင်က ရွာသူတွေကို ဒီည ကေလာသဆံတော်ရှင်မှာ ဆီမီးကိုးထောင် ပန်းကိုးထောင် ကပ်လှူဖို့ စီစဉ်နိုင်းလိုက်။ သူကြီးနဲ့ ရွာဆော်ကို ပြောလိုက်ပါ။ သူကြီးကို ကေလာသဆံတော်ရှင်ရဲ့သမိုင်း ရှင်းပြနိုင်တဲ့ ဥပသကာကို ရှာဖွေဆောင်ကြဉ်းခဲ့ဖို့ပါ ညွှန်ကြားလိုက် အဲခေါင်။"

"အမှုတော်ကို မယွင်းချွတ်အောင် လုံ့လစိုက် ဆောင်ရွက်တော်မူပါ့မယ်။" အဲခေါင်ဘုန်း တောင်အောက်သို့ ဆင်းသွားလေ၏။

"မောင်တော်က နှမတော်ရဲ့ အလိုကို သိနေသလိုပါပဲ။ ပန်း ဆီမီး ကပ်လှူချင်တဲ့ ဆန္ဒတွေ နှမတော်မှာ ဖြစ်ပေါ်နေလေရဲ့။"

"သီရိက နေ့စဉ် နံနက်စဉ် ရုပ်ပွားတော်မှာ ပန်း၊ ဆီမီးကပ်လှူနေကျ မဟုတ်လား။ ဒီနေ့တော့ မောင်တော်နဲ့အတူ လိုက်ပါခဲ့ရလို့ ပြုမြဲဝတ်တွေ ပျွင်းချွတ်ရတော့ မောင်တော်က ဒီကေလာသဆံတော်ရှင်မှာ နှမတော် ဝတ်မပျက်အောင် စီစဉ်လိုက်ရပေတာပဲ။"

"သာဓုပါ မောင်တော်သခင်ရယ်။"

✦ ✦ ✦



(၁၅)

ကေလာသတောင်တစ်ဝန်းမှာ ဆီမီးရောင်တို့ဖြင့် ထွန်းလင်းနေလေ၏။ လုံမပျိုတို့၏ ဓမ္မဂီတ ပူဇော်ရွတ်ဆိုသံက ဘဝဂ်သို့ လျှံတက်နေသည်။ ပူဇော်သက္ကာယ ပြုထားသော ပန်းပေါင်းစုံတို့၏ ရနံ့ကလည်း မွှေးထုံလျက် ရှိလေသည်။

တစ်မုဟုတ်ချင်း ကေလာသဆံတော်ရှင်ဝယ် ဘုရားဖူးသူ၊ ပန်းကပ် ဆီမီးကပ်သူ ဓမ္မဂီတိရွတ်ဆိုပူဇော်သူများဖြင့် စည်ကားသွားလေ၏။ ကောင်းကင်မှ ကြယ်ရောင် လရောင်တို့နှင့်အပြိုင် ဆီမီးရောင်တို့က မြိုင်လှသည်။

သီရိသည် နန်းတွင်းမှာခစားလျက်ရှိသော အမတ်ဝန် သမီးပျိုများနှင့်အတူ ဆံတော်ရှင်မှာ ဓမ္မဂီတိရွတ်ဆိုရင်း ပူဇော်နေလေ၏။ ကျွန်ုပ်သည်လည်း အာရုံပြုဖူးမြော် ကြည်ညိုလိုက်လေသည်။ ယနေ့ညသည် ကျွန်ုပ်၏ဘဝင်ကို လွှန်စွာအေးချမ်းစေသောညပင် ဖြစ်လိမ့်မည်။

သီရိသည် အခြွေအရံများနှင့်အတူ ပူဇော်သက္ကာယပြုမှု၌ အာရုံဝင်စား၍ နေ၏။ မင်းတိုင်ပင်အမတ်၏သမီး တလထောက သီရိ၏ နောက်လိုက်နောက်ပါ အခြွေအရံတော်အဖြစ်ဖြင့် သီရိလိုအပ်သမျှကို ဆောင်ရွက်ပေးလျက်ရှိလေ၏။ သီရိအနေဖြင့် ပူဇော်သက္ကာ ပြုရုံသာမက ပုတီးစိပ်ကာ ဘာဝနာပွားထုံဦးမည်ကို ကျွန်ုပ်သိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သီရိ လွတ်လပ်စွာ ဗုဒ္ဓဝတ်၊ ခမ္မဝတ်များကို ပြုလုပ်နိုင်ရန် အတွက် အမတ်ဝန်များ၏သမီး၊ အခြွေအရံမိန်းမသူများနှင့် ရင်ပြင် တော်မှာထားရှိခဲ့ပြီး ကျွန်ုပ်နှင့် အဲခေါင်ဘုန်းတို့သည် ကေလာသ နန်းဆောင်ဆီသို့ ထွက်လာခဲ့လေ၏။

နန်းဆောင်သို့ရောက်သောအခါ ကျွန်ုပ်ကိုမြင်သည်နှင့် နန်း ရင်းဝန်၊ မင်းတိုင်ပင်အမတ်၊ လွှတ်ရုံးအမတ် အစရှိသော အမတ်ဝန် များတို့သည် ကျွန်ုပ်၏အပါးမှာ ဝန်းရံခစားလာကြလေ၏။

"အမတ်ဝန်တို့ဆံတော်ရှင်ကို ဖူးမြော်ကြည်ညိုပြီးကြပြီလား"

"မှန်လှပါ။ ကျွန်တော်မျိုးတို့ ကုသိုလ်ယူခဲ့ပြီးကြပါပြီ အရှင် မင်းမြတ်"

"အမတ်ဝန်တို့လည်း ဒီနေ့နံနက် ပင်ပန်းတော်မူကြတယ်။ နားနားနေနေနဲ့ နေနိုင်ကြပါတယ်။ အမတ်ဝန်တို့အနေနဲ့ သုဝဏ္ဏဘူမိ ရာဇဝင်နဲ့ ဒီကေလာသဆံတော်ရှင်ရဲ့ အကြောင်းခြင်းရာတွေကို ပြည့်ပြည့်စုံစုံနဲ့ တင်ပြလျှောက်ထားပေးနိုင်မယ့်သူကို ကျုပ်အလိုရှိ တော်မူတယ်။ ပြောဆိုရှင်းလင်းပေးနိုင်မယ့်သူနဲ့၊ ကြားနာလိုတဲ့သူတွေ ကတော့ ဆက်လက် ကျန်ရှိနေနိုင်ကြပေတယ်။"

ကျွန်ုပ်က ထိုသို့ပြောကြားလိုက်သောအခါ အမတ်ဝန်များသည် တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြည့်ကြလေ၏။ တစ်ဦး တစ်ယောက်မျှ ကျွန်ုပ်၏အပါးမှ ထွက်ခွာသွားခြင်းမှုကား မရှိကြပေ။ တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြခြင်းမှာ သုဝဏ္ဏ ဘူမိ ရာဇဝင်နှင့် ကေလာသဆံတော်ရှင်သမိုင်း မည်သူက ကျွန်ုပ်ကို ရှင်းပြမည်လဲဟု ကြည့်ကြခြင်း ဖြစ်လေသည်။

အမတ်ဝန်တို့သည် ကျွန်ုပ်၏ အရှိန်အဝါကို ရွံ့ကြောက်နေကြ ဟန်တူလေသည်။ ထိုစဉ် အဲခေါင်ဘုန်းသည် အမတ်ဝန်တို့အကြားသို့ ဝင်ရောက်ခစားလာ၏။



"အရှင်အလိုရှိတော်မူတဲ့သူကို ခေါ်ဆောင်လာခဲ့ပါပြီ။ ဟောဒီ ရွာထဲက ဘိုးတိုင်ထောခိုတဲ့သူပါပဲ။"

အဲခေါင်ဘုန်းက ကျွန်ုပ်ကို လျှောက်ထားလိုက်လေ၏။ အဲခေါင် ဘုန်းခေါ်ဆောင်လာသူကို ကြည့်လိုက်သောအခါ အတော်အသက်ကြီး သော သူတစ်ယောက်ဖြစ်နေသည်ကို တွေ့ရှိရလေသည်။ ထိုသူသည် ကျွန်ုပ်၏ ရှေ့မှောက်မှာ ဖျပ်ဝပ်စွာ ခစားလျက်ရှိလေသည်။ နန်းပေါက်၊ စိုးပေါက် ဖြစ်ဟန်မတူပေ။ ကျွန်ုပ်နှင့် အမတ်ဝန်တို့ကြားမှာ မပြောရဲ မဆိုရဲမည်ကို စိုးရလေ၏။ ထို့ကြောင့် ဘိုးတိုင်ထောကို ရဲဝံ့စွာ လျှောက်တင်နိုင်အောင် ကျွန်ုပ် တွန်းအားပေးရပေမည်။

"ဘိုး

မော်ဖူးစေ"

ကျွန်ုပ်က မာန်မပါသောလေသံဖြင့် ဘိုးတိုင်ထောကို ပြော လိုက်လေ၏။ ထိုအခါ ဘိုးတိုင်ထောက ကျွန်ုပ်ကို မော်ကြည့်လေ၏။

အမတ်ဝန်မှူးအပေါင်းတို့က ဘိုးတိုင်ထော ရောက်ရှိလာ သောကြောင့် အမတ်ဝန်မှူးများမှာ စိတ်သက်သာရာ ရရှိသွားကြဟန် တူလေသည်။ အဘယ်ကြောင့်ဆိုသော် ဘိုးတိုင်ထောသာ ရောက်ရှိ မလာပါက အမတ်ဝန်တစ်ယောက်ယောက်က ကျွန်ုပ်ကို ရှင်းပြရပေ လိမ့်မည်။

"ဘိုးအနေနဲ့ ကျုပ်ကိုရော အမတ်ဝန်တွေကိုပါ ခန့်ညားဖို့ မလိုပါဘူး။ ဘိုးနေသာသလိုနေပြီး၊ ဘိုးသိသလိုသာ ပြောပါ။ ဘိုး စကားမှားတဲ့အတွက် အပြစ်ဒဏ်ထားမှာကို မစိုးရိမ်ပါနဲ့။"

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါကျမှ ဘိုးတိုင်ထောမှာ ကျွန်ုပ်ကို ဘုရင်အမှတ်ဖြင့် ရွံ့ကြောက်နေရာမှ အနည်းငယ်ရဲဝံ့၍ လာခဲ့လေ၏။

"ဘိုးအနေနဲ့ သုဝဏ္ဏဘူမိရဲ့ ရာဇဝင်ကိုရော သာသနာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တဲ့ထူးခြားမှုတွေကို ဝါသနာအရ လေ့လာခဲ့တာပါ မင်းမြတ်၊
ဘိုးသိသလောက်တော့ ရှင်းပြပေးပါ့မယ်။

ပထမ သုဝဏ္ဏဘူမိ – သုဓမ္မဝတီ သထုံပြည်ဆိုတာ မြတ်စွာ
ဘုရားမပွင့်မီ နှစ်ပေါင်းငါးဆယ်လောက်ကတည်းက တည်ရှိနေခဲ့တာ
ပါ အရှင်။ အမည်ကတော့ သုဝဏ္ဏဘူမိအမည်နဲ့ မဟုတ်ပါဘူး။
ရာမည ကရဏ္ဍကတိုင်း သုဘိန္နနဂရလို့ အမည်တွင်တော်မူခဲ့ပါတယ်။
ထီးနန်းစိုးစံတော်မူတဲ့ မင်းနဲ့ မိဖုရားကတော့ တိဿရာဇာမင်းနဲ့
သီရိကပ္ပါဒေဝီတို့ ဖြစ်တော်မူပါတယ် အရှင်။

အဲ့ဒီမင်းမိဖုရား နှစ်ပါးကနေ ဝိဇယကုမာရ အမည်ရတဲ့ သား
တော်တစ်ပါး မွေးဖွားခဲ့ပါတယ်။ အဲဒီသားတော်ဟာ ဝိဇ္ဇာတစ်ဦးနဲ့ တွေ့
ပြီး ဝိဇ္ဇာပညာသင်ရင်း ဝိဇ္ဇာနောက် လိုက်ပါပျောက်ဆုံးခဲ့တာမို့ တူတော်
များဖြစ်ကြတဲ့ တိဿကုမာရနဲ့ သီဟကုမာရ ညီနောင်နှစ်ပါးကို
ကိတ္တိမသားအဖြစ် မွေးစားတော်မူခဲ့ပါတယ်။

မွေးစားတော်မူတဲ့ တူသားနှစ်ပါးဟာလည်း ထီးမွေနန်းမွေကို
စိတ်မဝင်စားဘဲ ရသေ့ပြုသွားပြန်ပါတယ် အရှင်မင်းမြတ်။ မင်းနှစ်ပါး
ဟာ ဂဠုန်ရိုတောင်(ဇင်းကျိုက်တောင်)မှာ အတူသီတင်းသုံးနေကြရာ
က ညီတော် သီဟကုမာရက တနွဝဂိရိ(ဖွဲကပင်တောင်)ကို ပြောင်းရွှေ့
သီတင်းသုံးတော်မူပါတယ်။

ထိုအချိန်မှာ တိဿရာဇာမင်းနဲ့ သီရိကပ္ပါမိဖုရားတို့ရဲ့ သား
တော်ရင်း ဝိဇယကုမာရဟာ ဝိဇ္ဇာနောက်လိုက်ပြီး ဝိဇ္ဇာပညာသင်ရင်း
ဝိဇ္ဇာအတတ်ကို ကျွမ်းကျင်ပေါက်မြောက်သွားတော်မူခဲ့ပါတယ်။ အဲ့ဒီ
သားတော်ရင်း ဝိဇ္ဇာနဲ့ ဂဠုန်ရိုတောင်ခြေရင်းရှိ ကျွန်းတစ်ကျွန်းက နဂါးမ
တစ်ဦးဟာ တောင်ခြေကိုလာရောက်လည်ပတ်ရင်း တွေ့ဆုံချစ်ခင်
ကျွမ်းဝင်ကြရာက နဂါးမမှာ သန္ဓေစွဲကပ်လာတော်မူပါတယ်။

နဂါးမကမွေးဖွားလာတဲ့ သူငယ်နှစ်ယောက်ကို ရသေ့ညီနောင်



နှစ်ပါးဟာ တစ်ယောက်စီယူပြီး မွေးစားပြုစုစောင့်ရှောက်တော်မူခဲ့ပါ
တယ်။ ထိုသို့ပြုစုစောင့်ရှောက်နေရာမှ ညီတော်သီဟကုမာရရသေ့
ပြုစုစောင့်ရှောက်ထားသောသူငယ်မှာ ကျောက်ရောဂါနဲ့ သေဆုံးသွား
တော်မူခဲ့ပါတယ်။

ဒါပေမဲ့ အဲ့ဒီသေဆုံးသွားတော်မူတဲ့သူငယ်ဟာ မဇ္ဈိမဒေသ၊
မိထိလာပြည်မှာရှိတဲ့ မိန်းမငယ်တစ်ဦးရဲ့ဝမ်းမှာ သန္ဓေစွဲယူပြီး မွေးဖွား
တော်မူလာပါတယ်။ အဲ့ဒီသူငယ်ဟာ ဘုရားသခင်ထံမှာ တရား ဒေသနာ
နာကြားရပြီးတော့ သာသနာဘောင်ကို ဝင်ရောက်တော်မူခဲ့ပါ တယ်။
ဂဝံပတိ သာမဏေဘဝကနေ ဂဝံပတိရဟန္တာအဖြစ် ထင်ရှားလာ
ခဲ့ပါတယ် အရှင်မင်းမြတ်။

တိဿရာဇာမင်းကြီးနတ်ရွာစံတော်မူတဲ့အခါ ထီးနန်း အရိုက်
အရာဆက်ခံဖို့အတွက် မှူးမတ်တွေက တိဿကုမာရ ရသေ့နဲ့
သီဟကုမာရ ရသေ့ညီနောင်တို့ထံ သွားရောက်လျှောက်ထား
တောင်းပန်တော်မူကြတယ်။ ကျန်ရှိတဲ့ ဝိဇ္ဇာနဲ့နဂါးမက မွေးဖွားတဲ့
သူငယ်ကို ထီးနန်းပေးအပ်လိုကြောင်း ရသေ့ညီနောင်က ပြောကြား
တော်မူပါတယ်။

အများက လက်ခံကြတဲ့အတွက်ကြောင့် တိဿဓမ္မသီဟရာဇာ
ဘွဲ့အမည်ခံပြီး ထီးနန်းအမွေဆက်ခံတော်မူပါတယ်။ တိဿဓမ္မသီဟ
ရာဇာမင်းဟာ သုဘိန္နနဂရမြို့ကို သုဓမ္မဝတီ၊ သုဝဏ္ဏဘူမိ သထုံပြည်
လို့ဆိုတဲ့အမည်ကို ပြောင်းလဲတော်မူခဲ့ပါတယ်။'' ဘိုးတိုင်ထောက
ရှည်လျားစွာ ပြောဆိုရှင်းပြနေလေရာ ကျွန်ုပ် မသိသေးသော ရှေးဟောင်း
သုဝဏ္ဏဘူမိ၏ ရာဇဝင်များဖြစ်နေသည်မို့ ကျွန်ုပ်သည် စိတ်ဝင်စားလှ
လေ၏။ ဘိုးတိုင်ထောမှာလည်း အနည်းငယ် မောဟန်ရှိလေ၏။

"ဘိုး
ပင်ပန်းနေပါ့မယ်။ နားနားနေနေ ပြောပါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဘိုးတိုင်ထောကို ပြောကြားလိုက်လေ၏။

"ရပါတယ် အရှင်၊ အရှင်သိလိုတာကို ရှင်းပြခွင့်ရတဲ့အတွက် ဘိုးအနေနဲ့ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ဆက်ပြီး ပြောရမယ်ဆိုရင် အဲ့ဒီ တိဿမေ့သီဟာရာဇာဘွဲ့ခံမင်းကို မဟာဗုဒ္ဓဘောင်မင်း၊ သီဟ ရာဇာမင်း၊ ဝိဇ္ဇာနာဂကုမာရမင်း၊ မဟာသီရိမာသောကမင်း၊ သူရိယစန္ဒာ မင်း ရယ်လို့ ဘွဲ့အမည်တော်အမျိုးမျိုးနဲ့ ခေါ်ဝေါ်တော်မူခဲ့ပါတယ်။

ဂဝံပတိမထေရ်မြတ်ဟာ အတိတ်ဘဝက သူရိယစန္ဒာမင်းနှင့် ညီအစ်ကို တော်စပ်ခဲ့ဖူးသည်ကို သိမြင်တာမို့ သုဝဏ္ဏဘူမိသထုံပြည် ကို ဘုရားရှင်ထံ ခွင့်တောင်းပြီး ကြွတော်မူလာခဲ့ပါတယ်။ သူရိယစန္ဒာ မင်းနဲ့ ဆွေမျိုးပေါင်းများကို တရားဟောတော်မူရာ သူရိယစန္ဒာမင်း က ဘုရားရှင်ကို ဖူးမြင်လိုတာမို့ အရှင်ဂဝံပတိမထေရ်ကို ပင့်ဆောင် ပေးဖို့ လျှောက်ထားတောင်းပန်တော်မူခဲ့ပါတယ်။

သူရိယစန္ဒာမင်းရဲ့ လျှောက်ထားတောင်းပန်ချက်အရ ဂဝံပတိ မထေရ်ဟာ ကောင်းကင်ခရီးကနေ ကြွတော်မူပြီး မြတ်စွာဘုရားရှင်ကို သုဝဏ္ဏဘူမိသို့ကြွလာတော်မူဖို့ အကျိုးအကြောင်းစုံ တင်ပြလျှောက် ထားတော်မူတဲ့အခါ မြတ်စွာဘုရားရှင်က လက်ခံတော်မူပြီး သုဝဏ္ဏဘူမိ သထုံပြည်ကို ကြွရောက်တော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရှင် သုဝဏ္ဏဘူမိ သထုံပြည်ကို ကြွချီတော်မူလာတဲ့ အကြောင်းကြားသိတော်မူကြတဲ့ ရသေ့ခြောက်ပါးဟာ အလျင်အမြန် ရောက်လာပြီး ဘုရားရှင်ကို ဖူးမြော်ကြပါတယ်။ အဲ့ဒီရသေ့ခြောက်ပါး ကတော့ သဒင်သီရိရသေ့၊ ဥလုကရသေ့၊ နာရဒရသေ့၊ လောမရသေ့၊ သီဟရသေ့နဲ့ ဘောဂီယရသေ့တို့ဖြစ်ကြပါတယ်အရှင်။

ရသေ့ခြောက်ပါးဟာ မြတ်စွာဘုရားရှင်ကို ကိုယ်စားကြည်ညို ကိုးကွယ်စရာ ပေးသနားတော်မူရန် လျှောက်ထားကြတဲ့အခါ မြတ်စွာ ဘုရားရှင်ဟာ လက်ျာလက်တော်နဲ့ ဦးခေါင်းတော်ကို သုံးသပ်တော်



မူပြီး ဆံတော်ခြောက်ဆူကို ပေးသနားတော်မူခဲ့ပါတယ်။ ရသေ့ ခြောက်ပါးတို့ဟာ သူတို့ကိုးကွယ်မှုဖော်ဖို့ ရရှိထားကြတဲ့ ဆံတော် များကို နေရာအသီးသီးမှာ ဌာပနာပြီး အများကြည်ညိုကိုးကွယ်နိုင်ကြဖို့ စေတီတော်တွေတည်ခဲ့ကြပါတယ်။ အဲ့ဒီစေတီတွေကို ဆကေသဓာတုဝင် စေတီများ ဟုခေါ်တော်မူကြပြီး ထူပဝင်စေတီများလို့လည်း ခေါ်ကြ ပါတယ်။

ဒီကေလာသဆံတော်ရှင်ဟာ အဲ့ဒီရသေ့ခြောက်ပါးရရှိထားတဲ့ ဆံတော်ခြောက်ဆူထဲက တစ်ဆူကို ဌာပနာသွင်းတည်ထားတော်မူတဲ့ ဆံတော်ရှင်စေတီဖြစ်တော်မူပါတယ်။ မိုးနတ်သားက ပုံးပေါင်းပါဝင် တည်ခဲ့တာကြောင့် ပစ္စုပ္ပန္နထူပဝင်စေတီလို့လည်း ခေါ်တော်မူပါတယ်။

အဲဒီဆံတော်တစ်ဆူအပြင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော် မူတဲ့အခါ ကြွင်းကျန်ရစ်တဲ့ သွားတော် ၃၃ ဆူထဲက ၁ဆူ ကိုလည်း ထပ်မံ ဌာပနာထားတဲ့ စေတီတော်ဖြစ်ပါတယ်။ မူလ ပစ္စုပ္ပန္နထူပဝင်စေတီ ကို အပြင်က ငုံပြီးကြီးမားအောင် ထပ်မံတည်ထားတာမို့ မူလ ပစ္စုပ္ပန္န ထူပဝင်စေတီဟာ ယခုကေလာသ စေတီတော်ကြီးရဲ့အတွင်းမှာ ရှိတော် မူပါတယ်။"

ဘိုးတိုင်ထောက ကေလာသဆံတော်ရှင်စေတီမြတ်၏အကြောင်း ကို အကျဉ်းချုံးကာ လျှောက်တင်လိုက်လေ၏။

ကျွန်ုပ်သည် ဘိုးတိုင်ထော၏ ဆံတော်ရှင်အကြောင်းရှင်းပြ ချက်အား ကြားသိရသောအခါ သဒ္ဓါပီတိအဟုန်များ တက်ကြွလာကာ လွန်ကဲသော ကြည်ညိုစိတ်များ ဖြစ်ပေါ်လာခဲ့လေ၏။ မြတ်စွာဘုရား ရှင်၏ ဓာတုဝင်ဓါတ်တော်အစစ်များ တည်ကိန်းနေသည်ကို သိရှိရလေ ရာ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်ကို မျက်မြင်မဖူးတွေ့ရသော် လည်း ကိုယ်တိုင်ဖူးတွေ့ရသကဲ့သို့ စိတ်မှာထင်မိရလေ၏။

"အင်း ... ဘိုးက ကြည်ညိုစဖွယ်ဖြစ်အောင် လျှောက်တင် နိုင်ပေတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဘိုးတိုင်ထောကို ကြည်လင်သောစိတ်ဖြင့် ချီးကျူး စကားပြောကြားလိုက်လေ၏။ ထို့နောက် ဒင်္ဂါးအချို့ကိုလည်း ချီးမြှင့် လိုက်လေရာ ဘိုးတိုင်ထော ရွှင်မြူးသွားရလေ၏။

"ကျေးဇူးကြီးတော်မူပါပေတယ် အရှင်၊ အသက်တော်ရှည်လို့ ဘုန်းတော်ကြီးပါစေ။"

ဘိုးတိုင်ထောက ကျွန်ုပ်ကို ပြန်လည် ဆုတောင်းပေးပြန်၏။ ဘိုး၏ အသံတုန်တုန်ဖြင့် ကျွန်ုပ်ကို ဆုမွန်ကောင်းကောင်းပေးလိုက် သည်ကို နားဝင်ပီယံဖြစ်မိရလေ၏။

ထို့နောက် သီရိကောင်းစောတို့ ဆီမီးကိုးထောင် ပန်းကိုးထောင် ပူဇော်နေရာသို့ ကျွန်ုပ်နှင့် အဲခေါင်ဘုန်းတို့ ထွက်ခွာလာခဲ့လေ၏။

← ← ←



(၁၆)

"မောင်တော်က ဒီမှာ တစ်ပါးတည်း စံနေတော်မူပေတာကိုး။ သီရိရောက်ရှိလာတဲ့အတွက် မောင်တော်မှာ အနှောင့်အယှက် ဖြစ် တော်မူမှာကို စိုးရိမ်မိပါတယ်။"

စန္ဒရသုခဆောင်မှာ ကျွန်ုပ်တစ်ပါးတည်း ရှိနေ၏။ ကျွန်ုပ်၏ စိတ်များ ပြေလျော့မှုရှိစေရန်အတွက် အဆောင်အတွင်း၌ စကြံလျှောက် ရင်း ပုတီးစိပ်နေသောအချိန်ဖြစ်လေ၏။ နဂ်လာဒေဝီ သီရိကောင်းစော ရောက်လာသည့်အချိန်၌ ကျွန်ုပ်၏စိတ်များမှာ တည်ငြိမ်အေးချမ်း လျက်ရှိ၏။ သီရိကောင်းစော ရောက်ရှိလာသောကြောင့် ပုတီးစိပ်ခြင်း ကို ကျွန်ုပ်ရပ်နားလိုက်ရလေ၏။

"အနှောင့်အယှက်၊ ဟုတ်လားသီရိ၊ သီရိရောက်ရှိလာတဲ့အတွက် မောင်တော်က ဘာကြောင့် အနှောင့်အယှက် ဖြစ်သွားရမှာတဲ့လဲ။ သီရိရောက်ရှိလာတဲ့အတွက် မောင်တော်မှာ ပိုပြီး ပြည့်စုံသွားရပါ သေးတယ်။ မောင်တော်လည်း ပုတီးစိပ်လို့ပြီးနေပါပြီ။ သီရိမှာ ပြောစရာ စကားတွေများအထူးရှိနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က သီရိကောင်းစောကို မေးလိုက်လေ၏။ အများအားဖြင့် သီရိကောင်းစောမှာ ကျွန်ုပ်အား ပြောစရာစကားတစ်ခုခုရှိနေခဲ့လျှင် ကျွန်ုပ်၏ထံပါး၌ အမတ်ဝန်တစ်ဦးဦးရှိနေပါက မပြောဆိုဘဲ ဆိတ်ဆိတ်နေလေ့ရှိ၏။ ဤကဲ့သို့ ကျွန်ုပ်တစ်ဦးတည်း စံပယ်နားနေသောအခါမျိုးကို စောင့်ဆိုင်းကာ ကျွန်ုပ်အားပြောကြားလိုသောစကားများအား ပြောကြားတတ်သကဲ့သို့ သိရှိလိုသောအရာများကိုလည်း မေးမြန်းတတ်လေ၏။

ထိုသို့ပြောဆိုရန်မှာလည်း ကျွန်ုပ်၏အရိပ်အကဲကို ကြည့်ပြီးမှ ပြောလေ၏။

"ဒီနေ့ မောင်တော်ရဲ့စိတ်တွေ ကြည်လင်မှုရှိပါရဲ့လား"

တိုင်းရေးပြည်ရာကိစ္စအချို့ ခေါင်းထဲမှာ ရှိနေတာကလွဲရင် မောင်တော်ရဲ့ စိတ်တွေ ကြည်လင်ချမ်းမြေ့လျက်ရှိပါတယ်။"

ကျွန်ုပ်က သီရိကောင်းစောကို ပြောလိုက်ပြီးနောက် သီရိကောင်းစော၏ မြတ်နိုးဖွယ်ရာကောင်းသော ကြည်စင်ဝင်းပသည့် မျက်နှာကို ကြည့်လိုက်လေ၏။ သီရိမျက်နှာမှာ တည်ကြည်အေးချမ်းလှလေ၏။ သုဝဏ္ဏဘူမိ၏ ရေမြေက သီရိနှင့် သဟဇာတ ဖြစ်၍လားမသိပေ။ အသားအရည်များ ပို၍ ဝင်းဝါစိုပြည်လာသည်ကို တွေ့ရှိရလေ၏။

"မောင်တော်တို့ရဲ့ စစ်ရေးလေ့ကျင့်မှုဆိုတာက တကယ့် တိုက်ပွဲလိုပါပဲ၊ နှမတော်ဖြင့် မကြုံဖူးလို့တော်တော်လေးတော့ ထိတ်လန့်သွားမိသေးတယ်။ နောက်တော့လည်း မြင်တွေ့ရတာယဉ်ပါးသွားသလိုပဲ။ ဒီအတွက် မောင်တော်မင်းမြတ်ကို ကျေးဇူးတင်မိရပါတယ်"

"ဘာဖြစ်လို့ ကျေးဇူးတင်ရတာလဲ ကောင်းစောရယ်။ မောင်တော်ကတော့ ကောင်းစော စစ်မြေပြင်နဲ့ အစိမ်းသက်သက်မို့ စိုးရိမ်နေ တာ။"

"ဒီလိုသာ စစ်မြေပြင်လေ့ကျင့်တိုက်ပွဲကို မကြုံဘူးထားရင်၊



တကယ်တမ်းသာ စစ်ပွဲနဲ့ကြုံတဲ့အခါ နှမတော် စိုးရိမ်ကြောက်လန့်မှုတွေ လွှမ်းကဲသွားလိမ့်မယ်။

အခုတော့ တကယ်စစ်ပွဲနဲ့တူတဲ့ စစ်ပွဲနဲ့ ကြုံထားရလေတော့ တကယ့်စစ်ပွဲနဲ့ ကြုံတွေ့ရင်တောင် သိပ်ပြီးတုန်လှုပ်မနေတော့ဘူးပေါ့။ ဒါနဲ့ သုဝဏ္ဏဘူမိဟာ စစ်ပွဲတွေနဲ့ ကြုံတွေ့ဖို့ရှိနေသလား မောင်တော်"

သီရိကောင်းစောသည် ညင်သာသောစကားဖြင့် မေးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်၏ထံမှ မည်သို့ ပြောကြားလာမည်ကို နားထောင်နေ၏။

သုဝဏ္ဏဘူမိရဲ့စစ်ပွဲတဲ့။

ကောင်းစောအနေဖြင့် မေးသင့်သောမေးခွန်းပင် ဖြစ်လေ၏။ ထိုမေးခွန်းကို ကျွန်ုပ် အကြိမ်ကြိမ်ပင် ကျွန်ုပ်ကိုယ်ကျွန်ုပ် ပြန်မေးကြည့်ဖူးလေ၏။ ကျွန်ုပ်၏ အမတ်ဝန်တို့ကိုလည်း ဤမေးခွန်းမျိုး ကျွန်ုပ် မေးကြည့်ခဲ့ဖူးလေ၏။ အမတ်ဝန်တို့၏ အဖြေက ပြတ်သားမှု မရှိကြပေ။ ယခင် သုဝဏ္ဏဘူမိ၏ အခြေအနေကို ပြန်လည်ထောက်ဆပြီး ဖြေသူတို့က စစ်ပွဲဖြစ်ရန် အလားအလာ နည်းပါးသည်ဟု ပြောဆိုကြလေ၏။

ကျွန်ုပ်နှင့် အဲခေါင်ဘုန်းတို့ကမူ အတွေးချင်းတူညီကြသည်။ သုဝဏ္ဏဘူမိသည် မလွဲမသွေ စစ်ပွဲတစ်ပွဲကို ကြေန် တိုက်ခိုက်ရလိမ့်မည်။ တစ်စတစ်စ အင်အားတောင့်တင်းကြီးထွားလာသော တမ္ပဒီပသည် သုဝဏ္ဏဘူမိကို အချိန်မရွေး စစ်ပြင်လာနိုင်သည်ဟု ယူဆသည်။ အင်အားတောင့်တင်းလာသော နိုင်ငံတော်တစ်ခုသည် နယ်မြေပိုင်နက် အရာ၌ ရောင့်ရဲလိမ့်မည်မဟုတ်ဟု ကျွန်ုပ် ယူဆသည်။

တမ္ပဒီပ၏ စစ်အန္တရာယ်ရောက်မလာလျှင်လည်း ရှမ်းတို့၏ စစ်အန္တရာယ်က ကျရောက်လာနိုင်သေးသည်။ သုဝဏ္ဏဘူမိသည် ပင်လယ်ထွက်ပေါက်ရှိ၍ ရေကြောင်းသာပြီး ကုန်စည်ကူးသန်းရန် ကောင်းမွန်သည်ကပင် မျက်စိကျစရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စစ်ပွဲ ဟုတ်လား။ ရှိတယ်နမတော်၊ အဲဒီစစ်ပွဲအတွက် မောင်တော်တို့ အတတ်နိုင်ဆုံး ပြင်ဆင်ထားကြရလိမ့်မယ်။ အကောင်းဆုံး တိုက်ပွဲဝင်ကြရမယ်။ စစ်ပွဲဖြစ်လာပြီဆိုရင် အရှုံးနဲ့အနိုင် တစ်ခုခုတော့ ကြုံရမှာပဲ။ တကယ်လို့ရှုံးခဲ့မယ်ဆိုရင် အဲဒီအရှုံးကို ခံနိုင်ရည်ရှိ အောင်လည်း ပြင်ဆင်ထားကြရမယ်။"

ကျွန်ုပ်သည် ကျွန်ုပ်၏ ရင်ထဲမှာရှိနေသော စကားများကို ကောင်းစောအား ထုတ်ပြောလိုက်လေ၏။

"ဘယ်လို၊ အရှုံးကို ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားရမယ်လို့ အရှင်ပြောလိုက်သလား။ ဘယ်လိုပြင်ဆင်ထားရမလဲ။ စစ်ပွဲတစ်ပွဲကို တိုက်လို့ မနိုင်ပါပြီတဲ့။ မနိုင်ရင် ဘာလုပ်မလဲ။ ရန်သူ့ရဲ့လက်က လွတ်အောင်ပြေးရမှာပေါ့။"

သီရိကောင်းစော ပြောသည်မှာ မှန်သည်။ စစ်ပွဲရှုံးမှတော့ ရန်သူ့လက်ထဲမရောက်အောင် ပုန်းရှောင်ရမြဲ ဖြစ်သည်။ ကျွန်ုပ်က ချက်ချင်းမပြောသေးဘဲ အဆောင်တော်၏ အပြင်သို့ ငေးကြည့်နေမိ သည်။ သီရိက ကျွန်ုပ်၏ နှုတ်ထွက်စကားများကို ငုံ့လင့်နေသည်။ နှစ်ဦးတည်းရှိသည်မို့ အသံက ခေတ္တတိတ်ဆိတ်သွား၏။

"ကျုပ်ကတော့ ရှုံးခဲ့ရင်တောင် ကျုပ်ရဲ့ သုဝဏ္ဏဘူမိပြည်သူ တွေကို ရန်သူ့လက်ထဲ ပြုချင်ရာပြုခိုပြီး စွန့်ပစ်မသွားနိုင်ဘူး။ စစ်ပွဲ ဟာ အင်မတန် ကြောက်စရာကောင်းတယ်။ သူ့အသက်ကိုယ့်အသက် ခွင့်လွှတ်မပေးနိုင်ဘူး။ နိုင်တဲ့သူဟာ ရှုံးတဲ့သူကို အနိုင်ကျင့်စမြဲပဲ။ ကျုပ် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို သူတို့ ဖျက်ဆီးလိမ့်မယ်။ နှိပ်စက်ညှင်းပန်းမှုတွေ ပြုကြ လုယက်ယူငင်မှုတွေ ပြုကြလိမ့်မယ်။ လိမ့်မယ်။

အဲဒီအတွက် သက်သာခွင့်ရအောင် ရာဇပရိယာယ်နဲ့ ကာကွယ် ပေးနိုင်ဖို့ အရေးတောင်းဖို့ သုဝဏ္ဏဘူမိပြည်သူတွေကို စွန့်ခွာသွား

www.burmeseclassic.com



လို့ မရဘူး။ သူတို့ အရှေ့ကနေ မောင်တော် မားမားမတ်မတ် ရပ်တည် ရမယ်။ စစ်ပွဲမှာ ရှုံးနိမ့်ခဲ့ရင်တောင် အခြားရနိုင်တဲ့နည်းလမ်းနဲ့ အနိုင် ပြန်ယူဖို့ ကြိုးစားရလိမ့်မယ်။

ကျွန်ုပ်မှာ စကားပြောကြားရင်း ဒေါသမာန် အနည်းငယ်ပါ သွား၏။

"သီရိရဲ့စကားကြောင့် မောင်တော်စိတ်အနှောင့်အယှက် ဖြစ်သွား ရပြီထင်တယ်။ စိတ်အနှောင့်အယှက်ဖြစ်သွားရင် မောင်တော် အေးအေး ဆေးဆေး အနားယူပြီး စံနေတော်မူပါ။ သီရိတောင်းပန်ပါတယ်။ ခွင့်လွှတ်တော်မူပါ။"

သီရိ၏စကားကြောင့် ကျွန်ုပ် စိတ်မကောင်းဖြစ်သွားရလေ၏။

"မောင်တော် စိတ်အနှောင့်အယှက် မဖြစ်ပါဘူးသီရိ၊ သီရိလည်း တိုင်းရေးပြည်ရာတွေကို သိရှိသင့်တယ်။ မောင်တော် အသိပေးသင့်တာ တွေရှိတယ်။ ဒါမှ သီရိအတွက် သီရိ ဘာလုပ်သင့်တယ်ဆိုတာကို ကြိုတင်တွေးတောပြင်ဆင်နိုင်လိမ့်မယ်။"

နဂါလာဒေဝီ သီရိကောင်းစောသည် အံ့အားတသင့် ဖြစ်သွား လေ၏။

"မောင်တော်ပြောမယ့် စကားတော်ဟာ သီရိအပေါ် မယုံကြည် လို့ ပြောတဲ့စကားလား မောင်တော်ရယ်"

သီရိကောင်းစောက လေသံပျော့ဖြင့် မေးလေ၏။

"သီရိရဲ့အပေါ် မောင်တော်မယုံကြည်လို့ ပြောတာတော့ မဟုတ် ဘူး။ မောင်တော်တစ်ခု သိချင်တော်မူတယ်။ သုဝဏ္ဏဘူမိဟာ အခြား တိုင်းတစ်ပါးကို စစ်ရှုံးခဲ့မယ်ဆိုရင် သီရိဘာလုပ်မလဲ။ သီရိ ခမည်းတော် ရှိရာ ပါလနိုင်ငံကို ပြန်မှာလား"

ကျွန်ုပ်သိလိုစိတ်ဖြင့် မေးလိုက်လေ၏။

"ဒီစကားကလည်း သီရိကို မောင်တော် အထင်သေးပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးတော်မူတဲ့ စကားသာ ဖြစ်တော်မူပါတယ်။ သီရိရဲ့အသက်နဲ့ ခန္ဓာမြဲနေသမျှ မောင်တော်ရဲ့အပါးမှာ သေအတူ၊ ရှင်မကွာ ရှိနေမယ့် မိန်းမသားတစ်ယောက်ပါ။ ကိုယ့်ရဲ့ ကျေးဇူးရှင် အိမ်နိမ့်စံရတာပဲ ဖြစ်ဖြစ်၊ အခက်အခဲရောက်တာပဲဖြစ်ဖြစ် အဲ့ဒီအခက်အခဲကို အတူခံပြီး မောင်တော်ရဲ့ စိတ်တော်အပန်းပြေ၊ ရွှင်လန်းအောင်ပြုစုပေးမယ့်သူပါ မောင်တော်။"

သီရိကောင်းစော၏ စကားက ကျွန်ုပ်အပေါ် မေတ္တာတရားနှင့် သစ္စာတရားကြီးမားမှုကို ဖော်ပြနေ၏။ ထိုစကားကိုဆိုစဉ်မှာတော့ သီရိ၏မျက်ဝန်းမှာ မျက်ရည်ဝေ့ဝေ့ တွေ့ရှိရလေ၏။ သီရိ၏ မျက်နှာ ညှိုးလျှလျှလေး ဖြစ်သွားသည်။

"ဒါဟာ နမတော်ကို အထင်သေးလို့ ပြောတာ မဟုတ်ပါဘူး။ မောင်တော်ရဲ့ဘဝမှာ ကောင်းစောထက် တန်ဖိုးထားရမယ့်အရာ မရှိသလို၊ ပိုပြီးမြတ်နိုးရမယ့်သူလည်း မရှိပါဘူး။ ဒါက ကောင်းစောရဲ့ အခွင့်အရေး၊ ကောင်းစောရဲ့ ခံစားခွင့် ..."

ကျွန်ုပ်၏ စကားကတိုးဝင်၍ အဆက်ပြတ်သွားလေ၏။

"သီရိဟာ မောင်တော်ရဲ့ မနုဟာဆိုတဲ့ အမည်ကိုကြားရကတည်းက မောင်တော်ကို မတွေ့မြင်ဘူးပေမဲ့ ရင်ထဲမှာ လိုက်ဖိုလှုပ်ရှားခဲ့ရတယ်ဆိုတာ ယုံပါမောင်တော်။

မောင်တော်ဟာ ကတိတည်ပြီး ဖြောင့်မတ်သူပေပဲ။ ခမည်းတော်ရဲ့ တောင်းဆိုချက်အတိုင်း သီရိအပေါ် အမြဲတမ်းခွင့်လွှတ်ပေးတော်မူတဲ့အတွက် ကျေးဇူးတင်လှပါတယ်။ သီရိကို မြတ်နိုးတန်ဖိုးထားတဲ့အတွက်လည်း ဝမ်းမြောက်လှပါတယ်။"

ကျွန်ုပ်နှင့် သီရိကောင်းစောတို့ စကားပြောဆိုရာ အဆောင်အတွင်းသို့ လေညင်းများ ဝင်ရောက်လာလေ၏။ ဤသို့ ကျွန်ုပ်နှင့် သီရိကောင်းစောတို့ အေးဆေးစွာ တစ်ကြိမ်မျှ စကားမပြောဆိုဘူး



ကြပေ။ ယခုအခါ ကျွန်ုပ်သည် အရာရာကို မေ့လျော့နေ၏။

သီရိနှင့် စကားပြောဆိုနေရခြင်းအတွက် စိတ်ထဲကြည်နူးချမ်းသာနေမိ၏။ သီရိလည်း ထို့အတူပင်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်၏။ သီရိသည် ကျွန်ုပ်အတွက် သားရေတနာများကို မွေးဖွားပေးခဲ့ပြီး ဖြစ်၏။ သားတော်များပင် အရွယ်ရောက်နေကြပြီ။ ဤသို့ စကားကြာရှည်စွာ မပြောဘူးပေ။

"နဂ်လာဒေဝီကနေ သုဝဏ္ဏဘူမိရဲ့ သီရိကောင်းစောဖြစ်လာဖို့ နမတော်ကို အစစ မောင်တော် ကျူးသွင်းယူခဲ့ရတယ်။ အခုအချိန်မှာ ပါလရဲ့ နဂ်လာဒေဝီ မဟုတ်တော့ဘူး။ သုဝဏ္ဏဘူမိရဲ့ သီရိကောင်းစော၊ သုဝဏ္ဏဘူမိရဲ့ လမင်းတစ်ပါး ဖြစ်လာခဲ့ပြီလေ။ သုဝဏ္ဏဘူမိပြည်သူတွေရဲ့လည်ဆွဲ ဒါရှုဖြစ်နေခဲ့ပြီ၊ မောင်တော်ရဲ့ အမိုအကွယ်ပြုစရာ မဟေသီ ဖြစ်နေခဲ့ပြီ။ ဒါကို မောင်တော်အကြွင်းမဲ့ ယုံကြည်လျက်ရှိတော်မူပေတယ်။"

ကျွန်ုပ်သည် သီရိကောင်းစောကို အရှေ့အနောက် ဆင်ခြင်သုံးသပ် စကားပြောဆိုလိုက်လေ၏။ ထိုအခါမှ သီရိကောင်းစော၏ ညှိုးနွမ်းနေသော မျက်နှာမှာ ပြန်လည်လန်းဆန်းလာခဲ့သည်။

"ဖားစည်တော်နဲ့ပတ်သက်ပြီး နမတော်သိလိုတာမို့ ရှင်းပြတော်မူပါ မောင်တော်သခင်ဘုရား"

"ဒီအကြောင်းကို သိလိုချင်ရင်တော့ နမတော်ရဲ့စိတ်ကို နိုင်နိုင် ထားရလိမ့်မယ်။ ဖားစည်တော်ရဲ့အစွမ်းကို သိခဲ့မယ်ဆိုရင် နမတော်လည်း သုဝဏ္ဏဘူမိပြည်သူတွေလိုပဲ ဥပါဒါန်အစွဲတွေ ဝင်ရောက်လာလိမ့်မယ်။ အဲ့ဒီအခါ ဒီလောကအစွမ်းထက်မြက်တဲ့ ဖားစည်တော်ကိုမှ ဖျက်ဆီးမိရလေခြင်းဆိုပြီး နလုံးပူပန်ဆင်းရဲမှုတွေ ဖြစ်လာလိမ့်မယ်။ ဒါကြောင့်မို့ မောင်တော် ရှင်းမပြပါရစေနဲ့။ ဒါဟာလည်း နမတော်ကို မြတ်နိုးတော်မူပြီး နမတော်ရဲ့စိတ်ကို နောင်တပူပန်မှု မဖြစ်စေလိုတာ ကြောင့်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နမတော်ဟာ သုဝဏ္ဏဘူမိကို စရောက်ကတည်းက ထေရဝါဒ ဗုဒ္ဓသာသနာရဲ့ အဆီအနှစ် ဓမ္မဒေသနာတော်တွေကို အစဉ်တစိုက် နာကြားလိုက်နာကျင့်သုံးခဲ့ရတဲ့သူပါ မောင်တော်။ စိတ်ရဲ့ ဆောက်ရာတည်ရာ ပြုလုပ်နိုင်စွမ်းပါလိမ့်မယ်။ နမတော်သိချင်တာကိုသာ ရှင်းပြတော်မူပါအရှင်"

"သိရိ သိလိုဝေနှပြင်းပြတော်မူလှတယ်ဆိုရင် မောင်တော် မနုဟာ အနေနဲ့ ရှင်းပြပါ့မယ်။

သုဝဏ္ဏဘူမိရဲ့ မင်းအဆက်ဆက်မှာ ဖားစည်ရမင်းရယ်လို့ နှစ်ပါးပဲ ရှိတော်မူခဲ့ပါတယ်။ အရင်ကေသရာဇာမင်းဟာ ဖားစည်ရမင်းဖြစ်သလို မောင်တော်လည်း ဖားစည်ရမင်းတစ်ပါးပါပဲ။

ဖားစည်တော် ရဖို့ဆိုတာက လွယ်ကူလှတာ မဟုတ်ဘူး နမတော်၊ ကေသရာဇာမင်းလက်ထက်တော်က ဖားစည်ပြုလုပ်ရရှိပုံကို ပြောပြပါမယ်။

မုဆိုးတစ်ဦး တောလည်ထွက်တဲ့အခါ တောအုပ်တစ်ခုထဲက ဖားကျင်းတစ်ခုမှာ ဖားမကြီးက ဖားကလေးတွေကို ပြောဆိုဆုံးမနေတဲ့အသံကိုကြားလို့ အဲ့ဒီမုဆိုးက ချုံတစ်ခုကို အကွယ်အကာယူပြီး တိတ်တဆိတ် နားထောင်နေခဲ့တယ်။

ဖားမကြီးက ဖားကလေးတွေကို တို့ဖားမျိုးက သာမန်ဖားမျိုး မဟုတ်ဘူး။ တို့ရဲ့ အရေခွံကို ခရမ်းကစော့ပင်သားနဲ့ စည်လုပ်ပြီး ခြသေ့်လက်ဖျံရိုးကို လက်ခတ်လုပ်ပြီး တီးရင် စစ်ပွဲတွေအောင်မြင်ပြီး မင်းအပေါင်းဦးခိုက်ရတာမို့ လူတွေမတွေ့နိုင်အောင်အပြင်မထွက်နဲ့လို့ ပြောတာကို မုဆိုးကမှတ်သားပြီး မင်းကြီးကို ပြန်လျှောက်ထားခဲ့တယ်။ မင်းကြီးက မုဆိုးကို ဖားသားအမိကို သွားယူဆောင်ခိုင်းတယ်။ မုဆိုးယူဆောင်လာတဲ့ ဖားသားအမိကို ဖားမကြီးပြောတဲ့အတိုင်း စည်ကြီးပြုလုပ်လို့ ဖားစည်ရအရှင်သခင်ဘွဲ့ကို ခံယူတော်မူခဲ့တယ်။ အပြည်



ပြည်ရှိ ထီးဆောင်းမင်းတွေကို ဖားစည်တီးပြီးစစ်ပြုတာ အောင်မြင်တော်မူခဲ့တယ် နမတော်။"

"ဖားစည်တော်ဟာ ဒီလောက်တောင်ပဲ အစွမ်းထက်သလား မောင်တော်။ ဒါနဲ့ ဝေပုလ္လ ပတ္တမြားအကြောင်းလည်း သိခွင့်ပေးတော်မူပါဦးမောင်တော်။"

"ကြုံတဲ့တစ်နေ့မှာ ဝေပုလ္လနန်းစဉ်ပတ္တမြားအကြောင်း ရှင်းပြတော်မူပါ့မယ်။ မောင်တော်တို့လည်း စကားကောင်းနေလိုက်ကြတာ၊ ဟောဟိုတံခါးဝမှာ အဲခေါင်ငယ် လှုယောင်ပြနေလေရဲ့၊ အကြောင်းတော်ရှိပုံရတယ်။ နမတော် သိရိလည်း အဆောင်တော်ပြန်ပြီး အနားယူချေလိုက်လေဦး"

"အမိန့်တော်အတိုင်းပါ မောင်တော်ဘုရား"

သိရိကောင်းစောက ကျွန်ုပ်ကို နှုတ်ဆက်ကာထွက်ခွာသွားလေ၏။

(မနုဟာမင်း၏ ဖားစည်တော်မှာ နဂါးပြည်မှပေးသော ကုန်ဘာရေနှင့်ကျက်သည့် ဇော်မည်သော သား၏အရေဖြင့် ပြုလုပ်ပြီး ခြသေ့်လက်ဖျံရိုးကို လက်ခတ်ပြုသည်ဟုဆိုသည်။)

www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

သီရိကောင်းစောသည် ကျွန်ုပ်တစ်ဦးတည်းနေလေ့ရှိသော အဆောင်ခန်းမှ ထွက်ခွာသွားပြီးနောက် အဲခေါင်ဘုန်းဝင်ရောက် ခစား လာလေ၏။

"သက်သာသလိုနေပါ အဲခေါင်ငယ်၊ အကြောင်းထူးထူးခြားခြား ရှိသလား"

ကျွန်ုပ်နှင့် အဲခေါင်ဘုန်းတို့သည် အမြဲတမ်း တပူးတွဲတွဲဖြင့် လှုပ်ရှားခဲ့ကြသူများဖြစ်လေရာ အဲခေါင်ငယ်ကို အနေအထိုင် မကျဉ်း ကျုံ့ရန်အတွက် ခွင့်လွှတ်ပေးရစမြဲဖြစ်လေ၏။

"ကျွဲခြံသူကြီးက အရှင်ကို ဖူးမြင် တွေ့ခွင့်တောင်းနေပါတယ်။ ရောက်နေတာကတော့ အတော်ကြာနေပြီ၊ အရှင်နဲ့ အရှင်မတို့ စကား ပြောနေကြတာနဲ့ စောင့်ခိုင်းထားရပါတယ်၊"

အဲခေါင်ဘုန်း၏ စကားကိုကြားရသောအခါ ကျွဲခြံသူကြီးအတွက် စိတ်မကောင်းဖြစ်သွားရလေ၏။ ကျွန်ုပ်၏ နိုင်ငံနယ်ပယ်အတွင်းရှိ ရွာစား၊ မြို့စားများက အရေးကိစ္စရှိ၍ ကျွန်ုပ်၏ထံသို့ လာရောက် တွေ့ဆုံလျှင် အချိန်မဆိုင်းစေဘဲ ချက်ချင်း တွေ့ဆုံခွင့်ပြုလေ၏။



ရောက်ရောက်ချင်း အဲခေါင်က ကျွန်ုပ်ကို အကြောင်းကြား မည်ဆိုပါက သီရိကောင်းစောကို စကားဖြတ်၍ အဆောင်တော်ပြန် စေမည် ဖြစ်လေ၏။

ကျွန်ုပ်သည် ကျွဲခြံသူကြီးနှင့် တွေ့ဆုံရန်အတွက် နန်းမဝဟို ဆောင်သို့ ထွက်ခွာလာခဲ့လေ၏။ နန်းမဝဟိုဆောင်သို့ ရောက်ရှိသော အခါ ကျွဲခြံသူကြီးသည် အတော်ကြာအောင် ကျွန်ုပ်အား မလှုပ်မယှက် စောင့်မျှော်နေဟန်တူသည်ကို တွေ့ရှိရလေ၏။

ကျွန်ုပ်သည် အဖူးမြင်ခံပလ္လင်ထက်မှာ နေရာယူ၍ ထိုင်လိုက် လေ၏။ ကျွဲခြံသူကြီးက ခေါင်းငုံ့ကာ ကျွန်ုပ်ကို ခစားနေလေ၏။ ဤမျှ အထိ ကျွန်ုပ်ကို ကြောက်ရွံ့ ခန့်ညားရှိနေသည်မှုကို ကျွန်ုပ်မလိုလားပေ။

"သူကြီးသက်သာသလို ခစားပါ။ ကျွန်ုပ်နဲ့ တွေ့ဆုံလိုတဲ့ အကြောင်းကို တင်လျှောက်ပေဦး။"

ကျွန်ုပ်၏ စကားကြောင့် ကျွဲခြံသူကြီးမှာ အနေအထိုင် အနည်း ငယ်လွတ်လပ်မှု ရရှိသွားရလေ၏။

"လက်စွပ်တော်တစ်ကွင်း ဆက်သချင်လို့ပါ အရှင်။"

ကျွဲခြံသူကြီးသည် ကတ္တီပါ အိတ်ရှုံ့လေးတစ်ခုကို ခွဲထုတ် ဆုပ်ကိုင်လိုက်လေ၏။

"အဲခေါင်ငယ် ဆက်သတဲ့လက်စွပ်တော်ကို လက်ခံလိုက်ပါ"

အဲခေါင်က ကျွဲခြံသူကြီးထံမှ ကတ္တီပါအိတ်ရှုံ့ကိုယူပြီး ကျွန်ုပ် အားဆက်သလိုက်လေ၏။ ကျွန်ုပ်လည်း ကတ္တီပါအိတ်ရှုံ့ထဲမှ ကျွဲခြံ သူကြီးဆက်သသော လက်စွပ်တော်ကို ထုတ်ယူကြည့်ရှုလိုက်၏။

လက်စွပ်တော်မှာ မနောမယကြောင်မျက်ရွဲကို ကွင်းထားသော လက်စွပ်ဖြစ်လေ၏။ ထူးခြားသည်မှာ မနောမယကြောင်မျက်ရွဲကို ကျွဲချိုသဏ္ဌာန်နှစ်ခုဖြင့် ပုံဖော်ကာ လက်စွပ်ကျောက်မထွက်သွား ရအောင် စွန်ကုပ်၊ ကုပ်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်စွပ်က သူကြီးရဲ့ ဘိုးဘွားပိုင်လား။ တန်ဖိုးအနှုန်းကြီးမားတဲ့ လက်စွပ်တော်ပဲ။ မနောမယကြောင်မျက်ရွဲဆိုတာက အတော်ရှားပါးတဲ့ ရတနာကျောက်မျက်ဖြစ်ပေတယ်။"

"ဒီလက်စွပ်က ကျွန်တော်မျိုးတို့ရဲ့ ဘိုးဘွားပိုင် ကတ္တီပါအိတ်ရဲ့ အမွေပစ္စည်း မဟုတ်ပါ။ လက်စွပ်ရဲ့ ရာဇဝင်ကြောင်းကတော့ ရှာသား တစ်ဦးက ကောက်ရတော်မူပြီး ကျွန်တော်မျိုးကို လာပေးထားတာပါ။ ကောက်ရတဲ့ရှာသားကတော့ တောထဲသွားရင်း ကျွဲရိုင်းအခတ်ခံရလို့ သေဆုံး သွားခဲ့ပါတယ်။

ကျွန်တော်မျိုးရဲ့ လက်ထဲကို ရောက်လာပြန်တော့လည်း ချောက်ချားတဲ့ အိပ်မက် မက်ခဲ့ပါတယ်။ ဒီလို အဖိုးအတိုင်းမသိထိုက်တဲ့ လက်စွပ်တော်ဟာ ကျွန်တော်မျိုးတို့လို ဘုန်းကံနည်းသူတွေနဲ့ မသင့်လျော်တဲ့အတွက် ဤသို့ဖြစ်ရတယ်လို့ ယူဆတော်မူတာကြောင့် ဘုန်းကံကြီးမားတော်မူတဲ့ အရှင်မင်းမြတ်ကို လာရောက်ဆက်သတော်မူရခြင်းဖြစ်ပါတယ်အရှင်။"

ကျွဲခြံသူကြီးက မနောမယလက်စွပ်တော်၏ အကြောင်းခြင်းရာကို လျှောက်တင်လေ၏။ ကျွန်ုပ်သည် ကျွဲခြံသူကြီး ဆက်သသော လက်စွပ်တော်ကို ကျွန်ုပ်၏ ဝဲဘက်လက်သူကြွယ်၌ စွပ်လိုက်ရာ အနေတော်ဖြစ်နေသည်ကို တွေ့ရှိရလေ၏။ ကျွန်ုပ်လည်း ကျွဲခြံသူကြီး လျှောက်တင်သည့်အတိုင်းပင် ကျွန်ုပ်၏ ဘုန်းကံအလျောက် ကျွန်ုပ်နှင့်ထိုက်၍ ရပေတာပဲဟု မှတ်ယူလိုက်၏။

"ဒီမနောမယ ကြောင်မျက်ရွဲ လက်စွပ်တော်ကို ကျုပ်အမြဲ တမ်းဝတ်ဆင်ထားပါ့မယ် သူကြီး။ ဒီလက်စွပ်တော်ကိုလည်း မနုဟာ လက်စွပ်တော်လို့ အမည်တွင်စေရမယ်။"

"ကျေးဇူးပ်ဝမ်းမြောက်တော်မူလှကြောင်းပါ အရှင်မင်းမြတ်။"

"အဲခေါ်င်ငယ်၊ ဒီ မနုဟာလက်စွပ်တော်ကို ဆက်သတဲ့ ကျွဲခြံ



သူကြီးမင်းအတွက် သင့်တင့်တဲ့ ဆုတော်ငွေစီစဉ်ပေးလိုက်။"

ကျွန်ုပ်၏ မိန့်ကြားချက်အတိုင်း အဲခေါ်င်သည် ကျွဲခြံသူကြီးကို ခေါ်သွားပြီးနောက် ဘဏ္ဍာတော်ထိန်းထံမှ အသပြာထုတ်ယူကာ ကျွဲခြံသူကြီးကို ပေးလိုက်လေ၏။

← ← ←

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

ကျွန်ုပ်သည် အရုဏ်မတက်မီသုံးမောင်းကျော်ကျော်ခန့်မှာ နိုးလာလေ၏။ ကျွန်ုပ်၏ စက်ရာတော်ဘေး၌ သီရိသည် အေးချမ်းစွာ စက်ပျော်လျက် ရှိသည်။ သီရိသည် အမြဲတမ်း အရုဏ်တက်ချိန်မှာ နိုးထမြဲ ဖြစ်၏။ ဘုရားဝတ်တက် ဆွမ်းကပ် ဆီမီးကပ်မြဲဖြစ်၏။ မကြာမီ အရုဏ်တက်ချိန်သို့ ရောက်ရှိပေတော့မည်။ သီရိလည်း နိုးထခါနီး ပြီမို့ ကျွန်ုပ် မနှိုးဘဲထားရှိလေ၏။

အခါတိုင်း၌ ကျွန်ုပ်အဖို့ ဤအချိန်သည် ကျွန်ုပ်နိုးထသော အချိန်မဟုတ်ပေ။ သီရိ ဘုရားဝတ်တက်ပြီးမှသာ နိုးထလေ့ရှိလေ၏။ ကျွန်ုပ်နိုးထလာလျှင် သီရိက မျက်နှာသစ်တော်ရေကို ကမ်းပေးတတ်၏။ မျက်နှာသစ်ပြီးလျှင် သုတ်ရန်တဘက်ကို ပေးတတ်၏။ မျက်နှာ သစ်ပြီးလျှင် ကျွန်ုပ်၏ ညအိပ်ဝတ်လဲတော်ကို အသစ်လဲလှယ်ပေးတတ် ပြန်၏။

ယခုမူ သီရိ မနိုးသေး၍ ကျွန်ုပ်စောင့်ထိုင်လိုက်၏။ ကျွန်ုပ် ဤ အချိန်ကြီးနိုးလာခဲ့ခြင်းမှာ အိပ်မက်ကြောင့်ဖြစ်၏။ အိပ်မက်မှာ အနိဋ္ဌာရုံ အိပ်မက်တစ်ခု ဖြစ်လေ၏။ အိပ်မက်၏အကြောင်းကို ပြန်တွေးနေမိ၏။



ထိုအိပ်မက်သည် ကျွဲခြံသူကြီးလာဆက်သသော မနောမယ ကြောင် မျက်ရွဲလက်စွပ်တော်နှင့် စပ်ဆိုင်နေလိမ့်မည်လားဟုလည်း ဝေဖန်ကြည့် မိ၏။

“ဟင်း … မောင်တော်က နိုးနေနှင့်ပေတာကိုး။”

သီရိ မျက်လုံးပွင့်လာသည်နှင့် ကျွန်ုပ် နိုးနေသည်ကို မြင်သော ကြောင့် လူးလဲထကာ မေးလိုက်လေ၏။

“မောင်တော်နိုးနေရင်လည်း သီရိကို နှိုးလိုက်ရောပေါ့။”

သီရိက စကားကို ထပ်ဆက်ကာ ပြောကြားလိုက်လေ၏။

“သီရိ အိပ်ရေးမဝမှာစိုးလို့ပါ။ အိပ်မက်ဆိုးမက်ပြီး နိုးလာခဲ့ တယ်။ ပြန်အိပ်လို့မရတာနဲ့ ဒီအတိုင်းထိုင်နေတာပါ။”

“ဘယ်လို အိပ်မက်ဆိုးတွေ မက်တာလဲ အရှင်ရယ်။ ခဏ နေဦးနော်။ မျက်နှာတော်သစ်ပြီးမှ အိပ်မက်တော် အကြောင်းပြော ကြရအောင်။”

သီရိကောင်းစောသည် ပြောပြောဆိုဆို အိပ်ရာမှ ထကာ မျက်နှာသစ်ရေကို ငွေခွက်နှင့် ဆက်လေ၏။ ကျွန်ုပ်လည်း မျက်နှာသစ် ပြီးနောက် ကတ္တီပါတဘက်ဖြင့် မျက်နှာကို သန့်ရှင်းလိုက်လေ၏။ ထို့ နောက်သူမ၏ အဝတ်အစားနှင့် ပြေလျော့နေသော ဆံကေသာကို ပြုပြင်ကာ ကျွန်ုပ်၏ခြေရင်း၌ ပဆစ်တုပ်ထိုင်၍ ခစားလေ၏။

“အိပ်မက်ကတော့ တကယ်ဆိုးဆိုးဝါးဝါးကို မက်တာပါပဲ။ အိပ်မက်ထဲမှာ မောင်တော့်ကို ကျွဲဖြူတစ်ကောင်က ခတ်ဖို့ အနောက် ကနေလိုက်တယ်။ မောင်တော်က ပြေးရင်းနဲ့ မြေပေါ်ကနေ လေထဲ ရောက်သွားတော့ ကျွဲဖြူက မောင်တော်ကို ခတ်လို့မရတော့ဘူး။”

“တော်သေးတာပေါ့ အရှင်ရယ်။”

“ကျွဲဖြူက မောင်တော်ဟာ လေထဲပျံနေတာမို့ ခတ်မရတာနဲ့ ဒေါသပိုထွက်ပြီး မြင်မြင်ရာကို လိုက်ခတ်တော့တယ်။ ဒီလိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခတ်တာ မောင်တော်ရဲ့ ရာဇပလ္လင်တော်ကြီးကိုပါ ခတ်နေတာတွေ့ရ
တယ်။ ရာဇပလ္လင်ဟာ ကျွဲချိုနဲ့ ကလော်၊ ကော်ခတ်မှုကြောင့် ပဲ့ကျ
လာခဲ့တယ်။

ရာဇပလ္လင်ကို စိတ်ကြိုက်ခတ်ပြီးတဲ့နောက် နောက်ထပ်လူ
နှစ်ယောက်ကို လိုက်လံပြီးခတ်သတ်ပြန်တယ်။ အဲ့ဒီမှာတင် မောင်တော်
နိုးသွားတာပါ။"

ကျွန်ုပ်က အိပ်မက် အစအဆုံးကို အကျဉ်းချုံး ရှင်းပြလိုက်
လေ၏။

"ဒါဟာ သွေးလေချောက်ချားပြီးမက်တဲ့ အိပ်မက်တော် ဖြစ်မှာ
ပါ။ မောင်တော် ဥပုသ်ရက်ရှည်လေးယူပြီး အနားတော်ယူပါလား။"

"သွေးလေချောက်ချားပြီး မက်တဲ့ အိပ်မက်မဟုတ်ဘူး နှမတော်
သီရိ၊ ဒါဟာ အတိတ်နိမိတ်ကိုပြတဲ့ အိပ်မက်တစ်ခုပဲ။ ပြီးတော့
ဟောဒီလက်စွပ်တော်နဲ့လည်း ဆက်စပ်မှု ရှိနေတယ်။"

သီရိကောင်းစောက ကျွန်ုပ်၏ လက်စွပ်တော်ကို အသေအချာ
ကြည့်လေ၏။

"အရင်က ဒီလက်စွပ်တော်ကို အရှင်ဝတ်တာ သီရိ မမြင်ဘူး
ခဲ့ဘူး။"

"ဟုတ်တယ် သီရိ၊ ဒါမနေ့ကမှ မောင်တော်ကို ဆက်သတဲ့
လက်စွပ်တော်။ ဒီလက်စွပ်တော်ကိုတောင် မောင်တော်ရဲ့အမည်နာမနဲ့
မနုဟာလက်စွပ်လို့ အမည်မှည့်ထားလိုက်ပြီ၊ ဒီလက်စွပ်မျိုး ဒီ ကမ္ဘာမှာ
နှစ်ခု မရှိစေရဘူး။ မနုဟာမှာသာ ရှိရမယ့်လက်စွပ်။ မနောမယ
ကြောင်မျက်ရွဲဆိုတာက သိပ်ကို ရှားပါးတာ။"

ကျွန်ုပ်က ကျွန်ုပ်၏ လက်စွပ်ကိုပြပြီး ပြောလိုက်လေ၏။ သီရိက
ကျွန်ုပ်၏ လက်စွပ်ကို အသေအချာကြည့်လေ၏။

"ကျွဲချိုပုံစံနဲ့ ကျောက်ကိုထိန်းတဲ့စွန်ကုပ် လုပ်ထားတာကို။



အရှင်ပြောတာဖြစ်နိုင်ပါတယ်။ အရှင်မက်တဲ့ အိပ်မက်ကလည်း ကျွဲ
ဆိုတော့၊ အိပ်မက်ရဲ့ အတိတ်နိမိတ်ကို ပညာရှိအမတ်ဝန်မင်းတို့ကို
ကောက်ယူခိုင်းကြည့်ပါလား အရှင်။"

ကျွန်ုပ်ခေါင်းကို ခါယမ်းလိုက်လေ၏

"အိပ်မက်နိမိတ်ကို ကောက်ခိုင်းလို့ မဖြစ်ဘူး။"

"ဘာဖြစ်လို့လဲ မောင်တော်"

"ပညာရှိ အမတ်ဝန်တွေကို အိပ်မက်နိမိတ်ကောက်ခိုင်းတဲ့အခါ
ပညာရှိ အမတ်ဝန်တွေကနေတစ်ဆင့် အိပ်မက်အကြောင်း တစ်ယောက်
စကား တစ်ယောက်နားဆိုသလို ကြားသိသွားနိုင်တယ်။ ကောင်းသော
အိပ်မက်နိမိတ်မျိုးဆိုရင်တော့ သိသွားကြလို့ အကြောင်းမဟုတ်ပေမဲ့
မကောင်းတဲ့ အိပ်မက်မျိုးဆိုရင်တော့ အစွဲအလမ်းတွေနဲ့ ချောက်ချား
တတ်တယ်။

အိပ်မက်ရဲ့ အဓိပ္ပာယ်က အရှင်းလေးပါ နှမတော်ရယ်။ မောင်
တော်ရဲ့ အသက်အန္တရာယ်အတွက်တော့ စိုးရိမ်စရာ မရှိပါဘူး။ နှမ
တော် ဝတ်တက်စရာရှိတာ ဝတ်တက်ဖို့ ပြင်ဆင်ပါ။ မောင်တော်လည်း
မေတ္တာပို့တော်မူဦးမယ်။"

ကျွန်ုပ်က စကားကိုဖြတ်လိုက်ရာ သီရိက ဝတ်တက်ရန်
သွားသကဲ့သို့ ကျွန်ုပ်သည်လည်း မေတ္တာပို့လုပ်ငန်းကို စတင်လေ၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

ခံတပ်မြို့၏ အပြင်ဘက်၌ အခြားတိုင်းသားတို့၏ အလံကို ထောင်၍လာနေသော အဖွဲ့တစ်ဖွဲ့ကို တွေ့ရှိနေရသည်။ ခံတပ်တံခါးမှူးသည် ကြိုတင်၍ သမိန်ထောရာမကို သွားရောက်အကြောင်းကြားသည်။

သမိန်ထောရာမမှာ သတင်းရရချင်း ခံတပ်တံတိုင်းပေါ်သို့ တက်ပြီး ကြည့်လိုက်သည်။ တံခါးမှူးပြောသည့်အတိုင်းပင် အခြားတိုင်းသားတို့၏ အလံကိုထောင်၍ လာနေသော လူတစ်စုကို တွေ့ရသည်။ သူတို့ဝတ်ဆင်ထားသော အဝတ်အစားအသွင်အပြင်က သူတို့၏ နိုင်ငံတွင် အတော်အတန်ရာထူးဌာနန္တရပိုင်း၌ ကြီးမား၍ အရေးပါသူများ ဖြစ်ကြဟန်တူသည်။

သူတို့၏ ဝတ်စုံက နေရောင်မှာ တလက်လက်နှင့် တောက်ပနေသည်။ မကြာမီမှာပင် ထိုအဖွဲ့သည် တံခါးဝသို့ ရောက်ရှိလာခဲ့လေ၏။ သမိန်ထောရာမက ခံတပ်တံတိုင်းထက်မှနေ၍ ထိုအဖွဲ့ကို စစ်မေးလေ၏။



"အသွေတော်တို့က ဘယ်ကလဲ"

"တမ္ဗဒီပက လာခဲ့တာပါ မြို့ဝန်မင်း။"

ခေါင်းဆောင်ဖြစ်ဟန်တူသူက တည်ကြည်ငြိမ်သက်သော အသံဖြင့် ပြောလိုက်လေ၏။

"ဘာကိစ္စလာခဲ့တာလဲ"

သုဝဏ္ဏဘူမိအရှင်မင်းမြတ်ထံ တမ္ဗဒီပ အရှင်ရဲ့ ချစ်ကြည်ရေးသဝဏ်လွှာ ဆက်သဖို့ ရောက်လာခဲ့တာပါ။ တမ္ဗဒီပရဲ့ သံတမန်တွေ ဖြစ်ကြပါတယ်။"

တမ္ဗဒီပကသံတမန်တွေဟု သမိန်ထောရာမ သိရှိလိုက်ရသည်နှင့် ခံတပ်မြို့တံခါးကို ဖွင့်ပေးလိုက်၏။ သမိန်ထောရာမကာ ခံတပ်မြို့ ရိုးပေါ်မှ ဆင်းလာခဲ့သည်။

တမ္ဗဒီပ၏ သံတမန်များက မြင်းကိုယ်စီနှင့် ဖြစ်ကြ၏။ သူတို့ထံမှာဆောင်ဓားကိုယ်စီ ပါရှိကြလေ၏။ သံခင်းတမန်ခင်း စကားပြောကြားမည့်သူမှာ လက်နက်မရှိကောင်းပေ။ ငြိမ်းချမ်းပြေပြစ်ချောင်သော စကားကို ပြောကြားကြရမည့်သူများဖြစ်ကြသည်။

တမ္ဗဒီပကား သုဝဏ္ဏဘူမိနှင့် လွန်စွာ အလှမ်းဝေးကွာလှသည်။ ဤတမန်များမှာ ခရီးကြမ်းကို အသော့နှင်၍ လာကြရပေမည်။ ခရီးပန်းနေကြလောက်ပြီ။ ဤဧယျာဘူမိခံတပ်မြို့မှာပင် တစ်ညတာ နားနေတည်းခိုစေရန် စိတ်ကူးလိုက်၏။ မနက်ဖြန်မှသာ မနုဟာသခင်ကြီးထံ တမ္ဗဒီပ၏ တမန်များကို ပို့ဆောင်ရပေတော့မည်။

"မြို့ဝန်မင်းကို ဂါရဝပြုပါတယ်။"

တမန်အဖွဲ့ရဲ့ ခေါင်းဆောင်က မွန်ရည်သောစကားဖြင့် သမိန်ထောရာမကို နှုတ်ခွန်းဆက်သလိုက်လေ၏။

"တမ္ဗဒီပရဲ့ တမန်အဖွဲ့ကိုဦးဆောင်လာတဲ့ တမန်မှူးက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



သမိန်ထောရာမက တာဝန်အရ မေးလိုက်လေ၏။

"အကျွန် ထီးလှိုင်ရှင်က ဦးဆောင်လာတာပါ။"

အသံက အောင်မြင်သောအသံ ဖြစ်ပြီး ရုပ်သွင်က ရဲရင့်တည်ကြည်ဖြောင့်မတ်မည့်ပုံရသည်။

"ဒီနေ့တော့ အဆွေတော်တို့သံအဖွဲ့ကို ဒီဧယျာဘုမိခံတပ်မြို့မှာပဲ အနားယူကြစေချင်တယ်။ အဆွေတော်တို့လည်း ခရီးပန်းလာကြပါလိမ့်မယ်။ အဆွေတော်တို့ကို ကျွန်ုပ်ဧယျာဘုမိမြို့ဝန်အနေနဲ့ အဆွေတော်တို့ သံအဖွဲ့ကို စားကောင်းသောက်ဖွယ်တွေနဲ့ ပြုစုပါရစေ။ လန်းလန်းဆန်းဆန်းဖြစ်တဲ့ မနက်ဖြန်မှာမှ သခင်ကြီးဆီ ပို့ဆောင်ပေးပါ့မယ်။ ကျွန်ုပ်ရဲ့ နောက်တော်ကသာ လိုက်လာကြပါ။"

သမိန်ထောရာမက ပြေပြစ်ပျူငှာသောစကားကို ပြောလိုက်ရာ ထီးလှိုင်ရှင် ဦးဆောင်သော တမ္ဗဒီပ သံအဖွဲ့သည် သမိန်ထောရာမ ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့ရလေ၏။ သီးသန့်ခမ်းနားသော တည်းခိုဆောင်မှာ နေရာချပေးပြီး တမန်အဖွဲ့အတွက် လိုအပ်ရာကို ညွှန်ခံဖြည့်စွမ်းပေးရန် လုလင်ကျော်များကို ထားရှိလေ၏။

တမ္ဗဒီပမှ ချစ်ကြည်ရေးတမန်တော်အဖွဲ့ ရောက်ရှိနေကြောင်း ခြေမြန်နက်ဖြန် သခင်ကြီးကို လာရောက်ဖူးတွေ့ကြမည်ဖြစ်ကြောင်း ကြားတော် ကြဲလိုင်ကို ရွှေနန်းတော်သို့ ကြိုတင်စေလွှတ်အကြောင်းကြားထားလိုက်လေ၏။

သမိန်ထောရာမသည် ထီးလှိုင်ရှင်တို့အဖွဲ့အား တစ်ညတာ အနားယူစေလျက် ပြုစုရင်း တမ္ဗဒီပ၏ သတင်းများကို ထီးလှိုင်ရှင်အား မေးမြန်းကြည့်လေ၏။ ထိုမေးမြန်း စူးစမ်းရသမျှကိုလည်း မနုဟာသခင်ကြီးကို ကြိုတင်လျှောက်ကြားထားရမည်သာ ဖြစ်လေ၏။

"အဆွေတော်ရဲ့ ပြောပုံဆိုပုံတွေက မွန်မွန်ရည်ရည်နဲ့ပါပဲ။ ကျွန်ုပ်တို့ကြားသိထားရတာကတော့ တမ္ဗဒီပသားတွေဟာ အရိုင်း



အစိုင်းတွေလို့ သိရှိထားကြတယ်။ သတ္တဝါတွေကို ညှာတာသနားခြင်းမရှိဘဲ သတ်ဖြတ်ယဇ်ပူဇော်ကြတယ်ဆိုတာ ဟုတ်ပါသလား"

သမိန်ထောရာမက တမ္ဗဒီပ၏ပျော့ကွက်ကိုထောက်၍ မေးမြန်းလိုက်၏။

"တစ်ဝက်မှန်ပြီး တစ်ဝက်မှားတယ်လို့ဆိုရမှာပဲ မြို့ဝန်မင်း"

"ဘယ်လိုကြောင့် တစ်ဝက်မှန်ပြီး တစ်ဝက်မှားတယ်လို့ ပြောရတာလဲ"

"တမ္ဗဒီပသားတွေဟာ အရိုင်းအစိုင်းလို့ဆိုတဲ့စကားက မမှန်ပါဘူး။ တမ္ဗဒီပကို အုပ်ချုပ်နေတဲ့ အရှင်အနော်ရထာက လက်ရုံးရည်ရော နှလုံးရည်ရောကောင်းပြီး အမြော်အမြင်နဲ့ ပြည့်စုံတဲ့မင်းတစ်ပါး ဖြစ်ပါတယ် အဆွေမြို့ဝန်မင်း။

အရိုးစွဲခဲ့တဲ့ သတ္တဝါတွေကို သတ်ဖြတ်ယဇ်ပူဇော်မှုကို အမိန့်အာဏာနဲ့ တားမြစ်လိုက်ပြီလေ။ လယ်တွင်းကိုးခရိုင်ကိုလည်း ဆည်တွေတည်ဆောက်ပြီး စပါးဆန်ရေ ရိက္ခာတိုးပွားအောင် ဆောင်ရွက်ထားတာမို့ တမ္ဗဒီပဟာ ဖွံ့ဖြိုးစည်ကားလျက်ရှိပါတယ်။

ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့ စတဲ့မြို့ရွာတွေဖွဲ့စည်းပြီး လိုအပ်ရင် အချိန်မရွေး စစ်သည်တွေ သောင်းနဲ့ သိန်းနဲ့ ချီပြီး တစ်မဟုတ်ချင်း ရနိုင်အောင်လည်း စီစဉ်ထားပါတယ်။ ဒါကြောင့်မို့ တစ်ဝက်မှန်ပြီး တစ်ဝက်မှားတယ်လို့ ပြောလိုက်တာပါ။"

ထီးလှိုင်ရှင်က တမ္ဗဒီပ၏ ဖွံ့ဖြိုးစည်ပင်မှုနှင့် စစ်ရေးစစ်ရာ အင်အားကို သွယ်ဝိုက်ထည့်သွင်း ပြောကြားလိုက်လေ၏။

"အဆွေတို့က အရည်းတွေကို ကိုးကွယ်နေကြသည်ဆိုတော့ သုဝဏ္ဏဘူမိမှာလို ဘုရားကျောင်းကန်တွေနဲ့ သာယာအေးချမ်းလိမ့်မယ်လို့ မထင်ဘူး။ အဆွေတို့ကိုးကွယ်တဲ့ အရည်းတွေဟာ ညစ်ညမ်းတဲ့ အကျင့်တွေနဲ့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုတော့ ကျုပ်မငြင်းလိုဘူး။ ဝန်ခံရမှာပဲ။ ဒါပေမဲ့ မကြာခင်မှာ တမ္ပဒီပဟာလည်း ဘုရားကျောင်းကန်စေတီတွေနဲ့ ပြည်သူတွေအားလုံး မှန်တဲ့အယူမှာ တည်ကြတော့မှာပါ။"

ထီးလှိုင်ရှင်ဓါစကားမှာ သမိန်ထောရာမအတွက် အထူးအဆန်းလိုဖြစ်သွားရလေ၏။ သို့သော်လည်း အချိန်လင့်နေပြီမို့ စကားစကို ဖြတ်လိုက်ရလေ၏။

✦ ✦ ✦



(၂၀)

"အခွေတို့ရဲ့ ဓားတွေကို ပေးပါ။"

သမိန်ထောရာမက ထီးလှိုင်ရှင်တို့ တမန်အဖွဲ့တွင်ပါလာသော ဆောင်ဓားများကို တောင်းယူရာ ထီးလှိုင်ရှင်တို့က ပေးလိုက်ကြရလေ၏။

"ချစ်ကြည်ရေးတမန်တွေဟာ လက်နက်ကိုင်ဆောင်လို့မရဘူး။ အခွေတို့ရဲ့ လက်နက်တွေကို ကျွန်ုပ်ခေတ္တသိမ်းယူထားမယ်။ တမ္ပဒီပ ပြန်တဲ့အခါကျတော့ ပြန်ပေးလိုက်ပါ့မယ်။ မြင်းတွေကိုလည်း ဒီမှာပဲ အနား ပေးထားကြရမယ်။

ဟောဒီက အထူးမြင်းရထားယာဉ်နဲ့ သခင်ကြီးထံ သွားကြမယ်။"

သမိန်ထောရာမက တမ္ပဒီပမှ တမန်များကို မြင်းရထားယာဉ်ပေါ်သို့ တက်စေသည်။ မြင်းရထားက မြင်းငါးကောင်ဖွဲ့သော ဗိမ္မိ တစ်လှည်းဖြစ်သောကြောင့် အတော်လေး လျင်မြန်စွာ ပြေးလွှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထီးလှိုင်ရှင်သည် ဟတ္ထိပါလဆိပ်ကမ်းမှာ တစ်ကြိမ်က တွေ့ဆုံဖူးခဲ့သော အဲခေါင်ဘုန်းဆိုသည့် လူရွယ်ကို သတိရနေ၏။ ယခုအခါ၌ သုဝဏ္ဏဘူမိ၏ သူရဲကောင်းတစ်ဦး ဖြစ်နေလေပြီလား။ သုဝဏ္ဏဘူမိမှာ ရာထူးဌာနန္တရတွေနဲ့ ဂုဏ်ကြီးမြင့်နေလေပြီလား။ မြင်းရထားက တရွေ့ရွေ့သွားနေသည်။

တမ္ဗဒီပမှာ မြင်ရခဲ့သောတောင်တန်းကြီးများကလည်း ရွေ့လျားနေကြသည်။ တစ်မျှော်တစ်ခေါ်လယ်ကွင်းပြင်များကို ဖြတ်သန်းလာကြသည်။ အသားကျပြေးလွှားနေသောမြင်းခွာသံတခွပ်ခွပ်နှင့် ချူသံများမှန်မှန် ထွက်ပေါ်နေ၏။

မြင်းလှည်းက သုဝဏ္ဏဘူမိ၏ တံခါးဝမှာ ရပ်တန့်သွားသည်။

ထီးလှိုင်ရှင်တို့ သံအဖွဲ့ကို ဦးဆောင်ခေါ်လာသော ဇေယျာဘူမိခံတပ်မြို့ဝန် သမိန်ထောရာမသည် မြင်းလှည်းပေါ်မှဆင်းပြီး တံခါးမှူးနှင့် စကားပြောသည်။ ထို့နောက် တံခါးမှူးက တံခါးကို ဖွင့်ပေးလိုက်သည်။ သမိန်ထောရာမသည် မြင်းလှည်းပေါ်တက်ပြီး သုဝဏ္ဏဘူမိအတွင်းသို့ မြင်းရထားကို မောင်းသွင်းလာခဲ့သည်။

တမ္ဗဒီပသံအဖွဲ့သည် ဝတ်ကောင်းစားလှများဖြင့် သွားလာနေကြသော သုဝဏ္ဏဘူမိသားများကို မြင်တွေ့ကြရသည်။ ရွှေစာရံစေတီကိုလည်း မြင်းလှည်းပေါ်မှနေကာ ဖူးတွေ့ကြရသည်။ မြင်းရထားက နန်းရှေ့မှာ ရပ်သွားသည်။

"အခွေတို့ ဆင်းကြတော့၊ ညီလာခံက မစဲသေးဘူး။ သခင်ကြီးမနုဟာက အခွေတို့ သံအဖွဲ့ကို စောင့်မျှော်နေတယ်။"

သမိန်ထောရာမ၏ စကားကြောင့် တမ္ဗဒီပ သံတမန်အဖွဲ့ မြင်းလှည်းပေါ်မှ ဆင်းကြသည်။ သမိန်ထောရာမက သံတမန်အဖွဲ့ကို ဦးဆောင်ကာ ညီလာခံခန်းမအတွင်းသို့ ခေါ်ဆောင်သွားပြီး သင့်လျော်သောနေရာမှာ နေရာချထားပေးလိုက်လေ၏။



"တမ္ဗဒီပရဲ့ သံတမန်အဖွဲ့ကို ဦးဆောင်လာတဲ့ ထီးလှိုင်ရှင်ဆိုတာဘယ်သူတုံးကွဲ့"

မနုဟာ အရှင်ဖြစ်သော ကျွန်ုပ်ကမေးလိုက်လေ၏။

"ကျွန်တော်မျိုးပါပဲ အရှင်"

ထီးလှိုင်ရှင်က ပြန်လည်လျှောက်ကြားလိုက်လေ၏။

"ထီးလှိုင်ရှင်ရဲ့ အရည်အသွေး၊ ဟန်ပန်ကို ကျွန်ုပ်ကြည့်မြင်လိုတယ်"

မနုဟာ၏စကားကြောင့် မတ်တတ်ရပ်၍ ဘယ်ညာလှည့်ကာ ထီးလှိုင်ရှင် ပြသပြီး ပြန်ထိုင်လိုက်လေ၏။

"အင်း ဟန်ပန်ကောင်းလှပေတယ်။ သင်တို့အရှင် အနုရုဒ္ဓရာကျန်းမာရဲ့လား"

"ကျန်းမာပါတယ် အရှင်"

"အနုရုဒ္ဓနော်ရထာက ပေးလာတဲ့ စာသဝဏ်ကို ဆက်သစေ"

ထီးလှိုင်ရှင်က မနုဟာထံ စာသဝဏ်ကို ဆက်သလိုက်လေ၏။

"စာရေးတော်က ဒီစာသဝဏ်ကို ညီလာခံတစ်ခုလုံးကြားအောင် ဖတ်လျှောက်စေ။ ညီလာခံအားလုံး ငြိမ်သက်စွာ အာရုံစိုက် နားထောင်ကြစေ"

စာရေးတော်က စာသဝဏ်ကို မနုဟာထံမှ လက်ခံရယူပြီး ဖတ်လျှောက်လေ၏။

## ရွှေသဝဏ်တော်လွှာ

နောင်တော် သုဝဏ္ဏဘူမိ တိုင်းကြီးအရှင် မနုဟာမင်းမြတ်ထံ ညီတော် တမ္ဗဒီပပြည့်ရှင် အနော်ရထာ ချစ်ကြည်မလေးမြတ်စွာ ရွှေသဝဏ်တော်လွှာကို ပါးရောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်တော်၏ သုဝဏ္ဏဘူမိတိုင်းနိုင်ငံတော်သည် မိုးလေဝသ ရာသီဥတု မှန်ကန်၍ ဝပြောသာယာ စည်ပင်လှကြောင်းသိရသည်။ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်အား ကိုးကွယ်အားထားခွင့် ရရှိသော နောင်တော်နှင့်တကွ သုဝဏ္ဏဘူမိတိုင်းနိုင်ငံသားအားလုံး လွှန်စွာကံကောင်းကြပေသည်။

ကြည်ညိုဖွယ်မြော်မြင်စရာ စေတီပုထိုး ကျောင်းကန် ဇရပ်တို့ ဖြင့်လည်းကောင်း၊ လောကီ၊ လောကုတ်နှစ်ဖြာသော အကျိုးတိုးပွား စီပွားသောငှာလည်းကောင်း၊ ဓမ္မတရားများကို ဟောပြောညွှန်ပြသွန်သင် ပေးမည့် ဆရာသမား သံဃာတော်မထေရ်များလည်း ရှိတာကြောင့် ညီတော်အနေနဲ့ ဝမ်းမြောက်မိပါတယ်။

ညီတော်တို့ တမ္ဗဒီပမှာလည်း နောင်တော်ရဲ့ သုဝဏ္ဏဘူမိက အရှင်ဓမ္မဒဿီ ကြွရောက်လာပြီး ဓမ္မတရားတော်များဟောကြားတော် မူတဲ့အတွက် အဆီအနှစ်ဩဇာကို စားသုံးလိုက်ရသလို ရင်ထဲမှာ ပီတိ သောမနဿများ ဖြစ်ပေါ်လာပါတယ်။

နောင်တော်တို့ သုဝဏ္ဏဘူမိမှာ စစ်မှန်တဲ့ ဗုဒ္ဓဘာသာ အယူ ဝါဒရဲ့ အသီးအပွင့်ကို သုံးဆောင်နေကြရသလို ညီတော်တို့ တမ္ဗဒီပ သားအားလုံးကိုလည်း သုံးဆောင်ခံစားစေလိုတဲ့ဆန္ဒ ဖြစ်တော်မူတဲ့ အတွက် ဓမ္မအဆီအနှစ်ဖြစ်တဲ့ ပိဋကတ်တော်များကို ခွဲဝေပေးစေလို ကြောင်း မေတ္တာရပ်ခံပါတယ် နောင်တော် သုဝဏ္ဏဘူမိတိုင်းကြီးအရှင် မနုဟာမင်းမြတ်။

စာရေးတော်ကြီးဖတ်ပြသည်ကို ညီလာခံတစ်ခုလုံး ငြိမ်သက် စွာနားထောင်ကြလေ၏။ စာရေးတော်ကြီးက လျှောက်ဖတ်ပြီးသော အခါ အားလုံးက မနုဟာမင်းမြတ်မည်သို့ အမိန့်တော်ချမည်ကို အာရုံ စူးစိုက်နေကြလေ၏။

"ဒီအရေးဟာ သာသနာ ဘာသာရေးဖြစ်ပြီး နက်နဲသိမ်မွေ့



တဲ့ အရေးလည်းဖြစ်တာမို့ နက်ဖြန်မှ အဆုံးအဖြတ် ပေးတော်မူမယ်။ တမ္ဗဒီပရဲ့ တမန်တော်များကို အဲခေါင်ဘုန်းက လိုအပ်တာစီစဉ်၊ ညီလာခံကို ရုပ်သိမ်းတော်မူမယ်။"

ကျွန်ုပ်မနုဟာသည် ညီလာခံကို ရုတ်တရက်ရပ်ကာ အတွင်း ဆောင်သို့ ပြန်လည်ဝင်ရောက်ခဲ့လေ၏။ ကျွန်ုပ်၏ ရင်တို့သည် အထူး လှုပ်ရှားလျက် ရှိနေသည်။

ကျွန်ုပ်၏စိတ်တို့ နောက်ကျိရှုပ်ထွေးလျက်ရှိသည်။ ကျွန်ုပ်အဖို့ ပိဋကတ်သုံးပုံခွဲဝေပေးရေးအတွက် ဆုံးဖြတ်ရခက်နေသည်။ ပိဋကတ် သုံးပုံသည် ကျွန်ုပ်၏ ရတနာဖြစ်လေ၏။

"အရှင် . . .

ညီလာခံမှာ တမ္ဗဒီပက သံတမန်တွေကို တွေ့ဆုံခဲ့ရတဲ့အတွက် စိတ်တော်ညစ်နွမ်းနေတယ် မဟုတ်လား။"

သီရိ၏အမေးကို ကျွန်ုပ် ခေါင်းခါပြလိုက်ပါသည်။

"စိတ်အနှောင့်အယှက် နည်းနည်းပဲ ဖြစ်မိပါတယ်။ ဟောဒီ မနောမယကြောင်မျက်ရွဲလက်စွပ်တော်ကတော့ အိပ်မက်ထဲကအတိုင်း မောင်တော်ရဲ့ ရာဇပလ္လင်ကို ကွဲခတ်ပြိုထင်ပါရဲ့။"

"အစွဲအလမ်း မထားပါနဲ့ မောင်တော်ရယ်၊ အခုအရေးကိစ္စ မှာ မောင်တော် ဘယ်လိုဆုံးဖြတ်မယ်လို့ စိတ်ကူးထားသလဲ။"

ကျွန်ုပ် ချက်ချင်းအဖြေ မပေးမိပေ။ အတန်ကြာအောင် ကျွန်ုပ် ငြိမ်သက်နေမိ၏။ ထို့နောက် ကျွန်ုပ်သည် လေးတွဲ့စွာဖြင့် သီရိကောင်း စောကို ပြောကြားလိုက်သည်ကတော့

"တမ္ဗဒီပရဲ့ တောင်းဆိုချက်ကို ငြင်းဆိုဖို့ ဆုံးဖြတ်ထားပါတယ်" ဟူ၍ဖြစ်လေတော့၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

အဲခေါင်ဘုန်းသည် ထီးလှိုင်ရှင်တို့တမန်အဖွဲ့ကို ကောင်းစွာ ဧည့်ဝတ်ပြုလေ၏။

ဟတ္ထိပါလဆိပ်ကမ်းမှာတုန်းက တွေ့ဆုံခဲ့ကြပုံများကို ရင်းနှီးစွာ နောက်ကြောင်းပြန်ပြောကြလေ၏။ ထိုသို့ ပြောဆိုနေကြသော်လည်း အဲခေါင်ဘုန်းမှာ မနုဟာမင်းမြတ်၏ ဆုံးဖြတ်ချက်နှင့် အမိန့်တော်ကို ကြိုတင်ရရှိထားပြီး ဖြစ်၏။ ထီးလှိုင်ရှင်တို့သံအဖွဲ့ကမူ မသိရှိသေးပေ။

"နောင်ကြီးတို့ တမ္ပဒီပ ဟာ သာယာပါရဲ့လား"

အဲခေါင်က စကားမရှိ စကားရှာကာ မေးလိုက်လေ၏။

"သာယာပါတယ်။ ထန်းတောနဲ့ ယာတောနဲ့ တောတွေကတော့ ရှုမဆုံးအောင် ကျယ်ပြောလှတယ်။ အဲခေါင်ကိုတောင် တစ်ခေါက်လောက်လာစေချင်တယ်။ အရှင်နှစ်ပါး ချစ်ကြည်ငြိမ်းချမ်းမှု ရကြရင် ကောင်းပါလိမ့်မယ်။ အဲခေါင်ကလည်း တမ္ပဒီပကို မကြာမကြာ လာနိုင်သလို ကျုပ်လည်း သုဝဏ္ဏဘူမိရဲ့ စေတီပုထိုးတွေကို နောက်ထပ်လာပြီး ဖူးမြော်ချင်ပါသေးရဲ့။"



ထီးလှိုင်ရှင်၏ စကားကိုကြားတော့ အဲခေါင်ဘုန်းစိတ်မကောင်း ဖြစ်သွားရလေ၏။

"အဲခေါင်တော့ တမ္ပဒီပကို ရောက်လိမ့်မယ်လို့မထင်မိဘူး"

အဲခေါင်ဘုန်းက ခပ်ညည်းညည်းလေးပြောလိုက်၏။

"ဘာလို့ မဖြစ်နိုင်ရသတုံး။"

"အခုလေးတင်ပဲ မနုဟာသခင်ကြီးက ကျုပ်ကို ခေါ်ပြီး အမိန့်တော်မှတ်လိုက်တယ်။ တမ္ပဒီပဘုရင်ရဲ့တောင်းဆိုမှုကို ငြင်းပယ်လိုက်တယ်။ သံတမန်အဖွဲ့ကိုတော့ လက်ဆောင်ပဏ္ဏာတွေပေးပြီး သုဝဏ္ဏတိုင်းအလွန်အထိ လိုက်ပါစောင့်ရှောက် ပို့ဆောင်ပေးရမယ်တဲ့။ နောင်ကြီး ထီးလှိုင်ရှင်တို့ တမ္ပဒီပကို ပြန်ကြဖို့ အသင့်သာ ပြင်ပေတော့။"

အဲခေါင်ဘုန်းက မနုဟာသခင်ကြီး၏ အမိန့်တော်ကို ရှင်းပြလိုက်သောအခါ ထီးလှိုင်ရှင်မှာ ငိုင်ဆင်းသွားလေ၏။

"တမ္ပဒီပကို ပြန်ရောက်ရင် အရှင်အနော်ရထာစောရဲ့ အပြစ်တင်တာကို ခံရပေဦးတော့မှာပဲ။ ကျုပ်ရဲ့ အရည်အချင်းညံ့လို့ သင်တို့ရဲ့ အရှင်ကို နားဝင်အောင် ဖျောင်းဖျပြောဆိုနိုင်စွမ်း မရှိခဲ့တာပဲ။ ပိဋကတ်တော်အစုံ (၃၀)ထဲက ဘာဖြစ်လို့ တမ္ပဒီပကို ခွဲဝေမပေးနိုင်ရတာလဲ၊ အဲ့ဒါ ကျုပ်သိချင်တယ်။ နောင်ညီ သိရင်ပြောပြပါလား။ ဒါလေးတော့ သိချင်တယ်။

ပြီးတော့ အရှင်မနုဟာကို ထပ်မံတွေ့ဆုံပြီး ပြေလည်ရာပြေလည်ကြောင်း လျှောက်ထားတောင်းပန်ချင်သေးတယ်။ လျှောက်ထားတောင်းပန်ခွင့်ရအောင် အဲခေါင် မဆောင်ရွက်ပေးနိုင်ဘူးလား။"

ထီးလှိုင်ရှင်က အဲခေါင်ဘုန်းကို မေးလိုက်လေ၏။

အဲခေါင်ဘုန်းမှာ ခေါင်းကိုသာတွင်တွင်ခါယမ်းလိုက်လေ၏။

"စိတ်မကောင်းပါဘူး နောင်ကြီး ထီးလှိုင်ရှင်၊ ကျုပ်တို့ရဲ့ အရှင်

www.burmeseclassic.com

www.burmeseclassic.com



မနုဟာဆိုတာ အတွေးအခေါ် အမြော်အမြင်ရှိတဲ့ မင်းတစ်ပါးပါ။ ဆုံးဖြတ်ချက်တစ်ခု၊ အမိန့်တော်တစ်ခုကို အလွယ်တကူနဲ့ ချတတ်တဲ့ သူမျိုးမဟုတ်ဘူး။ စဉ်းစားဝေဖန်သုံးသပ်ပြီးမှ ဆုံးဖြတ်ချက်ချတတ်ပါတယ်။ ဆုံးဖြတ်ချက်ချပြီးရင်လည်း ဘယ်လိုလူမျိုးမှ အဲဒီဆုံးဖြတ်ချက်ကို ပြင်ဖို့ ကြိုးစားလို့ရမှာ မဟုတ်ပါဘူး။

ဒီဆုံးဖြတ်ချက်ဟာ အရှင် မနုဟာတစ်ပါးတည်းရဲ့ ဆုံးဖြတ်ချက်လည်း မဟုတ်ဘူး။ ပိဋကတ်တော်ခွဲဝေပေးရေးကိစ္စကို လွှတ်ရုံးမှာ အကြိတ်အနယ် ဆွေးနွေးငြင်းခုံကြရာက ထွက်ပေါ်လာတဲ့ ဆုံးဖြတ်ချက်ပဲ။

ဘာကြောင့်ခွဲဝေမပေးနိုင်တာလဲဆိုတဲ့ အကြောင်းအချက်တွေ အများကြီးရှိတယ်။ အဲ့ဒီ အကြောင်းအချက်တွေကို နောင်ကြီး မသိချင်ပါနဲ့။"

အဲခေါင်ဘုန်းက ထီးလှိုင်ရှင်ကို ပြောလိုက်လေ၏။

"အဓိကအချက်လေး တစ်ချက်လောက်တော့ ကျုပ်ကို ညီအစ်ကိုနောင်ရင်းလို သဘောထားပြီးပြောပြပါလား။"

"နောင်ကြီး ထီးလှိုင်ရှင်က သိပ်သိချင်တော့လည်း ပြောရပေတာပေါ့။ နောင်ကြီးအနေနဲ့ ကျုပ်ရဲ့စကားမှာ တမ္ပဒီပကို စော်ကားတဲ့ အသုံးအနှုန်းတွေ တမ္ပဒီပ အရှင်ကို ထိခိုက်စေမယ့် စကားတွေ ပါရင် ခွင့်လွှတ်သည်းခံနိုင်ပါ့မလား"

အဲခေါင်ဘုန်းက ပဏာမစကားပလ္လင်ခံလေ၏။

"ပြောမှာသာပြောပါ အဆွေ"

"ကျုပ်တို့ အရှင်ဟာ နောင်ကြီးတို့ရဲ့ တမ္ပဒီပအရှင်ကို ယုံကြည်မှု မရှိဘူး။ သုဝဏ္ဏဘူမိကို တမ္ပဒီပအရှင်ဟာ မျက်စိအာရုံ ကျနေတယ်။ အကြောင်းတစ်ခုမဟုတ်တစ်ခုရှာပြီး တိုက်ခိုက်သိမ်းပိုက်လိမ့်မယ်လို့ ယုံကြည်နေတယ်။ ပိဋကတ်တော်တောင်းတာက အကြောင်းပြချက်



တစ်ခုပဲ။ ပိဋကတ်တော် ပေးလိုက်ပြီးရင်လည်း နောက်ထပ်တောင်းဆိုမှု တစ်ခုပြီးတစ်ခု တောင်းဆိုလာပေလိမ့်ဦးမယ်။

ရဟန်းတော်တွေတောင်းတာ၊ ဓာတ်တော်မွေတော်တွေတောင်းတာ၊ မဆုံးနိုင်တဲ့ တောင်းဆိုမှုတွေနဲ့ အကြောင်းရှာလိမ့်မယ်။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်သလဲ အဲခေါင်"

"နောင်ကြီးတို့ရဲ့ အရှင်ဟာ နောင်တော်မင်းကို သတ်ခဲ့တဲ့သူတဲ့"

အဲခေါင်၏စကားက ထီးလှိုင်ရှင်၏ မျက်နှာကို သွေးဆုတ်သွားစေ၏။

"အရည်းရဟန်းတွေက ပိဋကတ်တော်တွေ ဖျက်ဆီးလိမ့်မယ်။ ဒီလောက်သိရရင် နောင်ကြီးအနေနဲ့ ကျေနပ်ပါ။ အခြားအကြောင်းအချက်တွေများစွာ ရှိသေးတယ်။"

"မဟုတ်ဘူးအဆွေ၊ ဒါအမြင်မှားတာ၊ ကျုပ်ရှင်းပြပါရစေ"

ထီးလှိုင်ရှင်က အဲခေါင်ဘုန်းကို ပြောလေ၏။

"ကျုပ်တို့မှာ ဒါနဲ့ ပတ်သက်ပြီးစီရင်ဆုံးဖြတ်ခွင့် မရှိကြဘူး နောင်ကြီး။ ကျုပ်တို့ဟာ ကိုယ့်အရှင်ရဲ့ အမှုတော်ထမ်းတွေ၊ ဒီအကြောင်း ဆက်မဆွေးနွေးဘဲ နေကြစို့ရဲ့။"

ထိုစဉ် လုလင်ကျော်တစ်ဦး ရောက်ရှိလာလေ၏။

"မိုလ်မင်း။ ညှိသည်တော်တွေပြန်ဖို့ မြင်းရထား ရောက်နေပါပြီ။"

လုလင်ကျော်က အဲခေါင်ဘုန်းကို ပြောကြားလိုက်၏။

"နောင်ကြီးတို့သွားကြစို့ ကျုပ် ဖေယျာဘူမိထိပို့လိုက်ပါ့မယ်။ ဟိုရောက်တော့ သမိန်ဝေါရာမက နောင်ကြီးတို့ရဲ့ မင်းတော်မြင်းနဲ့ ဆောင်ဓားတွေကို ပြန်ပေးလိုက်လိမ့်မယ်။

အဲခေါင်၏ စကားကြောင့် ထီးလှိုင်ရှင်တို့မှာ ပြန်ရန်လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



ကြရလေ၏။ အားလုံးမြင်းရထားပေါ်သို့ တက်မိကြလျှင် ရထားထိန်းက ကြိမ်တံကို ဝင့်လိုက်သည်နှင့် မြင်းများသည် ကဆုန်စိုင်း၍ ပြေးလေတော့၏။

အတန်ကြာမျှ မောင်းလာပြီးနောက် သူတို့သည် ဖေယျာဘူမိခံတပ်မြို့သို့ ရောက်ရှိကြလေ၏။ သမိန်ထောရာမက သံအဖွဲ့အား မြင်းနှင့်ဆောင်ခါးတို့ကို ပြန်အပ်လိုက်လေ၏။

ထီးလှိုင်ရှင်နှင့် အဲခေါင်ဘုန်းတို့ တစ်ယောက်နှင့်တစ်ယောက် ဖက်ပွေ့လိုက်ကြ၏။ ထို့နောက် လှူချင်းခွာလိုက်ကြသည်။

ထို့နောက် ထီးလှိုင်ရှင်တို့သံအဖွဲ့ မြင်းပေါ်တက်ကာ အပြန်လမ်းကို ထွက်ခွာသွားကြလေ၏။ အဲခေါင်ဘုန်းက မျက်စိတစ်ဆုံးကြည့်နေလေ၏။

← ← ←



(၂၂)

အစကတည်းက မျှော်လင့်ထားပြီးသားဖြစ်သောကြောင့် အံ့ဩမှုမရှိလှပေ။ တမ္ဗဒီပမှ တပ်များချီတက်လာပြီဟူသော သတင်းကို ဖေယျာဘူမိခံတပ်မြို့မှ မြို့ဝန် သမိန်ထောရာမက ခြေမြန်တော်လုလင်ကျော်တစ်ဦးနှင့် အကြောင်းကြားလာခဲ့သည်။

တပ်တာအင်ခွင်က ကြီးမားလှသည်။ သမိန်ထောရာမက မြို့စောင့်တပ်နှင့် ဆီးခံထားသည်။ ဖေယျာဘူမိခံတပ်မြို့က နယ်နယ်ရရခံတပ်မြို့ မဟုတ်သောကြောင့် တမ္ဗဒီပမှ တပ်များချီးဖောက်ရန်တော်ရုံနှင့် လွယ်ကူမည်မဟုတ်ပေ။ ဆင်တပ်၊ မြင်းတပ်တို့ကိုပါ အလုံအလောက် စီမံချထားသည်။

စစ်ရေးသတင်းက အဆက်မပြတ်ရောက်ရှိနေသည်။ သမိန်ထောရာမကလည်း အကွက်ကျကျစွာ နိုင်နိုင်နင်းနင်း ကွပ်ကဲ၍ တိုက်ပွဲဝင်နေ၏။ တမ္ဗဒီပသားတို့ သုဝဏ္ဏဘူမိမြေအတွင်းသို့ တစ်လက်မမျှ ကျူးဝင်လာခြင်းမရှိသေးပေ။

နှစ်ဖက် အတိုးအဆုတ်မရှိ တင်းခံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနုဟာ၏ ရှေ့မှာ အမတ်ဝန်တို့နှင့်အတူ တပ်မင်း တပ်ဗိုလ် အပေါင်းတို့ ရှိနေကြသည်။

"ဗိသုကာကြီး သက္က"

မနုဟာက ခေါ်သံကြောင့် ဗိသုကာကြီးသက္ကမှာခေါင်းကို ထောင်မတ်လိုက်၏။ မနုဟာသခင်ကြီးထံမှ အမိန့်ကို ဦးထိပ်ရွက်၍ ထမ်းဆောင်ရန် နားစွင့်ထားလိုက်၏။

"ဘိုးသက္ကအနေနဲ့ ကျောက်သားတွေထွင်းထုဖို့ စူးဆောက်ကိုင်တဲ့လက်တွေဟာ ရန်သူကို မောင်းနှင်တိုက်ခိုက်ရမယ့် ဓားလက်နက်တွေကိုင်ရလိမ့်မယ်။ သုဝဏ္ဏဘူမိမြေအတွက် အသက်စွန့်ဝံ့ပါ့မလား"

"ဘရဲ့သွေးတွေက နီပါတယ်အရှင်။"

"ကောင်းပြီ ဗညားနဲ့ ဘသက္ကတို့ ဟတ္ထိပါလဆိပ်ကမ်းကို ကာကွယ်ကြရလိမ့်မယ်။ ဆင်ဖြူတော်ကျွန်းကို ပြန်ကြရလိမ့်မယ်။ တမ္ဗဒီပ တပ်တွေကို သမိန်ထောရာမ ကောင်းစွာ တားဆီးနိုင်တယ်။ သင်းတို့တပ်တွေဟာ ကုန်းတွင်းပိုင်းက ထိုးဖောက်မနိုင်ခဲ့ရင် ရေကြောင်းဘက်ကလှည့်ပြီး တပ်ဖြန့်လာနိုင်တယ်။

အဲခေါင်က ဘသက္ကတို့နဲ့အတူ ဆင်ဖြူတော်ကျွန်းနဲ့ကော့သန်ကျွန်းကို ကြီးကြပ်ရလိမ့်မယ်။ ပြီးရင် သုဝဏ္ဏဘူမိရဲ့တပ်တော်အားလုံးကို ချုပ်ကိုင်ဦးစီး တိုက်ပွဲဝင်ရလိမ့်မယ်။"

အရှင်မနုဟာ၏ နှုတ်တော်မှ စစ်ရေးအစီအစဉ်ချမှတ်မှု အမိန့်တော်များ စဉ်ဆက်မပြတ် ထွက်ပေါ်၍လာနေ၏။

"ညီတော်အနိမိတ္တနဲ့ သားတော်နှစ်ပါးက သုဝဏ္ဏဘူမိမြို့ ဘူမိမြို့ပြင်ရံတပ်နဲ့ မြို့ရိုးတံတိုင်းအတွင်းမှာရှိတဲ့ တပ်တွေကို ကောင်းစွာ ကြီးကြပ်ပြီး တိုက်ပွဲဝင်ကြရမယ်။"

"အမိန့်တော်ကို နာခံလျက်ပါ။"



အားလုံး၏စိတ်မှာ လှုပ်ရှားနေကြသည်။

သမိန်ထောရာမကို ထပ်မံကူပံ့ဖြည့်ဆည်းမယ့် တပ်တော်တွေကို အမြန်ဆုံးစီစဉ်ပါ။ အခုအချိန်မှာ အဲခေါင်ဘုန်းဟာ သေနာပတိချုပ်အဖြစ် စစ်ရေးစစ်ရာအဝဝကို ဝန်မင်းများနဲ့ တိုင်ပင်ဆောင်ရွက်ပါ။ တင်လျှောက်စရာရှိရင် တင်လျှောက်ကြလော့။"

မနုဟာသခင်ကြီးက စစ်ရေးစစ်ရာများနှင့်ပတ်သက်၍ အကြံပြုတိုင်ပင်လိုသူများအား အခွင့်ပေးလိုက်လေ၏။ သို့သော်လည်း မနုဟာအရှင်၏ အစီအစဉ်များမှာ ဟာကွက်မရှိသောကြောင့် ထပ်မံအကြံပေးစရာပင် မရှိကြတော့ပေ။ မနုဟာသခင်ကြီးက ညီလာခံကို စဲလိုက်သည်။ ညီလာခံအပြီးမှာ ဘသက္ကနှင့်ဗညားတို့အား အဲခေါင်ဘုန်းဆုံတွေ့သည်။

"ဘနဲ့ဗညားတို့လည်း နေပြည်တော်မှာ အတော်ကြာသွားကြပြီနော်၊ အမိးလည်း မျှော်နေမှာပဲ။ ဟောဒီမှာ ဘတို့အတွက်လုပ်အားခအသပြာ . . ."

အဲခေါင်ဘုန်းက အသပြာအချို့ကို ပေးလိုက်လေ၏။

"ဘတို့ မယူပါရစေနဲ့ကွယ်၊ ကိုယ့်အရှင်ဖြစ်စေချင်တာကို ဖန်တီးပေးခွင့်ရတာကိုပဲ ဝမ်းမြောက်လှပါပြီ။"

"ဒီလိုတယ်ဟုတ်ပါ့မလဲ၊ အမတ်မင်း၊ ဝန်မင်းတွေက လခရိက္ခာတော်တွေရနေကြတယ်၊ ဘတို့လို ပညာရှင်တွေက အမှုတော်ထမ်းမဟုတ်ကြပေမဲ့ လုပ်ဆောင်တဲ့အလုပ်ရဲ့ အကျိုးတရားကိုတော့ ခံစားခွင့် ရပေရမယ်ပေါ့။ ဒါဟာ ကျုပ်ကပေးတာမဟုတ်ဘူး၊ အရှင် မနုဟာက ပေးတာ၊ အရှင်မနုဟာကပေးတာဆိုပေမဲ့လည်း သုဝဏ္ဏဘူမိရဲ့အကျိုးကို စွမ်းဆောင်တဲ့အတွက် သုဝဏ္ဏဘူမိပြည်သူတွေက ဘကို ပေးတာလို့ မှတ်ပါ။ ဘ မယူရင် အရှင်ရဲ့စေတနာကို စော်ကားရာကျပေလိမ့်မယ်"

အဲခေါင်ဘုန်းက လှည့်ပတ်ပြောဆိုမှ ဘသက္က လက်ခံလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခုတိုက်ပွဲက အတော်ပြင်းထန်နေတယ်။ အခုအချိန်အထိ ဖေယျာဘူမိကို ရန်သူတွေ မကျူးလာနိုင်သေးတာ ဘရဲ့ ဗိသုကာပညာနဲ့ တည်ဆောက်ထားတဲ့ ခံတပ်တံတိုင်းကြီးကြောင့်ပဲ။

ဗညား၊ ဆင်ဖြူတော်ကျွန်းကို ပြန်ရောက်တဲ့အခါ ဆိပ်ကမ်းအဝင်အထွက် လှေတွေကို စိစစ်၊ ရန်သူရဲ့ အငွေ့အသက် အရိပ်အယောင်တွေ့ရတာနဲ့ အမြန်ဆုံးသတင်းပို့ အစ်ကိုက သမိန်ထောရာမနဲ့ ပုဂံသားတို့ရဲ့ စစ်မြေပြင်ကို အရင်သွား ကြီးကြပ်မယ်၊ ပြီးမှလိုက်လာခဲ့မယ်။”

“စိတ်ချအစ်ကို”

“ဘတို့အတွက် ပောဒီမှာ မြင်း။ အမြန်ခရီးနှင်ပေတော့”

သက္ကနှင့်ဗညားတို့လည်း အချိန်အလေအလွင့်မခံဘဲ မြင်းပေါ်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေ၏။

← ← ←



(၂၃)

အဲခေါင်ဘုန်းသည် သမိန်ထောရာမနှင့်အတူ ခံတပ်မြို့မှာ ကြီးကြပ်တိုက်ပွဲဝင်သည်။

သတင်းအရ ပုဂံတပ်ကို တပ်မှူးကြီးငါးဦးက အုပ်ချုပ်စီမံသည်။ တပ်မှူးကြီးငါးဦးမှာ ထီးလှိုင်ရှင်၊ ငဖီး၊ ငလုံ။ အစရှိသော ပုဂံတပ်မှူးများက ဖေယျာဘူမိကို ထိုးဖောက်နိုင်ဖို့ အပြင်းအထန်ကြိုးစားနေကြသည်။ ထိုတပ်မှူးများထဲတွင် ဖုတ္တာဆိုသောတပ်မှူးလည်း ပါဝင်နေကြောင်း သိရသည်။ အချိန်ခြောက်လခန့် ကြာလာသည့်တိုင် စစ်ပွဲက အရှုံးအနိုင်မပေါ်ဘဲရှိသည်။

ပုဂံတပ်များမှာ နောက်ကြောင်းပြန်လှည့်ကြမည့်ပုံ မပေါ်ပေ။ သုဝဏ္ဏဘူမိကို မရအရချေမှုန်းကြမည့်ပုံရသည်။ လူတစ်ယောက်ကို တစ်ယောက်ချင်း အသက်ထိပ်ကာ အပြင်းအထန်ခုခံနေရသည်။ ပုဂံတပ်ကို ပြန်လည်တိုက်မထုတ်နိုင်သေးပေ။

တိုက်ပွဲက ကာလရှည်လာသည်နှင့်အမျှ ထိခိုက်ကျဆုံးမှုတွေ ရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲခေါင်ဘုန်းက သမိန့်ထောရာမ၏ တပ်တော်ထဲမှ အသေခံလူ နှစ်ကျိပ်ကို ရွေးချယ်စီစဉ် ခွဲထုတ်လိုက်၏။

"သွေးသောက်တို့ကို အခုလိုခေါ်ယူရွေးထုတ်ရတာက အထူး စစ်ဆင်မှုတစ်ရပ်ကို ပြုလုပ်ကြဖို့ပဲ။ ပိပိရိရိနဲ့ အောင်မြင်အောင် ဆောင်ရွက်ကြမယ်။"

အဲခေါင်ဘုန်းက ရွေးနုတ်စုစည်းထားသော သွေးသောက် နှစ်ကျိပ်၏ မျက်နှာများကို စေ့စေ့ကြည့်လေ၏။

"သွေးသောက်တို့ဟာ ညမိုးချုပ်တာနဲ့ ခံတပ်အပြင်တောချုံ ထူထပ်ရာမှာ ပုန်းအောင်းနေကြရမယ်။ ညသန်းခေါင်ကျူးပြီး အချိန်မှာ ပုဂံတပ်မ ငါးခုအတွင်း ရုတ်တရက် ဝင်ကြရမယ်။ အထူးသဖြင့် အစောင့် အကြပ်ကင်းတွေ မမြင်အောင် ခြေသံလုံလုံနဲ့ သွားကြရမယ်။

တပ်ငါးတပ်လုံးကိုခွဲဖြန့် ဝင်ရောက်ရမယ်။ ပုဂံတပ်ချထားတဲ့ ယာယီတဲတွေကို မီးရှို့ရမယ်။ မီးလောင်လို့ အထိတ်တလန့်နဲ့ ဝရုန်း သုန်းကားဖြစ်ချိန်မှာ နီးရာကို ထိုးခုတ်သတ်ဖြတ်ပြီး ပြန်ထွက်ရမယ်။ မီးရောင်မြင်တာနဲ့ သမိန့်ထောရာမက ဆင်တပ်ကို ဦးစီးပြီး အနည်းငယ် လျော့ရဲပြီး စစ်ရေးမကျွမ်းလှတဲ့ တပ်မှူးဗျတ္တဦးစီးတဲ့ ပုဂံအမှတ်(၅) တပ်မကို ချေမှုန်းမယ်။

ကျုပ်က မြင်းတပ်နဲ့ တစ်ဟုန်တည်းဝင်တိုက်မယ်။ ကျန်တဲ့ စစ်သည်ခြေလျင်တော်တွေက အသက်ကို ပဓာနမထားဘဲ ဖွန့်စားတိုက် ခိုက်ရမယ်။"

အဲခေါင်ဘုန်းက စစ်ရေးဗျူဟာတစ်ခုကို ချမှတ်လိုက်လေ၏။

"သွေးသောက်နှစ်ကျိပ်က ပေါက်ဒီမီးကွင်းတွေ တစ်နိုင်သယ် သွားကြ။ မရှင်းတာရှိလား။"

"ရှင်းပါတယ် သေနာပတိ"

တိုက်ပွဲက ညဦးပိုင်းအထိ ဖြိုးဖြိုးဖြောက်ဖြောက် ရှိနေသေး



သည်။ သွေးသောက်နှစ်ကျိပ်နှင့်အတူ ရဲမက်အားလုံး သန်းခေါင်ကျူးစစ် ပွဲအတွက် စိတ်စောနေကြသည်။ ခံတပ်စည်းရိုးတစ်လျှောက်မှာ ရဲမက် များက ရန်သူ၏လှုပ်ရှားမှုကို စောင့်ကြည့်ရင်း အဆင်သင့်ရှိနေကြသည်။

ညသန်းခေါင်သို့ ကျူးလာခဲ့လေပြီ။ အားလုံးအဆင်သင့် ရှိနေ ကြ၏။ မကြာမီ မီးကွင်းများသည် ပုဂံတပ်ချထားရာ တဲများပေါ်သို့ တစ်ကွင်းပြီးတစ်ကွင်း ကျရောက်သွားလေ၏။ တဲများကို မီးလောင်ကာ ပုဂံတပ်များ အထိတ်တလန့် ဖြစ်ကြလေ၏။

သမိန့်ထောရာမ၏ ဆင်တပ်သည် ချွန်းကုန်ဖွင့်ကာ ပုဂံတပ် တွင်းတိုးဝင်သကဲ့သို့ အဲခေါင်ဘုန်း၏ မြင်းတပ်၊ ခြေသည်တပ်များက လည်းညာသံပေးကာ တစ်ဟုန်တည်း ပြေးဝင်တိုက်ခိုက်လေ၏။ ပုဂံ တပ်များသည် ရုတ်တရက်မို့ တဲမီးများကိုပင် မငြိမ်းသတ်နိုင်ကြဘဲ ကသောင်းကနင်း ဖြစ်လေ၏။ မီးရောင်အောက်မှာ သုဝဏ္ဏဘူမိသား များနှင့် ပုဂံသားတို့ ရောထွေးသွားလေ၏။

ဗျတ္တ၏တပ်က အရင်ဆုံးပြိုကွဲဆုတ်ခွာ၏။ ကျန်တပ်များလည်း ဖရိုဖရဲနှင့် ဆုတ်ခွာရလေ၏။ ထီးလှိုင်ရှင်မှာ တပ်များကို ရုံးစုရန် ကြိုး စားရလေ၏။

အဲခေါင်ဘုန်းတို့ဖိတိုက်ရာ တပ်တော်များတစ်စတစ်စ ရွှေ့ဆုတ် နေရလေ၏။ ပုဂံတပ်များသည် ခုခံတိုက်ခိုက်သေးသော်လည်း အခြေ မလှသောကြောင့် စစ်တောင်းမြစ်ကမ်းအထိဆုတ်ခွာခဲ့လေ၏။ နောက်မှ အနော်ရထာကိုယ်တိုင်ဦးစီးသော ပုဂံတပ်များ အကူထပ်မံရောက်ရှိ လာမှ ထိုအကူတပ်နှင့်ပူးပေါင်းကာပြန်လည် ရပ်ခံနိုင်လေ၏။

အဲခေါင်ဘုန်းတို့မှာ သုဝဏ္ဏဘူမိမြေနှင့် အလှမ်းဝေးသော နေရာ သို့ ရန်သူတပ်များကို မောင်းနှင်ထုတ်ပြီးနောက် မနုဟာသခင်ကြီးထံ မှ ဆက်တိုက်ရန် အမိန့်မရသောကြောင့် ဖေယျာဘုံသို့ လှည့်ပြန် လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံတပ်သည် ပုဂံထိပြန်လည်ဆုတ်ခွာသွားနိုင်သကဲ့သို့ ပြန်မဆုတ်ဘဲ နောက်ထပ်တစ်ကြိမ် ထိုးစစ်ဆင်နိုင်လေ၏။ တိုက်ပွဲများ ရပ်နားနေပြီဖြစ်သော်လည်း စိတ်ချရသည့်အခြေအနေ မရှိသေးပေ။ ပုဂံတပ်များသည် ငြိမ်ချက်သားကောင်းနေ၏။

ပုဂံမှာ ပညာရှိမင်းတိုင်ပင်အမတ်များပေါများ၍ လျှော့တွက်ထား၍မရကြောင်း အဲခေါင်ဘုန်း သိလေ၏။ ရဲရင့်သတ္တိရှိသော သူ့ရဲကောင်းတို့လည်း ပေါများ၏။

သတင်းထောက်လှမ်းချက်အရ မှူလတပ်မ(၅)ခုအပြင် အနော်ရထာဦးစီးသော နောက်ကူတပ်မမှ ပုဂံစစ်သည်များ စစ်တောင်းမြစ်ကမ်းကိုကူးကာ တမွဲမွဲ ရောက်လာနေကြောင်း သိရှိရလေ၏။

ဤပုံအတိုင်းဆိုပါက သုဝဏ္ဏဘူမိကို လက်ရ မရောက်မချင်း ပုဂံတပ်များပြန်မည့်ပုံမရတော့ပေ။ ယခု တစ်ကြိမ်တွင်မူ အနော်ရထာကိုယ်တိုင် ဦးဆောင်ကွပ်ညှပ်ပေတော့မည်။

* * *



(၂၄)

အဲခေါင်ဘုန်းက အရှင်မနုဟာထံသို့ အခြေအနေအရပ်ရပ်ကို အစီရင်ခံလိုက်လေ၏။

“သူတို့ သုဝဏ္ဏဘူမိကို ဆက်တိုက်ကြဦးမှာလား သေနာပတိ”

သိရိကောင်းစောက သိလိုစိတ်ဖြင့် မေးလိုက်၏။

“ပုဂံဘုရင် အနော်ရထာဟာ ဖွဲ လျှော့တတ်တဲ့သူမဟုတ်ဘူး။ သူ့ရဲ့ဆန္ဒကို အလိုပြည့်အောင် လုပ်ဆောင်မှာမလွဲဘူး သခင်မ။”

“ဒါဆိုရင် အခြေအနေ ဘယ်လိုရှိနိုင်မလဲ”

“တိုက်ပွဲက လနဲ့ချီပြီးကြာချင်ကြာမယ်။ နှစ်နဲ့ချီပြီးတော့ ကြာချင်လည်းကြာသွားနိုင်တယ်။ အခုတောင် နှစ်တစ်ဝက်ကျော်လာခဲ့ပါပြီ။ အကျွန်တို့ကို နည်းဗျူဟာအမျိုးမျိုးနဲ့ ကြိုးစားမှာတော့ အမှန်ပဲ . . .”

“အဲခေါင် ဆက်မလျှောက်နဲ့တော့ အားလုံးကို သခင်ကြီး ကြိုသိနေပါတယ်။”

အဲခေါင်ဘုန်းက ရေရှည်မှာ သုဝဏ္ဏဘူမိ ရှုံးနိမ့်သွားနိုင်ကြောင်း ဆက်ပြောမည်ကို သိနေသော သခင်ကြီးမနုဟာက စကားလမ်းကြောင်းကို ကြားမှ ဖြတ်တောက်ပြောဆိုလိုက်လေ၏။ ထိုအကြောင်းကို သိရိကောင်းစောအား ကြိုတင်မသိစေချင်သောကြောင့် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ကျွန်ုပ်သည် အရုဏ်မတက်မီသုံးမောင်းကျော်ကျော်ခန့်မှာ နိုးလာလေ၏။ ကျွန်ုပ်၏ စက်ရာတော်ဘေး၌ သီရိသည် အေးချမ်းစွာ စက်ပျော်လျက် ရှိသည်။ သီရိသည် အမြဲတမ်း အရုဏ်တက်ချိန်မှာ နိုးထမြဲ ဖြစ်၏။ ဘုရားဝတ်တက် ဆွမ်းကပ် ဆီမီးကပ်မြဲဖြစ်၏။ မကြာမီ အရုဏ်တက်ချိန်သို့ ရောက်ရှိပေတော့မည်။ သီရိလည်း နိုးထခါနီး ပြီဖို့ ကျွန်ုပ် မနိုးဘဲထားရှိလေ၏။

အခါတိုင်း၌ ကျွန်ုပ်အဖို့ ဤအချိန်သည် ကျွန်ုပ်နိုးထသော အချိန်မဟုတ်ပေ။ သီရိ ဘုရားဝတ်တက်ပြီးမှသာ နိုးထလေ့ရှိလေ၏။ ကျွန်ုပ်နိုးထလာလျှင် သီရိက မျက်နှာသစ်တော်ရေကို ကမ်းပေးတတ်၏။ မျက်နှာသစ်ပြီးလျှင် သုတ်ရန်တဘက်ကို ပေးတတ်၏။ မျက်နှာသစ်ပြီးလျှင် ကျွန်ုပ်၏ ညအိပ်ဝတ်လဲတော်ကို အသစ်လဲလှယ်ပေးတတ်ပြန်၏။

ယခုမူ သီရိ မနိုးသေး၍ ကျွန်ုပ်စောင့်ထိုင်လိုက်၏။ ကျွန်ုပ် ဤအချိန်ကြီးနိုးလာခဲ့ခြင်းမှာ အိပ်မက်ကြောင့်ဖြစ်၏။ အိပ်မက်မှာ အနိဋ္ဌာရုံ အိပ်မက်တစ်ခု ဖြစ်လေ၏။ အိပ်မက်၏အကြောင်းကို ပြန်တွေးနေမိ၏။



ထိုအိပ်မက်သည် ကျွဲခြံသူကြီးလာဆက်သသော မနောမယ ကြောင် မျက်ရွဲလက်စွပ်တော်နှင့် စပ်ဆိုင်နေလိမ့်မည်လားဟုလည်း ဝေဖန်ကြည့် မိ၏။

"ဟင်း ... မောင်တော်က နိုးနေနှင့်ပေတာကိုး။"

သီရိ မျက်လုံးပွင့်လာသည်နှင့် ကျွန်ုပ် နိုးနေသည်ကို မြင်သော ကြောင့် လူးလဲထကာ မေးလိုက်လေ၏။

"မောင်တော်နိုးနေရင်လည်း သီရိကို နှိုးလိုက်ရောပေ့ါ။"

သီရိက စကားကို ထပ်ဆက်ကာ ပြောကြားလိုက်လေ၏။

"သီရိ အိပ်ရေးမဝမှာစိုးလို့ပါ။ အိပ်မက်ဆိုးမက်ပြီး နိုးလာခဲ့ တယ်။ ပြန်အိပ်လို့မရတာနဲ့ ဒီအတိုင်းထိုင်နေတာပါ။"

"ဘယ်လို အိပ်မက်ဆိုးတွေ မက်တာလဲ အရှင်ရယ်။ ခဏ နေဦးနော်။ မျက်နှာတော်သစ်ပြီးမှ အိပ်မက်တော် အကြောင်းပြော ကြရအောင်။"

သီရိကောင်းစောသည် ပြောပြောဆိုဆို အိပ်ရာမှ ထကာ မျက်နှာသစ်ရေကို ငွေခွက်နှင့် ဆက်လေ၏။ ကျွန်ုပ်လည်း မျက်နှာသစ် ပြီးနောက် ကတ္တီပါတဘက်ဖြင့် မျက်နှာကို သန့်ရှင်းလိုက်လေ၏။ ထို့ နောက်သူမ၏ အဝတ်အစားနှင့် ပြေလျော့နေသော ဆံကေသာကို ပြုပြင်ကာ ကျွန်ုပ်၏ခြေရင်း၌ ပဆစ်တုပ်ထိုင်၍ ခစားလေ၏။

"အိပ်မက်ကတော့ တကယ်ဆိုးဆိုးဝါးဝါးကို မက်တာပါပဲ။ အိပ်မက်ထဲမှာ မောင်တော့်ကို ကျွဲဖြူတစ်ကောင်က ခတ်ဖို့ အနောက် ကနေလိုက်တယ်။ မောင်တော်က ပြေးရင်းနဲ့ မြေပေါ်ကနေ လေထဲ ရောက်သွားတော့ ကျွဲဖြူက မောင်တော်ကို ခတ်လို့မရတော့ဘူး။"

"တော်သေးတာပေါ့ အရှင်ရယ်။"

"ကျွဲဖြူက မောင်တော်ဟာ လေထဲပျံနေတာမို့ ခတ်မရတာနဲ့ ဒေါသပိုထွက်ပြီး မြင်မြင်ရာကို လိုက်ခတ်တော့တယ်။ ဒီလိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒါက နန်းစဉ်ပတ္တမြား။ ဝေပုလ္လပတ္တမြားလို့လည်း ခေါ်ဘယ်။ သီရိကောင်းစော သိရလေအောင် ဝေပုလ္လပတ္တမြားရဲ့ ရာဇဝင်ကို ရှင်းပြမယ်။"

သီရိကောင်းစောမှာ စိတ်ဝင်စားသွားရလေ၏။ သူ၏ ခမည်းတော်ပါလအရှင်က ဤဝေပုလ္လပတ္တမြားနှင့်ပတ်သက်၍ တစ်စွန်းတစ်စ ပြောခဲ့ဖူးလေ၏။ မနုဟာ၏ လက်ထဲမှ ပတ္တမြားသည် နီရဲပို၍ လှုံနေ၏။

"ဘုရားအလောင်းတော် တေရွှေဟင်္သာမင်းဖြစ်စဉ်က ဘုရားလောင်း ဟင်္သာမင်းနဲ့အတူ ဟင်္သာအပေါင်းဟာ သမုဒ္ဒရာကို ဖြတ်ပျံလာစဉ်မှာ မုန်တိုင်းမိတော်မူကြတယ်။ အတောင်ညောင်းလာလို့ နားစရာမရှိဘူး ဖြစ်နေတယ်။ ကုန်းမြေဆိုလို့ ကျွန်းလေးတစ်ကျွန်းတောင်မှ မတွေ့ကြရဘူး။

ဒါကို သိကြားမင်းကသိတဲ့အခါ ဟင်္သာအပေါင်း မပျက်စီးရအောင် ကယ်ဆောင်မှသင့်မယ်ဆိုပြီး ဝေပုလ္လတောင်က ပတ္တမြားမျက်ရှင်ကို ယူပြီး ပင်လယ်ထဲချပေးလိုက်တဲ့အခါ ကုန်းမြေပေါ်လာပြီး ဟင်္သာအပေါင်းနားခိုလို့ အသက်ချမ်းသာရာရသွားကြတယ်။ ဝေပုလ္လတောင်က ရလာတဲ့ ပတ္တမြားမို့ ဝေပုလ္လပတ္တမြားလို့ ခေါ်ကြတယ်။ ဒီပတ္တမြားပဲပေါ့ သီရိ"

မနုဟာ၏ ရှင်းပြချက်ကို အဲခေါင်စိတ်ဝင်တစား နားထောင်နေ၏။

"သုဝဏ္ဏဘူမိရဲ့ ဆယ့်ရှစ်ဆက်မြောက် ယုဂန္ဓရာဇာမင်းလက်ထက်မှာ သုဝဏ္ဏဘူမိဆိုတာ ဒီမှာရှိတာမဟုတ်ဘူးကွဲ့။ ကေလာသတောင်တစ်ဝိုက်မှာ ရှိနေတာ။ ပင်လယ်နဲ့နီးတော့ ကမ်းတွေပြိုတဲ့နေရာမှာ မြို့ရိုးတွေနဲ့ လူနေအိမ်ခြေအချို့ပါသွားတယ်။ ယုဂန္ဓရာဇာဟာ ကမ်းပြိုတဲ့အတွက် စိတ်မချမ်းမြေ့လို့ ဘိသိက်မခံသေးဘဲနေတယ်။

ကမ်းပြိုတဲ့ဆီမှာ အမတ်တွေက ဒီဝေပုလ္လပတ္တမြားကို တွေ့ရှိပြီး ယုဂန္ဓရာဇာကို ဆက်သကြတယ်။ ဒီတော့မှ ယုဂန္ဓရာဇာကနေ သုဝဏ္ဏဘူမိ မင်းအဆက်ဆက် ဒီပတ္တမြားကို ဆက်ခံထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတာ ကျုပ်လက်ထဲရောက်လာတဲ့အထိပဲ။ ဒါဟာ ကျုပ်တို့ သုဝဏ္ဏဘူမိရဲ့ နန်းစဉ်ပတ္တမြားကြီးပဲပေါ့။"

မနုဟာက စကားကို ခေတ္တရပ်ကာ ဝေပုလ္လပတ္တမြားကို ကြည့်လိုက်လေ၏။ ပြီးလျှင်စကားပြန်ဆက်လေသည်။

ဒီပတ္တမြားကို သူ့နေရာဖြစ်တဲ့ ဝေပုလ္လတောင်ကို ပြန်ပို့ရလိမ့်မယ်။ အဲခေါင် ဒီပတ္တမြားကို ယူသွားပါ။ ဝေပုလ္လတောင်မှာ နှစ်ကျိပ်ရှစ်ဆူဘုရားတွေ ရှိတယ်။ အဲ့ဒါကို အမှတ်အသားပြုပြီး မြှုပ်နှံခဲ့ပါ။ နေရာအနေအထား သင်္ကေတတွေကိုလည်း ရေးမှတ်ထားပါ။ အဲ့ဒီ ရေးမှတ်ထားတာကို အဲခေါင်ရဲ့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းထားပါ။ ကျုပ်လည်း အမှတ်အသား ပေပုရပိုက်တစ်ခုယူထားမယ်။

ဒီဝေပုလ္လပတ္တမြားကို ထိုက်တန်တဲ့ ဘုန်းကံရှင်ပေါ်လာတဲ့နေ့ ဒီအညွှန်းနဲ့ ပတ္တမြားကြီးကို တူးဖော်ယူပြီး သာသနာတော်အကျိုးကို ဆောင်ရွက်နိုင်ပေလိမ့်မယ်။ ကိုယ်ကျိုးသုံးဖို့ရှာဖွေတဲ့ သူတွေကတော့ အန္တရာယ်ဆိုးတွေနဲ့ တွေ့ဆုံပြီး အသေဆိုးနဲ့ သေကြရလိမ့်မယ်။ စစ်အေးနေတုန်း အဲခေါင်အမြန်ဆုံး သွားရောက်ဆောင်ရွက်ပါ။"

အဲခေါင်ဘုန်းသည် မနုဟာသခင်ကြီး ပေးသော ဝေပုလ္လပတ္တမြားထည့်သွင်းထားသည့် ဖန်ကြုတ်ကို ကမ်းယူကာ မနုဟာကို အရိုအသေပေးပြီး ထွက်ခွာခဲ့လေ၏။

(ဝေပုလ္လတောင်သည် ဘီးလင်းမြို့နယ် ယက္ကန်းသည်မရွာတွင် တည်ရှိသည်။ ရန်ကုန် မုတ္တမရထားများဖြင့်သွားလာလျှင် မရမ်းကုန်းဘူတာမှာ ဆင်းရသည်။ မရမ်းကုန်းဘူတာမှ နှစ်မိုင်သုံးမိုင်ခန့်သွားလျှင် ယက္ကန်းသည်မရွာသို့ ရောက်သည်။ ဝေပုလ္လတောင်ထောင်၌ ကြည်ညိုဖူးမြင်စရာ စေတီများစွာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ညီနောင်ဟုခေါ်သော ဝေပုလ္လတောင်နှင့် ပြိုင်နေသော တောင်တွင် ကျိုက်တလန်းစေတီ ရှိသည်။ ဘုရားရှင်စတင်၍ ခြေတော်ရာချခဲ့သောနေရာမှာ တည်ထားသော စေတီကြီးဖြစ်သည်။ ထိုစေတီကြီးကို ကျန်စစ်သားမင်းကြီးပြုပြင်ခဲ့သည်။)

← ← ←



(၂၅)

အနော်ရထာရောက်ရောက်ချင်းမှာပင် စိတ်မချမ်းမြေ့မှု ဖြစ်ရသည်။ စစ်ဆိုသည်က ဆုတ်သည့်အခါလည်း ဆုတ်ရသည်။ သုဝဏ္ဏဘူမိကလည်း တိုင်းကြီးဖြစ်သည်။ အတော်ကြိုးစားလုပ်ကြရပေမည်။

"ထီးလှိုင်ရှင်၊ သုဝဏ္ဏဘူမိတပ်တော်ကို ဦးစီးနေတာက ဘယ်သူလဲ။"

"အဲခေါင်ဘုန်းလို့ အမည်ရပါတယ်အရှင်။"

"အို ... အဲခေါင်ဘုန်းတဲ့လား။ အမောင်သုဝဏ္ဏဘူမိ သူ့ရဲ့ကောင်းကို မြင်တွေ့ချင်လှပေတယ်။ သုဝဏ္ဏဘူမိကို အလိုပြည့်တဲ့အခါ အမောင်အဲခေါင်ဘုန်းကို ရှင်ကျန်ရစ်စေချင်သပ။"

အားလုံးက အနော်ရထာ၏စကားများကို နားစွင့်နေကြ၏။

"တို့များရဲ့ပုဂံဟာ အရည်းတွေကြောင့် ညစ်နွမ်းမှောင်မိုက်ခဲ့တာကြာပြီကော။ ညစ်နွမ်းမှုတွေ သန့်စင်အောင် ဆေးလျှော်ဖို့သန္ဓမှောင်မိုက်နေတာကို လင်းပစေလိုတဲ့ အာသီသနဲ့ တောင့်တနေခဲ့တယ်။ တောင့်တနေတဲ့အချိန်မှာ မှောင်မိုက်မှုကို အလင်းသစ်ပေးမယ့်အရဟံမထေရ်မြတ်ရောက်လာတာနဲ့ အကြိုက်ညီခဲ့ပြီကိုး။

အရည်းတွေရဲ့ ညစ်နွမ်းတဲ့ ဓမ္မဟောင်းနေရာမှာ မထေရ်မြတ်ရဲ့ သစ်လွင်တောက်ပပြီးဖြောင့်မတ်တဲ့ သစ္စာဓမ္မတွေက ကျွန်ုပ်ရဲ့ ရင်ကို ထုနက်နိုင်ခဲ့ပြီလေ။ ပုဂံတစ်ခုလုံး ညစ်နွမ်းမှုတွေဆေးလျှော်ဖို့က

www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်တဲ့ ခမ္မအောင်လံတွေ စိုက်ထူဟောပြောပေးမယ့် သုဝဏ္ဏဘူမိက အရှင်မြတ်တွေလိုတယ်။

ဆောင်ပွားကျင့်ကြံဖို့ ပိဋကတ်တွေလိုတယ် ထီးလှိုင်

ဒါတွေမှမရရင် ပုဂံမှာ အရည်းဝါဒ ပြန်ခေါင်းထောင်ထလာနိုင်တယ်။ အချိန်ကြာသွားလေ ခက်ခဲလေပဲ၊ အရည်းအားလုံးကို လူဝတ်လဲစေခဲ့ပေမဲ့ ထေရဝါဒ ဗုဒ္ဓသာသနာတော် အမြန်အစားထိုးနိုင်ဖို့ လိုနေတယ်။

ဒီအတွက် အနောက်ကို ပြန်ဆုဝ်ခွာလို့မဖြစ်ဘူး။ အလိုပြည့်စေမယ့်အကြောင်းအရာ နည်းလမ်းမှန်သမျှ မချွင်းမချန် တင်လျှောက်ကြစမ်း''

အနော်ရထာမှာ သုဝဏ္ဏဘူမိကို အလိုပြည့်ရန်အတွက် ဆန္ဒစောနေသည်။ ကိုယ်တော်တိုင် သုဝဏ္ဏဘူမိကို ဝန်းရံလုပ်ကြံသော်လည်း အချိန်ရာသီသာကြာလာသည်။ တစ်နှစ်ယွန်းယွန်းပင်ရှိတော့မည်။ မအောင်မြင်နိုင်သေးပေ။

''ဝေသာလီ၊ သာဝတ္ထိ အစရှိတဲ့ သာကီဝင်မင်းအပေါင်းတို့ဟာ ဂင်္ဂါ၊ ယမုန္နာ၊ ဗြဟ္မပုတ္တရ အစရှိတဲ့ မြစ်မင်းငါးစင်းဆုံတဲ့နေရာမှာ သန့်စင်မှုအတွက် ခေါင်းဆေးမင်္ဂလာ ပြုတတ်ကြပါတယ်အရှင်''

ကြားမြင်သုတ နှံ့စပ်သိမြင်သော အမတ်ရာဇသင်္ကြန်က အနော်ရထာ အလိုပြည့်စေမည့်နည်းလမ်းကို တင်လျှောက်ဖို့ စတင်နိဒါန်း စကားပြောကြားလေ၏။

''သုဝဏ္ဏဘူမိ မင်းအဆက်ဆက်တို့ဟာလည်း ကိုယ်တော်ရဲ့ သန့်စင်မြင့်မြတ်မှုအတွက် ဂျိုင်း၊ အတ္တရံ၊ ဟောင်သရော၊ ဒုံသမိ၊ သံလွင် အစရှိတဲ့ မြစ်မင်းငါးစင်းတို့ဆုံရာရေဖြစ်တဲ့ ပွန်စလိုင်ရေနဲ့ ခေါင်းဆေးမင်္ဂလာ ယူလေ့ရှိကြတာမို့ သုဝဏ္ဏဘူမိအရှင်မနုဟာရဲ့ ဘုန်းလက်ရုံးကို ဖြိုခွင်းဖို့ ခက်လှပါတယ် အရှင်မင်းတရား။''



အမတ်ရာဇသင်္ကြန်၏ လျှောက်တင်စကားများက စိတ်ဝင်စားဖွယ် ရာကောင်းလှလေ၏။ ဤအကြောင်းကို ထီးလှိုင်ရှင်ပင် မသိသေးချေ။

''အဲ့ဒီတော့ ကျုပ်က သုဝဏ္ဏဘူမိကို အလိုပြည့်အောင် ဘာဆက်လုပ်ရမလဲ''

''သုဝဏ္ဏဘူမိမင်းအဆက်ဆက်တို့ ခေါင်းဆေးမင်္ဂလာပြုကြတဲ့ ပွန်စလိုင်ရေလို့ခေါ်တဲ့ မြစ်ငါးသွယ်က ဆုံတဲ့ရေနဲ့ အစီအမံပြုပြီး ခေါင်းဆေးမင်္ဂလာတော်ယူရရင်ဖြင့် အရှင်လည်းစင်ကြယ်မြင့်မြတ်ပြီး သုဝဏ္ဏဘူမိမင်းတစ်ပါးလိုအသွင် သက်ရောက်တော်မူပါလိမ့်မယ်။ ဒါကြောင့်မို့ အရှင်အနေနဲ့ ပွန်စလိုင်ရေတော်နဲ့ ခေါင်းဆေးမင်္ဂလာ ပြုတော်မူပါ။''

''ပွန်စလိုင်ရေကို ဘယ်မှာရတော်မူမှာလဲ''

မုတ္တမနဲ့ မောရဝတီကြားမှာ ငါးမည်ရကျွန်းအုံ့ဖွယ်ဆိုတာ ရှိပါတယ်။ မင်းအပေါင်းတို့ ခေါင်းဆေးလေ့ရှိတာမို့ ခေါင်းဆေးကျွန်းလို့ တွင်တော်မူပါတယ်။ ခေါင်းဆေးကျွန်းမှာ နတ်တို့ထွင်းတဲ့ တွင်းတစ်တွင်း ရှိတော်မူပါတယ်။ အဲဒီတွင်းထဲမှာ မြစ်မင်းငါးသွယ်ကဆုံတဲ့ ပွန်စလိုင်ရေကြည်တော် ရှိပါတယ်။

ဒါကြောင့်မို့ သံလွင်မြစ်ဝ ခေါင်းဆေးကျွန်းဒီပမှာ သွားရောက်ပြီး ခေါင်းဆေးမင်္ဂလာပြုလို့ သန့်ရှင်းစင်ကြယ်မှုကို ရယူကာ သုဝဏ္ဏဘူမိကို လုပ်ကြံရင် အလိုပြည့်ပါလိမ့်မယ် အရှင်မင်းမြတ်''

အမတ်ရာဇသင်္ကြန်၏စကားကိုကြားရသောအခါ အနော်ရထာသည် အားရွှင်လန်း၊ လက်ပမ်းပေါက်ခတ်ကာ ရာဇသင်္ကြန်ကို ဆုလာဘ်များ စီစဉ်ပေးသနားလေ၏။

အချိန်မဆိုင်းပင် ဖောင်တော်၊ လှေတော်များဖွဲ့ကာ ရေကြောင်းဒွှကျွမ်းသော တပ်မှူးညောင်ဦးဖီးကို စီစဉ်စေလျက် ရေတပ်တော်ကို ဦးစီးကာ ခေါင်းဆေးကျွန်းဆီသို့ ရေကြောင်းချီလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



(၂၆)

စစ်သတင်းက သုဝဏ္ဏဘူမိသားအားလုံး နားမှာမဆံ့အောင် ကြားနေကြရလေ၏။ သမိန်ထောရာမ ကျသွားလေပြီ။ ဇေယျာဘူမိ ခံတပ်မြို့ကျဆုံးသွား၏။ ခံတပ်မြို့ကို ဆုတ်ခွာလာသော ဆင်တပ်မြင်းတပ်စစ်သည်အားလုံး သုဝဏ္ဏဘူမိမြို့တွင်းသို့ရောက်ရှိ ရုံးစုလာသည်။ မြို့တံခါးကို အလုံပိတ်ကာ ပုဂံတပ်များကို သုဝဏ္ဏဘူမိတပ်များက အသက်စွန့်ခုခံနေကြလေ၏။

ပုဂံသည် တပ်မှူး(၅)ဦး တပ်မ(၅)ခုဖြင့် တိုက်ရာမှ အနော်ရထာသည် ပုဂံမှ နောက်ထပ်ရနိုင်သမျှ လူသူလက်နက်ဆင်မြင်းများဖြင့် ချီဖြည့်လေရာ တပ်မကြီးခြောက်ခုဖြင့် အင်အားတောင့်တင်းလှလေ၍ သုဝဏ္ဏဘူမိသားတို့မှာ တိုက်ထုတ်မနိုင်ကြတော့ဘဲ ခံစစ်ကိုသာ လုံအောင် ပြုလုပ်တိုက်ခိုက်နေကြလေ၏။

တိုက်ပွဲအရှိန်က မြင့်သထက်မြင့်လာခဲ့လေ၏။

အနော်ရထာနှင့် ညောင်ဦးဖီးတို့၏ ရေကြောင်းချီတပ်သည် ဆင်ဖြူတော်ကျွန်း၊ ကောသန်ကျွန်း ခံတပ်ဆိပ်ကမ်းများကို ကွင်းရှောင်ကာ ခေါင်းဆေးကျွန်းသို့ ချီတက်၍ ခေါင်းဆေးမင်္ဂလာ ပြုတော်မူကြပြီး အစောင့်အနေပါးသော မုတ္တမဆိပ်ကမ်းမှတက်ကာ သုဝဏ္ဏဘူမိ၏ နောက်ကျောကို ဖောက်ရန်အတွက်ချီတက်ကြလေ၏။



တပ်ပေါင်းစုဆုံပြီး သုဝဏ္ဏဘူမိကို အထပ်ထပ်ဝန်းရံတိုက်ခိုက်ထိုးစစ်ဆင်ကြလေ၏။ မြို့ရိုး၊ ကျုံး၊ မြောင်း၊ ထုံ၊ ဒြပ် နိုင်မာလှသော သုဝဏ္ဏဘူမိသည် အင်အားကြီးမားသော ပုဂံတပ်ကို ကောင်းစွာ အာခံနိုင်လေ၏။

သို့သော်လည်း ပုဂံတပ်မှူး ဗျတ္တသည် ယခင်က သုဝဏ္ဏဘူမိ၌နေထိုင်ခဲ့ဖူးလေရကား သုဝဏ္ဏဘူမိ၏ အစီအမံနှင့် အားနည်းချက်ကို ရှာကြံရာ သုဝဏ္ဏဘူမိ၏ အနောက်ဘက်မြို့ရိုး၌ ကြက်မတစ်ဝပ်စာ ခန့်ရှိသော ကယ်ပေါက်တစ်ခုကို တွေ့ရှိရလေ၏။

ဘာမှမဟုတ်သော ထိုကြက်မတစ်ဝပ်စာကယ်ပေါက်နေရာကလေးသည် သုဝဏ္ဏဘူမိကျဆုံးရန် အကြောင်းတရားဖြစ်လာ၏။ ညအချိန်တွင် ထိုကြက်မတစ်ဝပ်စာကွာသောကယ်ပေါက်ကို ဗျတ္တဦးဆောင်သော အားကောင်းသန်စွမ်းသည့် စစ်သည်ဆယ်ဦးခန့်သည် တွင်းဖောက် ချဲ့တွင် ဝင်ရောက်ကြလေ၏။

ကြွက်များကဲ့သို့ မြေစာကို တူးဝင်ဆင့်ကမ်းသယ်ထုတ်ကြလေ၏။ သန်းယံကျူး၍ အရုဏ်မလာမီ ကြက်မတစ်ဝပ်စာကယ်ပေါက်မှာ လူတစ်ကိုယ်ဝင်နိုင်သော လိုဏ်တွင်းဖြစ်လာ၏။ ဗျတ္တနှင့် လူဆယ်ဦးသည် ဓားလက်နက်ကိုယ်စီဖြင့် လိုဏ်တွင်းမှတွား၍ သုဝဏ္ဏဘူမိမြို့တွင်းသို့ ခက်ခဲစွာဝင်ရောက်ကြရလေ၏။

အနောက်ဘက်မြို့ရိုးတံခါးပေါက်သို့ ချဉ်းကပ်မိသည်နှင့် တံခါးပေါက်ကို ဖွင့်နိုင်ရန်ကြိုးစားကြလေ၏။ သုဝဏ္ဏဘူမိ အစောင့်တပ်များတွေ့မြင်ကာ သူတို့ကို သုတ်သင်ဖို့ ကြိုးစား၏။ ဦးစွာ မြားတစ်စင်းသည် ဗျတ္တ၏ကိုယ်ကို ဖောက်ထွင်းသွားလေ၏။ နောက်ထပ် နှစ်ယောက်သုံးယောက် မြားထိမှန်ကာလဲကျလေ၏။

ကျန်သောသူများက ကျဆုံးသွားသူများကို လှည့်မကြည့်အားဘဲ တံခါးကို ကြိုးစားဖွင့်ရာ အနောက်တံခါးပွင့်သွားလေ၏။ အနောက်

www.burmeseclassic.com

www.burmeseclassic.com



တံခါးမှ ပုဂံတပ်များဒီရေလှိုင်းကဲ့သို့ ဝင်ရောက်လာကြလေ၏။ သုဝဏ္ဏဘူမိစစ်သည်များသည် အနောက်ဘက်ပွင့်သွားသောတံခါးဆီသို့ စုပြုရောက်ရှိလာကာ ရန်သူများကို သုတ်သင်ဆီးတန့်၍ မြို့ရိုးတံခါးကို ပြန်ပိတ်နိုင်ရန် ကြိုးစားကြ၏။

သို့သော်လည်း ပုဂံတပ်နှင့် သုဝဏ္ဏဘူမိတပ်တို့သည် ရောထွေးကာ ရှုပ်ယှက်ခတ်သွားလေတော့၏။

(ကြက်မတစ်ဝပ်စာကွာပြီး ဖျွတ္တတို့ ဝင်ရောက်သောနေရာမှာ ယခု သထုံမြို့၏ အနောက်ဘက် သိမ်ကုန်းရပ်ကွက် နတ်စင်ဘုန်းပိုင်းယခင်အရေးပိုင်ဝင်းဟောင်းအနီးတွင် ရှိသည်။ သထုံ–ဘားအံသွားကားလမ်းဘေးတွင်ရှိပြီး နတ်စင်များရှိသည်။ ထိုနေရာတွင် သုဝဏ္ဏဘူမိ၏ မြင့်မားသောမြို့ရိုးဟောင်း အထင်အရှားရှိသည်။ မြို့ရိုးအပြင်မှာ နက်သော ကျုံးဟောင်းရှိသည်။ ကြက်မတစ်ဝပ်စာကွာသောနေရာကို ရေမြောင်းအမှတ်အသား ပြုလုပ်ထားရှိသည်။)

← ← ←



(၂၇)

နဂ်လာဒေဝီသီရိကောင်းစောမှာ စိတ်မချမ်းမြေ့မှုကြောင့် အနည်းငယ် ပိန်ချုံးသွားလေ၏။ ကျန်းမာရေးအနည်းငယ် ချူချာလာသည်။ အနော်ရထာက စေလွှတ်သော သမားတော်များနှင့် ကုသမှုခံနေရပေ၏။

"မောင်တော်ဘုရားအတွက် နှမတော် စိတ်ချမ်းမြေ့တော် မမူပါအရှင်"

သီရိကောင်းစောမှာ အနည်းငယ် ထူထူထောင်ထောင်ပြန်ဖြစ်လာခဲ့၏။ ပုဂံကိုရောက်စမို့ ရေမြေ အပြောင်းအလဲဖြစ်သည်က တစ်ကြောင်း၊ ခရီးဝေးကို လျှောက်လှမ်းလာရ၍ ပင်ပန်းနွမ်းနယ်သည်ကတစ်ကြောင်း၊ လောကဓံကတုန့်က်၍ စိတ်မချမ်းမြေ့မှုဖြစ်ရသည်ကတစ်ကြောင်းတို့ကြောင့် အစားအသောက် အအိပ်အနေပျက်ကာအိပ်ရာထဲလဲခြင်းဖြစ်လေ၏။

"စိတ်ကို ချမ်းသာအောင်ထားပြီး၊ ကျန်းမာအောင်နေပါနှမတော်၊ ဖြစ်တတ်ပျက်တတ်တဲ့ လောကသဘာရားကို ဆင်ခြင်မှပေါ့။

www.burmeseclassic.com



ဘယ်ဟာမှ အစိုးမရပါဘူး။ နှမတော် ကျန်းမာလာတဲ့အခါ ဟောဒီမြင်းကပါမှာ မနုဟာနေခဲ့တာကိုသိရအောင် နန်းဘုရားနဲ့ မနုဟာဘုရားကို တည်ကြမယ်။ ကုသိုလ်ယူကြမယ်။''

မနုဟာက သီရိကောင်းစောအား ဖျောင်းဖျပြောဆိုလိုက်လေ၏။

''အခုမှပိုလို့တောင် အေးချမ်းနေပါသေးတယ်။ သုဝဏ္ဏဘူမိအရှင်ဘဝက အစစအရာရာ စီမံခန့်ခွဲ လုပ်ဆောင်ရမှုတွေနဲ့ မွန်းကျပ်ပြီး သီရိအပါးမှာတောင် အပြည့်အဝ ရှိမနေနိုင်ခဲ့ဘူး။

အခုမှ ဓမ္မတရားတွေကို အချိန်ပြည့် ကျင့်သုံးဆောက်တည်ခွင့်ရနေတာမို့ ဒါဟာမောင်တော်အတွက် အရှုံးထဲက အမြတ်တစ်ခုလို့ယူဆရပါမယ်။ ပြီးတော့ သီရိရဲ့ ပြုစုယုယမှု၊ မောင်တော်ရဲ့ သီရိအပေါ်ကြင်နာမှုတွေ အပြည့်အဝပေးနိုင်ပြီ မဟုတ်လား။ သီရိရဲ့စိတ်တွေကို လျှော့ချလိုက်ပါ။ ကျရာမှာ ပျော်အောင်နေတတ်ဖို့ ကြိုးစားပါ''

မနုဟာ၏စကားများက တိုးတိုးဖွဖွ။ သီရိကောင်းစော၏ မျက်နှာမှာ ပန်းသွေးရောင် ပြန်လည်နီမြန်းလာလေ၏။

''ဟောဒီလက်စွပ်ကို ကြည့်စမ်း၊ ဒါကျွဲခြံသူကြီးက ဆက်သထားတဲ့ လက်စွပ်၊ မောင်တော်က မနုဟာလက်စွပ်လို့ အမည်ပေးထားတဲ့ လက်စွပ်၊ ဒီလက်စွပ်တော်ကိုရောင်းချပြီး ဘုရားတည်ရမယ်။ ကျန်ရှိနေသေးတဲ့ မောင်တော်နဲ့ နှမတော်တို့ရဲ့ အသက်တာကို ကောင်းမှုတွေနဲ့ ရှင်သန်ကြမယ်။''

မနုဟာ၏စကားများက သီရိ၏စိတ်ကို တစ်ဖန် ပြန်လည်သစ်လွင်လာခဲ့စေလေ၏။

''အရှင်၊

မြင်းကပါသူဌေး ဦးဘောဂရောက်လာပြီ''

အဲခေါင်ဘုန်းက မနုဟာကို သံတော်ဦးစကားလျှောက်ကြားလိုက်၏။ မြင်းကပါသူဌေးက မနုဟာကို ရိုကျိုးစွာ ခစား၏။



''မြင်းကပါသူဌေးတောင် ရောက်လာပြီကိုး။ ဟောဒီလက်စွပ်ကိုကြည့်စမ်း။ ဘယ်လောက် အဖိုးထိုက်မလဲလို့။ ဒီမြင်းကပါမှာ ကျုပ်ရောက်ရှိနေထိုင်ခဲ့တဲ့ အထိမ်းအမှတ်နဲ့ ဘုရားကြီးကောင်းကောင်းတည်ပြီး ကုသိုလ်ယူမယ်။''

မနုဟာက လက်စွပ်ကိုချွတ်ပြီး မြင်းကပါသူဌေးအား ကမ်းပေးလိုက်၏။ မြင်းကပါသူဌေးက လက်စွပ်ကို အသေအချာကြည့်၏။

''အဖိုးသားနားဖြတ်ဖို့ အတော်ခက်လှပါတယ် အရှင်၊ အကျွန်အနေနဲ့ ဝယ်ယူနိုင်ဖွယ်ရာမရှိပါဘူး။ ဒါပေမဲ့ အရှင်ရဲ့ကုသိုလ်ပါရမီကိုဖြည့်တဲ့အနေနဲ့ ဘုရားတည်ဖို့ ငွေအလုံအလောက်ပေးပါ့မယ်။ ငွေလှည်း ခြောက်စီးတိုက်ဆိုရင် အရှင့်အတွက် လုံလောက်မှုရှိပါ့မလား''

မြင်းကပါသူဌေး၏ စကားကအမှန်ပင်ဖြစ်လေ၏။ အဖိုးမဖြတ်နိုင်သော လက်စွပ်တော်ဖြစ်လေ၏။

''သာဓု၊ သာဓု၊ သာဓုပါ မြင်းကပါ သူဌေးရယ်။ ငွေလှည်းခြောက်စီးတိုက်ဆိုရင် လုံလောက်ပါတယ်၊ အခုလို ပါရမီဖြည့်တဲ့အတွက်လည်း ကျေးဇူးတင်လှပေတယ်။''

''ငွေလှည်းခြောက်စီးတိုက်အပြင် မြင်းကပါက လူသူလုပ်အားရအောင်လည်း ဆော်ဖန်စီမံပေးပါ့မယ်။ အရှင်ရဲ့ဘုရားတည်မယ့် ကုသိုလ်လုပ်ငန်းမှာ လိုအပ်သမျှကို ကူညီဆောင်ရွက်ဖို့ အရှင်အနော်ရထာကလည်း အကျွန်နဲ့ မြင်းကပါသားများကို အမိန့်တော်ဆင့်ထားတော်မူပါတယ်။''

''ဪ … ညီတော်အနော်ရထာကိုယ်တိုင်ကလည်း ကျုပ်ရဲ့ ဘုရားတည်လုပ်ငန်းမှာ စိတ်ဝင်စားမှုရှိပေတာကိုး''

← ← ←

www.burmeseclassic.com

www.burmeseclassic.com



(၂၈)

"သုဝဏ္ဏဘူမိက ဗိသုကာမှူးက အငယ်လေးပဲ ရှိသေးသတော်"

အိုပြည့်စင်က သူ၏ အဖော်များကို ပြောလိုက်၏။

"ဟုတ်တယ်နော်၊ သင်းရဲ့ ရုပ်ရည်ကလည်းချောပ"

အိုချမ်းသာက ပြောပြန်လေ၏။

မြင်းကပါသူတစ်သိုက်သည် မနုဟာဘုရားတည်ရာတွင် အုတ်သယ်မြေသယ် ကူသိလ်ယူရင်း ဗညား၏အကြောင်းကို ပြောနေကြလေ၏။ အမီးကလည်း တစ်စွန်းတစ်စကြားနေရ၏။

အမီးနှင့်မြင်းကပါသူဌေး ဦးဘောဂ၏သမီးတို့မှာမူ အကူလုပ်အားပေးများကို ကျွေးမွေးရန် ချက်ပြုတ်နေကြလေ၏။ မြင်းကပါသူဌေး၏သမီးမှာ အိုချစ်ရာဟုခေါ်လေ၏။

"ကြည့် ဟိုမှာ ယောက်မိယောက်မနှစ်ယောက် တည့်နေလိုက်ကြတာ"

အိုပြည့်စင်က အမီးတို့ကို မျက်စပစ်ပြကာ ပြောလိုက်လေ၏။ ထိုသို့ပြောဆိုနေစဉ်မှာပင် ဗညားသည် အမြင့်မှ ဆင်းလာကာ ရွှေများကိုသုတ်ရင်း အမီးတို့နားရောက်လာလေ၏။



"မောင်ကြီး အတော်ပင်ပန်းနေပြီလား။ နို့ခဲနဲ့ ထန်းလျက်သုံးဆောင်ဦး။ မန်ကျည်းရွက်နုနုသုပ်ကို ဆီနှင့်နှမ်းဆမ်းပြီးသုပ်ထားတယ်။ မောင်ကြီးရေပူကြမ်းနဲ့ မြည်းလေ။"

အိုချစ်ရာက ဗညားကို ပြောလိုက်လေ၏။

"အိုချစ်ရာရဲ့ မျက်နှာမြင်တာနဲ့ကို အမောပြေပြီး အားရှိနေပါပြီ။"

"ဘုရားတည်နေတာ တောပြောတောင်ပြော မပြောနဲ့နော်၊ အစ်မရဲ့ရှေ့မှာ" အိုချစ်ရာက ဗညားကို ပြန်ပြောလိုက်၏။

ဗညားနှင့်အိုချစ်ရာတို့သည် တစ်ဦးနှင့်တစ်ဦး ရည်ငံလျက်ရှိကြလေ၏။ မြင်းကပါသူဌေးဦးဘောဂကလည်း ဗညား၏ ဗိသုကာပညာကို သဘောကျနှစ်သက်၏။

မနုဟာဘုရားကြီးပြီးလျှင် လက်ထပ်ကြရန် ရည်ရွယ်ထားလေ၏။ အမီးကတော့ မြင်းကပါမှာ အခြေချရန် စိတ်ကူးထားခြင်းမရှိပေ။ အရှင်နှစ်ပါး ကံတော်ကုန်တဲ့အထိ အရှင်နှစ်ပါးကို အလုပ်အကျွေးပြုမည်။ အရှင်နှစ်ပါး မရှိတော့လျှင် သုဝဏ္ဏဘူမိရှိ ဆင်ဖြူတော်ကျွန်းသို့သာ ပြန်မည် ဖြစ်လေ၏။ သူမနှင့်အတူ အဲခေါင်ဘုန်းလည်းပြန်ရန် အဆင်သင့် ရှိနေ၏။

အမီးကတော့ ဗညားကို အိုချစ်ရာနှင့် လက်မထပ်စေချင်ပေ။ မြင်းကပါသူ အိုချစ်ရာနှင့်လက်ထပ်လျှင် ပုဂံမှသုဝဏ္ဏဘူမိသို့ ပြန်နိုင်တော့မည် မဟုတ်ပေ။

သို့သော်လည်း ဗညားနှင့် အိုချစ်ရာတို့မှာ အနေနီး၍ သံယောဇဉ်ဖြစ်နေကြလေပြီ။ အားလျှင် ဗညားက အိုချစ်ရာတို့အိမ်သို့ ရောက်ရှိနေတတ်သည်။ အိုချစ်ရာကလည်း ဗညား မလာလျှင် ချိုသည်၊ စားကောင်းသောက်ဖွယ်ချက်တိုင်း အိုချစ်ရာက ဗညားနှင့်အမီးထံ သွားပို့ပေးလေ့ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မနုဟာဘုရားကြီးမှာ ပြီးလုနေပြီ။ အချောကိုင်လျက်ရှိ၏။

ပန်းကနုတ်များဖြင့် အလှတန်ဆာဆင်နေလေပြီ။

အရိုးကြေးညှာ မနုဟာဘုရားသို့မလာစဖူး ရောက်လာခဲ့လေ၏။ အရိုးကြေးညှ နှုတ်မှ အမင်္ဂလာသတင်းသည် အားလုံးထံသို့ ပျံ့နှံ့သွားလေ၏။

"မြင်းကပါသူဌေးကို ကျွဲခတ်လို့ သေပြီတဲ့။"

အိုချစ်ရာ၏ရင်မှာ ဒိုင်းခနဲ ဆောင့်တက်သွားလေ၏။ ဗညားက အိုချစ်ရာ၏ ကိုယ်ကို သွားကိုင်လှုပ်လေ၏။

"သတိထားပါ အိုချစ်ရာ"

ဗညားက အနားမှ ပြောနေလေ၏။ ခဏအကြာ အသိစိတ် ပြန်ဝင်ခဲ့လေ၏။

"ဟုတ်ရဲ့လား အရိုးကြေးညှရယ်။"

အိုချစ်ရာက အားပျော့သောလေသံဖြင့် မေးလေ၏။

"ဒါမျိုးက ကျိစယ်စရာစကားမှ မဟုတ်တာ။"

"အိုချစ်ရာ စိတ်မကောင်းဖြစ်မနေပါနဲ့ အစ်မတို့လည်း ရှိသားပဲ။ လာ လာ ... အိမ်ပြန်ရအောင်၊ စီစဉ်စရာရှိတာတွေ စီစဉ်ကြရအောင်။"

အိုချစ်ရာကို အမိုးကတွဲခေါ်ကာ မနုဟာဘုရားကုန်းတော်မှ ဆင်းသွားလေ၏။ အိုချစ်ရာ၏ ဖခင်သေဆုံးခြင်းအတွက် ဗညား စိတ်မကောင်းဖြစ်မိ၏။ အိုချစ်ရာကိုလည်း သနားကရုဏာသက်မိရလေ၏။

အိုချစ်ရာက ဗညားကြိုက်တတ်သည်ဆို၍ မန်ကျည်းရွက်နုနုအား ကိုယ်တိုင်ခူးကာ ဆီနှိုင်းချင်းနှင့် နေ့စဉ် ဗညားအလုပ်မှနားလျှင် စားရစေရန် လုပ်ထားပေးလေ့ရှိလေ၏။

* * *



(၂၉)

သုဝဏ္ဏဘူမိမှ ထေရ်အရှင်များ၏ ဓမ္မရွတ်ဖတ်သံက မနုဟာဘုရားမှာ စည်ဝေလျှံလျက်ရှိလေ၏။

ဤနံနက်ခင်း အရုဏ်သည် မနုဟာဘုရားပြီး၍ အနေကဇာတင်သော မင်္ဂလာအခါဖြစ်လေ၏။

အနေကဇာတင်ပြီး ပရိတ်ရွတ်လေ၏။ ထို့နောက် အရှင်ဓမ္မဒဿီက တရားဟောလေ၏။

မနုဟာနှင့် နဂ်လာဒေဝီတို့သည် ညွတ်နူးသောအာရုံဖြင့် ငြိမ်သက်နေကြလေ၏။ ထို့နောက် ရေစက်ချ အမျှဝေလေ၏။ သာဓုခေါ်သံများက ပတ်ဝန်းကျင်သို့ လျှံထွက်သွားလေ၏။

ဘုရားအနေကဇာတင်ပွဲမှာ ရင်ပြင်ပြည့်မျှ လူသူပရိသတ် များလှလေ၏။ အနော်ရထာနှင့်တကွ တပ်မှူးကျန်စစ်သားတို့လည်း ရောက်လာကြလေ၏။

ပုဂံမြေမှာ သုဝဏ္ဏဘူမိမှ ထေရဝါဒ သာသနာတော်သည် အရည်းကြီးဝါဒကို အမြစ်မှ ပယ်လှန်သုတ်သင်လျက် အလျှံတညီးညီး တောက်ပလျက်ရှိလေ၏။

အနော်ရထာ၏ ရေစက်ကိုင်ထားသောလက်သည် တုန်ယင်နေ၏။ အနော်ရထာသည်လည်းကောင်း၊ မနုဟာသည်လည်းကောင်း အသက်အရွယ်များ ကြီးရင့်လာကြပြီဖြစ်ရာ စိတ်များသည်း ရင့်ကျက်နေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မနုဟာနှင့် နဂ်လာဒေဝီ သီရိကောင်းစောတို့သည်လည်း ရေစက်ချရင်း အလှူတော်မှာ စိတ်ကနစ်မွန်းနေလေ၏။ ရဟန်းတော်များက ရေစက်ချပြီးဘုရားတည်သော အနုမောဒနာ၊ ဆွမ်းကပ်လှူသော အနုမောဒနာများ ချီးမြှင့်လိုက်ရာ သာဓုသံများ စည်စည်ညံညံ သွားလေ၏။

ရေစက်ချပြီးသောအခါ မင်းနှစ်ပါးတို့ တွေ့ဆုံကြလေ၏။

"နောင်တော် စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပေရဲ့လား"

အနော်ရထာက မနုဟာကို စိုးရိမ်တကြီးနှင့် မေးလေ၏။ အဘယ်ကြောင့်ဆိုသော် မနုဟာသည် စိတ်ချမ်းမြေ့မှုမရှိဟူသော စကားက နားတော်ထဲရောက်လာသောကြောင့် ဖြစ်လေ၏။

"ချမ်းသာပြည့်စုံပါတယ် ညီတော်။"

မနုဟာ၏လေသံမှာ မာန်မာနကင်းနေ၏။ လိုသည်ထက် စကားကို မပြောချေ။ မနုဟာဘုရားပြီးသည့်နောက် အရာအားလုံးကို ရင်ထဲမှ ဆွဲနှုတ်ယူထုတ်လိုက်ပြီးဖြစ်၏။ ချစ်ခြင်း၊ မုန်းခြင်း၊ အလိုပြည့်ခြင်း၊ မပြည့်ခြင်းတို့ဖြင့် စိတ်ကို လှုပ်မထန်စေတော့ပေ။

စောစောလေးကတင် အရှင်ဓမ္မဒဿီ၏ ရုပ်နာမ် သင်္ခါရ ဓမ္မ သဘာဝ သဘောတရားကို ဆုံးမဟောပြောခဲ့သေး၏။

ဟုတ်တည်း။ မမြဲ ဆင်းရဲ အစိုးမရမှုတွေကို ကောင်းစွာမြင်တွေ့ သိရှိခဲ့လေပြီ။

"နောင်တော်ကို အသက်ရှည်ကျန်းမာစွာ မြင်တွေ့လိုပါသေးတယ်။ ညီတော်လည်း အကွဲကွဲအပြားပြားဖြစ်နေတဲ့ ဒေသနယ်ပယ်တွေကို တစ်စုတစ်စည်းတည်းဖြစ်အောင်နဲ့ နယ်ပယ်အားလုံးမှာ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ဖို့ဆောင်ရွက်နေရတာနဲ့ မအားလပ်လှဘူး။ နောင်တော်ကို လျစ်လျူရှုထားသလို ဖြစ်နေပါတယ်။ ခွင့်လွှတ်ပါ နောင်တော်"



အနော်ရထာ၏စကားကို ယခင်ကဆိုလျှင် ဘုန်းအာဏာကြီးထွားဖို့ စစ်အင်အားသုံးပြီး နယ်ပယ်ချဲ့ထွင်နေတာပဲမဟုတ်လားဟု ပြန်လည်ပြောကြားမိပေလိမ့်မည်။ အခုတော့ အနော်ရထာ၏ စိတ်ကို အနှောင့်အယှက်မပေးလိုတော့ စိတ်ချမ်းသာစွာရှိနေစေချင်သည်။

"ခွင့်လွှတ်ပါတယ်"

မနုဟာ၏စကားများက တိုတောင်းလွန်းလှ၍ အနော်ရထာမှာ အားမရလှပေ။

"နောင်တော်တည်တဲ့ မနုဟာဘုရားကတော့ဖြင့် ပြီးသွားခဲ့ပြီ။ ညီတော်တည်တဲ့ ရွှေစည်းခုံစေတီကတော့ တစ်ဝက်တစ်ပျက်ပဲ ရှိသေးတယ်။ ညီတော် ကံမကုန်ခင် ပြီးမှ ပြီးပါ့မလားပဲ၊ တာဟီရတွေက များလွန်းတော့ မပြီးပြတ်ဘဲ ကျန်ရစ်ခဲ့မှာ စိုးပါတယ်။"

အနော်ရထာက ညည်းတွားပြောဆိုလိုက်လေ၏။

"ပြီးပါလိမ့်မယ် ညီတော်၊ နောင်တပူပန်ခြင်းနဲ့ စိုးရိမ်သောက လောင်မြိုက်မှုတွေကို မထားပါလင့်၊ သဗ္ဗေသတ္တာ ကမ္မသကာပါပဲ။ ကံနဲ့ကံရဲ့ အကြောင်းတရားတွေပါ။ မပြီးခဲ့ရင်လည်း သားစဉ်မြေးဆက် တည်ကြပါလိမ့်မယ်။"

မနုဟာက အနော်ရထာကို ပြန်လည် နှစ်သိမ့်စကားဆို၏။ ဤမျှသူ့အပေါ် မနုဟာကစကားပြန်ပြောလျှင် အနော်ရထာကျေနပ်ရလေပြီ။

မနုဟာဘုရား ရေစက်ချရာမှအပြန်တွင် အနော်ရထာမှာ အတွေးများစွာဖြင့် တိတ်ဆိတ်နေ၏။ ထီးလှိုင်ရှင်ကလည်း အလိုက်သိစွာ ဘာမှ မပြောဘဲ နောက်တော်မှ တိတ်ဆိတ်စွာလိုက်လာခဲ့လေ၏။

"ထီးလှိုင်ရှင်"

အနော်ရထာက ထီးလှိုင်ရှင်ကို ခေါ်လိုက်လေ၏။

"နောင်တော်မနုဟာ တည်တဲ့ဘုရားက ထ[illegible]ပိုင်မာပြီး အချိုးအစားကျတယ်။ ဗိသုကာလက်ရာတွေကလည်း အံ့မခန်းဆန်းကြယ်

www.burmeseclassic.com

www.burmeseclassic.com



လုတာယ်။ အဲ့ဒါအပြင် ဘုရားကို လှည့်လည်ကြည့်တော့ ထီးလှိုင်ရှင် ဘာတွေ သတိထားမိသလဲ''

"မနုဟာဘုရားကတော့ ပုဂံမြေမှာ အတော်ကြီးမားပြီး ဗိသုကာ လက်ရာမြောက်လှတဲ့ ဘုရားတစ်ဆူပါပဲ။ အတော်မြင့်မားလွန်းတဲ့ ဂန္ဓကုဋိတိုက်တော် ပြည့်ကျပ်နေတဲ့ ရုပ်ပွားတော်မြတ်ဟာ ပုဂံသား အားလုံးမျက်နှာတော်ကို မော်ဖူးစေရမှာဖြစ်ပါတယ်။

မျက်နှာတော်က ဂန္ဓကုဋိတိုက် အမိုးထဲမြုပ်ဝင်လောက်အောင် ကြီးမားတာမို့ ဒါဟာရည်ရွယ်ချက် ထူးခြားစွာနဲ့ တည်ထားတာဖြစ်နိုင် ပါတယ် အရှင်''

ထီးလှိုင်ရှင်က မြင်သမျှကို ပြန်ပြောကြားလိုက်လေ၏။

"ဟုတ်တယ် ထီးလှိုင်၊ တို့ဟာပိဋကတ်သုံးပုံအတွက် သုဝဏ္ဏ ဘူမိကို တိုက်မိခဲ့တယ်။ ခက်ခက်ခဲခဲကို တိုက်ခဲ့ရတာ၊ တို့နိုင်ခဲ့တယ် ပဲထားပါတော့။ ဒါပေမဲ့ တို့ဟာ သုဝဏ္ဏဘူမိမှာ ဒီလိုကြီးမားတဲ့ ဘုရား မျိုး သွားပြီးမတည်ခဲ့နိုင်ဘူး။

နောင်တော် မနုဟာက တို့မြင်းကပါမှာ ကြီးမားတဲ့ဘုရား ကြီးတည်သွားခဲ့နိုင်တယ်။ ပုဂံသားတွေ အစဉ်အဆက် ဒီဘုရားကြီးကို ဖူးမြော်ကြရတော့မယ်။ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြ ရတော့မယ်။ ဒီဘုရားကြီးတည်နေသမျှ ပုဂံမှာ မနုဟာဆိုတဲ့ အမည် နဲ့ဂုဏ်သတင်းဟာ နောင်တော်မနုဟာ မရှိတော့တဲ့ နောက်ပိုင်းမှာလည်း စကြဝဠာတံတိုင်းမှာ တံဆိပ်ခတ်နှိပ်ထားသလို တည်ရှိနေတော့မယ်။ ဒါဟာ နောင်တော်မနုဟာက မြတ်သွားတာ၊ ရှုံးတာမဟုတ်ဘူး။ အမြတ် ရသွားတာ မဖြစ်နိုင်ဘူးလား''

အနော်ရထာ၏ အတွေးမျိုး ထီးလှိုင်ရှင်မတွေးမိခဲ့ပေ။ အခုမှ ဦးနှောက်ထဲမှာ လင်းကနဲဖြစ်သွားရလေ၏။

ရုပ်ပွားတော်မြတ်ကြီးဟာ ဂန္ဓကုဋိတိုက်နဲ့ ပြည့်ကျပ်နေတာဟာ



နောင်တော်မနုဟာအနေနဲ့ သက်သက်မဲ့ တည်သွားတာမဟုတ်ဘူး။ စိတ်ခံစားချက်တစ်ခုခုကစေစားပြီး တည်တာဖြစ်နိုင်တယ်။ ဘယ်လို စေစားပြီးတည်ခဲ့တယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ နောင်တော် မနုဟာပဲ သိပါလိမ့်မယ်။

တွေးမိရသလောက်တော့ ဂန္ဓကုဋိတိုက်တော်ကြီးက လောက ကြီးလို့ထားကြည့်ရအောင်၊ ရုပ်ပွားတော်မြတ်ကြီးက ဘုန်းတန်ခိုးတော် လို့ ယူဆကြရအောင်။ လောကအပြည့် ဘုန်းတန်ခိုးတောက်ပလိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ထားတာဖြစ်နိုင်တယ်။

နောက်တစ်ချက်က ဂန္ဓကုဋိတိုက်တော်ပြည့်ကျပ်လှမျှ ရုပ်ပွား တော်တည်ထားတာဟာ နောင်တော်မနုဟာ စိတ်တော်ကျဉ်းကျပ်စွာ မြင်းကပါမှာ နေထိုင်ခဲ့ရတယ်လို့ ဖော်ပြချင်တဲ့သဘောလည်းဖြစ်နိုင် သေးတယ်။

မနုဟာဘုရားကြီးကို ဖူးမြော်ရတဲ့သူတွေကတော့ ပထမ ရည်ရွယ်ချက်ဖြစ်တဲ့ ဘုန်းတန်ခိုးကြီးမားလိုတဲ့ ရည်ရွယ်ချက်ကို တွေးမိ မှာတော့ မဟုတ်ဘူး။ မနုဟာနောင်တော်ရဲ့ စိတ်တော်ကျဉ်းကျပ်ပုံရ တယ်လို့သာ တွေးမြင်ယူဆကြလိမ့်မယ်။

ဒီလိုယူဆတွေးမြင်ခဲ့ရင် တို့ရှုံးတာပဲ ထီးလှိုင်ရှင်ရယ်။

တကယ်ပဲ နောင်တော်မနုဟာက မြင်းကပါမှာနေရတာ စိတ် ကျဉ်းကျပ်နေခဲ့လိမ့်မယ်လို့ ထင်သလား ထီးလှိုင်ရှင်။''

အနော်ရထာ၏ရင်ထဲမှ ဖောက်ထွက်လာသော စကား၊ ထီးလှိုင်ရှင်က သူ၏အရှင် သုံးသပ်ဝေဖန်သွားသော စကားများကို ပြန်လည်သုံးသပ် ဝေဖန်နေမိလေတော့၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ဝတ္ထုအား ဤမျှဖြင့် အဆုံးသတ်ချင်ပါသည်။ အဲခေါင်ဘုန်းသည် မနုဟာ၏ အပါးတော်မြဲ ဖြစ်လေ၏။ မနုဟာထံသို့ ကွဲခြီသူကြီးက ဆက်သသော လက်စွပ်တော်ကို မနုဟာရှင် မြတ်နိုးစွာဖြင့် မနုဟာလက်စွပ်တော်ဟု အမည်သမုတ်ကာ အမြဲတမ်း ဝတ်ဆင်တော်မူခဲ့လေ၏။ ထိုလက်စွပ်တော်ရပြီး အိပ်မက်တစ်ခုကို မက်ခဲ့၏။ ထိုအိပ်မက်တွင် ကွဲမြွေတစ်ကောင်သည် မနုဟာအရှင်၏ ရာဇပလ္လင်ကို ချီဖြင့်ကော်ခတ်ဖျက်ဆီးလေ၏။ ထို့နောက် လှုနှစ်ယောက်ကို ခတ်သတ်လေ၏။

မနုဟာသည် နန်းကျ၍ ပုဂံသို့ ပါခဲ့ရ၏။ မနုဟာဘုရားကိုတည်ရန် ထိုလက်စွပ်တော်ကို မြင်းကပါသူဌေးအားရောင်းချ၍ တည်ခဲ့၏။ ဘုရားပြီးခါနီးမှာ မြင်းကပါသူဌေးလည်း ကွဲခတ်ခံရ၍ သေဆုံးခဲ့ရသည်ဟု ဇာတ်လမ်းထဲမှာ ကျွန်တော်ရေးဖွဲ့ခဲ့ပါသည်။

မနုဟာလက်စွပ်အကြောင်းကို အဲခေါင်ဘုန်းက အမီးကို မြင်းကပါသူဌေး ကွဲခတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ပြောပြခဲ့၏။ အမီးမှတစ်ဆင့် ဗညားကို ပြောပြလေ၏။ ဗညားမှတစ်ဆင့် အိုချစ်ရာကို ပြောပြပြန်၏။ အိုချစ်ရာတို့မိသားစုသည် မနုဟာလက်စွပ်ကို ဆက်လက် မသိမ်းထားဝံ့တော့ပဲ ဘုန်းကြီးသောအနော်ရထာမင်းမြတ်ကို ဆက်သလိုက်သည်ဟုဆိုလျှင် ....

ထို မနုဟာလက်စွပ်တော်သည် အင်္ဂလန်နိုင်ငံရှိ ထင်ရှားသော ပြတိုက်တစ်ခု၌ ရောက်ရှိနေကြောင်း သတင်းကြားသိရသည်ဟုဆိုလျှင်

မည်သို့ဆိုစေ ကျွန်တော်ရေးသားသည်မှာ သမိုင်းရာဇဝင်ကျမ်းစာတစ်အုပ်မဟုတ်ဘဲ ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါသည်ဟုဆိုပါလျှင်

*ကာယသုခ စိတ္တသုခနဲ့ ပြည့်ဝကြပါစေ။*

*ပဉ္စ ဂုဏံ အဟံဝန္ဒာမိ*

ဘုန်းမြင့်တေဇာ



## ထူးခြားစိတ်ဝင်စားဖွယ်ရာနောက်ဆက်တွဲ (၁)

## မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းဆရာတော်ဦးကဝိနှင့် မနုဟာ

သထုံမြို့သည် တစ်ချိန်က သုဝဏ္ဏဘူမိအမည်ဖြင့် သမိုင်းတွင်ထင်ရှားလျက် သာသနာတော် ထွန်းလင်းတောက်ပသော မြို့တစ်မြို့ဖြစ်လေ၏။ သုဝဏ္ဏဟူသည် ရွှေကို ခေါ်လေ၏။ ဘူမိသည် မြေကိုဆိုလို၏။ သုဝဏ္ဏဘူမိ၏ အဓိပ္ပာယ်မှာ ရွှေမြေ ဟူ၍ဖြစ်လေ၏။

သထုံဟုဖြစ်လာပုံမှာ သူရိယစန္ဒာမင်းလက်ထက်က သုဝဏ္ဏဘူမိကို သုဓမ္မဝတီဟုလည်းကောင်း၊ သုဓမ္မပူရဟုလည်းကောင်း ခေါ်တွင်ခဲ့၏။ သုဓမ္မမှ သုဓုံဟုလည်းကောင်း၊ သုဓုံမှ သုထုံဟုလည်းကောင်း၊ သုထုံမှ သထုံဟူ၍လည်းကောင်း ပြောင်းလဲခေါ်လာဟန်တူလေ၏။

သထုံမြို့သားတို့သည် သာသနာအစ သုဝဏ္ဏဘူမိ သထုံကဟူ၍ ဂုဏ်ယူပြောဆိုတတ်ကြလေ၏။

သထုံမြို့၏ အရှေ့ဘက်တွင် နေမိန္ဒရတောင်ရှိလေ၏။ နေမိန္ဒရတောင်ခြေ၌ ပြန့်ပြူးသော မြေဝါ၊ မြေနီများဝယ် စိမ်းမှောင်သော သစ်ပင်ကြီးများဖြင့် သာမောဖွယ်ရာ ရှုံမြိုင်တောကြီးဖြစ်နေ၏။ သစ်ပင်ဝါးပင်များကို မည်သူမျှ မခုတ်လှဲကြသောကြောင့် မိဂဒါဝုန်တောကဲ့သို့ ပေ ၅၀ အထက်မြင့်သော သစ်ပင်ကြီးများဖြင့် အေးချမ်းသိတ်ငြိမ်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ သထုံမြို့ရှိ၊ ကျုံးမြောင်းများ အထင်အရှားရှိလေ၏။ သထုံမြို့မှ ဒါယကာ၊ ဒါယိကာမများသည် နေမိန္ဒရတောင်ဝယ် သာသနာတော် စည်ပင်ပြန့်ပွားရန်အတွက် သိမ်တော်တစ်ခု လိုအပ်သည်ဟု ယူဆကြလေ၏။

ထို့ကြောင့် သီလသမာဓိနှင့် ပြည့်စုံသော ဆရာတော်တစ်ပါးကို အကျိုးအကြောင်းလျှောက်ထားတောင်းပန်ကာ နေမိန္ဒရတောင်၌ သိမ်သမုတ်ရန်အတွက် ပင့်ဆောင်လာကြလေ၏။ ဆရာတော်မှာ နေမိန္ဒရတောင်ခြေရှိ တည်းကျောင်းသို့ ရောက်ရှိသောအခါ မေတ္တာဘာဝနာကို အထူးစီးဖြန်း၍ သိမ်ကို အောင်မြင်ပြီးစီးအောင်သမုတ်မည်ဟု စိတ်ဆန္ဒပြင်းပြစွာဖြင့် ဖွဲ့လုံ့လကြီးစွာထားကာ ကြိုးပမ်းတော်မူလေ၏။

ဆရာတော်ကြီးသည် သိမ်သမုတ်ရန်အတွက် အတူလိုက်ပါကြွလာကြသော သံဃာတော်များကို ကမ္မဝါဖတ်ခြင်း၊ သိမ်နုတ်ခြင်း၊ သိမ်ပန္နက်ချခြင်း လုပ်ငန်းအဝဝအတွက် ကြိုတင်စီစဉ်ဖွယ်ရာများကို စီစဉ်လေ၏။ ပြုလုပ်ဆောင်ရွက်ဖွယ်ရာ ကိစ္စအဝဝကိုလည်း ဆောင်ရွက်စေလေ၏။

ဒါယကာ၊ဒါယိကာမအပေါင်းတို့ကိုလည်း သိမ်သမုတ်ရန် သိမ်နယ်နိမိတ် ကျောက်တိုင်များ၊ သစ်၊ ဝါးများ၊ ထုံး၊ သဲ၊ ကျောက်၊ အုတ်များကို နေမိန္ဒရတောင်ပေါ်သို့ ယူတင်စေ၍ နေရာချထားလေ၏။

ဒါယကာ၊ ဒါယိကာမများမှာလည်း ထိုနေ့တစ်နေ့လုံး သာသနာရေးနှင့် ကုသိုလ်ရေးအတွက် မောပန်းသည်ကို အမှုမထားဘဲ ထမ်းသူကထမ်း၊ ရွက်သူကရွက်ဖြင့် ပျော်ရွှင်နေကြလေ၏။ ထိုပျော်ရွှင်မှုမှာတစ်ရက်တာမျှသာ ခံလေ၏။ နေ့ဘက်အလုပ်လုပ်ကြ၊ စားသောက်ကြပြီး၍ ညအိပ်စက်ကြလေ၏။ အခြောက်အလှန့်မရှိ ကောင်းမွန်စွာ အိပ်မောကျကြလေ၏။



သို့သော်လည်း မိုးစင်စင်လင်းပြီး အိပ်ရာမှထ မျက်နှာသစ်၍ အလုပ်လုပ်ကြမည်ဟုကြည့်ကြသောအခါ မနေ့ကသိမ်သမုတ်ရန် အတွက် နေမိန္ဒရတောင်ပေါ်သို့ တပင်တပန်း လူအင်အားများစွာဖြင့် ထမ်းတင် ထားကြသော သိမ်သမုတ်ရန် သိမ်နိမိတ် ကျောက်တိုင်များ၊ သစ်ဝါးများ၊ ထုံးသဲ၊ ဘိလပ်မြေများတို့သည် တောင်အောက်သို့ ပြန်ရောက်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိကြရလေ၏။

အပေါ်အပါးသွားသည့်နေရာတွင် မှားသည်လား၊ စကားအပြောအဆို မှားကြသည်လား၊ အစားအသောက် မှားကြသည်လားဟု မေးမြန်းစိစစ်ကြည့်ရာ အမှားအယွင်း တစ်ယောက်မှမရှိသည်ကို တွေ့ရှိရလေ၏။

ထို့ကြောင့် အနေအထိုင် အပြောအဆိုများကို ခါတိုင်းထက် ဆင်ခြင်ကာ ဆရာတော်ကြီးများက သိမ်သမုတ်နိုင်ဖို့ ကြိုးပမ်းကြပြန်လေ၏။ သိမ်နိမိတ်ကျောက်တိုင်များ၊ သစ်ဝါးများနှင့် လိုအပ်သောပစ္စည်းအဝဝကို တောင်ပေါ်သို့ပြန်ထမ်းတင်ကြလေ၏။ ထိုမျှသာမက လူအချို့ကိုပါ စောင့်အိပ်ခိုင်းလေ၏။ ထိုသို့ထူးဆန်းသောအဖြစ်အား ကိုယ်တိုင်တွေ့မြင်သိရှိလိုသောသူများနှင့် ကျောက်တိုင်များ၊ သစ်ဝါးများ တောင်အောက်သို့ မည်သူချခဲ့သည်ကို သိရှိလိုသူတို့လည်း တောင်ပေါ်တောင်အောက်စောင့်၍ ထိုညမှာ အိပ်ကြလေ၏။

နံနက်မိုးလင်းပြန်သောအခါ ယခင်နေ့ကကဲ့သို့ပင် တောင်ပေါ်သို့ ထမ်းတင်ထားသော ပစ္စည်းပစ္စယများ တစ်ခုမကျန် တောင်အောက်သို့ ပြန်ရောက်နေသည်ကို တွေ့ရှိကြရလေ၏။ ထိုပစ္စည်းပစ္စယများအား မည်သူက တောင်အောက်သို့ ပြန်ထမ်းချထားသည်ကို တွေ့မြင်ခြင်း မရှိကြပေ။

ထို့အပြင် တောင်ပေါ်မှာ ပစ္စည်းပစ္စယများကို စောင့်အိပ်နေကြသူများပါ မိုးလင်းသောအခါ တောင်အောက်သို့ရွှေ့ခံရပြီး ရောက်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ကြရလေ၏။ ထို့ကြောင့် လူအများမှာ တုန်လှုပ်ချောက်ချား ကာ တောင်အနားသို့ပင် ကပ်ဝံ့သူ နည်းသွားလေ၏။

တပည့်ဒါယကာ၊ ဒါယိကာမများမှာ ထိတ်လန့်နေကြပြီဖြစ် သော်လည်း ဦးစီးနာယကဆရာတော်မှာ နောက်မဆုတ်ဘဲ ထပ်မံ၍ သိမ်သမုတ်နိုင်ရန် ကြိုးစားပြန်လေ၏။ အကာအကွယ်များကိုလည်း ပြုလုပ်လေ၏။

မည်သို့ပင်ကြိုးစားသော်လည်း ညအချိန်၌ တောက်ခေါက် သံများ၊ စကားပြောသံများ၊ တောခြောက်တောအော်သံတဝေါဝေါဖြင့် အလွန်ချောက်ချားဖွယ်ရာ ခြောက်လှန့်မှုများနှင့် ကြုံတွေ့ကြရလေ၏။ အိပ်ပျော်နေစဉ် ခြေထောက်လာဆွဲခြင်းများ၊ အိပ်မက်ဆိုးများနှင့် ကြုံ တွေ့ကာ နောက်ဆုံးတွင် သိမ်သမုတ်၍ သာသနာပြုရန် အကြံအစည် မှာ ပျက်ပြားသွားရပြီး နေမိန္ဒရတောင်သည် အလွန်ကြမ်းလှသည်ဟု သတင်းကြီးလေ၏။

ဦးခန္တီသည် မြန်မာနိုင်ငံ အနှံ့အပြား၌ စေတီဘုရားကျောင်း ကန်များ တည်ဆောက်ကာ လှည့်လည်သာသနာပြုရင်း သထုံမြို့နေမိန္ဒရ တောင်သို့ ရောက်ရှိလာခဲ့လေ၏။

သထုံမြို့ နေမိန္ဒရနေရာသည် အမိကရနေရာဖြစ်ပြီး ဘုရားရှင် လက်ထက်တော်က သုဝဏ္ဏဘူမိသထုံပြည်သို့ ကြွလာတော်မူသော အခါ စန္ဒကူးကျောင်းတော်နှင့် သီတင်းသုံးတော်မူခဲ့လေ၏။ အာသောက မင်းလက်ထက်သာသနာပြုစေလွှတ်တော်မူခဲ့သော သောဏာမထေရ် နှင့် ဥတ္တရမထေရ်တို့သည်လည်း ထိုနေမိန္ဒရတောင်ခြေတစ်ပိုက်မှာပင် သီတင်းသုံးတော်မူခဲ့လေ၏။

ထို့အပြင် ခေတ်အဆက်ဆက် ရဟန္တာများလည်း ဤနေမိန္ဒရ တောင်ခြေတစ်ပိုက်မှာ သီတင်းသုံးကာ ကျင့်ကြံအားထုတ်ကြလေ၏။ ထို့ကြောင့် ထိုရဟန္တာအသီးသီး သီတင်းသုံးနေထိုင်ခဲ့ရာ နေမိန္ဒရတောင်



ခြေရှိ လိပ်အင်းရပ်နှင့် ပေါ်တော်မူရပ်တစ်ခွင် ကျယ်ပြန့်သောမြေ ဧရိယာကို သန့်ရှင်းသုတ်သင်ကာ အင်္ဂလန်ဘုရင်မကြီးထံ ရဟန္တာမြို့ အဖြစ် မြေဂရန်သတ်မှတ်ရန်နှင့် အခွန်ကင်းလွတ်ခွင့်လျှောက်ထား ရရှိခဲ့လေ၏။

ထိုရဟန္တာမြို့ကို အုတ်တံတိုင်းလေးဖက်ကာရံကာ ရဟန္တာမြို့၏ အလယ်တွင် စန္ဒကူးကျောင်းတော်နှင့် ဘုရားရှင်သီတင်းသုံးပုံ ရုပ်ပွားတော်ကို တည်လုပ်ပူဇော်တော်မူလေ၏။ သုဝဏ္ဏဘူမိသို့ကြွ ရောက်၍ သာသနာပြုတော်မူသော အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်အနုရုဒ္ဓါ အစရှိသော ရဟန္တာငါးပါး၊ အရှင်ဂဝံပတိမှစ၍ ရဟန္တာ ရုပ်တုတော်များကိုလည်း ရဟန္တာမြို့အတွင်း ထုလုပ်ပူဇော်တော်မူ လေ၏။

ယင်းရဟန္တာမြို့တွင် နောင်လာနောက်သားအပေါင်း ဖူးမြော် ကြည်ညိုကုသိုလ်ပွားများအောင် ဘုရားရှင်နှင့်ရဟန္တာအပေါင်းတို့ကို တည်လုပ်နေစဉ် ရသေ့ကြီးဦးခန္တီအား နေမိန္ဒရတောင်တော်ကို အပ်နှင်း ကြလေ၏။

ဦးခန္တီက

"သိမ်အဆောက်အအုံအတွက်တော့ ကျုပ်တာဝန်ယူနိုင်ပါတယ်။ သိမ်သမုတ်ဖို့ဆိုတာကျတော့ ကျုပ်က ရသေ့ဖြစ်နေလို့ တာဝန်မယူ နိုင်ဘူးဗျာ။ အဲ ... တစ်ခုတော့ရှိတယ်။ ကျုပ်အနေနဲ့ သိမ်သမုတ် နိုင်မယ့် ရဟန်းကို ညွှန်ပြပေးလိုက်မယ်။ ခင်ဗျားတို့ အဲ့ဒီဆရာတော်ကို သွားပင့်ကြ။ အဲ့ဒီဆရာတော်က သိမ်သမုတ်ဖို့ လက်ခံတယ်ဆိုရင် ခင်ဗျား တို့ဆန္ဒ အောင်မြင်လိမ့်မယ်။ အဲ့ဒီဆရာတော်က လက်မခံရင်တော့ မအောင်မြင်ဘူး" ဟုပြောလိုက်လေ၏။

"တပည့်တော်တို့ကို ညွှန်ပြပေးတော်မူပါ။ တပည့်တော်တို့ သွားပင့်လျှောက်ပါ့မယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာ၊ ဒါယိကာမများက စိတ်အားထက်သန်စွာ မေးမြန်းလျှောက်ထားကြ၏။ "နေမိန္ဒရတောင်မှာ သိမ်သမုတ်ဖို့ ညောင်လွန့်ဆရာတော်ကိုသာ သွားပင့်လျှောက်ကြပါ။"

ရသေ့ကြီးဦးခန္တီက ညောင်လွန့်ဆရာတော် သီတင်းသုံးရာ ခရီးလမ်းစဉ်ကိုပါ ပြောပြညွှန်ကြားလိုက်ရာ ဒါယကာ၊ ဒါယိကာမ အပေါင်းသည် ရွှင်လန်းအားရစွာဖြင့် ညောင်လွန့်ဆရာတော်ကို သိမ်သမုတ်ဖို့ သွားရောက် ပင့်ဆောင်ကြလေ၏။

ညောင်လွန့်ဆရာတော်၏ကျောင်းသို့ရပ်ဝေးမှ ဒါယကာများ ထူးထူးခြားခြား ရောက်ရှိလာကြ၏။

"ဒကာတို့က ဘယ်နယ်က ရောက်လာကြတာလဲ။"

ဆရာတော်က မေးမြန်းလေ၏။

"သထုံကနေပြီး အရှင်ဘုရားဆီကို လာခဲ့ကြတာပါဘုရား"

"ဘာကိစ္စနဲ့လဲ"

"သထုံနေမိန္ဒရတောင်မှာ သိမ်သမုတ်ဖို့ပါဘုရား။ ရသေ့ကြီးဦးခန္တီက သိမ်သမုတ်ဖို့ အရှင်ဘုရားကိုပင့်ဖို့ ညွှန်လိုက်ပါတယ်။ အဲ့ဒါ သိမ်သမုတ်ဖို့ အရှင်ဘုရားကို တပည့်တော်တို့အပ်နှံပါတယ်။"

သထုံမှရောက်လာကြသော ဒါယကာများက အကျိုးအကြောင်း ရှင်းပြလျှောက်ထားကြလေ၏။ ထိုအခါ ညောင်လွန့်ဆရာတော်က အရှေ့အနောက် ပြန်လည်စဉ်းစားချင့်ချိန်ကာ ဒီကိစ္စ ဦးကဝိပါမှဖြစ်မည်ဟု တွေးမိသောကြောင့် သိမ်သမုတ်ရန်ကိစ္စကို ချက်ချင်းလက်ခံတော်မမူချေ။

စဉ်းစားဦးမယ်။ ခဏစောင့်ကြဦးဟုဆိုကာ သထုံမှရောက်လာသောဒါယကာများ တည်းခို နေထိုင်စားသောက်ရန် စီစဉ်ပေးပြီး မောင်ရင်ပေါ်ချောက်ဆရာတော်ဦးကဝိအား အမြန်ကြွရောက်လာရန် သွားရောက် ပင့်ခိုင်းလေ၏။



ညောင်လွန့်ဆရာတော်လွှတ်လိုက်သူများက ဆရာတော်ဦးကဝိအားသွားရောက်ပင့်ကြရာ အကြောင်းတရားနှင့် အကျိုးတရားကို သိရှိရန်အတွက် ကြိုတင် အဓိဋ္ဌာန်ယူကာကြည့်လေ၏။

ထိုအခါ ဦးစံတင်က

"အရှင်ဘုရား ရှေ့ကအကြောင်းတွေ ပြန်ကြည့်နေသလား။ ကြွသာကြွပါ။ အရှင်ဘုရား ပြုလုပ်ထားခဲ့တာတွေပါ။ တနင်္ဂနွေထောင့်မှာ မြေကမူလေးရှိလိမ့်မယ်။ အဲ့ဒီနေရာက ပရိက်တည်ပါ။ အောင်မြင်ပါလိမ့်မယ် ဘုရား" ဟုလျှောက်ထားလေ၏။

(ဦးစံတင်မှာ သမာဓိမျှော်အောင်၍ ရုံဖန်ရံခါ ကမ္ဘာစောင့်နတ်ကြီးများပူးကပ်သည်ဟု သမုတ်ခံရသူဖြစ်၏။)

ဆရာတော်ဦးကဝိလည်း ပင့်ခေါ်သည့်အတိုင်း ညောင်လွန့်သို့ကြွရောက်သွားလေ၏။

"ဟောဒီမှာ ရောက်နေကြတဲ့ ဒကာတွေဟာ သထုံကရောက်လာကြတဲ့သူတွေဖြစ်တယ်။ သထုံနေမိန္ဒရမှာ သိမ်သမုတ်ဖို့ လာပင့်ကြတာတဲ့၊ လက်ခံလိုက်ရမလားဦးကဝိ။"

ညောင်လွန့်ဆရာတော်က မောင်ရင်ပေါ်ချောက်ဆရာတော်ဦးကဝိအား ပင့်ခေါ်ရသည့်အကြောင်းကို ပြောဆိုရင်းမေးလိုက်လေ၏။

"ဆရာတော်ဘုရား လက်ခံတော်မူလိုက်ပါ။"

ဆရာတော်ဦးကဝိက ထိုသို့ပြောလိုက်သောအခါ ညောင်လွန့်ဆရာတော်က သထုံ နေမိန္ဒရမှာ သိမ်သမုတ်ရန် လက်ခံလိုက်ပြီး ရက်များပင် သတ်မှတ်ပေးလိုက်သောအခါ လာရောက်ပင့်လျှောက်ကြသော ဒါယကာများမှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကဝိ

သိမ်သမုတ်ဖို့လက်ခံလိုက်ပြီ။ ရက်ချိန်းလည်း ပေးလိုက်ပြီ ဆိုတော့ မသွားလို့မဖြစ်တော့ဘူး။ ဟိုကျတော့ အစစအရာရာ ခင်ဗျားပဲ စီစဉ်ရလိမ့်မယ်။ ခုနယ်က လိုလေသေးမရှိအောင် စီစဉ်ပါ။ ခင်ဗျား လိုအပ်တာတွေကို ပြောပါ။ အကုန်စီစဉ်ပေးပါ့မယ်။ ပြည့်စုံအောင် ဆောင်ရွက်ပေးပါ့မယ်။

ညောင်လွန့်ဆရာတော်က သထုံနေမိန္ဒရတောင်သို့ သိမ်သမုတ်ရန်မသွားမီ စီစဉ်စရာရှိသည်များကို စီစဉ်ရန် ဦးကဝိအား မိန့်ကြားလေ၏။

"ကြက်လျှာတိုင်များများရရှိဖို့ လိုပါတယ်ဘုရား"

ဦးကဝိက လိုအပ်သည်ကို လျှောက်ထားလိုက်၏။

"ကြက်လျှာတိုင်တွေက ဘာလုပ်ဖို့တုန်း"

ညောင်လွန့်ဆရာတော်က နားမလည်၍ ပြန်မေးလေ၏။

"သူတို့ကို လက်ဆောင်ပေးဖို့ပါဘုရား"

ဦးကဝိက လျှောက်ထားလိုက်သောအခါ ညောင်လွန့် ဆရာတော် သဘောပေါက်သွားလေ၏။ ကြက်လျှာတိုင်များမှာ နေမိန္ဒရတောင်မှ မမြင်အပ်သော ပရလောက ပုဂ္ဂိုလ်များကို ပေးရန်ဖြစ်လေ၏။

"ကောင်းပါပြီဗျား"

ညောင်လွန့်ဆရာတော်မှာ ဦးကဝိ ပြောသည့်အတိုင်း ကြက်လျှာတိုင်များကို များများလုပ်ခိုင်းလေ၏။

"ဟိုကျတော့ ခင်ဗျား ကမ္မဝါဖတ်ရလိမ့်မဗျ"

ညောင်လွန့်ဆရာတော်က မောင်ရင်ပေါ်ဆရာတော်အား မိန့်ကြားပြန်လေ၏။

"ဒါဖြင့် ဆရာတော်က ကမ္မဝါဖတ်ပုံဖတ်နည်း ပြောပြပါ။"

ဦးကဝိက ပြန်လည် လျှောက်ထားလိုက်၏။



ညောင်လွန့်ဆရာတော်က ဦးကဝိဆရာတော်အား

"လုံးကြီးတင်သံတို၊ တစ်ချောင်းငင်သံတိုဖတ်၊ ဝစ္စပေါက်သံ မပါစေနဲ့" ဟုဆိုကာ ကမ္မဝါဖတ်နည်းအား ကိုယ်တိုင် ဌာန်၊ ကရိုဏ်း ပယ်တ် ပီသစွာ ရွတ်ဖတ်သင်ကြားပြလေ၏။

ဆရာတော်က သင်ကြားရွတ်ဖတ်ပြပြီးသောအခါ ဦးကဝိက ကမ္မဝါစာကို ကိုင်ပြီး ညောင်လွန့်ဆရာတော် ဖတ်ပြသည့်အတိုင်း တစ်လုံးမှလွဲမှားမှုမရှိအောင် ဖတ်ပြလေ၏။

"အရှင်ဘုရား အခုကတည်းက မကြိုက်သေးလျှင် ကျေနပ်တဲ့ အထိပြင်ပါ။ ပရိသတ်ထဲကျမှ မအော်ပါနဲ့ ဘုရား။"

ဦးကဝိက ညောင်လွန့်ဆရာတော်ကို ပြောလိုက်ရာ ညောင်လွန့်ဆရာတော်ကလည်း

"ဒီအတိုင်းရွတ်ဖတ်လျှင် သဘောကျပါပြီ ဦးကဝိရယ်" ဟု မိန့်ကြားလိုက်လေ၏။

သထုံသို့ သိမ်သမုတ်ရန်အတွက် ဦးကဝိလိုက်ပါမည်ကို သိကြသော အချို့ ညောင်လွန့်တိုက်တပည့်များမှာ သဘောမကျကြပါချေ။

"သိမ်သမုတ်သွားရာတွင် စာမတတ်ပေမတတ်တဲ့ တောထွက်ကြီးတွေခေါ်မသွားပါနဲ့ဘုရား။ ဟိုကျတော့ အရှက်ကွဲနေပါဦးမယ်။"

သဘောမကျသောတပည့်များက ညောင်လွန့်ဆရာတော်အား လျှောက်ထားကြလေ၏။ ညောင်လွန့်ဆရာတော်မှာ ဦးကဝိအား ကိုယ်တိုင်ကမ္မဝါစာချပေးပြီးဖြစ်၍ ဦးကဝိကို ယုံကြည်စိတ်ချလေ၏။ ဤခရီးစဉ်၌ ဦးကဝိမပါလျှင်မဖြစ်ကြောင်းလည်း ကောင်းစွာသိရှိတော်မူလေ၏။

"ဒါကတော့ အမြင်တစ်မျိုးစီကိုး"

ညောင်လွန့်ဆရာတော်က ထိုတပည့်ကြီးများကို တိုတို

www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ် ပြန်မိန့်ကြားလိုက်လေရာ၊ ဦးကဝိ သထုံသို့ သိမ်သမုတ်ရန် လိုက် ပါမည့်ကိစ္စအား မကန့်ကွက်ရဲတော့ပဲ ငြိမ်သက်သွားကြလေ၏။

၁၂၈၄ ခုနှစ် တပေါင်းလ

မိုးလေလွတ်ကင်း၍ ရာသီဥတုများ သာယာလှ၏။

တပည့်ဒကာ၊ ဒကာမများက သထုံမြို့သို့သွားရောက်၍ သိမ် သမုတ်နိုင်ရန် မီးရထားတွဲလုံးငှားရမ်းပေးကြလေ၏။ ထိုသီးသန့်ရထား တွဲ၌ နေမိန္ဒရတောင်၌ သိမ်သမုတ်တော်မူကြမည့် ညောင်လွန့်ဆရာ တော် ဦးမေဓါဝီ၊ မိတ္ထီလာရေလယ်ဆရာတော်၊ ကြပ်ပင်ဆရာတော် ဦးတိက္ခ၊ ညောင်လွန့်တိုက် ဦးကဝိန္ဒဆရာတော်၊ မောင်ရင်ပေါ်ချောက် ဦးကဝိဆရာတော်၊ မောင်ရင်ပေါ်ချောက် ဦးဝိဇယ၊ စွန်းလွန်းကောသလ္လ အစရှိသော ဆရာတော်ခုနစ်ပါးတို့ စီးနင်းလိုက်ပါခဲ့ကြလေ၏။

ဆရာတော်များသည် ရထားပြတင်းပေါက်မှ အပြင်ရှုခင်းကို ကြည့်သူကြည့်ကြ၏။ အာရုံရရာ ဘုရားမှုကွပါဌ်တော်များကို ရွတ်သူရွတ် ကြလေ၏။ ဆရာတော်ဦးကဝိမှာမူ ထိသိသတိအမှတ်ဖြင့် နှလုံးသွင်း ဆင်ခြင်လာခဲ့လေ၏။ ရထားမှာ ပဲခူးဘူတာကိုလွန်လာသည်အထိ ကိုယ့်အာရုံနှင့်ကိုယ် အနှောင့်အယှက်မရှိဘဲ အေးချမ်းစွာလိုက်ပါလာခဲ့ ကြလေ၏။

ရထားကြီးမှာလည်းတကျုန်းကျုန်းဖြင့် အရှိန်ပြင်းစွာ ခုတ်မောင်း လျက်ရှိ၏။ ထိုစဉ်ရဟန်းတစ်ပါးသည် ဆရာတော်ကြီးများစီးနင်းလိုက် ပါလာသော သီးသန့်တွဲထဲသို့ ရုတ်တရက်ခုန်တက် ရောက်ရှိလာခဲ့လေ ၏။ ရထားခုတ်မောင်းသောအရှိန်မှာ အလွန်ပြင်းလှပေရာ ရထားခုတ် မောင်းနေစဉ် မည်သူမျှ လမ်းခရီးမှ ရထားပေါ်သို့ ခုန်တက်လိုက်ပါရန် မလွယ်ကူလှပေ။

ထိုရဟန်းမှာ ပြတင်းပေါက်မှာတွယ်ကပ်လျက် ရှိလေ၏။ အတက်



အဆင်းတံခါးများကိုပိတ်ထားလေရာ ထိုရဟန်းသည် အတက်အဆင်း တံခါးများမှမတက်ဘဲ ပြတင်းပေါက်မှကျော်ဝင်ရန် ကြိုးစားလျက်ရှိ၏။

"ကိုယ်တော်၊ ဒီတွဲဟာ တွဲလုံးအပိုင်ငှားရမ်းစီးနင်းလာခဲ့တာ၊ သီးသန့်တွဲမို့ မတက်ပါနဲ့"

ဆရာတော်များက ထိုရဟန်းကို တားမြစ်ကြလေ၏။

"အို ... ပိုင် ... ပိုင် ... ပိုင်တော့ဘာဖြစ်လဲ ... တက်မယ်"

ထိုရဟန်းက ထိုသို့ပြောဆိုပြီး ပြတင်းပေါက်မှကျော်ကာ ဖွတ် အတင်း တွဲအတွင်းသို့ဝင်ရောက်လာလေ၏။ ထို့နောက် ဆရာတော် ခုနစ်ပါးကို တစ်ပါးချင်းစီ စေ့စေ့လိုက်ကြည့်လေ၏။

"အင်း ... ရှင်မဟိန္ဒတို့လို သီဟိုဠ်ကို သာသနာပြုသွားကြ မလို့ကို။ အေးလေ၊ မဟုတ်ပါဘူး။ သထုံကို သာသနာပြုသွားကြ မလို့ကို ...

အောင်ပဓာတ် ...

အောင်ပဓာတ် ..."

တွဲအတွင်းသို့လမ်းခုလတ်မှ ဝင်ရောက်လာသောရဟန်းက အသံကျယ်ကျယ်ဖြင့် အော်ဟစ်ပြောဆိုလေ၏။ လက်ထဲတွင်လည်း ခလောက်ကလေးတစ်လုံးကို ကိုင်ထားကာလှုပ်ပြလေ၏။

"ဒီမှာ ... ကြည့် ... ကြည့်

ခလောက် ... ခလောက် ... အသံမပါဘူး"

ထိုရဟန်းသည် ခလောက်ကို လှုပ်ယမ်းရင်း ပြောဆိုရာမှ ဆရာတော်များကို လက်ညှိုးငေါက်ငေါက်ထိုးကာ

"တစ်ပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါး၊ ငါးပါး၊ ခြောက်ပါး၊ ခုနစ်ပါး" ဟုတစ်ပါးစီရေတွက်ပြီးနောက်

"ငါပါ ရှစ်ပါး" ဟုဆိုလေ၏။ ဆရာတော်များကမူ ထိုရဟန်း၏ အပြုအမူ အပြောအဆိုများမှာ ပုံမှန်မဟုတ်ဘဲ ရူးချင်လည်း ရူးနေမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်က ထူးချင်လည်းထူးမည်ဟု တွေးမိကြလေ၏။

ထို့နောက် အဆိုပါ ရဟန်းကပင် ဆရာတော်များအား

"ဘယ်ကကြွလာကြတာတုန်း" ဟုမေးပြန်လေ၏။

"ညောင်လွန့်ကပါ" ဟုဆရာတော်များက ဖြေကြားကြလေ၏။

"ညောင်ချဉ်လား ... ညောင်ကြွတ်လား ... အေးလေပေါ့ မိညောင်ပေါ့" ဟု ထိုရဟန်းကရွတ်နောက်သလို ရှုကြောင်သလိုမျိုးနှင့် ပြောကာ ရထားအရှိန်ပြင်းစွာ ခုတ်မောင်းနေစဉ်မှာပင် တွဲပေါ်မှ ခုန်ဆင်း ပျောက်ကွယ်သွားလေတော့၏။ ထိုရဟန်း၏ပုံစံမှာ ရဟန်းလိုလို ရသေ့ လိုလိုပုံစံနှင့် ဖြစ်လေ၏။

"ဦးကာဝိ၊ ရသေ့လိုလို၊ ရဟန်းလိုလိုနဲ့ ကျုပ်တို့ တွဲထဲဘယ်လိုလုပ်ရောက်လာသလဲ။ သူပြောသွားတဲ့စကားတွေကလည်း ဘာလိုလိုနဲ့ အဲဒါကျုပ်တို့သိမ်သမုတ်တာနဲ့ ပတ်သက်ဆက်စပ်မှုရှိသလား"

ညောင်လွန့်ဆရာတော်က ဦးကာဝိအား မေးလိုက်လေ၏။

"သိမ်သမုတ်တာနဲ့ ဆက်စပ်ပတ်သက်မှု ရှိပါတယ်။ ခုနက ရသေ့လိုလို၊ ရဟန်းလိုလိုက ပြောသွားတဲ့ ခလောက်အဆံမပါဘူးဆိုတာဟာ သိမ်သမုတ်ရာမှာ သံယာက နှောင့်ယှက်ပါလိမ့်မယ် ဘုရား။ ဒါပေမဲ့ အဆံမပါလို့ ပျက်အောင်တော့ မဖျက်နိုင်ပါဘူး။

ဦးကာဝိက နိမိတ်ကောက်၍ ကောက်ကာင်ကာ ပြောကြားလိုက်၏။

"သိမ်သမုတ်တာ သံယာ့ကိစ္စမို့ သံယာက နှောင့်ယှက်မယ် မထင်ပါဘူး"

ညောင်လွန့်ဆရာက ထင်မြင်ချက်ကို ပြောလိုက်ရာ ဦးကာဝိကလည်း ဆက်လက်၍

"ဆရာတော်ဘုရား မယုံလျှင်စောင့်ကြည့်ပါ။ သံယာကပဲ နှောင့်ယှက်လိမ့်မယ်။ သိမ်သမုတ်တာကတော့ အောင်မြင်မှာပါပဲ ဘုရား" ဟု ထပ်မံလျှောက်ထားလိုက်လေ၏။



သို့ဖြင့် သထုံဘူတာသို့ ရထားဆိုက်ချိန်တွင် ဆရာတော်များအား အမိုးရအရာရှိများ၊ မြို့ခံဒါယကာ၊ ဒါယိကာမများက ကြိုဆိုကြကာ နေမိန္ဒရတောင်ခြေတည်းကျောင်းသို့ မော်တော်ကားဖြင့် သိုက်မြိုက်စည်ကားစွာ ပင့်ဆောင်သွားကြလေ၏။

ဆရာတော်ဦးကာဝိသည် တည်းကျောင်းရှိဆရာတော်များထံ လာရောက်လှူဒါန်းထားသော ဖယောင်းတိုင်များကို စုစည်းသိမ်းဆည်းထားလေ၏။ ညမိုးချုပ်သို့ရောက်သည်နှင့် စုဆောင်းထားသော ဖယောင်းတိုင်အားလုံးကို ယူငင်ကာ နေမိန္ဒရတောင်ပေါ်သို့ကြွသွားလေ၏။ တောင်ပေါ်သို့ရောက်သောအခါ တစ်တောင်လုံးလင်းထိန်နေအောင် ဖယောင်းတိုင်များကို မီးထွန်းလေ၏။ ယူလာသော ကြက်လျှာတိုင်များကိုလည်း နေရာအနှံ့အပြား စိုက်ထူလိုက်လေ၏။

"တောင်စောင့်နတ်အပေါင်းတို့၊ အသင်တို့ကို ငါက ကြက်လျှာတိုင်၊ ဖယောင်းတိုင်များပေးတယ်။ အသင်တို့ကြည်ညိုတဲ့ဘုရားကို ပူဇော်ကန်တော့ကြ။"

ဦးကာဝိက ထိုသို့ပြောဆိုကာ တနင်္ဂနွေထောင့်မှာရပ်၍ ပရိတ်ပြီး မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းလေ၏။ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပြီးနောက် တရားဒေသနာများကို ဟောပြောဆုံးမတော်မူသည်။

ရက္ခစိုး ဘုမ္မစိုးတို့မှစ၍ ဆရာတော်အား လာရောက်ဖူးမြော်ကန်တော့ကြရာ နောက်ဆုံး၌ မနုဟာမင်းသည် မင်းမြောက်တန်ဆာ ငါးပါးဆင်ယင်လျက် လာရောက်ဖူးမြော်ကန်တော့လေ၏။

ဆရာတော်ဦးကာဝိသည် မနုဟာမင်းကို ဆက်လက်၍ သြဝါဒ လေးပါးတရားနှင့်တကွ တရားဒေသနာများကို ဟောပြောဆုံးမတော်မူလေ၏။ ထိုသို့ တရားဟောပြီးနောက် ...

အသင်နတ်မင်း ဤတောင်တွင် ထူပါရုံစေတီတော်ရှိတယ်။ ဓာတ်တော်များလည်း ကိန်းဝပ်တော်မူတယ်။ လူအများ သွားလာ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းခြင်းအားဖြင့် အပြစ်အန္တရာယ်ရှိကြတယ်။ ဒါကြောင့် ဒီတောင်မှာ ငါတို့သာသနာပြုမယ်။ သင်တို့ ခေတ္တခဏ ဖယ်ရှားပေးပါ။ ငါတို့သိမ်သမုတ်ပြီးတဲ့အခါ သင်တို့ပဲပြန်စောင့်ရှောက်ကြပါ။ အသင် အလိုရှိသောနေရာကိုပြပါ။ အသင့်အိမ်တော်လည်း မဖျက်ဆီးပါဘူး။ အသင့်အတွက် အိမ်တော်ဆောက်လုပ်ပေးဦးမယ်ဟု အမိန့်ရှိလိုက်ရာ မနုဟာမင်းသည် တစ်လုံးတစ်ပါဒမျှ စကားမပြောဆိုဘဲ တနင်္ဂနွေထောင့်မှ ငိုယိုလျက် ဆင်းသွားလေ၏။

မနုဟာမင်းနှင့်ဆရာတော်ဦးကဝိတို့သည် အတိတ်ဘဝသံသရာများစွာက တပည့်ဆရာ၊ဒကာများဖြစ်ခဲ့ဖူးလေ၏။ ယခုဘဝမှာမူ ဘဝချင်းခြားနေကြလေပြီ။ ဘဝချင်းခြားနေသောအချိန်၌ ဆရာတော်ဦးကဝိကို မနုဟာမင်းက ပြန်လည်ဖူးတွေ့ရလေရာ ရှေးရှေးဘဝက အဖြစ်အပျက်များကိုပါ ပြန်လည်တွေးမိလေ၏။ ထို့အပြင် တစ်ကြိမ်မျှ မနာဖူးသောသစ္စာလေးပါးတရားများကို နာကြားရသောကြောင့် ဝမ်းနည်းကာ မျက်ရည်ကျမိရခြင်း ဖြစ်လေ၏။

ယခင်က ဤနေမိန္ဒရတောင်သည်အလွန်ကြမ်းလေ၏။ အများမခံချေ။ သိမ်သမုတ်ရန်ကြိုးစားခဲ့ဖူး၏။ သိမ်နယ်နိမိတ်ကျောက်တိုင်၊ သစ်ဝါးများကို ဆွဲချခဲ့၏။ လူများကိုလည်း ထိတ်လန့်အောင် အမျိုးမျိုးနှောင့်ယှက်ခဲ့လေ၏။ ယခုအခါ မည်သည့်အနှောင့်အယှက်မျှ မပေးဘဲ တောင်ခြေ၌ ကုဋီတစ်လုံးပင်ဆောက်လုပ်ခဲ့လေ၏။

ဒါယကာ၊ ဒါယိကာမများမှာ ယခင်က အကြီးအကျယ် နှောင့်ယှက်ဖျက်ဆီးဖူး၍ ယခုအခါ ဆရာတော်များစီမံနေသည်ကို သတိကြီးစွာဖြင့် စောင့်ကြည့်နေကြရာ မည်သည့်အနှောင့်အယှက်၊ အခြောက်အလှန့်မှ မတွေ့ကြုံကြရပေ။

"နေမိန္ဒရတောင်က ဟိုတုန်းကလို မကြမ်းတော့ဘူး ...။



ဘာပဲလုပ်လုပ် လက်ခံပြီ" ဟူ၍ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုကြရင်း ဝမ်းမြောက်နေကြလေတော့၏။

(ဤတွင်မနုဟာမင်းနှင့် စပ်ဆိုင်သောအပိုင်းကိုသာ ဖော်ပြပါသည်။ ဆရာတော်ဦးကဝိ သိမ်သမုတ်ရာ၌ အခြားကြုံတွေ့ရသော ထူးဆန်းသည့်အဖြစ်အပျက်အကြောင်းအရာများကိုမူ မသက်ဆိုင်သောကြောင့် မဖော်ပြတော့ပါ။ သိရှိဖတ်ရှုလိုပါလျှင်၊ မြင်းခြံမြို့ကျေးရုံရှင် စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျယ်နှင့် တရားတော်များ စာအုပ်တွင် ရှာဖွေဖတ်ရှုနိုင်ကြပါသည်)

← ← ←

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားစိတ်ဝင်စားဖွယ်ရာနောက်ဆက်တွဲ (၂)

## သထုံမြို့ ဘင်လှိုင်ရပ် ပဲခူးကျောင်းဆရာတော်နှင့် မနုဟာ

သထုံမြို့ ဘင်လှိုင်ရပ်သည် အေးချမ်းသောရပ်ကွက်လေး တစ်ခုဖြစ်လေ၏။ ထိုရပ်ကွက်၏ အရှေ့ဘက်မှာ သိမ်ရိုးစန္ဒာတောင်တန်းကြီး ရှိလေ၏။ ထိုတောင်စပ်၌ ပဲခူးကျောင်းရှိလေ၏။ ပဲခူးကျောင်း၏ဆရာ တော်မှာ ဦးရေဝတ ဖြစ်သည်။ ဆရာတော်သည် တပည့်ဒါယကာ၊ ဒါယိကာမများကို မိုးကုတ်နည်းစဉ်တရားများကို ဟောပြောဆုံးမတော်မူ လေသည်။

ဆရာတော်၏ မူတင်အကျင့်မှာ ပြင်းထန်လွန်းလှ၏။

ယခုအခါ ယင်းပဲခူးကျောင်းတွင် အခြေစိုက်၍ အတိတ်ဘဝ ဟောင်းက သာသနာပြုခဲ့သော သထုံမြို့ ကြက်တူရွေးတောင်မှာလည်း ကျောင်းခွဲတစ်ကျောင်း ထပ်မံတည်ထောင်ကာ သာသနာပြုလေ၏။ ဘဝဟောင်းမှတည်ခဲ့သော ဘုရား၊ စေတီများကို ပြန်လည်ပြုပြင်၍ ထပ်မံဘုရားတည်လေ၏။



ဆရာတော်သည် မနုဟာမင်းနှင့် ပဋ္ဌာန်းဆက်ရေစက်မျိုးနိုးစပ်ထဲက ဖြစ်ပြီး သုဝဏ္ဏဘူမိသာသနာကို ဖွင့်ဖော်ရန်ကြိုးစားအားထုတ်လျက် ရှိလေ၏။

၁၃၄၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၄) ရက်။

ဆရာတော်မှာ တရားရှုမှတ်ကာ ငြိမ်းချမ်းစွာသီတင်းသုံးနေ တော်မူ၏။ ထိုသို့တရားမှတ်နေရာ နံနက် (၄)နာရီ မိနစ်သုံးဆယ်ခန့် တွင် မင်းဝတ်မင်းစားနှင့်ပုဂ္ဂိုလ်တစ်ဦးက အံ့ဖွယ်ကိုနုတ်၍

''ဒီမှာကြည့် ... သွားလည်းမချွတ်ယွင်းဘူး'' ဟုပြောသော အသံကို ကြားလိုက်ရရာ မျက်လုံးကို ဖွင့်ကြည့်လိုက်၏။ နန်းဝတ် နန်းစားနှင့်ပုဂ္ဂိုလ်အား မြင်တွေ့ရလေသည်။

ထိုပုဂ္ဂိုလ်က သုဝဏ္ဏဘူမိသာသနာနှင့် ရွှေစာရံသမိုင်း၊ သူရိယ စန္ဒာမင်းတို့၏ ရာဇဝင်ရှိရာကို ညွှန်ပြလေ၏။ ထို့နောက် နေ့လယ် နေ့ခင်းတစ်နာရီမှာ ထိုသမိုင်းကို သွားယူ၍ကူးပြီး မူလနေရာ၌ ပြန်ထားပါ။ သူ့အချိန်ကျလျှင် ထုတ်ဝေပါဟုပြောကြားကာ ပျောက်ကွယ် သွားလေ၏။

သထုံပဲခူးကျောင်းဆရာတော်ဦးရေဝတလည်း မင်းဝတ်မင်းစား နှင့်ပုဂ္ဂိုလ်က ညွှန်ပြသောနေရာသို့နေ့ခင်းတစ်နာရီမှာ သွားကြည့်ရာ ပြောကြားထားသည့်အတိုင်း သုဝဏ္ဏဘူမိသာသနာနှင့် ရွှေစာရံသမိုင်း၊ သူရိယစန္ဒာမင်းတို့၏ရာဇဝင်ကို အံ့သြဖွယ်ရာတွေ့ရှိရသောကြောင့် ကူးယူထားခဲ့လေ၏။

ယခုအခါသုဝဏ္ဏဘူမိသာသနာ၊ လေးဆူသောဘုရားရှင်တို့၏ ဓာတ်တော် မွေတော်ဌာပနာထားသော ရွှေစာရံဘုရားသမိုင်း၊ ဂေါတမ မြတ်စွာဘုရား ဒေသစာရီခရီးနှင့် သူရိယစန္ဒာမင်းကြီးရာဇဝင် စာအုပ်ကို စာမူစိစစ်ရေးတင်လျက် စာမူခွင့်ပြုချက်ဖြင့် ထုတ်ဝေပြီး ဖြစ်လေ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယင်းကျမ်းစာအုပ်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်းမရှိ၍ ဆရာတော်၏ တပည့်ဒါယကာ၊ဒါယိကာမများသာလျှင် ဝယ်ယူရရှိထားကြလေ၏။ ယင်းကျမ်းစာအုပ်တစ်အုပ် စာရေးသူ၏လက်ထဲ၌ ရှိနေရာ ရှေ့စာရွက် တစ်ရွက်နှစ်ရွက်နှင့် နောက်စာရွက် တစ်ရွက်နှစ်ရွက်တို့ ပင်စုတ်နေလေပြီ။

သုဝဏ္ဏဘူမိသာသနာသမိုင်းနှင့်ပတ်သက်၍ စိတ်ဝင်စားသုတေသနပြုလိုသူများမှာ သထုံမြို့ ဘင်လှိုင်ရပ်ရှိ ပဲခူးကျောင်းဆရာတော်ထံမှာ စုံစမ်းမေးမြန်းနိုင်ကြပေသည်။

ဩော် ...

မနုဟာမင်းမြတ်သည် သာသနာအပေါ် လွန်စွာယုံကြည်မြတ်နိုးလှပေတကား။ မျက်မှောက်ခေတ်လူတို့ သုဝဏ္ဏဘူမိ၏ သာသနာဝင် အစဉ်အဆက်ကိုသိအောင် ဖော်ထုတ်ပေးသူပါတကား။

(သထုံမြို့ ပဲခူးကျောင်းဆရာတော် ဦးရေဝတ၏ သုဝဏ္ဏဘူမိ သာသနာသမိုင်းစာအုပ်မှ)

← ← ←

BURMESE CLASSIC .com



## ထူးခြားစိတ်ဝင်စားဖွယ်ရာနောက်ဆက်တွဲ (၃)

## သက်သေပြစရာ . မနုဟာ

၁၉၅၅ခု၊ ဇူလိုင်လ၊ ၈ ရက်နေ့တွင် ပုဂံဒေသ၏ မိုးကောင်းကင်တစ်ခုလုံး နီကျင်မှိုင်းအုံ့၍နေလေ၏။ ရာသီဥတုအခြေအနေဆိုးဝါးမည့်လက္ခဏာဖြစ်လေ၏။ မည်သို့ဆိုးဝါးလာမည်ကို မခန့်မှန်းနိုင်ပေ။

ကမ္ဘာလှည့်ခရီးသည်များသည် ကောင်းကင်၏ နီမှိုင်းမှုန်ဝေနေမှုကြောင့် မိမိတို့ ရောက်ရှိနေရာ ပုဂံဘုရားများမှ တည်းခိုရာဟိုတယ်နှင့် တည်းခိုခန်းသို့ အလျင်အမြန် ပြန်လာကြလေ၏။

အခြားသောဘုရားဖူးများလည်း ရောက်ရှိရာ ပုဂံဘုရားများမှ ပြန်လာကြလေ၏။ ပုဂံသားတို့သည်လည်း ကောင်းကင်၏ အရောင်ကိုကြည့်ကာ စိုးရိမ်သောက ပူပန်မှုဖြစ်မိကြကာ မိမိတို့အိမ်မှာ အသီးသီး ပြန်ရောက်ရှိပြီး အပြင်သို့ မထွက်ဘဲနေကြလေ၏။

မနုဟာဘုရားကြီးအတွင်းသို့နေ့စဉ်ဘုရားဖူးသူများ၊ ညနေမှ ည(၁၀)နာရီခန့်အထိ ဝတ်တက်၊ ဝတ်ရွတ်၊ ဘုရားထိုင်သူများဖြင့် ပြတ်လပ်သည်ဟူ၍မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဤလိုနေ့၌ ထိုသူများဆက်ရှိနေပါက အန္တရာယ်ဆိုးနှင့် ကြုံတွေ့ကြရမည်ဖြစ်လေ၏။ ထူးခြားသည်မှာ ထိုနေ့က လေးနာရီကျော်ကျော်လောက်ကတည်းက မနုဟာဘုရားကြီးမှာ လူရှင်းနေလေ၏။ အန္တရာယ်နှင့် မကြုံတွေ့စေရန် စိတ်ကို မနုဟာဘုရားကြီးသို့ မသွားရန် ဆွဲဆောင်ထားသကဲ့သို့ ရှိလေ၏။

သို့ပင်ဖြစ်သော်လည်း မနုဟာဘုရားကြီး၌ အန္တရာယ်တစ်ခု ခုကြုံတော့မည်ကို မသိရှိသော မြို့လယ်ရပ်မှ အသက်(၇၀)ကျော် အရွယ်ရှိ ဦးဘလွင်ဆိုသူသည် မနုဟာဘုရား၌ နေ့စဉ်တရားထိုင်နေကျဖြစ်သောကြောင့် ညနေ (၆)နာရီခန့်တွင် တရားထိုင်ရန် မနုဟာဘုရားသို့ရောက်ရှိလာလေ၏။

ဦးဘလွင်သည် မနုဟာလိုဏ်အတွင်းသို့ဝင်ရောက်ကာ ဘုရားရှိခိုးအာရုံပြု၍ တရားထိုင်နေလေ၏။ အန္တရာယ်ကျရောက်ချိန်မှာ တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်၏။ ဦးဘလွင်ကလည်း တရားမှတ်၍ ကောင်းတုန်းပင်ဖြစ်လေသည်။

ခြောက်နာရီ မိနစ်(၂၀)ခန့်သို့ ရောက်ရှိသောအခါ

"ထွက်သွား။ ထွက်သွားဟူသော ဦးဘလွင်ကို မောင်းထုတ်သောအသံကြီးကို ဦးဘလွင်ကောင်းစွာကြားရပြီးနောက် တရားကောင်းစွာထိုင်၍ မရတော့ပေ။

ဦးဘလွင်သည် စိတ်ကို ပြန်လည်ချုပ်ထိန်းကာ တရားဆက်လက်ရှုမှတ်နေလေ၏။ ဦးဘလွင်မှာ ည(၈)နာရီ (၉) နာရီလောက် အိမ်ပြန်တတ်သူဖြစ်လေ၏။ ထိုသို့ဆက်လက်၍ တစ်ယောက်တည်း တရားရှုမှတ်နေစဉ် "ထွက်သွား" ဟူသောအသံနှင့်အတူ ဝဲဘက်လက်မောင်းရင်းကို ကြမ်းတမ်းစွာဆွဲကိုင်လှုပ်ယမ်းခြင်းကို ရုတ်တရက် ခံလိုက်ရလေ၏။



ထို့ကြောင့် တရားဆက်ထိုင်ရန်စိတ်မသန်တော့ဘဲ တရားရှုမှတ်ရာမှထ၍ မနုဟာဘုရားကြီးလိုဏ်အတွင်းမှထွက်ခဲ့၏။

ဦးဘလွင် လိုဏ်အပြင်ရောက်သည်နှင့် တစ်ကိုယ်လုံးယိမ်းယိုင်ပြီး ပြိုလဲမည့်ကဲ့သို့ဖြစ်သွားလေ၏။ ယင်းနှင့် တစ်ပြိုင်နက်တည်းမှာပင် မနုဟာဘုရားကြီးလိုဏ်မိုးတစ်ခုလုံး ဝုန်းခနဲ မြည်ဟီးပြိုကျသွားလေတော့၏။

အကယ်၍သာ ဦးဘလွင်သည် မနုဟာဘုရားကြီးလိုဏ်အတွင်း၌ဆက်ရှိနေမည်ဆိုပါက လိုဏ်အမိုးပြိုသောအခါ ထိခိုက်ဒဏ်ရာရပြီး သေဆုံးမည်ဖြစ်လေ၏။ ယခုမူကား မနုဟာဘုရားကြီး၏ အစောင့်အရှောက်များက သတိပေးကယ်တင်သောကြောင့်သာ ဦးဘလွင်မှာ သေကံမရောက် သက်မပျောက်ခဲ့ရကြောင်းဖြစ်ရပ်ထူးကို မြင်းကပါရွာသူရွာသားများ ယနေ့အထိ မနုဟာဘုရားကြီးကို သက်သေပြု ပြောဆိုနေကြလေ၏။

အချိန်မှာ (၆း၃၀)နာရီ ဖြစ်လေ၏။

(မောင်ကြည်ပန်း (မြင်းကပါ) ၏ မှုန် + ဗမာတို့၏ မနုဟာစာအုပ်မှ ထုတ်နုတ်ကိုးကားပါသည်။)

← ← ←

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းပြည့်တေဇာ

မနုဟာသခင်ကြီး၏
လျှို့ဝှက်မှတ်တမ်း

